
mgyoe.com

ရှားလော့ဟုမ်း၏ စွန့်စားခန်းများ

# THE ADVENTURES OF SHERLOCK HOLMES


SIR ARTHUR CONAN DOYLE

designed by tin htoon



mgyoe.com

mgyoe.com




## မြသန်းတင့်

## ရှားလော့ဟုမ်း၏ စွန့်စားခန်းများ

# THE ADVENTURES OF SHERLOCK HOLMES

## SIR ARTHUR CONAN DOYLE

ရှင်ဘုရင်ကို အသရေဖျက်ရန် ကြံမှု
ဆံပင်နီဂိုဏ်း
ရှာပုံတော်ကြီး
သားဇော သမီးဇော
လိမ္မော်စေ့ ငါးစေ့
နှုတ်ခမ်းထော်ကြီးနှင့် လူ
အပြာရောင် ပတ္တမြား
အကောက်ကြံသော ပထွေး
အင်ဂျင်နီယာ၏ လက်ပြတ်ကလေး
သတို့သမီး ပျောက်ဆုံးမှု
မြသရဖူ
သစ်အယ်ပင်ရိပ်သာ အမှု

mgyoe.com

mgyoe.com

SAMPLE BOOK

စတုတ္ထ အကြိမ်၊ ၂၀၂၄၊ မေ
[ပထမ အကြိမ်၊ ၁၉၈၄၊ မေ၊ ဘ၀တက္ကသိုလ် စာပေ]
[ဒုတိယ အကြိမ်၊ ၂၀၁၀၊ အောက်တိုဘာ၊ ဘ၀တက္ကသိုလ် စာပေ]
[တတိယ အကြိမ်၊ ၂၀၂၁၊ ဩဂုတ်၊ ဘ၀တက္ကသိုလ် စာပေ]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၆၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘ၀တက္ကသိုလ် စာပေ ၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |


mgyoe.com

mgyoe.com SAMPLE BOOK

# မြသန်းတင့်

## ရှားလော့ဟုမ်း၏
## စွန့်စားခန်းများ

The Adventures of
Sherlock Holmes

Sir Arthur Conan Doyle

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | | |
|---|---|---|
| | ရှားလော့ဟုမ်း၏ ဖာတ်ဆောင်စရိုက် | ၁ |
| ၁။ | ရှင်ဘုရင်ကို အသရေဖျက်ရန် ကြံမှု | ၂၉ |
| ၂။ | ဆံပင်နီဂိုဏ်း | ၆၉ |
| ၃။ | ရှာပုံတော်ကြီး | ၁၀၇ |
| ၄။ | သားဖေ သမီးဖေ | ၁၃၇ |
| ၅။ | လိမ္မော်စေ့ ငါးစေ့ | ၁၇၉ |
| ၆။ | နှုတ်ခမ်းထော်ကြီးနှင့် လူ | ၂၁၁ |
| ၇။ | အပြာရောင် ပတ္တမြား | ၂၄၉ |
| ၈။ | အကောက်ကြံသော ပထွေး | ၂၈၅ |
| ၉။ | အင်ဂျင်နီယာ၏ လက်ပြတ်ကလေး | ၃၂၇ |
| ၁၀။ | သတို့သမီး ပျောက်ဆုံးမှု | ၃၆၃ |
| ၁၁။ | မြသရဖူ | ၄၀၁ |
| ၁၂။ | သစ်အယ်ပင် ရိပ်သာ အမှု | ၄၄၃ |


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ရှားလော့ဟုမ်း၏ ဇာတ်ဆောင် စရိုက်

' … ရှားလော့ဟုမ်းနှင့် ဝပ်ဆင်တို့ အတွက် သေချိုင်း မရှိနိုင်။ သူတို့ နှစ်ယောက်သည် ဘေကာလမ်းတွင် ထာဝစဉ် နေထိုင်လျက် ရှိကြသည် မဟုတ်လော။ ဤစာကို ဖတ်နေစဉ်တွင် သူတို့ နှစ်ယောက်စလုံးသည် ထိုနေရာတွင် ရှိနေကြသည် မဟုတ်လော။ … အပြင်ဘက် မိုးထဲ လေထဲတွင် မြင်းရထားက တဂျောက်ဂျောက် ပြေးသွားလျက်။ မော်ရီယာတီက နောက်ထပ် မကောင်းကြံလျက်။ အခန်း မီးလင်းဖိုထဲတွင် မီးလျှံက တောက်နေဆဲ။ ရှားလော့ဟုမ်းနှင့် ဝပ်ဆင်တို့ နှစ်ယောက်သည် ထိုင်နေကျ ထိုင်ခုံတွင် ထိုင်နေကြသည်။ … သို့ဖြင့် သူတို့ နှစ်ယောက်သည် သူတို့ကို ချစ်မြတ်နိုးသူတို့၏ ရင်ထဲ အသည်းထဲတွင် ယခုတိုင် အသက်ရှင်နေကြသည်။ အသည်းနှလုံး၏ စိတ်ကူးယဉ် ခန်းမဆောင်ထဲတွင် လည်းကောင်း၊ စိတ်၏ ဆွတ်ပျံ့လွမ်းဖွယ် တောတောင်ထဲတွင် လည်းကောင်း အချိန် ကာလသည် ၁၈၉၅ ခုနှစ် ဖြစ်နေမြဲ။ သူတို့ နှစ်ယောက်သည် ယခုတိုင် အသက် ရှင်နေကြဆဲ … ။' ဟု အင်္ဂလိပ် စာပေ ဝေဖန်ရေး ဆရာ ဗင်းဆင့် စတားရက်[၁] က ရေးခဲ့သည်။

မှုခင်း စာပေတွင် ရှားလော့ဟုမ်းသည် အထင်ရှားဆုံးသော ဇာတ်ဆောင် တစ်ယောက် ဖြစ်သည်မှာ ဘာမျှ သံသယ ဖြစ်ဖွယ် မရှိ။ ရှားလော့ဟုမ်းသည် ဆင်ခြင်တုံ တရား အပေါင်းတို့ စုဝေးရာ ဖြစ်သည်။ သူမတူသော စုံစမ်း ထောက်လှမ်းသူ ဖြစ်သည်။ စုံထောက်တို့၏ ဝိဇ္ဇာ ဖြစ်သည်။

၁။ *Vincent Starrett*



mgyoe.com

mgyoe.com SAMPLE BOOK

သူနှင့် အတူ ထင်ရှားသော ကမ္ဘာ့ စာပေမှ ဇာတ်ဆောင် နှစ်ဦးတို့မှာ ရော်ဗင်ဆန် ကရူးဆိုး[၁] နှင့် ဟင်းမလက်[၂] မင်းသားတို့သာ ဖြစ်သည်ဟု စာပေ အကဲဖြတ်တို့က ဆိုကြသည်။

အင်္ဂလိပ် ဝတ္ထုရေးဆရာ နော်မန် ကောလင်း[၃] က

'စုံထောက် ဝတ္ထုကို အမေရိကန် တစ်ဦး ဖြစ်သည့် စာရေးဆရာ အဂ္ဂါ အလန် ပိုး[၄] က တီထွင် စတင် ရေးသားခဲ့ခြင်း ဖြစ်ကြောင်းကို အားလုံးက သဘောတူပြီး ဖြစ်ကြပါသည်။ သို့ရာတွင် အဂ္ဂါ အလန် ပိုး ၏ နမူနာကို ယူခဲ့ပြီးနောက် ပြင်သစ် လူမျိုး ဖြစ်သည့် ဂါဗိုရီယိုး[၅] ၏ နမူနာ အချို့ကို ရောမွှေကာ စုံထောက် ဝတ္ထုကို မျိုးဆက်တိုင်း မျိုးဆက်တိုင်း အထိ ပျံ့နှံ့အောင် လုပ်ခဲ့သူမှာ အင်္ဂလိပ် လူမျိုး (သို့မဟုတ် စကော့ မိဘများမှ ဆင်းသက်ခဲ့သည့် အိုင်းရစ် လူမျိုး) တစ်ယောက် ဖြစ်သည့် ကိုနင်ဒွိုင်းလ် ဖြစ်ပါသည်။ သူသည် ရှားလော့ဟုမ်း ဆိုသည့် အမည် တစ်လုံးကို အိမ်သုံး လက်စွဲ စကားလုံး တစ်လုံး ဖြစ်အောင် လုပ်ခဲ့ပါသည်။ သူ့ ဇာတ်ဆောင်၏ အောင်မြင် ကျော်ကြားမှုသည် စာရေးဆရာ ကိုနင်ဒွိုင်းလ်ကို တစ်သက်လုံး ခြောက်လှန့်ခဲ့ပါသည်။ တစ်နည်း ပြောရလျှင် ကိုနင်ဒွိုင်းလ်သည် သူ ဖန်တီးလိုက်သော စုံထောက် ရှားလော့ဟုမ်း၏ အမြဲတစေ လိုက်လံခြင်းကို ခံခဲ့ရပါသည်။' ဟု ရေးခဲ့သည်။

ကိုနင်ဒွိုင်းလ်က ရှားလော့ဟုမ်းသည် ရိုင်ခင်ဘက်[၆] ရေတံခွန်ကြီး ထဲသို့ ကျ၍ သေသွားသည်ဟု ဆိုကာ ရှားလော့ဟုမ်း ဝတ္ထုများကို အဆုံး သတ်လိုက်သည့် အခါတွင် စာဖတ် ပရိသတ်များက လက်မခံဘဲ ရှားလော့ဟုမ်း ဝတ္ထုများကို ဆက် အရေး ခိုင်းသဖြင့် ဆက်၍ ရေးခဲ့ရသည်။

ကမ္ဘာ့ အရပ်ရပ်မှ ခရီးသည်များသည် ရှားလော့ဟုမ်း နေထိုင်သွားသည်ဟု ဆိုသော ၂၂၁ ဘီ၊ ဘေကာလမ်း နေအိမ်ကို လာရောက် ကြည့်ရှုကြသည်။ ရှားလော့ဟုမ်း တကယ် အသက် ထင်ရှား ရှိသည်ဟု အထင်

---

၁။ *Robinson Crusoe*

၂။ *Hamlet*

၃။ *Norman Collins*

၄။ *Edgar Allan Poe*

၅။ *Gaboreau*

၆။ *Rhinchanbach*

mgyoe.com

mgyoe.com SAMPLE BOOK

ရှိကာ မိမိတို့ ကိုယ်ရေးကိုယ်တာ ကိစ္စများကို စာဖြင့် လှမ်း၍ တိုင်ပင်နှီးနှောကြသည်။ ကမ္ဘာ့ အရပ်ရပ်ရှိ အချို့ တိုင်းပြည်များတွင် ရှားလော့ဟုမ်း ချစ်သူ အသင်းများ ဖွဲ့ကြသည်။

အမေရိကန် ပြည်ထောင်စုတွင် အက်ဂါ စမစ်[၁] ဆိုသူက ဘေကာ စထရိဂျာနယ်[၂] ဟု အမည် တွင်သော ဂျာနယ် တစ်စောင်ကို ထုတ်ဝေကာ စုံထောက် ဝတ္ထုများကို ပုံနှိပ် ဖော်ပြခဲ့သည်။ ဘေကာ စထရိ အယ်ရယ်ဂူလာ[၃] ဆိုသော ရှားလော့ဟုမ်း ဝါသနာအိုးများ၏ အသင်း တစ်သင်းလည်း ရှိသေးသည်။

အခြား အသင်း တစ်သင်းကမူ ရှားလော့ဟုမ်း ဝတ္ထုတိုရှည်ပေါင်း ခြောက်ဆယ်ကို ရည်စူးကာ အသင်းဝင် ခြောက်ဆယ်ကိုသာ လက်ခံသည့် အသင်း တစ်သင်းကို ဖွဲ့လိုက်သေးသည်။ ရှားလော့ဟုမ်း ဝတ္ထုများကို ရုပ်ရှင်များ၊ ပြဇာတ်များ၊ ရုပ်မြင်သံကြား ဇာတ်လမ်းများ၊ ရေဒီယို ပြဇာတ်များ ရိုက်ကူး ကပြခဲ့ကြသည့် အပြင် ရှားလော့ဟုမ်း၏ စရိုက်နှင့် ပတ်သက်၍လည်း စာအုပ်များ၊ အဖွင့်ကျမ်းများ ရေးခဲ့ကြသည်။

ယင်းတို့အနက် ထင်ရှားသော စာအုပ်များမှာ အိတ်ချ်၊ ဒဗလျူ ဗဲလ်[၄] ရေးသည့် ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင် ဆိုသည့် စာအုပ်၊ တောမတ်စ် ဘလိတ်နေ[၅] ရေးသည့် ရှားလော့ဟုမ်း စာအုပ်၊ ရောဘတ်[၆] ရေးသည့် ဝပ်ဆင် ပြဿနာနှင့် ပတ်သက်သည့် မှတ်စုများ[၇] ဆိုသည့် စာအုပ်တို့မှာ ထင်ရှားသော စာအုပ်များ ဖြစ်သည်။ ထိုစာအုပ်များထဲတွင် ရှားလော့ဟုမ်း၏ စရိုက်၊ အလေ့အထများနှင့် စုံစမ်း ထောက်လှမ်းမှုနည်းနာများကို အကျယ်တဝင့် ရေးသားထားကြသည်။

ရှားလော့ဟုမ်း၏ အိမ်ထောင်ရေး၊ ရှားလော့ဟုမ်း၏ ငွေရေးကြေးရေး စသည့် ကိစ္စများပင် ပါသည်။

---

၁။ *Edgar Smith*

၂။ *Baker Street Journal*

၃။ *Baker Steet Irregulars*

၄။ *H. W. Bell*

၅။ *Thomas Blakeney*

၆။ *Robert*

၇။ *Notes on the Watson Problems*



mgyoe.com

mgyoe.com SAMPLE BOOK

ယခု အမှာစာတွင် ရှားလော့ဟုမ်း၏ စရိုက် (ဇာတ်ဆောင် စရိုက်) ကို ဖော်ပြလိုက်ပါသည်။

အင်္ဂလန်ပြည် စိန့် မေရီလီဘုန်း[၁] နယ် ပိဋကတ်တိုက် ကော်မတီနှင့် အဒမ် အင် ချားလ် ဗလက်[၂] စာအုပ်တိုက်တို့ ပူးပေါင်း ပြုစုသည့် ရှားလော့ဟုမ်း အတ္ထုပ္ပတ္တိ အကျဉ်းချုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ဟုမ်း (ရှားလော့) - အတိုင်ပင်ခံ အလွတ် စုံထောက် ဖြစ်သည်။ အင်္ဂလိပ် မြေပိုင်ရှင် မိသားစုမှ ၁၈၄၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး နာမည်ကျော် ပြင်သစ် ပန်းချီဆရာကြီး ကားလ် ဗာနေး[၃] ၏ မြစ် ဖြစ်သည်။ အထက်တန်းကျောင်းတွင် ပညာ သင်ကြားခဲ့ပြီး ကိန်းဗရစ် တက္ကသိုလ်သို့ တက်ရောက်၍ ပညာ သင်ကြားခဲ့ဖူးသည်။ လန်ဒန်မြို့ စိန့် ဘာသိုလိုမျူး[၄] ဆေးရုံတွင် အမှုထမ်းခဲ့ဖူးသည်။

သွေးကွက်များကို ဓာတ်ခွဲ စမ်းသပ်သည့် နည်းသစ်ကို တွေ့ရှိခဲ့ပြီး အလွတ် စုံထောက် အဖြစ် ၁၈၈၁ ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့သည်။ ၁၈၉၁ ခု မေလ ၄ ရက် နေ့တွင် ဆွစ်ဇာလန်ပြည် ရိုင်ခင်ဘက် ရေတံခွန်ကြီးထဲသို့ လိမ့်ကျ သေဆုံးသွားသည်ဟု သတင်း ဖြစ်ခဲ့သည်။

၁၈၉၁-၉၂ ခုနှစ်များ အတွင်းတွင် ဆီဂါဆန်[၅] ဆိုသော အမည်ဖြင့် တိဗက်ပြည် အရှေ့ဖျား တိုင်းပြည်များနှင့် အရှေ့နီးနား တိုင်းပြည်များသို့ ခရီး လှည့်လည်ခဲ့ဖူးသည်။ ၁၈၉၄ ခုနှစ်တွင် လန်ဒန်သို့ ပြန်လာပြီးနောက် အလွတ် စုံထောက် အဖြစ် ဆက်လက် ဆောင်ရွက်ပြီး ပါမောက္ခ မော်ရီယာတီ၏ လူဆိုးဂိုဏ်းကို အပြီးတိုင် ဖြိုခွဲခဲ့သည်။

၁၉၀၃ ခုနှစ်တွင် အင်္ဂလန်ပြည် ဆပ်ဆက်နယ်၊ အိစ်ဘုန်း အနီးရှိ ရွာကလေး တစ်ရွာတွင် အေးဆေးစွာ နေထိုင်ကာ ပျား မွေးမြူခြင်း၊ ဒဿန ပညာရပ်များကို လိုက်စားခြင်းဖြင့် အချိန် ကုန်လွန် စေခဲ့သည်။

---

၁။ *St. Marylebone*

၂။ *Messrs Adam and Charles Black*

၃။ *Carle Varnet*

၄။ *St. Bertholomew*

၅။ *Sigorson*



mgyoe.com

mgyoe.com SAMPLE BOOK

ပထမ ကမ္ဘာစစ်ကြီး ဖြစ်သည့် ၁၉၁၄ ခုနှစ်တွင် အင်္ဂလန်ပြည် ရေကြောင်း ဝန်ကြီးဌာန၏ တာဝန် ပေးချက် အရ တရုတ်ပြည် ရှန်ဟောင်မြို့သို့ လျှို့ဝှက် သွားရောက်ခဲ့သည်။

၁၉၁၂-၁၄ ခုနှစ် အတွင်းတွင် အယ်လ်တာမောင့်[၁] အမည်ဝှက်ဖြင့် ဂျာမန် သူလျှိုဂိုဏ်း တစ်ဂိုဏ်းကို ဖြိုခွင်းခဲ့သည်။ နာမည်ကျော် ဂျာမန် သူလျှို တစ်ဦး ဖြစ်သူ ဗွန် ဘောဂ်[၂] ကို ဖမ်းဆီးပေးခဲ့သည်။ သူ၏ ထင်ရှားသော အမှုများကို ဒေါက်တာ ဝပ်ဆင်၏ မှတ်စုများမှ တစ်ဆင့် ရာဇဝင် စာရေးဆရာကြီး ဆာ အာသာ ကိုနင်ဒွိုင်းလ်က တည်းဖြတ်ထုတ်ဝေခဲ့သည်။

ယင်းတို့မှာ အေ စတားဒီး အင် စကားလက်[၃] (၁၈၈၇)၊ သည် ဆိုင်း အောဖ် ဖိုး[၄] (၁၈၉၀)၊ သည် အက်ဗင်းချား အောဖ် ရှားလော့ဟုမ်း[၅] (၁၉၀၅)၊ သည် ဗဲလေး အောဖ် ဖီးယား[၆] (၁၉၁၅)၊ ဟစ် လတ်စ်ဗောင်း[၇] (၁၉၁၇)၊ သည် ကေစ် ဗွတ် အောဖ် ရှားလော့ဟုမ်း[၈] (၁၉၂၇) တို့ ဖြစ်ပြီး ရှားလော့ဟုမ်း ကိုယ်တိုင် ရေးသည့် အမှုများမှာ သည် ဘလန့်ချ် ဆိုးလ်ဂျား[၉] နှင့် သည် လိုင်းယွန်းစ် မိန်း[၁၀] စသည်တို့ ဖြစ်သည်။

အခြား စာအုပ်များမှာ *ပျား မွေးမြူရေး လက်စွဲကျမ်း* နှင့် *ပျားဘုရင်မ၏ သီးခြား ဖြစ်မှုနှင့် ပတ်သက်၍ စူးစမ်း လေ့လာချက် အချို့* ဟူသော ကျမ်းတို့ ဖြစ်သည်။

ထို့ပြင် မှုခင်းဗေဒ၊ ဂီတနှင့် အခြား သိပ္ပံ ပညာရပ် ဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်၍လည်း စာတမ်းငယ်များ ရေးခဲ့သည်။

---

၁။ *Altamont*

၂။ *Von Borg*

၃။ *A Study in Scarlet*

၄။ *The Sign of Four*

၅။ *The Adventures of Sherlock Holmes*

၆။ *The Valley of Fear*

၇။ *His Last Bow*

၈။ *The Case Book of Sherlock Holmes*

၉။ *The Blanched Soldier*

၁၀။ *The Lion's Mane*

mgyoe.com

mgyoe.com SAMPLE BOOK

စုံစမ်း ထောက်လှမ်းမှု ပညာနှင့် ပတ်သက်၍ ပြည့်စုံသော ကျမ်းကြီး တစ်စောင်ကို ရေးရန် ပြင်ဆင်လျက် ရှိသည်။

အပျင်းပြေ ဝါသနာရပ်များမှာ မှူခင်းဗေဒ၊ မှူခင်းစာပေ၊ ဓာတုဗေဒ၊ ဂီတ၊ တယော ထိုးခြင်း၊ လက်ဝှေ့ ထိုးခြင်း၊ ဓားသိုင်း ကစားခြင်း၊ ဘာရစ်ဆူ နပန်းသတ်ခြင်း၊ ဒဿနပညာ၊ ပျား မွေးမြူခြင်း စသည်တို့ ဖြစ်သည်။

နေရပ်လိပ်စာမှာ ၂၂၁ ဘီ၊ ဘေကာလမ်း ဖြစ်ပြီး အင် ဒဗလျူ ဝမ်း ကလပ်[၁]၊ ဒိုင်အိုဂျင်း ကလပ်[၂] စသည်တို့တွင် ကလပ်ဝင် ဖြစ်သည်။

ဤသည်တို့မှာ ရှားလော့ဟုမ်း ဝတ္ထုများကို ဖတ်ပြီး သူနှင့် ပတ်သက်သည့် အချက်အလက်များကို စုစည်းကာ တကယ့် သက်ရှိ ထင်ရှားရှိသည့် လူတစ်ယောက်ပမာ အတ္ထုပ္ပတ္တိ ရေးသားထားခြင်း ဖြစ်သည်။

ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ နှစ်ယောက် တွေ့ကြပုံမှာ ဤသို့ ဖြစ်၏။

ဒေါက်တာ ဝပ်ဆင်သည် စစ်တပ်မှ အနား ယူပြီးနောက် ဆေးကုသသည့် လုပ်ငန်း လုပ်ရန် အခန်း တစ်ခန်းကို လိုက်ရှာနေစဉ် စတင်းဖို့ဆိုသည့် မိတ်ဆွေ တစ်ယောက်နှင့် တွေ့သည်။

စတင်းဖို့က သူ့တွင် ရှားလော့ဟုမ်း ဆိုသည့် မိတ်ဆွေ တစ်ယောက်ရှိကြောင်း၊ ထိုသူမှာလည်း အခန်း တစ်ခန်း လိုက်ရှာနေကြောင်း၊ ထို့ကြောင့် သူတို့ နှစ်ယောက် ပေါင်းပြီး အခန်း တစ်ခန်း ငှားနေလျှင် ဖြစ်နိုင်ကြောင်းဖြင့် ပြောဆိုကာ ဒေါက်တာ ဝပ်ဆင်ကို ရှားလော့ဟုမ်းနှင့် မိတ်ဆက်ပေးသည်။

ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ တွေ့ကြပုံတို့ကို *အေ စတားဒီး အင် စကားလက်* ဝတ္ထုတွင် ကိုနင်ဒွိုင်းလ်က အောက်ပါ အတိုင်း ရေးထားသည်။

'ခုတစ်လောမှာ အိမ်ခန်း လိုက်ရှာနေတာဗျ၊ သင့်တော်တဲ့ ဈေးနှုန်းနှင့် အခန်းကလေးများ ရမလားလို့' ဟု ကျွန်ုပ်က ပြောလေ၏။

---

၁။ *N. W 1 Club*

၂။ *Diogene Club*



mgyoe.com

mgyoe.com SAMPLE BOOK

စတင်းဖို့က

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ဒီနေ့ မနက်မှာ အခန်းရှာတဲ့ လူနှင့်ချည်း လာတိုးနေတာကိုး၊ စောစောကတွင် တစ်ယောက် တွေ့ခဲ့သေးတယ်'

'ဘယ်သူများလဲဗျ'

'ဆေးရုံ ဓာတ်ခွဲခန်းမှာ အလုပ် လုပ်နေတဲ့ ကျွန်တော့် မိတ်ဆွေ တစ်ယောက်ပါဗျာ၊ သူ့မှာ ကြိုက်တဲ့ အခန်းကလေး တစ်ခန်းတော့ တွေ့ထားတယ်တဲ့၊ ဒါပေမဲ့ လခက များလွန်းလို့ အတူ စပ်နေနိုင်မယ့် လူ တစ်ယောက်ကို လိုက်ရှာ နေတာတဲ့'

'ဟန်ကျလိုက်လေဗျာ၊ ကျွန်တော် နေပါ့မယ်လို့ ပြောလိုက်စမ်းပါဗျာ၊ တစ်ယောက်တည်း နေရတာထက် အဖော်ကလေးနှင့် နေရတော့ ပိုပြီး ကောင်းတာပေါ့'

စတင်းဖို့သည် ဝိုင်ကလပ်ပေါ်မှ နေ၍ ကျွန်ုပ်ကို ထူးထူးဆန်းဆန်း စိုက်ကြည့်လျက် ရှိလေ၏။

'ခင်ဗျား ရှားလော့ဟုမ်း အကြောင်းကို မကြားဖူးသေးဘဲကိုး၊ ခင်ဗျားနှင့် ကိုက်မယ် မထင်ပါဘူးဗျာ'

'အလို ဘာဖြစ်လို့လဲ၊ ဘာတွေများ မနှစ်သက်စရာတွေ ရှိလို့လဲ'

'မနှစ်သက်စရာရယ်လို့တော့ မရှိပါဘူးလေ၊ ဒါပေမဲ့ လူက ခပ်ကြောင်ကြောင် ခပ်ဆန်းဆန်းရယ်ဗျ၊ သိပ္ပံပညာကလေး ဘာလေးလည်း မတောက်တခေါက် ဝါသနာ ပါတယ်၊ လူကတော့ လူကောင်း တစ်ယောက်ပါ'

'ဘာလဲ၊ သူက ဆေးကျောင်းသားတို့ ဘာတို့ထဲကလား'

'မဟုတ်ဘူးဗျ၊ ကျွန်တော်တော့ သူ ဘာလုပ်မယ် ဆိုတာကို စဉ်းစားလို့ မရသေးဘူး၊ ခန္ဓာဗေဒမှာ တော်တော် နှံ့နှံ့စပ်စပ် ရှိတယ်၊ ဓာတုဗေဒ စမ်းသပ်မှုတို့ ဘာတို့ လုပ်ရာမှာလည်း ပထမတန်းစားထဲကပဲ၊ ကျွန်တော် သိသလောက်တော့ ဆေးကျောင်းတို့ ဘယ်တို့မှာ ကျကျနန သင်ဖူးခဲ့တယ်လို့ မထင်ဘူး၊ သူ လေ့လာပုံကလည်း ဟိုစပ်စပ် ဒီစပ်စပ်နှင့်၊ ခပ်ဆန်းဆန်းရယ်၊ ဒါပေမဲ့ နိုက်နိုက်ချွတ်ချွတ်တော့ တော်တော်လေး သိတဲ့ လူဗျို့၊ တချို့ ကိစ္စတွေများ ပါမောက္ခကြီးတွေတောင် အံ့ဩသွားရလိမ့်မယ်'

'ဘာ ရည်ရွယ်ချက်နှင့် ဒီပညာတွေကို လေ့လာနေသလဲလို့ ခင်ဗျား တစ်ခါမှ မမေးဖူးဘူးလား'

mgyoe.com

mgyoe.com
SAMPLE BOOK

'ဟင့်အင်း၊ မမေးဖူးဘူးဗျ၊ သူကလည်း မြို့စိစိနှင့် ပြောချင်မှ ပြောတာ၊ ဒါပေမဲ့ စိတ်ကူး ရရင်တော့လည်း တော်တော် စကား ပြောတဲ့ လူဗျ'

'ဒီလိုဆိုရင် ကျွန်တော် သူနှင့် တွေ့ချင်တယ်ဗျာ၊ ကိုယ်နှင့် အတူ နေမယ့် လူဟာ ခပ်အေးအေး ကြိုးကြိုးကုပ်ကုပ်ထဲက ဆိုရင် မနေနိုင်စရာ အကြောင်း မရှိပါဘူး၊ ကျွန်တော်ကလည်း ကျန်းမာရေး မကောင်းသေးတော့ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်တာတွေကို မတွေ့ချင် မမြင်ချင်ဘူး၊ အာဖဂန် စစ်ပွဲမှာ ဒါတွေကို တွေ့ခဲ့ရဖန် များတော့ ခပ်အေးအေးပဲ နေချင်တော့တယ်၊ ကဲ ဒီလိုဆို ခင်ဗျား မိတ်ဆွေကို ဘယ်လိုလုပ်တွေ့နိုင်မလဲ'

'ခုဆိုရင် ဓာတ်ခွဲခန်းမှာ ရှိမှာပါ၊ ဒီလူက မသွားပြန်ရင်လည်း အဲဒီကို တော်တော်နှင့် မသွားပြန်ဘူး၊ သွားပြီ ဆိုရင်လည်း မနက် မိုးလင်း မျက်စိ နှစ်လုံး ပွင့်ကတည်းက ညကြီး မိုးချုပ် အထိ နေချင် နေတာ၊ ခင်ဗျား သွားချင်တယ် ဆိုရင် သွားလေ၊ နေ့လယ်စာ စားပြီး သွားကြတာပေါ့'

ဟိုးလ်ဗွန်း ပျော်ပွဲစားရုံမှ နေ၍ ဆေးရုံသို့ လာခဲ့ကြသည်တွင် စတင်းဖို့သည် ကျွန်ုပ်နှင့် အတူ နေထိုင်ရမည့် သူ၏ အကြောင်းကို ပြောဆိုလာခဲ့လေ၏။

'ခင်ဗျားနှင့် အဆင် မပြေရင် ကျွန်တော့်ကိုတော့ အပြစ် မဆိုနှင့်နော်၊ ကျွန်တော်လည်း သူ့ အကြောင်းကို သိပ်သိတာ မဟုတ်ဘူး၊ ဓာတ်ခွဲခန်းမှာ တစ်ခါတစ်ရံ တွေ့ကြတုန်း ပြောမိ ဆိုမိသလောက်ကလေးပဲ ရှိတာ၊ ခင်ဗျား နေမယ် ဆိုလို့ လိုက်ပို့ရတာ၊ ဒီတော့ ကျွန်တော့် တာဝန်တော့ မဖြစ်ပေစေနှင့်'

'အဆင်မပြေဘူး ဆိုရင်လည်း လမ်းခွဲ လိုက်ကြရုံပေါ့ဗျာ၊ လွယ်ပါတယ်' ဟု ဆိုကာ စတင်းဖို့ကို စိုက်၍ ကြည့်လိုက်ရင်း

'ခင်ဗျား ဒီလောက် ခပ်ဖယ်ဖယ် လုပ်နေရင်တော့ တစ်ခုခုတော့ တစ်ခုခုပဲဗျ၊ လူက ကြောက်စရာ ကောင်းတဲ့ လူမို့လို့လား၊ ပြောစရာ ရှိရင်လည်း ပွင့်ပွင့်လင်းလင်း ပြောဗျာ'

စတင်းဖို့က ရယ်လိုက်လျက်

'ပြောပြလို့ မရတဲ့ အကြောင်းကို ပြောပြဖို့ ဆိုတာ မလွယ်ဘူးလေဗျာ၊ ကျွန်တော့် အနေနှင့် ပြောရရင်တော့ ရှားလော့ဟုမ်းဟာ သိပ်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

သိပ္ပံနည်း ကျလွန်းနေတယ်ဗျ၊ အရာရာကို သိပ္ပံနည်းကျကျ ကြည့်လွန်းနေတော့ ခံစားချက် ကင်းပြီး သွေးအေးအေးနှင့် ကြည့်သလိုတောင် ဖြစ်နေတယ်၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ တစ်ခါတုန်းက သူ့ မိတ်ဆွေ တစ်ယောက်ကို ဟင်းသီး ဟင်းရွက်က ထုတ်တဲ့ အယ်လ်ကာလွိုက် ဓာတ်ကိုတောင် နည်းနည်း အစား ခိုင်းကြည့်သတဲ့၊ သူ့ မိတ်ဆွေကို ကျေးချင် မွေးချင်လို့ မဟုတ်ဘူးနော်၊ သူ့ စမ်းသပ်မှု ဘယ်လို နေသလဲ ဆိုတာ သိချင်လို့ ကျွေးတာ၊ ဒါပေမဲ့ ဒီ အက်စစ်ဓာတ်ကို သူကိုယ်တိုင် လည်း စားကြည့်တယ် ဆိုတော့ သူတစ်ပါးကို ထိခိုက် နစ်နာစေလိုတဲ့ သဘော မဟုတ်ဘူး ဆိုတာကတော့ သေချာပါတယ်၊ သူက တိကျချင်တဲ့ လူကိုးဗျ'

'ဟုတ်တာပေါ့၊ ဒီလိုပဲ စမ်းကြည့်ရမှာပေါ့'

'ဒါပေမဲ့ ရင်ခွင်ရုံထဲမှာ ရောက်နေတဲ့ အလောင်းတွေကို ကြိမ်ကြီး နှင့် တရွှမ်းရွှမ်း ရိုက်နေတာကတော့ တယ်ပြီး လူမြင်လို့ မကောင်းလှ ဘူးပေါ့ဗျာ'

'ဘာ၊ အလောင်းတွေကို ကြိမ်နှင့် ရိုက်တယ်၊ ဟုတ်စ'

'ဟုတ်တယ်ဗျ၊ သေပြီးတဲ့ နောက်မှာ ကြိမ်နှင့် ရိုက်ရင် ဒဏ်ရာ ရ မရ အလျှိုး ထင် မထင် စမ်းကြည့်တာတဲ့၊ ကျွန်တော် ကိုယ်တိုင် မြင်ခဲ့ ရတာ'

'နို့ သူက ဆေးကျောင်းသား မဟုတ်ဘူးဆို'

'မဟုတ်ဘူးဗျ၊ ဘာရည်ရွယ်ချက်နှင့် ဒါတွေကို စမ်းသပ် ကြည့် နေသလဲတော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ ဟော ပြောရင်း ဆိုရင်း ရောက်လာပြီဗျ၊ ခင်ဗျား ကိုယ်တိုင်သာ အကဲခတ်ကြည့်ပေတော့'

ကျွန်ုပ်တို့သည် လမ်းကြားကလေး အတိုင်း လျှောက်လာခဲ့ကြပြီး နောက် အခန်းကလေး တစ်ခန်းထဲသို့ ဝင်ခဲ့ကြရာ ဆေးရုံကြီး တစ်ရုံ၏ အဆောင် တစ်ခုထဲသို့ ရောက်သွားကြလေ၏။

ထိုနေရာမှာ ကျွန်ုပ် ကျက်စားခဲ့ဖူးသည့် နေရာ ဖြစ်သည့် အလျောက် စမ်းတဝါးဝါး မဖြစ်တော့ဘဲ မည်းနက်နေသည့် ကျောက်တုံး လှေကား ထစ်များကို ဆင်းလာခဲ့သည်တွင် ဘေး တစ်ဖက် တစ်ချက်၌ ဆေးဖြူ သုတ်ထားသည့် နံရံများ၊ ညိုပုပ်ပုပ် ဆေးရောင် သုတ်ထားသည့် တံခါး ကြီးများ ရှိသည့် စင်္ကြံရှည်ကြီးကို တွေ့ရလေ၏။

ထို စင်္ကြံရှည်ကြီး အဆုံး နား တွင် မှ ခပ်နိမ့်နိမ့် ဝင်ပေါက် အခုံး

mgyoe.com

mgyoe.com SAMPLE BOOK

တပ်ထားသည့် လမ်းကြားကလေး ရှိပြီး အဆုံးတွင် ဓာတ်ခွဲခန်း ရှိလေ၏။

အခန်းမှာ ခပ်ကျယ်ကျယ် ဖြစ်ပြီး အခန်းထဲတွင် မရေတွက်နိုင်သော ပုလင်းများသည် နံရံ တစ်လျှောက် စင်များပေါ်တွင် အစီအရီ ရှိလေ၏။ အခန်း အလယ်တွင်လည်း စားပွဲ နိမ့်နိမ့်ကလေးများ ရှိပြီး ထိုစားပွဲများ ပေါ်တွင် ပေါင်းအိုးများ၊ ဖန်ပြွန်များ၊ ပြာလဲ့လဲ့ မီးတောက် ကလေးများ တောက်လျက် ရှိသည့် ဗန်ဆင် မီးခွက်ကလေးများဖြင့် ပြည့်လျက် ရှိ၏။

အခန်းထဲတွင်မူ စားပွဲ တစ်လုံးတွင် တကုပ်ကုပ် အလုပ်များလျက် ရှိသည့် ကျောင်းသား တစ်ဦးသာ ရှိလေ၏။

ကျွန်ုပ်တို့၏ ခြေသံကို ကြားသည့် အခါတွင် ထိုသူသည် ထိုင်ရာမှ ထလိုက်ကာ လက်ထဲတွင် ဖန်ပြွန်ကလေး တစ်ခုကို ကိုင်၍ စတင်းဖို့ထံ ပြေးလာပြီးလျှင် 'တွေ့ပြီဗျ၊ တွေ့ပြီ၊ ဟောမိ ဂလိုဗင်ကို စမ်းလို့ ရတဲ့ ဓာတ်ကို တွေ့ပြီ၊ တခြား ဘာနှင့်မှ စမ်းလို့ မရဘူး' ဟု ဝမ်းသာ အားရ ပြောလေ၏။

ရွှေကြောကို တူးမိသည် ဆိုလျှင်ပင် ထိုလူ၏ မျက်နှာပေါ်တွင် ထိုမျှလောက် ဝမ်းသာသည့် အရိပ်အယောင် ပေါ်နိုင်မည် မထင်ချေ။

'ဟောဒါက ဒေါက်တာ ဝပ်ဆင်တဲ့ဗျ၊ ဟောဒါကတော့ မစ္စတာ ရှားလော့ဟုမ်း' ဟု စတင်းဖို့က မိတ်ဆက် ပေးလေ၏။

'ကျန်းမာရဲ့နော်၊ ခင်ဗျား ကြည့်ရတာ အာဖဂန်နစ္စတန်က ပြန်လာပုံ ရတယ်' ဟု လှိုက်လှဲစွာ လက်ဆွဲ နှုတ်ဆက်သည်တွင် ကျွန်ုပ်မှာ သန်မာ တောင့်တင်းသော သူ၏ လက်ညှစ်အားကို ကြည့်၍ အံ့သြရ ပေသေး၏။

'အာဖဂန်နစ္စတန်က ပြန်လာတယ် ဆိုတာ ဘယ်လိုများ သိနေသလဲဗျာ' ဟု ကျွန်ုပ်က တအံ့တသြဖြင့် မေးလိုက်၏။

ထိုလူက တခစ်ခစ် ရယ်လိုက်လျက်

'ဒါက အရေး မကြီးပါဘူးဗျာ၊ ခုလောလောဆယ် အရေးကြီးနေတာကတော့ ဟေမိုဂလိုဗင်ဓာတ်ပဲ ခင်ဗျ၊ ကျွန်တော့် စမ်းသပ်ချက် တွေ့ရှိချက် ဘယ်လောက် အရေး ကြီးတယ် ဆိုတာ တွေ့ပြီ မဟုတ်လား'

'အင်း၊ ဓာတုဗေဒ နည်းအရတော့ အရေးကြီးတာ မှန်ပါတယ်၊ သို့သော်လည်း လက်တွေ့ကျတော့ ...'

'အမယ်လေးဗျာ၊ ဘယ့်နှယ် အသုံး မဝင်ဘဲ ရှိပါ့မလဲ၊ ဥပဒေ ဆေး



mgyoe.com

mgyoe.com
SAMPLE BOOK

ပညာမှာ အလွန် အရေးကြီးတာပေါ့၊ သွေးကွက်တွေကို စမ်းသပ် စစ်ဆေး ကြည့်တဲ့ နေရာမှာ ဒီနည်းဟာ သိပ် အသုံးကျတာပေါ့၊ လာ လာ ကျုပ် ပြမယ်' ဆိုကာ ရှားလော့ဟုမ်းက ကျွန်ုပ်၏ လက်ကို ဆွဲခေါ်သွားပြီးလျှင် 'သွေး လတ်လတ်ဆတ်ဆတ်ကလေး ထုတ်လိုက်ဦးမယ်' ဟု ဆိုကာ သူ့ လက်ချောင်းကို အပ်ကလေး တစ်ချောင်းဖြင့် ဖောက်လိုက်၍ သွေးစက်ကို ဓာတုဗေဒ စမ်းသပ်သည့် ပြွန်ကလေး တစ်ခုဖြင့် ခံယူလိုက်လေ၏။

'ကြည့်ဗျ၊ ပြွန်ထဲက ရေ တစ်လစ်တာလောက်ထဲကို သွေး နည်းနည်း ရောလိုက်တယ်၊ ကြည့်လိုက်တဲ့ အခါကျတော့ ရိုးရိုးရေ အတိုင်းပဲ၊ ဘာမှ မထူးဘူး၊ ရေထဲမှာ ရှိတဲ့ သွေးရဲ့ အချိုးအစားဟာ အပုံ တစ်သန်းပုံရင် တစ်ပုံလောက်ပဲ ရှိတယ်၊ ဒါပေမဲ့ ဒီရေထဲမှာ သွေးပါနေတယ် ဆိုတာကို သိအောင် ကျွန်တော် စမ်းသပ်ပြမယ်'

ရှားလော့ဟုမ်းသည် ထိုသို့ ပြောကာ ပြွန်ထဲသို့ အဖြူမှုန့်ကလေး တချို့ ထည့်လိုက်ပြီးနောက် အရည် ကြည်ကြည်ကလေး တစ်စက် နှစ်စက်ကို ထည့်လိုက်၏။

တစ်ခဏ အတွင်းမှာပင်လျှင် ဖြူနေသော ရေ၏ အရောင်သည် တဖြည်းဖြည်း ညိုပုပ်လာကာ မဟော်ဂနီရောင်သို့ ပြောင်းလာခဲ့လျက် ဖန်ပြွန် အောက်ခြေတွင် ညိုတိုတို အနည်မှုန် ကလေးများ စုသွားသည်ကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် ကလေးငယ် တစ်ယောက်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာ အော်ကာ

'ကဲ မြင်ကြပြီ မဟုတ်လား၊ ဘယ့်နှယ်လဲ'

'ခင်ဗျား အလုပ်က တယ် လက်ဝင်လှသဗျာ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ဟန်လိုက်လေဗျာ၊ အလျင်တုန်းက ဂွိအာကမ် သစ်စေးနှင့် စမ်းတဲ့ နည်းက အချိန်လည်း ကြာတယ်၊ သေလည်း မသေချာဘူးဗျ၊ သွေးနီဥတွေကို အဏုကြည့် မှန်ပြောင်းနှင့် ကြည့်တာကလည်း စိတ်မချရဘူး၊ အထူးသဖြင့် သွေးကွက်က နာရီ နည်းနည်း ကြာသွားပြီ ဆိုရင် အဏုကြည့် မှန်ပြောင်းနှင့် ကြည့်ရတာဟာ ဘာမှ အရာ မရောက်ဘူး၊ ခုတော့ သွေး လတ်လတ်ဆတ်ဆတ်ကိုပဲ ဖြစ်ဖြစ်၊ သွေးဟောင်းကိုပဲ ဖြစ်ဖြစ် ဒီနည်းနှင့် စစ်လို့ ရသွားပြီ၊ ဒီနည်းသာ အောင်မြင်သွားလို့ ရှိရင် သက်သေ



mgyoe.com

mgyoe.com SAMPLE BOOK

အထောက်အထား မခိုင်လုံလို့ ပြစ်ဒဏ်က ရှောင်တိမ်းနေတဲ့ ရာဇဝတ်ကောင်တွေ ရှောင်လို့ မလွတ်တော့ဘူး'

'တကယ်လားဗျ'

'ရာဇဝတ်မှုကြီးတွေမှာ ဒီအချက်ဟာ အရေးကြီးဆုံးပဲဗျ၊ ရာဇဝတ်မှု တစ်ခုကို ကျူးလွန်ပြီး လပေါင်း များစွာ ကြာမှ သင်္ကာမကင်း ဖြစ်တဲ့ လူတစ်ယောက်ကို တွေ့ပြီ ဆိုပါတော့၊ သူ့ အဝတ်အစားတွေကို စစ်ဆေးကြည့်တဲ့ နေရာမှာလည်း ညိုညိုမည်းမည်း အကွက်တွေကို တွေ့တယ် ဆိုပါတော့၊ ဒီအကွက်တွေဟာ သွေးကွက်တွေလား၊ ရွံ့စက်တွေလား၊ သံချေး စွန်းတာလား၊ သစ်သီးရည်တို့ ဘာတို့ စွန်းတာလား ဆိုတာကို ခွဲလို့ မရဘဲ ဖြစ်နေတယ်၊ ကျွမ်းကျင်သူတွေတောင် ဒီကိစ္စကို မခွဲခြားနိုင်ဘဲ ဦးနှောက် ခြောက်နေကြတယ်၊ ဘာဖြစ်လို့လဲ၊ တိတိကျကျ စမ်းသပ်နိုင်တဲ့ နည်း မရှိလို့ဗျ၊ ခုတော့ ရှားလော့ဟုမ်းရဲ့ နည်းကို တွေ့ပြီလေဗျာ၊ ဒီပြဿနာကို ဖြေရှင်းလို့ ရသွားပြီ'

ရှားလော့ဟုမ်း၏ မျက်လုံးများသည် တဖျပ်ဖျပ် တောက်လျက် ရှိကာ လက်ကို ခေါင်းပေါ်သို့ မြှောက်ပြီး မိမိအား ဩဘာ ပေးနေသည့် ပရိသတ်ကို အရိုအသေ ပြုသည့်နှယ် ဦးညွှတ်ပြလေ၏။

ကျွန်ုပ်မှာ သူ စိတ်အား ထက်သန်ပုံကို ကြည့်၍ အံ့အားသင့်လျက် ရှိရာမှ

'ဒီလိုဆိုရင်တော့ ချီးကျူးထိုက်ပေတာပေါ့ဗျာ'

'မနှစ်တုန်းက ဖရင့်ဖို့က ဗွန် ဗစ်ချော့ရဲ့ အမှု ဖြစ်တယ်ဗျ၊ ဒီ စမ်းသပ်နည်းကိုသာ အဲဒီတုန်းက တွေ့ခဲ့ရင် ခင်ဗျားလူ ခုလောက် ဆိုရင် စက်တိုင် အတင်ခံရပြီးပြီ၊ ပြီးတော့ ဖရင့်ဖို့က မေဆင် ဆိုတဲ့ လူဗျာ၊ လူဆိုး မူလာဗျာ၊ မွန်ပလီယာက လီဖေ့ဗျာ၊ နယူး အော်လီယန်းက ဆင်ဆင်ဗျာ၊ အို သက်သေ အထောက်အထား မခိုင်လုံလို့ လွတ်သွားတဲ့ အမှုတွေမှ တစ်ပုံကြီးဗျ'

'ခင်ဗျား ကြည့်ရတာ ရာဇဝတ်မှု အဘိဓာန်ကြီး ကျနေတာပဲကိုးဗျ၊ ဒီလိုဆို *အတိတ်မှ မှုခင်း မှတ်တမ်းများ* ဆိုတဲ့ နာမည်နှင့် စာအုပ် တစ်အုပ်တောင် ရေးဖို့ ကောင်းနေပြီ'

ရှားလော့ဟုမ်းက စောစောက သွေးဖောက်ထားသည့် ဒဏ်ရာပေါ်တွင် ပလတ်စတာစကလေး တစ်ခုကို ကပ်လိုက်ရင်း 'သိပ် ဖတ်လို့ ကောင်းမယ့် စာအုပ်ပေါ့ဗျာ၊ အင်း ကျုပ်လည်း သတိကလေး ဘာလေး

mgyoe.com

mgyoe.com SAMPLE BOOK
ထားဦးမှဖျို့၊ ကျုပ်က အဆိပ်တွေနှင့် ကစား နေတဲ့လူ မဟုတ်လား' ဟု ဆိုကာ သူ့ လက်ကို ထောင်၍ ကြည့်နေလေ၏။

သူ့ လက်မှာ အလားတူ ပလတ်စတာ ကပ်ထားသည့် ဒဏ်ရာများ၊ အက်စစ်တို့ စွန်းပေနေသော ညိုညိုမည်းမည်း အကွက်များဖြင့် ပြည့် လျက် ရှိလေ၏။

စတင်းဖို့က သုံးချောင်းထောက် ခွေးခြေမြင့်မြင့် တစ်လုံးတွင် ဝင် ထိုင်လိုက်ကာ ကျွန်ုပ်ကိုလည်း တစ်လုံး ထိုးပေးလိုက်လျက်

'ကဲ လာရင်းကိစ္စကို ပြောရဦးမယ်၊ ဟောဒီက ကျွန်တော့် မိတ် ဆွေက အိပ်ခန်းကလေး တစ်ခန်း ရှာနေတယ်ဗျ၊ ခင်ဗျားကလည်း အခန်းဖော် တစ်ယောက် ရှာနေတာနှင့် အတော်ပဲ ဆိုပြီး တွေ့ပေးတာပဲ'

ရှားလော့ဟုမ်းကို ကြည့်ရသည်မှာ ကျွန်ုပ်နှင့် နေရမည်ကို သဘော ကျဟန် ရှိ၏။

'ဘေကာလမ်းမှာ အခန်းစုံကလေး တစ်ခန်း တွေ့ထားတယ်ဗျ၊ တော်တော်လေး သန့်တယ်၊ ဆေးတံနံ့တို့ ဘာတို့ကို ခင်ဗျား ခံနိုင် တယ်နော်'

'ကျွန်တော်လည်း ရွက်လှေ တံဆိပ်ကို အမြဲ သောက်တဲ့ လူပါ'

'ဟုတ်ပြီဗျ၊ ကျုပ်က ဓာတုဗေဒ စမ်းသပ်မှုကလေးတွေ ဘာလေး တွေလည်း လုပ်တယ်၊ ဒါကကော ခင်ဗျားမှာ အနှောင့်အယှက် ဖြစ်နေ မလား'

'မဖြစ်ပါဘူး'

'ဒီလိုဆိုရင် ဟုတ်ပြီလေ၊ နေစမ်းပါဦး၊ ကျွန်တော့်မှာ ဘာချွတ်ယွင်း ချက် ရှိသေးသလဲ၊ အဲ တစ်ခါတလေကျတော့ ကျုပ်က သုန်မှုန်ပြီး ရက် ပေါင်းများစွာ စကား မပြောဘဲ နေချင်နေတာ၊ အဲဒီလို ဖြစ်နေရင် ကျုပ် စိတ်ကောက်နေတာ မဟုတ်ဘူး ဆိုတာတော့ နားလည်စေချင်တယ်ဗျ၊ အဲဒီအခါမှာ ခင်ဗျားက မသိလိုက် မသိဘာသာ နေလိုက်၊ ကျုပ်ဘာသာ ကျုပ် ပြန်ကောင်းသွားလိမ့်မယ်၊ ခင်ဗျားမှာရော ဘာတွေ ဝန်ခံစရာ ရှိ သလဲ၊ အတူ နေမယ့် လူ နှစ်ယောက် ဆိုတော့ တစ်ယောက် ချွတ်ယွင်း ချက်တွေကို တစ်ယောက် စောစော သိထားတော့ ကောင်းတာပေါ့ဗျာ'

ကျွန်ုပ်က သူ့ အမေးကို သဘောကျသဖြင့် ရယ်လိုက်ကာ

'ကျွန်တော့်မှာ ခွေးဘီလူးကလေး တစ်ကောင် ရှိတယ်ဗျ၊ ပြီးတော့ ကျွန်တော့် အာရုံကြောတွေက အားနည်းနေတော့ ဆူဆူပူပူ အသံတွေကို


mgyoe.com

mgyoe.com SAMPLE BOOK

တယ် မကြားချင်ဘူး၊ အိပ်ချင်တဲ့ အချိန်မှာ အိပ်ပြီး ထချင်တဲ့ အချိန် ထတယ်၊ ပျင်းတယ်၊ ပြီးတော့ နေထိုင်ကောင်းလို့ ရှိရင် တခြား အကျင့်ဆိုး နှစ်ခုလောက်လည်း ရှိသေးတယ်၊ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ဒါလောက်ပါပဲ'

'ဆူဆူညံညံ ဆိုတဲ့-အထဲမှာ တယောသံတို့ ဘာတို့ ပါသလား'

'ဒါကတော့ ထိုးတဲ့ လူ အပေါ်မှာ တည်တာပေါ့လေ၊ တယော ထိုးကောင်းပြီ ဆိုရင် တယ်ပြီး သုတိသာယာ ဖြစ်ပေတာပဲ၊ မကောင်းဘူး ဆိုပြန်တော့လည်း ...'

ရှားလော့ဟုမ်းက ရွှင်မြူးစွာ ရယ်လိုက်လျက်

'ဟုတ်ပြီလေ၊ ဒီလိုဆို သဘော တူပြီပေါ့၊ အဲ အခန်းကို ကြိုက် မကြိုက်တော့ ကြည့်ဦးပေါ့'

'ဒါဖြင့် ဘယ်တော့ ထပ်တွေ့မလဲ'

'မနက်ဖြန် မွန်းတည့် ဒီကို လာခဲ့ဗျာ၊ ကျုပ်တို့ သွားကြည့်ပြီး သဘောကျတယ် ဆိုရင် စကား ပြောကြတာပေါ့'

'ဟုတ်ပြီ ခင်ဗျာ၊ မွန်းတည့် တိတိမှာ လာခဲ့မယ်' ဟု ဆိုကာ လက်ဆွဲ နှုတ်ဆက်၏။

ကျွန်ုပ်တို့သည် ဓာတုဗေဒ ဖန်အိုးများ ကြားမှ ကွေ့ပတ်၍ ထွက်လာခဲ့ကြပြီး ကျွန်ုပ် တည်းခိုရာ ဟိုတယ်သို့ ပြန်လာခဲ့ကြလေ၏။

လမ်းတွင် ကျွန်ုပ်က စတင်းဖို့ဘက်သို့ လှည့်၍

'နေစမ်းပါဦးဗျ၊ ကျွန်တော် အာဖဂန်နစ္စတန်က ပြန်လာတယ် ဆိုတာ သူ ဘယ်လိုလုပ် သိနေတာလဲ'

စတင်းဖို့က နားလည်ရ ခက်သည့် အပြုံးကို ပြုံးလိုက်ရင်း

'အဲဒါကတော့ ထူးခြားချက်ကလေးတွေပဲဗျ၊ ဘယ်လိုလုပ် သိသလဲ ဆိုတာ လူ တော်တော်များများကလည်း သိချင်နေကြတာပဲ'

ကျွန်ုပ်က လက်ချင်း ပွတ်လိုက်လျက်

'ဒီလိုဆိုရင် ဒါဟာ သူ့ လျှို့ဝှက်ချက်ပေါ့ ဟုတ်စ၊ ထူးတော့ ထူးခြားတယ်ဗျာ၊ ခုလို ခေါ်လာတဲ့ အတွက် ကျေးဇူး တင်ပါတယ်၊ လူ့လောကကြီး အကြောင်းကို သိချင်ရင် လူ့ အကြောင်းကို လေ့လာရမယ်လို့ ဆိုတယ် မဟုတ်လား'

'ဒီလိုဆိုရင် ခင်ဗျားလည်း သူ့ကို လေ့လာကြည့်လေ၊ တော်တော်တော့ လေ့လာ အကဲခတ်ရ ခက်တဲ့ လူ တစ်ယောက်ပဲ၊ သို့သော်လည်း



mgyoe.com

mgyoe.com
SAMPLE BOOK

ခင်ဗျားက သူ့ကို လေ့လာတာထက် သူက ခင်ဗျားကို လေ့လာမှာပါ'

ကျွန်ုပ်သည် စတင်းဖို့ကို နှုတ်ဆက်ပြီးနောက် ကျွန်ုပ်၏ အဖော်သစ် အကြောင်းကို စဉ်းစားရင်း ဟိုတယ်သို့ ပြန်လာခဲ့လေ၏။

ဤသည်တို့မှာ ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ စတင် တွေ့ရှိကြပုံ ဖြစ်သည်။

*အေ စတားဒီး အင် စကားလက်* ဝတ္ထုသည် စုံထောက် ရှားလော့ဟုမ်းကို ပထမဆုံး မိတ်ဆက်ပေးသော ဝတ္ထု ဖြစ်သည့် အတွက် ရှားလော့ဟုမ်း၏ စရိုက်ကို အသေးစိတ် ဖွဲ့ထားသော ဝတ္ထု ဖြစ်သည်ဟု ဆိုနိုင်လေသည်။

ရှားလော့ဟုမ်း၏ ထူးခြားသော စရိုက် တစ်ခုမှာ အရာ ကိစ္စ တစ်ခုကို ကျိုးကြောင်း စိတ်ဖြာ ကြည့်သည့်နည်း ဖြစ်သည်။

ထိုနည်းကိုလည်း အထက်ပါ ဝတ္ထုတွင် အသေးစိတ် ဖော်ပြထားသည်။

ကိုနင်ဒွိုင်းလ်က ရှားလော့ဟုမ်း၏ ကျိုးကြောင်း ဆက်စပ် စူးစမ်းနည်းများကို အထက်ပါ ဝတ္ထုတွင် အောက်ပါအတိုင်း ရေးထားသည်။

ကျွန်ုပ်တို့သည် ချိန်းထားသည့် အတိုင်း နောက်တစ်နေ့တွင် တွေ့ဆုံပြီးနောက် ၂၂၁ ဘီ၊ ဘေကာလမ်းရှိ တိုက်ခန်းကို သွားရောက် ကြည့်ရှုကြလေ၏။

ရှားလော့ဟုမ်းမှာ အပေါင်းရ အသင်းရ ခက်သော လူ တစ်ယောက် မဟုတ်ချေ။

ခပ်အေးအေး နေတတ်ပြီး အလေ့အကျင့်များမှာလည်း စနစ်ဇယား အတိုင်း နေထိုင် ကျင့်ကြံသူ တစ်ယောက် ဖြစ်လေ၏။

ရှားလော့ဟုမ်းသည် ည ဆယ်နာရီကျော်အောင် နေလေ့ နေထ မရှိဘဲ မနက် ကျွန်ုပ် အိပ်ရာမှ နိုးသည့် အချိန်တွင် မနက်စာကို စားသောက်ပြီး အပြင်သို့ ထွက်သွားနှင့်လေပြီ။

တစ်ခါတစ်ရံ ရှားလော့ဟုမ်းသည် ဓာတ်ခွဲခန်းတွင် တစ်နေ့လုံး အချိန်ကုန်ပြီး တစ်ခါတစ်ရံတွင်လည်း ရင်ခွဲရုံထဲတွင် အချိန် ကုန်တတ်လေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါတစ်ရံတွင်လည်း ဝေးဝေးလံလံ လမ်းလျှောက် ထွက်လေရာ ကျွန်ုပ် စိတ်ထဲတွင်မူ လန်ဒန်မြို့ ဆင်းရဲသား ရပ်ကွက်များသို့ သွားခြင်း ဖြစ်သည်ဟု ထင်မိလေ၏။

အလုပ် ဇောကပ်ပြီ ဆိုလျှင်လည်း အားခွန် ကုန်ခန်းသည် မရှိဟု ထင်ရလောက်အောင် အလုပ်ကို တရစပ် လုပ်နိုင်သူ တစ်ယောက် ဖြစ်လေ၏။

သို့ရာတွင် စိတ်မပါသည့် အခါများတွင်မူကား ရှားလော့ဟုမ်းသည် နေ့စဉ်ရက်ဆက် ဆိုသလို မနက်မှ ညနေ မိုးချုပ်တိုင်အောင် ညေ့ခန်းထဲရှိ ဆိုဖာပေါ်တွင် လဲလျောင်း နေတတ်လေရာ ထိုအခါမျိုး၌ ရှားလော့ဟုမ်းသည် စကားလည်း တစ်လုံးမျှ မပြော၊ ကြွက်သား တစ်ခုမျှ ပင်လျှင် လှုပ်ရှားခြင်း မရှိဘဲ ငြိမ်သက်စွာ ရှိနေလေ၏။

ထိုအခါမျိုးတွင် သူ့ မျက်လုံးများသည် မှုန်ဝေး ရီဝေလျက် ရှိလေရာ မူးယစ်ဆေး တစ်ခုခုကို စွဲနေသူပေလောဟုပင် တစ်ခါတစ်ရံတွင် ကျွန်ုပ် သံသယ ဖြစ်မိပေသေး၏။

သို့ရာတွင် ရှားလော့ဟုမ်း၏ ဘဝမှာ သန့်ရှင်း စင်ကြယ်သော ဘဝ ဖြစ်သည့် အတွက် ကျွန်ုပ်သည် ထိုသံသယကို ခေါင်းထဲမှ ဖျောက် ဖျက် ပစ်ရသေး၏။

ရက်သတ္တပတ် အနည်းငယ်ခန့် အတူ နေလိုက်သည့် အခါတွင်မူကား သူ၏ ဘဝ ရည်မှန်းချက်များနှင့် ပတ်သက်သည့် ကျွန်ုပ်၏ စိတ်ဝင်စားမှုမှာ နက်ရှိုင်းသည်ထက် နက်ရှိုင်းလာခဲ့လေပြီ။

ရှားလော့ဟုမ်း၏ ဥပဓိရုပ်မှာ အမှတ်တမဲ့ မြင်လိုက်မိသူတို့ကပင် လျှင် သတိ မထားဘဲ မနေနိုင်လောက်သည့် ဥပဓိရုပ်မျိုး ဖြစ်လေ၏။ သူ့အရပ်မှာ ခြောက်ပေကျော်ကျော် မြင့်ပြီး ပိန်လွန်းလှသည့် အတွက် ထို့ထက်မကပင် ရှည်သည်ဟု မှတ်ထင်ရလေ၏။

အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့သည့် အချိန်များမှ အပ ကျန်အချိန် များ၌ ရှားလော့ဟုမ်း၏ မျက်လုံးများမှာ စူးရှ တောက်ပလှပေ၏။

သိန်းငှက် နှာခေါင်းကဲ့သို့ ရှိသော သူ့ နှာခေါင်းမှာ လျင်မြန် ဖျတ် လတ်ခြင်း၊ ကိုယ့်စိတ် ကိုယ် နိုင်နင်းခြင်းတို့ကို ဖော်ပြလျက် ရှိ၏။

လေးထောင့် သဏ္ဌာန် ရှိသော သူ့ မေးရိုးသည် ပိုင်းဖြတ်မှု ရှိခြင်းကို ဖော်ပြလျက် ရှိ၏။

လက်များမှာ အမြဲလိုလို မင်များ၊ ဓာတ်ဆေးရည်များ စွန်းပေလျက်

mgyoe.com

mgyoe.com SAMPLE BOOK

ရှိတတ်ပြီး နူးညံ့သည့် ပစ္စည်းကလေးများကို ကိုင်တွယ်ရာတွင် ကျွန်ုပ် မကြာခဏ သတိ ပြုမိသည့် အတိုင်း ညင်သာခြင်း ရှိသည်ကို တွေ့ရလေ၏။

... ရှားလော့ဟုမ်းသည် ဆေးပညာကို လိုက်စားသူ တစ်ယောက်လည်း မဟုတ်ချေ။ တစ်ခါတွင် ကျွန်ုပ်က စကား စပ်၍ မေးမိသည်၌ ထိုအကြောင်းကို သူကိုယ်တိုင်ကပင် ထုတ်ဖော် ပြောဆိုခဲ့ဖူး၏။ သိပ္ပံပညာနှင့် ပတ်သက်၍ ဘွဲ့ထူး တစ်ခုကို ရရန် ဖတ်ရမည့် စာအုပ်များကိုလည်း ဖတ်ခြင်း မပြုချေ။

သို့တိုင်အောင် အချို့သော ပညာရပ်တို့ကို သူ လေ့လာ လိုက်စားပုံမှာ အံ့သြလောက်ပေ၏။

အချို့သော ကိစ္စများတွင်မူ သူ နှံ့စပ် ကျွမ်းကျင်ပုံမှာ သြချရလောက်သည် အထိ ဖြစ်ပေ၏။

ရည်မှန်းချက် တစ်စုံတစ်ရာ မရှိလျှင် မည်သည့် နည်းနှင့်မျှ ထိုမျှလောက် ကျွမ်းကျင် နှံ့စပ်နိုင်မည် မဟုတ်ချေ။

တစ်ခါတစ်ရံမှသာ စာပေကို လေ့လာ လိုက်စားသူတို့သည် မိမိတို့ ဖတ်မိသမျှကို တိကျ သေချာစွာ မှတ်မိတတ်ကြ၏။ မိမိ အတွက် အသုံးမဝင်လျှင် အသေးအဖွဲကလေးများကို မှတ်သားခြင်းဖြင့် ဦးနှောက်ကို ဝန်ပိစေလိမ့်မည် မဟုတ်ချေ။

အချို့ ကိစ္စများတွင် ရှားလော့ဟုမ်းသည် ကျွမ်းကျင် နှံ့စပ်သလောက် အချို့ ကိစ္စများတွင် သတိတရား ခေါင်းပါးလွန်းသည်ကိုလည်း ကျွန်ုပ် သတိပြုမိ၏။

မျက်မှောက်ခေတ် စာပေ၊ ဒဿန ပညာနှင့် နိုင်ငံရေး စသည်တို့တွင် ရှားလော့ဟုမ်းသည် နကန်း တစ်လုံးမျှ မသိချေ။ တစ်ခါတွင် ကျွန်ုပ်က (စာရေးဆရာကြီး) တောမတ်စ် ကာလိုင်း၏ စာတစ်ပုဒ်ကို ထုတ်နုတ် ကိုးကား၍ ပြောသည်တွင် ရှားလော့ဟုမ်းက တောမတ်စ် ကာလိုင်း ဆိုသူမှာ မည်သူ ဖြစ်ကြောင်း၊ မည်သည့် အလုပ်ကို လုပ်ကိုင်ကြောင်း ဖြင့် ကောက်၍ မေးဖူး၏။

ကိုပါနီကတ်စ်၏ စကြဝဠာ စနစ် အကြောင်းနှင့် ပတ်သက်၍ ဘာမျှ ကြားဖူးနားဝ မရှိသည်ကို တွေ့ရသည့် အခါတွင်မူကား ကျွန်ုပ်၏ အံ့အားသင့်မှုမှာ အဆုံးစွန်သို့ ရောက်ခဲ့လေပြီ။

ကမ္ဘာ မြေကြီးသည် နေကို ဗဟို ပြု၍ လည်ပတ်နေသည် ဆိုသည့်

mgyoe.com

mgyoe.com SAMPLE BOOK

အချက်သည် ယဉ်ကျေးသော ဆယ့်ကိုး ရာစုနှစ် လူသား တစ်ဦး အဖို့ ကကြီး ခခွေး သာသာမျှသာ ဖြစ်ရာ ရှားလော့ဟုမ်းသည် ထိုအချက်မျှ လေးလောက်ကိုပင် မသိ ဆိုသည့် အခါ၌ကား ကျွန်ုပ်မှာ အံ့သြခြင်းမက အံ့သြကာ မယုံနိုင်အောင် ဖြစ်လျက် ရှိလေ၏။

ကျွန်ုပ်၏ မျက်နှာပေါ်မှ အံ့အားသင့်သော အရိပ်အယောင်ကို မြင်သည့် အခါတွင် ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'တော်တော် အံ့အား သင့်သွားသလားဗျ၊ ခု သိပြီလေ၊ သိပြီးပြီ ဆိုတော့လည်း မေ့ပစ်လိုက်ဖို့ ကြိုးစားရတော့မှာပေါ့'

'ဘာ မေ့ပစ်မယ်၊ ဟုတ်စ'

'လူတစ်ယောက်ရဲ့ ဦးနှောက်ဟာ အစတုန်းက ဟာလာ ဟင်းလင်း ဖြစ်နေတဲ့ အခန်းကလေး တစ်ခန်းနှင့် တူတယ်ဗျ၊ အဲဒီ အခန်းကလေး ထဲမှာ ကိုယ် ကြိုက်နှစ်သက်တဲ့ ပစ္စည်းကို သိုလှောင် ထားရမှာပေါ့၊ လူဖျင်း လူညံ့များကျတော့ တွေ့သမျှ တိုလီမုတ်စတွေကို အဲဒီ အခန်း ကလေးထဲ အကုန် ကောက်ထည့်ထား၊ ကိုယ့် အတွက် အသုံးကျမယ့် ပစ္စည်းတွေဟာ အဲဒီ အခန်းကလေးထဲမှာ ရောထွေးနေပြီး အသုံးလိုလို့ ရှာတဲ့ အခါကျတော့ ရှာလို့ မရဘဲ ဖြစ်နေတတ်တယ်၊ အလားတူပဲဗျ၊ ကျွမ်းကျင်တဲ့ အလုပ်သမား တစ်ယောက်ဟာ သူ့ ဦးနှောက် အခန်း ကလေးထဲမှာ ပစ္စည်းကို သေသေချာချာ ရွေးပြီးမှ သိမ်းတယ်၊ ကိုယ့် အလုပ်မှာ အသုံးကျမယ့် ပစ္စည်း ကိရိယာလောက်ကိုပဲ ရွေးပြီး သိမ်း ကယ်၊ သူ့ အခန်းထဲမှာ သူ့ အလုပ် အတွက် အင်မတန် အသုံးဝင်တဲ့ ပစ္စည်းတွေကို စနစ်တကျ ထားတယ်၊ အဲဒီ အခန်းကလေးဟာ သားရေ ပြားများလို ကျဉ်းနိုင် ကျယ်နိုင် လုပ်နိုင်တဲ့ နံရံမျိုး မရှိဘူးဗျ၊ မဆံ့မပြဲ လျှောက်ထည့်ရင် အဲဒီ နံရံဟာ ပျက်စီးသွားမှာပဲ၊ ကိုယ် သိုမှီးထားတဲ့ အသိ တစ်ခုကို လိုချင်တဲ့ အခါမှာ စဉ်းစားလို့ မရဘဲ ဖြစ်နေတာဟာ တခြားကြောင့် မဟုတ်ဘူး၊ အဲဒီ အခန်းထဲမှာ ပစ္စည်းတွေကို မဆံ့မပြဲ ထိုးထည့်ထားလို့ ရှာမရဘဲ ဖြစ်နေတာ၊ ဒါကြောင့် အသုံးမဝင်တဲ့ အချက် အလက်တွေကို ကိုယ့် ခေါင်းထဲမှာ သိုမှီး မထားဖို့ဟာ အလွန် အရေး ကြီးတယ်'

'စကြဝဠာ စစ်အကြောင်းကကောဗျာ'

ရှားလော့ဟုမ်းက စိတ်မရှည်နိုင်ဟန်ဖြင့်

'တော်စမ်းပါဗျာ၊ ကျုပ်အဖို့ ဘာများ အရေးကြီးလို့လဲ၊ ကျုပ်တို့



mgyoe.com

mgyoe.com
SAMPLE BOOK

ကမ္ဘာမြေကြီးဟာ နေကို လှည့်ပတ် သွားလာနေတယ်လို့ ပြောတယ်၊ လကို လှည့်ပတ် သွားနေတယ် ဆိုတော့ကော ကျုပ် အဖို့ ဘာများ ထူးမှာလဲ၊ ကျုပ် အလုပ် အတွက် ဘယ်လောက်များ အကျိုး ရှိမှာတဲ့လဲ'

သူ့ အလုပ်သည် မည်သည့် အလုပ် ဖြစ်ကြောင်းကို ကျွန်ုပ် မေးမည် ပြုလိုက်၏။

သို့ရာတွင် သူ့ အမူအရာမှာ ထိုမေးခွန်းမျိုးကို မနှစ်သက်ဟန် ပေါ်နေသည့် အတွက် ကျွန်ုပ်မှာ ဘရိတ် အုပ်ထားလိုက်ရ၏။

ရှားလော့ဟုမ်းက မိမိ၏ အလုပ်တွင် အကျိုး မထူးမည့် ဗဟုသုတတို့ကို အလို မရှိကြောင်း၊ မိမိ သိသော ဗဟုသုတတို့မှာ မိမိ အတွက် အသုံး ဝင်သော ဗဟုသုတများသာ ဖြစ်ကြောင်းဖြင့် ပြော၏။

ထို့ကြောင့် ကျွန်ုပ်သည် ခဲတံ တစ်ချောင်းကို ကောက်ကာ သူ့ စရိုက်နှင့် ပတ်သက်၍ ကျွန်ုပ် မြင်သလောက်ကို အောက်ပါ အတိုင်း ရေးထားလိုက်မိလေ၏။

## ရှားလော့ဟုမ်း၏ အရည်အချင်းများ

၁။ စာပေ အရည်အချင်း — မရှိ။

၂။ ဒဿနပညာရပ် အရည်အချင်း — မရှိ။

၃။ နက္ခတ္တဗေဒပညာ — မရှိ။

၄။ နိုင်ငံရေး — အားနည်းသည်။

၅။ ရုက္ခဗေဒ — အသင့်အတင့်။

ဘိန်း၊ အဆိပ် စသည်တို့ အကြောင်းကို ကောင်းစွာ သိရှိ၊ လက်တွေ့ သစ်ပင် စိုက်ပျိုးမှုနှင့် ပတ်သက်၍ ဘာမျှ မသိ။

၆။ ဘူမိဗေဒ — အနည်း အကျဉ်းသိ။

သို့ရာတွင် လက်တွေ့ကျသည်။ မြေကြီးခဲ တစ်ခဲကို ကြည့်၍ မြေ အမျိုးအစား၊ တွေ့နိုင်သည့် နေရာတို့ကို ခွဲခြား ပြောနိုင်သည်။ ဘောင်းဘီတွင် ပေလာသည့် ရွှံ့စက်များကို ကြည့်၍ လန်ဒန်မြို့ မည်သည့် ရပ်ကွက်မှ လာသည်ကို သေချာစွာ ပြောနိုင်သည်။

၇။ ဓာတုဗေဒ — နှံ့စပ်သည်။

၈။ ခန္ဓာဗေဒ — တိကျသည်။

သို့ရာတွင် စနစ်မကျ။

mgyoe.com SAMPLE BOOK

၉။ မှုခင်းစာပေ ကျွမ်းကျင် နှံ့စပ်။

ဆယ့်ကိုး ရာစုနှစ် အတွင်း ဖြစ်ပွားခဲ့သော မှုခင်းကြီးများ အကြောင်းကို ကြေညက်စွာ သိရှိ။

၁၀။ တယောထိုး ကောင်းသည်။

၁၁။ လက်ဝှေ့၊ ဓားသိုင်းနှင့် တုတ်သိုင်းတို့ကို ကျွမ်းကျင်သည်။

၁၂။ ဗြိတိသျှ တရားဥပဒေတွင် နှံ့စပ်သည်။

ဤသည်တို့မှာ ရှားလော့ဟုမ်း၏ စိတ်နေ စိတ်ထား၊ အရည်အချင်း များနှင့် ပတ်သက်၍ ဒေါက်တာ ဝပ်ဆင်၏ အမြင်များ ဖြစ်သည်။

ရှားလော့ဟုမ်း၏ စုံစမ်းမှု နည်းပညာတွင် အရေးကြီးဆုံးမှာ ဒီဒတ် ရှင်း ခေါ် ကျိုးကြောင်း ဆက်စပ် ကောက်ချက် ဆွဲသည့် ပညာ ဖြစ် သည်။ ဤသည်နှင့် ပတ်သက်၍ *အေ စတားဒီး အင် စကားလက်* ဝတ္ထု တွင် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရသည်။

.... တစ်နေ့သ၌ ကျွန်ုပ်သည် ပျင်းပျင်းရှိသည်နှင့် စားပွဲပေါ်တွင် တွေ့သည့် မဂ္ဂဇင်း တစ်စောင်ကို ကောက်ယူကာ ဖတ်နေမိလေ၏။ ရှားလော့ဟုမ်းမှာမူ ပေါင်မုန့်ကင် တစ်ချပ်ကို တိတ်ဆိတ်စွာ စားလျက် ရှိ၏။

မဂ္ဂဇင်း ဆောင်းပါး တစ်ပုဒ်ကို ခဲတံဖြင့် မှတ်ထားသည်ကို တွေ့ရှိ သဖြင့် ကျွန်ုပ် မျက်စိများသည် ထိုဆောင်းပါးဆီသို့ ရောက်သွားကြ လေ၏။

ဆောင်းပါးမှာ *နိယာမ စာအုပ်* ဟု ကြီးကြီးကျယ်ကျယ် အမည် တပ်ထားပြီး စုံစမ်း လေ့လာတတ်သူ တစ်ဦး အဖို့ လမ်းတစ်လမ်း တွင် တွေ့သမျှ အရာတို့ကို တိကျ သေချာစွာ စနစ်ကျကျ လေ့လာခြင်း ဖြင့် မည်သို့ အကျိုး ထူးနိုင်ကြောင်းဖြင့် ရေးသားထား၏။

ဆောင်းပါး တစ်ပုဒ်လုံး ခြုံကြည့်လျှင် မှတ်သားစရာ အချက်များ လည်း ပါ၍ အဓိပ္ပာယ် မရှိသည့် အချက်အလက်များလည်း ပါသည်ကို တွေ့ရ၏။



mgyoe.com

mgyoe.com

SAMPLE BOOK

စဉ်းစား တွေးခေါ်ပုံမှာ စေ့စေ့စပ်စပ် ရှိသည့်တိုင် ကျိုးကြောင်း ဆက်စပ်ယူသည့် ကောက်ချက်များမှာ အတွေးခေါင်ပြီး လိုရာ ဆွဲယူသည်ဟု ကျွန်ုပ် စိတ်ထဲတွင် ထင်မိ၏။

လူတစ်ယောက်၏ အပြုအမူ၊ မျက်နှာ အနေအထား၊ မျက်လုံး ကြည့်ပုံတို့ကို ကြည့်၍ ထိုသူ၏ အတွင်းစိတ်ကို ကောက်ချက် ဆွဲယူသည့် အင်္ဂဝိဇ္ဇာနည်း ခပ်ဆန်းဆန်း ဖြစ်၏။ လေ့ကျင့်ထားသည့် စူးစမ်း လေ့လာ တတ်သူ တစ်ဦးသည် လိမ်ညာခြင်းကို အလွယ်တကူ သိနိုင်သည်ဟု စာထဲတွင် ရေးထား၏။

ဆောင်းပါးတွင် ဖော်ပြထားရာ၌ 'ကျိုးကြောင်း ဆက်စပ် တွေးခေါ် နိုင်သော ယုတ္တိဗေဒသမား တစ်ယောက် အဖို့ ရေပေါက်ကလေး တစ်ပေါက်ကို မြင်ရုံမျှဖြင့် နိုင်ယာဂါရာ ရေတံခွန် အကြောင်းကို သော်လည်းကောင်း၊ အတ္တလန္တိတ် သမုဒ္ဒရာကြီး အကြောင်းကိုသော် လည်းကောင်း မကြားဖူး မမြင်ဖူးဘဲနှင့် ပြောနိုင်ပေ၏။ နိယာမကြီး တစ်ခုလုံးသည် ကွင်းဆက် များစွာဖြင့် ဖွဲ့စည်းထားသည့် သံကြိုးကြီး တစ်ချောင်းနှင့် အလားသဏ္ဌာန် တူ၍ ကွင်းဆက်ကလေး တစ်ခုကို လေ့လာ လိုက်ရုံဖြင့်ပင် ကျွန်ုပ်တို့သည် ထိုနိယာမကြီး အကြောင်းကို သိနိုင်ပေ၏။ ကျိုးကြောင်း ဆက်စပ်၍ ကောက်ချက်ချသည့် အတတ်ပညာသည် စိတ်ရှည်စွာ လေ့ကျင့် သင်ယူနိုင်လျှင် ရနိုင်သော ပညာ ဖြစ်၏။ သို့ရာတွင် လူ့ ဘဝ သက်တမ်းမှာ တိုတောင်းလှပေရာ ထို အတတ်ပညာကို ပြီးပြည့်စုံအောင် သင်ယူ တတ်မြောက်ရန်ကား ဖြစ်နိုင်သည့် ကိစ္စ မဟုတ်ချေ။ သို့ဖြစ်ရကား ကြီးကျယ် ခက်ခဲသော ပြဿနာများအား မည်သို့ မည်ပုံ စူးစမ်း လေ့လာသင့်သည်ကို မပြောမီ အလွန် အခြေခံ ကျသည့် အချက်ကလေးများကို ဥပမာ ပြပေအံ့။ လူတစ်ယောက်ကို တွေ့သည်နှင့် ထိုလူကို ကြည့်ကာ ထိုလူ၏ ကိုယ်ရေး ရာဇဝင်နှင့် အလုပ်အကိုင် အကြောင်းကို စူးစမ်း ကြည့်ပါလေ။ ထိုသို့ စူးစမ်း လေ့လာ ကြည့်ခြင်းသည် ကလေး ဆန်သည်ဟု ထင်စရာ ရှိသည့်တိုင် စူးစမ်းမှုနှင့် ပတ်သက်သည့် အာရုံဒွာရများကို ထက်မြက် လာစေပေလိမ့်မည်။ လူတစ်ယောက်ကို အကဲခတ်ရာတွင် မည်သို့ ကြည့်ရမည်၊ မည်သည့် နေရာကို ကြည့်ရမည် စသည်တို့နှင့် ပတ်သက်၍ အလေ့အကျင့် ရလာပေလိမ့်မည်။ လူတစ်ယောက်၏ လက်သည်းများ၊ အင်္ကျီလက်များ၊ ဖိနပ်များ၊ ဘောင်းဘီဒူးများ၊ လက်ညှိုးနှင့် လက်မထိပ်များ၊ မျက်နှာ အမူအရာများ



mgyoe.com

mgyoe.com SAMPLE BOOK

စသည်တို့ကို ကြည့်ခြင်းဖြင့် လူတစ်ယောက်၏ အလုပ်အကိုင်ကို သိနိုင်ပေလိမ့်မည်’ ဟု ရေးထား၏။

ကျွန်ုပ်က မဂ္ဂဇင်းကို စားပွဲပေါ်သို့ ပစ်ချလိုက်ရင်း

‘တောရမ်းမယ်ဘွဲ့တွေ လျှောက်ရေးထားတာပါဗျာ၊ ကျွန်တော်တော့ ဒီလို စာမျိုး ဘယ်တော့မှ မဖတ်ဘူး’

‘ဘယ်စာလဲဗျ’ ဟု ရှားလော့ဟုမ်းက မေး၏။

ကျွန်ုပ်က မဂ္ဂဇင်း ဆောင်းပါးကို ထိုးပြလိုက်ရင်း

‘ခင်ဗျား ဖတ်ပြီး ခဲတံနှင့် ခြစ်ထားဟန် တူတယ်၊ အရေးအသားကတော့ တယ် မဆိုးလှပါဘူး၊ ဒါပေမဲ့ဗျာ သူ့ ဆောင်းပါး ဖတ်ရတာ စိတ်ပျက်စရာ ကောင်းလှတယ်၊ ကိုယ့်ဘာသာကိုယ် အခန်းကလေးထဲက ကုလားထိုင်ပေါ်မှာ ထိုင်စဉ်းစားရင်း ခေါင်းထဲက ပေါ်လာတာတွေ လျှောက်ရေးထားဟန် တူပါတယ်၊ ဒီလောက်တောင် ရှိလှတာ ဒီလူကို တတိယတန်း ရထားတွဲ တစ်တွဲပေါ်ကို ခေါ်သွား၊ လူတွေကို အကဲခတ်နိုင်းပြီး သူတို့ အလုပ်အကိုင်ကို အပြောခိုင်း စမ်းကြည့်ချင်လှတယ်၊ တစ်ထောင်နှင့် တစ်ကျပ်တောင် လောင်းရဲသေးတယ်၊ ခင်ဗျားလူ သွက်သွက်လည် မှားကုန်မှာပေါ့’

‘ခင်ဗျား ရှုံးသွားမှာပေါ့၊ ဆောင်းပါးကတော့ ကျွန်တော် ရေးတာပဲဗျ’

‘ဗျာ ခင်ဗျား ရေးတာ ဟုတ်စ’

‘ဟုတ်တယ်ဗျ၊ ကျုပ်က စူးစမ်းတာကိုလည်း ဝါသနာ ပါတယ်၊ ကျိုးကြောင်း ဆက်စပ် ကောက်ချက် ဆွဲတာကိုလည်း ဝါသနာ ပါတယ်၊ ခင်ဗျားကတော့ ကျုပ် အတွေးတွေဟာ စိတ်ကူး ယဉ်တယ်၊ အတွေးခေါင်တယ်လို့ အောက်မေ့မှာပဲ၊ ဒါပေမဲ့ လက်တွေ့ကျတယ်ဗျ၊ လက်တွေ့ ကျတဲ့ အတွက် ကျုပ်မှာ ဒါလေးနှင့် ထမင်း စားနေရတာ’

‘ဘယ်လိုများ ထမင်း စားရလို့လဲ’

‘ကျုပ်မှာလည်း ကိုယ့် အသက်မွေးမှုနှင့် ကိုယ်ပေါ့ဗျ၊ ကျုပ်က အတိုင်ပင်ခံ စုံထောက်၊ ဒီအလုပ်မျိုးဟာ ကမ္ဘာပေါ်မှာ ကျုပ် တစ်ယောက်တည်းပဲ ရှိမယ် ထင်တယ်၊ လန်ဒန်မှာ အစိုးရ စုံထောက်တွေနှင့် အလွတ်စုံထောက်တွေကတော့ တစ်ပုံကြီးပါပဲ၊ သူတို့တစ်တွေ အကျပ်အတည်း ရှိပြီ ဆိုရင် ကျုပ်ဆီကိုပဲ လာတိုင်ပင်ကြတာပဲ၊ သူတို့က သူတို့ တွေ့လာတဲ့ သက်သေခံ အထောက်အထားတွေကို တင်ပြကြတယ်၊ ကျုပ်က



mgyoe.com

mgyoe.com SAMPLE BOOK

မှုခင်း သမိုင်းကို ကောင်းကောင်း သိတော့ သူတို့ တင်ပြတဲ့ အချက် အလက်တွေကို အစီအစဉ်ကျကျ လုပ်ပြီး စဉ်းစား ကောက်ချက် ထုတ် တယ်၊ စကော့တလန်ယာဒ်က စုံထောက် လက်စထရိတ် ဆိုတာ နာမည် ကြီး စုံထောက် တစ်ယောက်ပဲဗျ၊ သို့သော်လည်း မကြာခင်ကမှ ငွေလိမ် မှု တစ်ခုမှာ သူကိုယ်တိုင် လိုက်လို့ မရလို့ ကျုပ်ဆီကို လာ အပ်သွား သေးတယ်'

'ဒီပြင် လူတွေကကော'

'အလွတ်စုံထောက် အေဂျင်စီတွေကလည်း ကျုပ်ဆီ လာကြတာပါပဲ၊ တချို့ အကျပ်အတည်း တွေ့နေတဲ့ အမှုသည်တွေလည်း လာကြတာပဲ၊ သူတို့ တင်ပြချင်တာတွေကို နားထောင်တယ်၊ ကျုပ်က ထင်မြင်ချက် ပေးတယ်၊ အဲဒီ အတွက် ကျုပ်မှာ အခကြေးငွေ ရတယ်'

'နို့ နေစမ်းပါဦးဗျာ၊ တချို့က သူတို့မှာ အချက်အလက်တွေ တစ်ပုံ တစ်ခေါင်းကြီး ရှိလျက်နှင့် ပြဿနာကို မဖြေရှင်းနိုင်ဘူး၊ ခင်ဗျားက တော့ အခန်းကလေးထဲက ထိုင်ပြီး ပြဿနာကို ဖြေရှင်းနိုင်တယ်လို့ ပြောသွားတယ် မှတ်တယ်'

'ဟုတ်တယ်ဗျ၊ ကျုပ်မှာ ပကတိ ဉာဏ်အမြင် ရှိတယ်လို့ ပြောရ လိမ့်မယ်၊ ဥပမာ ရှုပ်ထွေးနေတဲ့ ရာဇဝတ်မှု တစ်ခု ရောက်လာပြီ ဆိုပါ စို့၊ အဲဒီ အခါကျတော့ အချက်အလက်တွေကို ကျုပ်ကိုယ်တိုင် လိုက် လေ့လာကြည့်တယ်၊ ကျုပ်မှာ အတွေ့အကြုံ ရှိတယ်၊ အဲဒါတွေနှင့် ဆိုင် တဲ့ ဗဟုသုတတွေ ရှိတယ်၊ ခပ်စောစောက ခင်ဗျား ဖတ်ခဲ့တဲ့ ဆောင်း ပါးထဲမှာ ပါတဲ့ ကျိုးကြောင်း ဆက်စပ် ကောက်ချက် ဆွဲတဲ့ နည်းတွေကို သုံးတယ်၊ ပြီးတော့ ကျုပ် အကျင့် အတိုင်း စူးစမ်း လေ့လာတယ်၊ ခင် ဗျားနှင့် ကျုပ် ပထမဆုံး တွေ့ကြတုန်းက ခင်ဗျား အာဖဂန်နစ္စတန်က ပြန်လာတာလို့ ပြောလိုက်တော့ ခင်ဗျား အံ့အား သင့်သွားသေးတယ် မဟုတ်လား'

'တစ်ယောက်ယောက်က ပြောထားလို့ နေမှာပေါ့'

'မဟုတ်ပေါင်ဗျာ၊ ခင်ဗျား အာဖဂန်နစ္စတန်က ပြန်လာတယ် ဆို တာ ကျုပ်ဘာသာ ကျုပ် သိတာပါ၊ ကျုပ်က ကျင့်ထားတော့ ခေါင်းထဲ မှာ အတွေးတွေ အစဉ်လိုက် ပေါ်လာတာ၊ ကြာကြာ စဉ်းစား မနေရဘူး၊ ချက်ချင်း ကောက်ချက် ဆွဲပြီး ပြောလိုက်တာ၊ ကြားမှာ တစ်ဆင့်ပြီး တစ်ဆင့် တွေးထားတာတွေတော့ ရှိတာပေါ့၊ အဲဒီ အဆင့်တွေကို ကျုပ်



mgyoe.com

mgyoe.com SAMPLE BOOK

ပြောပြမယ်၊ အဲဒီ အဆင့်တွေ အတိုင်း ကျုပ် စဉ်းစားတာပဲ၊ ခင်ဗျား ကြည့်ရတာ ဆရာဝန် တစ်ယောက် ဂိုက်မျိုး၊ ဒါပေမဲ့ အဲဒီထဲမှာ စစ်သား ဂိုက်လည်း ရောနေတယ်၊ ဒီတော့ ခင်ဗျားဟာ စစ်တပ် ဆရာဝန်ပဲ ဖြစ်ရမှာပေါ့၊ ခင်ဗျား အသားက ညိုနေတယ်၊ ခင်ဗျား လက်ကောက်ဝတ် အထက်ကျတော့ ဖြူနေတယ်၊ ဒါကြောင့် ညိုနေတာဟာ ခင်ဗျား ပင်ကို အသားရောင် မဟုတ်ဘူး၊ ဒါကို ထောက်ရင် ခင်ဗျားဟာ အပူပိုင်းဇုန်က ပြန်လာတာ ဖြစ်ရမယ်၊ မျက်နှာ ချုံးနေတာကို ထောက်ရင် တော်တော် ပင်ပန်းပြီး နေထိုင်မကောင်း ဖြစ်လာရမယ်၊ ခင်ဗျား ဘယ်ဘက် လက် မောင်းက ကပ်ပြီး ခပ်တောင့်တောင့် ဖြစ်နေတာကို ထောက်ရင် အဲဒီ ဘယ်ဘက် လက်မှာ ဒဏ်ရာ ရခဲ့ရမယ်။

'ဒီတော့ အင်္ဂလိပ် ဆရာဝန် တစ်ယောက်ဟာ အပူပိုင်းဇုန်ကို သွား ပြီး နာဖျားမကျန်း ဖြစ်ခဲ့ရတယ်၊ ဒဏ်ရာ ရခဲ့တယ် ဆိုရင် ခု အချိန်မှာ ဘယ်မှာ ဖြစ်နိုင်မလဲ၊ စစ်ပွဲ ဖြစ်နေတဲ့ အာဖဂန်နစ္စတန်မှာပဲ ဖြစ်ရမယ် ပေါ့၊ ဒီလို အစဉ် အတိုင်း တွေးကြည့်လိုက်တာဟာ ကျုပ် ခေါင်းထဲမှာ တစ်စက္ကန့်တောင် မကြာလိုက်ဘူးဗျ၊ ဒီတော့ အာဖဂန်နစ္စတန်က လာ တာလို့ တန်း ပြောနိုင်တာပေါ့'

'အင်း၊ ခင်ဗျား ပြောလိုက်တော့လည်း လွယ်လွယ်ကလေးပဲကိုး၊ ခင်ဗျားကို မြင်တော့ အဂ္ဂါ အလန် ပိုးရဲ့ ဝတ္ထုထဲက စုံထောက် ဒူပင်ကို သွားပြီး အမှတ်ရတယ်၊ ဒီလို စုံထောက်မျိုး ဝတ္ထုထဲမှာသာ ရှိတယ်၊ အပြင်မှာတော့ ရှိလိမ့်မယ်လို့ မထင်ခဲ့ဘူး'

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ ဆေးတံကို မီးညှိလိုက်ရင်း

'အင်း၊ ခင်ဗျားကတော့ ကျုပ်ကို ဒူပင်နှင့် နှိုင်းလိုက်လို့ ကျုပ် တော်တော် ကျေနပ် သွားတယ်လို့ အောက်မေ့မှာပဲ၊ မဟုတ်ဘူးဗျ၊ ကျုပ် စိတ်ထဲမှာတော့ ဒူပင် ဆိုတဲ့ လူဟာ ခပ်ညံ့ညံ့ထဲကရယ်၊ လူတစ်ယောက် နှင့် တွေ့ရင် ဘာမှ မပြောဘဲ ဆယ့်ငါး မိနစ်လောက် ထိုင်ပြီး စဉ်းစား ပြီးမှ သူ့ခေါင်းထဲမှာ ဘာတွေ တွေးနေတယ်လို့ ပြောတာဟာ ဟန်များ သလို ဖြစ်နေတယ်၊ ဒူပင်မှာ ခွဲခြမ်း စိတ်ဖြာနိုင်တဲ့ ပဋိဘာန်ဉာဏ်နှင့် တော့ ပြည့်စုံပါရဲ့၊ ဒါပေမဲ့ အဂ္ဂါ အလန် ပိုးဟာ ဒူပင်ကို သူ့ စိတ်ရှိတိုင်း မဖန်တီးနိုင်ခဲ့ဘူးဗျ'

'ဒါဖြင့် စုံထောက် ဆိုတာ ဂါဗရီယိုးရဲ့ ဝတ္ထုထဲက လီကော့တို့လို ဖြစ်ရမယ်ပေါ့'

mgyoe.com

mgyoe.com SAMPLE BOOK

'လီကော့ကလည်း အဓိပ္ပာယ် မရှိ ပျာယာ ခတ်နေတာပဲဗျ၊ ကျုပ်ကြိုက်တာ ဆိုလို့ သူ့မှာ ခွန်တိုက်အားတိုက် လုပ်နိုင်တဲ့ အရည်အချင်းကလေး တစ်ခုပဲ ကြိုက်တယ်၊ အင်း ခုခေတ်မှာ ရာဇဝတ်ကောင်နှင့် ရာဇဝတ်မှု ကောင်းကောင်းရယ်လို့ မရှိတော့ပါဘူးဗျာ၊ ဒီတော့ ကျုပ်တို့ စုံထောက် လုပ်ငန်းမှာ ဦးနှောက်ကို ဘာသုံးစရာ လိုတော့သလဲ၊ ကျုပ်မှာ နာမည် ကြီးအောင် လုပ်နိုင်တဲ့ ဦးနှောက် ရှိပါတယ်ဗျ၊ ရာဇဝတ်မှုကို စုံစမ်း ထောက်လှမ်းရာမှာ ကျုပ်လောက် ဝါသနာကြီးတဲ့ လူ၊ ကျုပ်လောက် လေ့လာထားတဲ့ လူ ဆိုလို့ ကမ္ဘာမှာ အလျင်တုန်းကလည်း တစ်ယောက်မှ မရှိခဲ့ဘူး၊ ခုလည်း တစ်ယောက်မှ မရှိသေးဘူး၊ ဒီတော့ ကျုပ်မှာ စုံစမ်းစရာ မှုခင်း မရှိဘဲ ဖြစ်နေတာပေါ့၊ သာမန် မှုခင်းလောက်ကတော့ စကော့တလန်ယာဒ်က လူတွေလည်း လိုက်နိုင်တာပါပဲ'

ကျွန်ုပ်မှာ သူ၏ ခပ်ကြွားကြွား စကားလုံးများကို နားကြားပြင်းကတ်ကတ်နှင့် စကား လမ်းကြောင်း ပြောင်းသည့် အနေဖြင့်

'အလို ဟောဟိုမှာ လူတစ်ယောက်ဗျို့၊ ဘာ ရှာနေတယ် မသိဘူး' ဟု ဆိုကာ အိမ်နံပါတ်များကို လိုက်ကြည့်နေသည့် ခပ်ရိုးရိုး ဝတ်ဆင်ထားသည့် လူတစ်ယောက်ကို လှမ်းကြည့်ရင်း ပြောလိုက်လေ၏။

ထိုလူ၏ လက်ထဲတွင် စာအိတ်ပြာကြီး တစ်လုံးကို ကိုင်ထားလေရာ စာလာပို့သူ တစ်ယောက် ဖြစ်ဟန် ရှိပေ၏။

'ဘယ်သူ့ကို ပြောတာလဲ၊ ကမ်းတက်တပ်က အငြိမ်းစား တပ်ကြပ်ကြီးကို ပြောတာလား'

အင်း ကိုယ်က အထောက်အထားလည်း မပြနိုင်၊ သူကလည်း ရမ်းကျိတ်ပြီး ကြွားလိုက်တာပဲဟု ကျွန်ုပ်က စိတ်ထဲတွင် ထင်လိုက်မိ၏။

ထိုသို့ တွေး၍မှ မဆုံးသေးမီ ထိုလူသည် ကျွန်ုပ်တို့၏ အိမ်နံပါတ်ကို တွေ့သွားသည့်ဟန်ဖြင့် ကားလမ်းကို ဖြတ်ကူး လာလေ၏။

ခပ်ပြင်းပြင်း တံခါး ခေါက်သံ၊ အသံ သြသြဖြင့် မေးမြန်းသံကို ကြားရပြီးနောက် လှေကားကို ခပ်ပြင်းပြင်း တက်လာသော ခြေသံကို ကြားရလေ၏။

ထိုလူသည် အခန်းထဲသို့ ဝင်လာကာ 'မစ္စတာ ဟုမ်းကို အပေးခိုင်းလိုက်လို့ပါ' ဟု ဆိုကာ စာကို လှမ်းပေးလေ၏။

ဤတွင် ရှားလော့ဟုမ်း၏ ဘဝင် မြင့်သည့် အစွဲကို ချွတ်ရန် အခွင့်ကြုံပြီဟု ကျွန်ုပ် အောက်မေ့လိုက်၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ရှားလော့ဟုမ်းမှာ ထိုလူကို တစ်ချက် စိုက်ကြည့်လိုက်သည့် အတွက် ကျွန်ုပ်၏ အကြံကို ရိပ်မိလိုက်ပုံ မရချေ။

ကျွန်ုပ်က အသံကို ချိုနိုင်သမျှ ချိုလိုက်ကာ

'သူငယ်ကို တစ်ခု မေးပါရစေကွယ်၊ သူငယ်က ဘာ အလုပ် လုပ်ပါသလဲ'

'ဟိုတယ်မှာ အခန်းစောင့်ပါ ခင်ဗျာ၊ ယူနီဖောင်းကတော့ ပင်းမင်း ပေးထားတာနှင့် မဝတ်ခဲ့မိဘူး'

'အလျင်တုန်းကကောကွယ်'

ကျွန်ုပ်က ချက်ကောင်း မိပြီ ဆိုသည့် သဘောဖြင့် ရှားလော့ဟုမ်းကို တစ်ချက် လှမ်းကြည့်လိုက်၏။

'ဘုရင့် ကမ်းတက် တပ်ရင်းမှာ တပ်ကြပ်ကြီးပါ ခင်ဗျ၊ အကြောင်း ပြန်စာ မရေးတော့ဘူး ဆိုရင် ကျွန်တော့်ကို သွားခွင့်ပြုပါ ခင်ဗျ'

ကျွန်ုပ်မှာ ရှက်ရှက်ဖြင့် သူ့ကို လှည့်ကြည့်ရင်း

'နို့ နေစမ်းပါဦးဗျ၊ ခင်ဗျား ဘယ်လို ကောက်ချက်ထုတ် စဉ်းစားတာလဲ'

'ဘာကို ကောက်ချက် ထုတ်ရမှာလဲဗျ'

'ကမ်းတက် တပ်ရင်းက တပ်ကြပ်ကြီး တစ်ယောက် ဖြစ်တယ် ဆိုတာလေ'

'အသေးအဖွဲကလေးတွေကို ပြောဖို့ အချိန်ကုန် မခံနိုင်ဘူးဗျ' ဟု ခပ်ထန်ထန် ပြောလိုက်ပြီးမှ ပြုံးလိုက်လျက်

'ဆောရီးဗျာ၊ ကျုပ် တိုတိုတောင်းတောင်း ပြောလိုက်မိတာကို ခွင့်လွှတ်ပါ၊ ခင်ဗျား မေးလိုက်တော့ ကျုပ် ခေါင်းထဲက တွေးလက်စကလေး ပြတ်သွားလို့ စိတ်တိုသွားတယ်၊ ဒီလူဟာ ကမ်းတက် တပ်ရင်းက တပ်ကြပ်ကြီး ဖြစ်တယ် ဆိုတာ ခင်ဗျား တကယ် အကဲခတ်လို့ မရဘူးလား'

'မရလို့ပေါ့ဗျ'

'လွယ်ပါတယ်ဗျာ၊ ရှင်းပြရတာက ခက်ချင် ခက်နေဦးမယ်၊ နှစ်နှင့် နှစ် ပေါင်းရင် လေး ဖြစ်တယ် ဆိုတာတော့ သိတယ်၊ ဒါပေမဲ့ ဘာကြောင့် လေး ဖြစ်တယ် ဆိုတာကို ရှင်းပြဖို့ကျတော့ သိပ် မလွယ်ဘူးလေ၊ ဟိုလူ လမ်းတစ်ဖက်မှာ ရောက်နေကတည်းက သူ့ လက်မောင်းမှာ ထိုးထားတဲ့ ကျောက်ဆူးရုပ်ကြီးကို ကျွန်တော် မြင်လိုက်တာပေါ့၊ ဒါကို ကြည့်ရင် ပင်လယ်နှင့် နီးစပ်တဲ့ လူ ဆိုတာ သိနိုင်တယ်၊ သူ လမ်းသွား

mgyoe.com

mgyoe.com
SAMPLE BOOK

ပုံက စစ်သားလို ရင်ကော့နေတယ်၊ တပ်တွေမှာ ထားလေ့ ရှိတဲ့ နှုတ်ခမ်းမွေး ကျင်စွယ်ကြီး ရှိတယ်၊ ဒီလောက် ဆိုရင် ကမ်းတက်တပ်က ဆိုတာ သိလောက်ပြီပေါ့၊ ပြီးတော့ လူကို ကြည့်ရတာ သူ့ကိုယ်သူ ယုံကြည်မှု ရှိပုံ ရတယ်၊ အထက်စီးဂိုက် ပေါက်နေတယ်၊ သူ့ ခေါင်း မော့ထားပုံနှင့် ကြိမ်တုတ် ကိုင်ပုံကို ကြည့်ရင် ဒါကို သိနိုင်တယ်၊ ကျကျနန ဝတ်ထားပြီး ဣန္ဒြေရရ သက်လတ်ပိုင်း လူတစ်ယောက် ဖြစ်လေတော့ စစ်သား မဖြစ်နိုင်ဘူး၊ ဒါတွေ အားလုံးကို ကြည့်လိုက်ရင် တပ်ကြပ် တစ်ယောက် ဆိုတာ သိနိုင်တယ်'

'အံ့သြလောက်ပါပေတယ်ဗျာ'

'အသေးအဖွဲကလေးပါဗျာ' ဟု ရှားလော့ဟုမ်းက ပြောလိုက်လေ၏။

ဤသည်တို့မှာ (ဒေါက်တာ ဝပ်ဆင်၏ မှတ်စု အနေဖြင့်) စာရေးဆရာ ကိုနင်ဒွိုင်းလ်က ဖော်ပြသော ရှားလော့ဟုမ်း၏ ဇာတ်ဆောင် စရိုက် ဖြစ်လေသည်။

မြသန်းတင့်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ရှင်ဘုရင်ကို အသရေဖျက်ရန် ကြံမှု



ကျွန်ုပ်၏ မိတ်ဆွေ စုံထောက်ကြီး ရှားလော့ဟုမ်း အဖို့၌ ကမ္ဘာပေါ်တွင် 'မိန်းမ အပီသဆုံးသော မိန်းမ' ဟူ၍ တစ်ယောက်သာ ရှိဖူးသေး၏။ ရှားလော့ဟုမ်းသည် သူ့အကြောင်းကို ပြောလျှင် အခြား နာမ်စားပုဒ်ဖြင့် ခေါ်ဝေါ်သည်ကို ကျွန်ုပ် တစ်ခါမျှ မကြားဖူးသေးချေ။ သူ့အမြင် ထိုမိန်းမသည် လူတ္တိယနွယ်ဖွား အားလုံးကို လွှမ်းမိုးလျက် ရှိ၏။ သူနှင့် ယှဉ်လိုက်လျှင် အခြားသော မိန်းမ ဟူသမျှသည် ရာဟုဖမ်းခြင်း ခံရသည့် လမင်းကဲ့သို့ မှေးမှိန် သွားရသည်ချည်း ဖြစ်ပေ၏။

အိုင်ရင်း အက်ဒလား ဆိုသော ထိုမိန်းမကို သူ ဤမျှ တသသ ဖြစ်နေခြင်းမှာ ထိုမိန်းမ အပေါ်တွင် အချစ်နှင့် နီးနွယ်နေသော ခံစားချက်မျိုး ပေါ်ပေါက်ခြင်းကြောင့် မဟုတ်ပါ။ စင်စစ်၌ ကျွန်ုပ်၏ မိတ်ဆွေ စုံထောက်ကြီး ရှားလော့ဟုမ်းသည် အရာရာကို ခေါင်းအေးအေး ထား၍ တိကျ ပြတ်သားစွာ စဉ်းစားနိုင်သလောက် ချီးကျူးဖွယ် ကောင်းလောက်အောင် စိတ်ထား တည်ငြိမ်သူ တစ်ဦးလည်း ဖြစ်၏။

ထို့ကြောင့် ရှားလော့ဟုမ်းသည် စိတ်နောက် ကိုယ်ပါ ခံစားချက် ဟူသရွေ့ကို စက်ဆုပ် ရွံမုန်း၏။ အချစ်ကဲ့သို့သော ခံစားချက်မျိုးကိုကား ဆိုဖွယ် မရှိတော့ချေ။

ကျွန်ုပ်၏ အမြင်၌ကား ရှားလော့ဟုမ်းသည် စဉ်းစား တွေးခေါ်ခြင်းနှင့် စူးစမ်းခြင်း အရာတွင် ကမ္ဘာပေါ်၌ အကောင်းဆုံးသော စက်ယန္တရားကြီး တစ်ခုနှင့် တူလှပေသည်ဟု အောက်မေ့မိ၏။



mgyoe.com

mgyoe.com
SAMPLE BOOK

သို့ရာတွင် အချစ် ကိစ္စမျိုး၌မူ ကိုးရိုးကားရား နိုင်လိမ့်မည်ဟု ထင်မိ၏။ ရှားလော့ဟုမ်းသည် အလွမ်း၊ အဆွေး၊ အချစ် စသည့် ကိစ္စမျိုးကို ပြောခဲလှ၍ ပြောပြန်လျှင်လည်း လှောင်ပြောင် အထင်သေးသည့် ဟန်မျိုးဖြင့် ပြောတတ်သည် ချည်း ဖြစ်ပေ၏။

တချို့ ယောက်ျားများမှာ အလွမ်း၊ အဆွေး၊ အချစ် စသည်တို့နှင့် ပတ်သက်လာလျှင် ပျော့ကျသွားတတ်ကြလျက် ၎င်းတို့၏ အတွင်းစိတ်နှင့် အပြုအမူများကို ဖုံးကွယ်ထားသည့် မျက်နှာဖုံးသည် ကွာကျသွားတတ်ကြစမြဲ ဖြစ်၏။ သို့ရာတွင် စဉ်းစားဉာဏ်ကို အသားပေးတတ်အောင် လေ့ကျင့် သင်ကြားထားသူတို့ အဖို့ကား အဆိုပါ ကိစ္စမျိုးကို ခေါင်းထဲသို့ အဝင်မခံချေ။ စနစ်တကျ စဉ်းစားတတ်အောင် လေ့ကျင့်ထားသည့် သူတို့ ဦးနှောက်ထဲသို့ ထိုကိစ္စမျိုးကို ဝင်ရောက်ခွင့် ပေးလိုက်ခြင်းသည် သူတို့၏ တွေးခေါ်မှုကို အားနည်းအောင် လုပ်သကဲ့သို့ ရှိသည်ဟု မှတ်ယူကြ၏။

ထိုသူများ အဖို့၌ အချစ် ကိစ္စသည် မိမိ၏ နူးညံ့ သိမ်မွေ့သည့် ကိရိယာလေး တစ်ခုထဲတွင် ဖုန်မှုန့် တစ်မှုန့် ဝင်နေခြင်း၊ မိမိ၏ အားကောင်းသော မှန်ပြောင်းတွင် အက်ရာကလေး တစ်ရာ ထင်နေခြင်း စသည့် ကိစ္စမျိုးလောက်မျှ အရေးမထားတတ်ကြချေ။ သို့တိုင်အောင် ကျွန်ုပ်၏ မိတ်ဆွေကြီး စုံထောက်ကြီး ရှားလော့ဟုမ်းတွင် ခြွင်းချက် ထားရမည့် မိန်းမ တစ်ယောက် ရှိ၏။ ထိုမိန်းမကား အိုင်ရင်း အက်ဒလား ဆိုသည့် မိန်းမ ဖြစ်ပေ၏။

ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့ မတွေ့ခဲ့ကြသည်မှာ အတန်မျှ ကြာခဲ့လေပြီ။ ကျွန်ုပ် အိမ်ထောင်ကျသည့် အခါတွင် ကျွန်ုပ်တို့ နှစ်ယောက်သည် အနေဝေးသွားခဲ့ကြ၏။ အိမ်ထောင်ရှင် ဖြစ်ခါစ လူတစ်ယောက် ကြုံတွေ့ရမြဲ ဖြစ်သည့် အိမ်ထောင်ရေး သုခနှင့် အခြား အိမ်မှုကိစ္စ အဝဝတို့ကြောင့် ကျွန်ုပ်မှာ အခြား အရာများကို စိတ်မဝင်စားနိုင်ဘဲ ဖြစ်လျက် ရှိ၏။ ရှားလော့ဟုမ်းကား စည်းကမ်း ကလနားကို မုန်းတီးခြင်း၊ လူတောတွင် နေရသည်ကို ငြီးငွေ့ခြင်း စသည့် ဘိုးဟီးမီးယား စိတ်ဓာတ်ဟု ခေါ်ကြသော သူ့ နဂို စရိုက် အတိုင်း ယခင် ကျွန်ုပ်တို့ အတူ နေထိုင်ခဲ့ကြရာ ဘေကာလမ်းရှိ အိမ်ခန်းတွင်ပင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လျက် အားအားရှိလျှင် စာအုပ်ဟောင်းများကို ဖတ်ရှုခြင်း၊ ကိုကင်းလေး တမြမြနှင့် မှိန်းနေခြင်း၊ ကိုကင်း ပေးသည်နှင့် ထက်သန်ပြင်းပြသည့် သူ့ သဘာဝ အလျောက် ပြုဖွယ် ရှိသည်တို့ကို ခွန်တိုက် အားတိုက် ပြုလုပ်ခြင်းဖြင့် အချိန် ကုန်လျက် ရှိပေ၏။

mgyoe.com

mgyoe.com SAMPLE BOOK ခါတိုင်းကဲ့သို့ပင် ရှားလော့ဟုမ်းသည် ရာဇဝတ်မှုများကို ဖတ်ရှု လေ့လာခြင်း၊ မိမိ၏ တွေးခေါ်နိုင်စွမ်းအားနှင့် စူးစမ်းနိုင်စွမ်းအားတို့ဖြင့် သဲလွန်စများကို လိုက်လံ ရှာဖွေခြင်း၊ ပုလိပ်ဘက်က မျှော်လင့်ချက် မရှိဟု လက်လျှော့ထားသည့် ရှုပ်ထွေးသော ရာဇဝတ်မှုများကို ကူညီ ဖြေရှင်းပေးခြင်းဖြင့် အလုပ် များလျက် ရှိပေ၏။

ကျွန်ုပ်သည် ရံဖန်ရံခါ ဆိုသလို ရှားလော့ဟုမ်း ကိုင်တွယ်သည့် အမှုများ အကြောင်းကို ဝိုးတိုးဝါးတား ကြားရသည့် အခါမျိုးလည်း ရှိပါသည်။ ထရီပေါ့ သတ်မှုတွင် အိုဒက်ဆာ မြို့သို့ သူ သွား၍ စုံထောက်ခဲ့ပုံ၊ အက်ကင်ဆန် ညီအစ်ကို နှစ်ယောက်အား ရက်ရက်စက်စက် သတ်သွားသည့် ကိစ္စတွင် ထရင်ကိုမာလီသို့ သွား၍ ဖြေရှင်းပေးခဲ့ပုံ၊ နောက်ဆုံးအားဖြင့် ဟော်လန် နိုင်ငံ ဘုရင့် ဆွေတော် မျိုးတော်များ အတွက် ခက်ခက်ခဲခဲ ဝင်ရောက် ထောက်လှမ်းပေးခဲ့ပုံတို့ကို ကျွန်ုပ် ကြားခဲ့ပါသည်။ သို့ရာတွင် ထိုအမှုများမှ လွဲလျှင် ကျွန်ုပ်သည် ရှားလော့ဟုမ်း အကြောင်းကို အများသူငါ သတင်းစာဖတ် ပရိသတ် သိသလောက်မျှသာ ဖြစ်ပြီး ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း အကြောင်းကို အသေအချာ မသိသလောက်ပင် ရှိနေလေပြီ။

တစ်ညသ၌ (ထိုနေ့မှာ ၁၈၈၈ ခု မတ်လ ၂၀ ရက်နေ့ ဖြစ်၏။) ကျွန်ုပ်သည် (ဆေးကုသည့် အလုပ်ကို ပြန်လည် လုပ်ကိုင်နေပြီ ဖြစ်သည့် အလျောက်) လူနာ တစ်ယောက်ကို ကြည့်ပြီး အပြန်တွင် ဘေကာလမ်းထဲမှ ဖြတ်၍ ပြန်လာခဲ့လေ၏။ ကျွန်ုပ်တို့ နှစ်ယောက် နေထိုင်ခဲ့ရာ အိမ်ခန်း ရှေ့သို့ အရောက်တွင် (ထိုအခန်းလေးကို ကြည့်ပြီး ကျွန်ုပ် အမျိုးသမီးအား ထိုအိမ်မှ နေ၍ ပိုးပန်းခဲ့ပုံနှင့် ခရမ်းရောင် ဇာတ်လမ်းမှ ကြက်သီးထဖွယ် အဖြစ်အပျက်များကို သတိရမိပါသေးသည်။) ရှားလော့ဟုမ်းကို တွေ့ဆုံကာ သူ့ အလုပ်အကိုင် အကြောင်းကိုလည်း သိလိုသော ဆန္ဒ ဖြစ်ပေါ်လာခဲ့၏။

ရှားလော့ဟုမ်း၏ အခန်းမှာ မီးရောင်တွေ ထိန်လင်းလျက် ရှိ၏။ မော့ကြည့်လိုက်သည့် အခါတွင် ပြတင်းပေါက် ခန်းဆီးပေါ်သို့ ကျလာသော အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး သူ့ သဏ္ဌာန်ကို နှစ်ကြိမ်မျှ မြင်လိုက်ရ၏။ ရှားလော့ဟုမ်းသည် ခေါင်းကို ငုံ့ကာ လက်နှစ်ဖက်ကို နောက်ပစ်ရင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိပေရာ သူ၏ စိတ်နေသဘောထားနှင့် အကျင့် စရိုက်တို့ကို သိပြီး ဖြစ်သည့် ကျွန်ုပ် အဖို့ကား သူ့အပြုအမူကို ကြည့်၍ အကျိုး အကြောင်းကို သိလိုက်လေပြီ။



mgyoe.com

mgyoe.com
SAMPLE BOOK

ရှားလော့ဟုမ်းသည် အမှု တစ်ခုကို ကိုင်တွယ်နေကြောင်း ထင်ရှားနေလေပြီ။ ရှားလော့ဟုမ်းသည် ကိုကင်းဖြင့် မှိန်းနေရာမှ တစ်ဖန် နိုးလာကာ အမှုအသစ် တစ်ခု အတွက် သဲလွန်စကို ရှာနေကြောင်းကို ကျွန်ုပ် သိလိုက်လေပြီ။ တံခါးတွင် တပ်ထားသည့် ခေါင်းလောင်းကြိုးကလေးကို ဆွဲလိုက်သည်နှင့် မရှေး မနှောင်းမှာပင် ကျွန်ုပ်သည် တစ်ခါက ကျွန်ုပ်၏ ညေ့ခန်းလည်း ဖြစ်ခဲ့ဖူးသည့် အခန်းကလေးထဲသို့ ရောက်သွားလေသည်။



ရှားလော့ဟုမ်းသည်
မီးလင်းဖို ရှေ့တွင်
ရပ်လိုက်ပြီး ...

ရှား လော့ ဟုမ်း မှာ ခါတိုင်း လောက် နှုတ် မသွက်လှချေ။ ဤသည်မှာ ဖြစ် တောင့် ဖြစ် ခဲ သည့် အခြင်းအရာ တစ်ရပ်ပင် ဖြစ်ပေ၏။ သို့ တိုင် အောင် ကျွန်ုပ် ရောက်လာသည့် အတွက်မူကား ဝမ်းသာသွားပုံ ရသည်ဟု ထင်လိုက်မိပါသည်။

ရှား လော့ ဟုမ်း သည် စကား တစ် ခွန်း မျှ မပြောဘဲ ကြင်နာသည့် မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပြီးနောက် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ရန် အချက် ပြလိုက်၏။ ထို့နောက် သူ့ ဆေးပြင်းလိပ်ဘူးကို ပစ်ပေးလိုက်ကာ အရက်ပျံ ပုလင်းနှင့် အခန်းထောင့်က ဓာတ်ငွေ့ မီးဖိုကိုလည်း ညွှန်ပြ၏။ အတန် ကြာလျှင် မီးလင်းဖို ရှေ့သို့ သွား ရပ်ပြီး သူ့ ထုံးစံအတိုင်း ကျွန်ုပ်ကို စူးစမ်း လေ့လာသော အကြည့်မျိုးဖြင့် ကြည့်လျက် ရှိလေ၏။

'အင်း၊ ခင်ဗျားကတော့ အိမ်ထောင်နှင့် တည့်တယ်ဗျ၊ ကိုယ် အလေးချိန် ခုနစ်ပေါင်ခွဲတောင် တိုးလာတယ်၊ ဟုတ်တယ် မဟုတ်လား ဝပ်ဆင်'

'ခုနစ်ပေါင်ဗျ'

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်ပါတယ်၊ ကျုပ်က သာသာထိုးထိုးကလေး ပြောလိုက်တာ၊ သိပ်တော့ မကွာလှပါဘူး၊ ပြန်ပြီးလည်း ဆေးကုနေပုံ ရတယ်၊ မိန်းမ ရရင် ပြန်ပြီး ဆေးကုမယ် ဆိုတာ ကျုပ်ကိုတောင် မပြောဘူးဗျာ'

'ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

'မြင်တာပေါ့ဗျ၊ မြင်ပြီး ကောက်ချက်ဆွဲတာပေါ့၊ ဒါတွင် မကဘူး၊ ခင်ဗျားဟာ မကြာသေးခင်တုန်းက မိုး တော်တော် သည်းတဲ့ နေရာက ပြန်လာတာ ဖြစ်ရမယ်၊ တော်တော် ပျင်းပြီး တော်တော် ကရော်ကမယ် လုပ်တဲ့ အိမ်စေမကလေး တစ်ယောက်ကိုလည်း ငှားပြီးသား ဖြစ်နေတယ်'

'ဗျို့ ဟုမ်း၊ ဒါတော့ နည်းနည်း လွန်ပြီဗျ၊ လွန်ခဲ့တဲ့ ရာစုနှစ်တွေတုန်းကသာ ခင်ဗျားကို မွေးခဲ့ရင် မှော်ဆရာ ဆိုပြီး ခင်ဗျားကို မီးရှို့ သတ်ကြမှာ သေချာတယ်၊ ဟုတ်တယ်၊ လွန်ခဲ့တဲ့ ကြာသပတေး နေ့ကတွင် ကျုပ် တောဘက်က ပြန်လာတာ၊ ဆိုးလိုက်တဲ့ လမ်းဗျာ၊ မပြောပါနှင့်တော့၊ ဒါပေမဲ့ ကျုပ် အဝတ်အစားတွေ လဲပြီးပါပြီဗျ၊ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ၊ အင်း အိမ်စေ ကောင်မလေး မေရီ ဂျိမ်းကလည်း တစ်မျောင့်၊ ကျုပ် မိန်းမက သူ့ကို အလုပ်က ထွက်ဖို့ နို့တစ်တော့ ပေးပြီးပါပြီ၊ နေစမ်းပါဦး၊ ခင်ဗျား ဘယ်လိုလုပ် သိသလဲ ဆိုတာ ကျုပ် နည်းနည်းကလေးမှ စဉ်းစားလို့ မရဘူး'

ရှားလော့ဟုမ်းသည် တစ်ယောက်တည်း ခပ်အုပ်အုပ် ရယ် လိုက် ပြီးနောက် သေးသွယ် တုန်ယင်သည့် သူ့ လက်နှစ်ဖက်ကို ပွတ်လျက် ရှိ၏။

'ရိုးရိုးလေးပါဗျ၊ မီးရောင် ထိုးကျနေတဲ့ ခင်ဗျား ဘယ်ဘက် ဖိနပ်ရဲ့ ခြေခွင်က သားရေပေါ်မှာ ကန့်လန့်ဖြတ် အစင်းကြီး ခြောက်စင်း ပြိုင်လျက် ထင်နေတယ်၊ ခွာအစွန်းမှာ ကပ်နေတဲ့ ရွှံ့ခြောက်တွေကို တစ်ယောက်ယောက်က ဖြစ်ကတတ်ဆန်း တိုက်ပေးထားတယ်လို့ ဆိုတာ ထင်ရှားပါတယ်၊ ဒါကို ထောက်ရင် ခင်ဗျားဟာ မကြာခင်က မိုးထဲ လေထဲမှာ အပြင် ထွက်ခဲ့ရမယ်၊ ဖိနပ် တိုက်ရင် ကြမ်းကြမ်းတမ်းတမ်း တိုက်တတ်တဲ့ လန်ဒန်က အိမ်စေတွေရဲ့ အမျိုးအနွယ် တစ်ယောက် ခင်ဗျား အိမ်မှာ ရှိရမယ် ဆိုတာ တစ်ခါတည်းနှင့် ကောက်ချက်ဆွဲလို့ ရပါတယ်၊ ခင်ဗျား ဆေးတိုက် ဖွင့်နေတယ် ဆိုတာကလည်း ရှင်းပါတယ်၊ ကျုပ် အခန်းထဲကို အိုင်ဒိုဖောင်းနံ့ တသင်းသင်းနှင့် လူတစ်ယောက် ဝင်လာတယ်၊ သူ့ ညာ လက်ညှိုးထိပ်မှာလည်း ဆီးလဗား နိုက်ထရိတ် မည်းမည်းတွေ စွန်းနေတယ်၊ ပြီးတော့ သူ့ဦးထုပ် မြင့်မြင့်ကြီးမှာလည်း နားကြပ်ကို ခွေထည့်ထားလို့ ဖောင်းဖောင်းကြီး ဖြစ်နေတယ် ဆိုရင် ဒီလူဟာ လောလောဆယ် ဆေး

mgyoe.com

mgyoe.com SAMPLE BOOK

ကုနေတဲ့ ဆရာဝန် တစ်ယောက်ပဲ ဖြစ်ရမှာပေါ့၊ ဒီလောက် မြင်နေလျက်သား နှင့်မှ မပြောနိုင်ရင် ကျုပ်ဟာ တော်တော် ညံ့လို့ပဲ ဖြစ်မှာပေါ့'

သူ ကောက်ချက်ဆွဲပုံကို ဤမျှ အလွယ်တကူ ရှင်းပြနိုင်သည့် အတွက် ကျွန်ုပ်မှာ မရယ်ဘဲ မနေနိုင်တော့ချေ။

'အင်း၊ ခင်ဗျားက ဒီလို ရှင်းပြလိုက်တော့လည်း လွယ်လွယ်ကလေးပဲ၊ လွယ်သမှ ကျုပ်ကိုယ်တိုင် ဒီလို ကောက်ချက် ဆွဲထုတ်နိုင်လိမ့်မယ်လို့ ထင်မိတာပဲ၊ ခင်ဗျား အစီအစဉ်လိုက် စဉ်းစားသွားပုံက တကယ့် ခဲခဲကတ်ကတ်ကြီးကို စဉ်းစားရသလိုပဲ၊ ဒါပေမဲ့ ခင်ဗျား ရှင်းပြလိုက်တော့လည်း လွယ်လွယ်ကလေး ဖြစ်နေပြန်ရော၊ အမှန်ကတော့ မြင်တာချင်းကတော့ ဘာမှ မထူးပါဘူး၊ ကျုပ်မျက်လုံးဟာလည်း ခင်ဗျား မျက်လုံးတွေလောက်တော့ မြင်လိမ့်မယ် ထင်ပါတယ်'

ရှားလော့ဟုမ်းသည် စီးကရက် တစ်လိပ်ကို ညှိ၍ ကုလားထိုင်ပေါ်သို့ ပစ်ထိုင်လိုက်၏။

'မြင်ပါသော်ကောဗျာ၊ မြင်တော့ မြင်ပါရဲ့၊ ဒါပေမဲ့ မစူးစမ်းမိဘူးဗျ၊ မြင်တာနှင့် စူးစမ်းတာဟာ တခြားစီနော်၊ ဥပမာ ကျုပ် အခန်းကို တက်တဲ့ လှေကားကို ခင်ဗျား မကြာခဏ မြင်ဖူးပြီးသားဗျ'

'ခဏ ခဏပေါ့ဗျာ'

'ဘယ်နှကြိမ်လောက် ရှိပြီ ထင်သလဲ'

'အင်း၊ အကြိမ် ရာပေါင်း များစွာပဲဗျ'

'ဒါဖြင့် လှေကားထစ် ဘယ်နှထစ် ရှိသလဲ'

'ဗျာ၊ ဘယ်နှထစ် ဟုတ်စ၊ ဒါတော့ မသိဘူးလေဗျာ'

'ဟော ကြည့်ဗျ၊ ဒီလှေကားကို ခင်ဗျား မြင်ခဲ့ဖူးတယ်၊ ဒါပေမဲ့ မစူးစမ်းမိခဲ့ဘူး၊ ဒါ ကျုပ် ပြောချင်တဲ့ အချက်ပဲ၊ ခု ခင်ဗျား တက်လာတဲ့ လှေကားဟာ ဆယ့်ခုနစ်ထစ် ရှိတယ်ဗျ၊ ကျုပ် သိတာက တခြားကြောင့် မဟုတ်ဘူး၊ မြင်ရုံတွင် မကဘဲ စူးစမ်းခဲ့လို့ သိတာဗျ၊ စကားမစပ် ခင်ဗျားကတော့ ပြဿနာကလေးတွေကို စိတ်ဝင်စားတတ်ပါတယ်၊ စိတ်ဝင်စားလို့ ဘာမဟုတ်တဲ့ ကျုပ်အတွေ့အကြုံကလေးတွေကိုတောင် စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်အောင် ရေးခဲ့ပြီပဲ၊ ဟောဒါကလေးကိုလည်း စိတ်ဝင်စားလိမ့်မယ် ထင်ပါရဲ့၊ နောက်ဆုံး စာဝေချိန်မှာ ရောက်လာတာဗျ၊ ကျယ်ကျယ်ကလေး ဖတ်ကြည့်စမ်း'

ရှားလော့ဟုမ်းသည် စားပွဲပေါ်တွင် ဖြန့်လျက်သား ရှိသည့် ပန်းရောင် စာရွက် တစ်ရွက်ကို ကျွန်ုပ်အား လှမ်းပေးလိုက်၏။



mgyoe.com

mgyoe.com SAMPLE BOOK

စာရွက်ပေါ်တွင် နေ့စွဲ ထိုးထားခြင်း မရှိချေ။ လက်မှတ်နှင့် လိပ်စာလည်း မပါချေ။

'ယနေ့ည ရှစ်နာရီ မထိုးမီ ဆယ့်ငါးမိနစ် အလိုတွင် အလွန် အရေးကြီးသည့် ကိစ္စ တစ်ခုနှင့် ပတ်သက်၍ လာရောက် တွေ့ဆုံလိုပါသည်၊ ဥရောပမှ ဘုရင့် ဆွေတော် မျိုးတော် တစ်ဝ ကိစ္စတွင် မိတ်ဆွေကြီး ဆောင်ရွက်ပေးခဲ့သည်ကို ထောက်ရှုပြီးသကာလ အလွန် အရေးကြီးသည့် ယခု ကိစ္စတွင်လည်း ပါဝင်ဆောင်ရွက်ပေးနိုင်သူမှာ မိတ်ဆွေကြီး တစ်ယောက်သာ ရှိသည်ဟု ယုံကြည်ပါသည်၊ မိတ်ဆွေကြီးနှင့် ပတ်သက်သော သတင်း အဝဝကို နေရာ အားလုံးမှ ရရှိခြင်း ပြုပြီး ဖြစ်ပါသည်၊ ထို့ကြောင့် ဖော်ပြပါ အချိန်တွင် မိတ်ဆွေကြီး၏ အခန်း၌ စောင့်ဆိုင်းနေစေလိုပါသည်၊ လာရောက် တွေ့ဆုံသူတွင် မျက်နှာဖုံး တပ်လာခဲ့ပါက ခွင့်လွှတ်စေလိုပါသည်'

'အင်း စာကတော့ ခပ်ဆန်းဆန်းပဲဗျ၊ ခင်ဗျားက ဘယ်လို ထင်လို့တုံး'

ကျွန်ုပ်က မေးလိုက်၏။

'အချက်အလက် အပြည့်အစုံ မရသေးဘူးဗျ၊ အချက်အလက် မရှိဘဲ ကောက်ချက် ဆွဲတာဟာ အမှားဆုံးပဲ၊ အချက်အလက်ကို အလျင် ရှာပြီး ကောက်ချက်ကို နောက်မှ မဆွဲကြဘဲ ကောက်ချက်ကို အလျင် ဆွဲပြီး အဲဒီ ကောက်ချက်နှင့် ညီအောင် အချက်အလက်တွေကို လိုက်ရှာထည့်ကြလို့ ဒုက္ခ ရောက်နေကြတာပေါ့ဗျ၊ နေစမ်းပါဦး၊ အဲဒီ စာနှင့် ပတ်သက်လို့ ခင်ဗျားက ဘယ်လို ကောက်ချက် ချချင်လို့လဲ'

ကျွန်ုပ်သည် လက်ရေး လက်သားကို လည်းကောင်း၊ စာရွက်ကို လည်းကောင်း သေချာစွာ စစ်ဆေး ကြည့်ရှု၏။

'ဒီစာကို ရေးလိုက်တဲ့ လူဟာ ချမ်းသာတဲ့ လူကုံထံထဲ



ကျွန်ုပ်သည်
စာရွက်ကို သေချာစွာ စစ်ဆေး
ကြည့်ရှု၏။



mgyoe.com

mgyoe.com SAMPLE BOOK

ကပဲဗျ၊ ဒီ စာရေး စက္ကူမျိုးဟာ တစ်ထုပ်ကို ရွှေဒင်္ဂါးပြားဝက်လောက် ပေးရတယ်၊ စက္ကူက ထူးထူးခြားခြား မာပြီး တောင့်နေတယ်'

ကျွန်ုပ်က ရှားလော့ဟုမ်း၏ စဉ်းစားပုံကို အတုခိုး၍ စဉ်းစားရင်း ပြော၏။

'ဟုတ်တယ်၊ ခင်ဗျား သုံးလိုက်တဲ့ စကားလုံးက တိကျတယ်၊ ဒီစက္ကူက နည်းနည်း ထူးခြားနေတယ်၊ အင်္ဂလန်မှာ လုပ်တဲ့ စက္ကူ မဟုတ်ဘူးဗျ၊ အလင်းရောင်ကို ထောင်ကြည့်လိုက်စမ်း'

အလင်းရောင်တွင် ထောင် ကြည့်လိုက်သည့် အခါ အင်္ဂလိပ် အက္ခရာ အကြီး အီး *(E)*၊ ငှင်းနှင့် ကပ်လျက် အက္ခရာ အသေး ဂျီ *(g)*၊ အက္ခရာ အကြီး ပီ *(P)*၊ ထို့နောက် အက္ခရာ အကြီး ဂျီ *(G)*၊ ငှင်းနှင့် ကပ်လျက် အက္ခရာ အသေး တီ *(t)* တို့ကို ရေစာဖြင့် ရိုက်နှိပ်ထားသည်ကို တွေ့ရ၏။

'ခင်ဗျား ဘယ်လို ထင်သလဲ'

'စက္ကူ လုပ်တဲ့ ကုမ္ပဏီရဲ့ အမည်ပဲဗျ၊ ဒါမှ မဟုတ်ရင်လည်း ဒီကုမ္ပဏီ အမှတ်တံဆိပ်ပဲ'

'မဟုတ်ဘူးဗျ၊ ဂျီ အကြီးနှင့် သူနှင့် ကပ်လျက် တီ အသေးကလေးက ဂျာမန်လို ဂတ်ဆဲလ်ချတ်၊ အဓိပ္ပာယ်က ကုမ္ပဏီတဲ့၊ ကျုပ်တို့ အင်္ဂလိပ်စာမှာ စီ အကြီး *(C)* နှင့် အို အသေး *(o)* ကပ်လျက် တွေ့ရင် ကုမ္ပဏီလို့ ထွက်သလို သူတို့ ဂျာမန်မှာလည်း ကုမ္ပဏီလို့ ရေးရင် ဂျီ အကြီးနှင့် တီ အသေးလေး တွဲလျက် ရေးတတ်တယ်၊ ပီ အကြီးကတော့ စက္ကူကို ပြောတာပဲဗျ၊ အီး ဂျီက ဘာမှန်း မသိသေးဘူး၊ ဥရောပ ဂေဇက်တီးယားထဲမှာ တွေ့လိမ့်မယ် ထင်တယ်'

ရှားလော့ဟုမ်းသည် စာအုပ်စင်မှ သားရေ အညိုဖြင့် ဖုံးထားသည့် စာအုပ်ထူထူကြီး တစ်အုပ်ကို လှမ်းယူလိုက်၏။

'အက်ဂလို၊ အက်ဂလိုးနစ် – အဂ္ဂရီးယားတဲ့၊ ဘိုဟီးမီးယား နိုင်ငံထဲက ဂျာမန် စကား ပြောတဲ့ နယ်တစ်နယ်တဲ့၊ ကားလ်စဘတ်နယ် အနီးမှာ ရှိတယ်တဲ့၊ နယ်စားကြီး ဝေါလင်စတိန်း သေဆုံးသည့်နယ် ဖြစ်သည့် အတွက် နာမည်ကြီးသည်၊ ဖန်ချက် စက်ရုံများနှင့် စက္ကူစက်များကြောင့်လည်း ထင်ရှားသည်တဲ့ ဗျ၊ ကဲ ဘယ်လို ထင်သလဲ ဝပ်ဆင်'

ရှားလော့ဟုမ်း၏ မျက်လုံးများက တဖျပ်ဖျပ် တောက်လျက် ရှိကြကာ ပါးစပ်ကလည်း စီးကရက် မီးခိုးများကို ထောင်းထောင်းထအောင် မှုတ်ထုတ်လျက် ရှိလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

'စက္ကူကတော့ ဘိုဟီးမီးယားမှာ လုပ်တဲ့ စက္ကူပဲဗျ'

'ဟုတ်တယ်ဗျ၊ ရေးတဲ့ လူကလည်း ဂျာမန် လူမျိုးဗျ၊ မိတ်ဆွေကြီးနှင့် ပတ်သက်သော သတင်းများကို နေရာ အားလုံးမှ ရရှိခြင်းပြုပြီး ဖြစ်ပါသည် ဆိုတဲ့ ဝါကျ အရေးအသားကို သတိပြုမိရဲ့လား၊ ဒီလို ဝါကျမျိုးက ပြင်သစ်တွေ ရုရှတွေ ရေးလေ့ မရှိဘူးဗျ၊ ကြိယာကို ကိုးရိုးကားရား ဖြစ်အောင် ရေးတာ ဂျာမန် လူမျိုးပဲ ရှိတယ်၊ ကဲ ဒီတော့ ဘိုဟီးမီးယားပြည်လုပ် စက္ကူပေါ်မှာ ရေးပြီး ကျုပ်ဆီကို မျက်နှာဖုံး တပ်လာမယ့် ဂျာမန် မိတ်ဆွေကြီး ဘာများ အကူအညီ တောင်းသလဲ ဆိုတာကို ကြည့်ရအောင်၊ အလို ပြောရင်း ဆိုရင်း ရောက်တောင် လာပြီ ထင်တယ်ဗျို့'

ထိုသို့ ပြောနေစဉ် အိမ်ရှေ့မှ မြင်းခွာသံနှင့် ရထားဘီး မြည်သံတို့ကို ကြားလိုက် ရပြီးနောက် ခေါင်းလောင်းကြိုး ဆွဲသံ ပေါ်လာလေ၏။ ရှားလော့ ဟုမ်းက တစ်ချက် လေချွန်လိုက်ပြီး

'အသံကို နားထောင်ရတာကတော့ မြင်းနှစ်ကောင်က ရထားဗျ၊ ဟုတ် တာပေါ့'

ရှားလော့ဟုမ်းသည် ပြတင်းပေါက်မှ ငုံ့၍ ကြည့်လိုက်၏။

'တော်တော် လှတဲ့ ရထားလုံးဗျို့၊ မြင်းနှစ်ကောင်ကလည်း မြင်းချော ကြီးတွေ၊ တစ်ကောင်ကို ရွှေဒင်္ဂါး တစ်ရာ့ငါးဆယ်လောက်တော့ တန်လိမ့်မယ်၊ ဒီအမှုမှာ ပညာ မရတောင် အသပြာတော့ ရတန် ကောင်းပါရဲ့'

'ကျုပ် ပြန်မှပဲ ထင်တယ်'

'ကိစ္စ မရှိပါဘူး ဒေါက်တာ ဝပ်ဆင်ရ၊ နေပါ၊ ခင်ဗျား မရှိလို့ ဘယ်ဖြစ် ပါ့မလဲ၊ အမှုက စိတ်ဝင်စားစရာ ကောင်းမှာပါ၊ ဒီအမှုမျိုးကို လက်လွှတ်လို့ ဘယ်ဖြစ်ပါ့မလဲ'

'ဒါပေမဲ့ ခင်ဗျား အမှုသည်က'

'အရေးမကြီးပါဘူး၊ ကျုပ်အဖို့ ခင်ဗျား အကူအညီ လိုချင် လိုလာမှာ၊ သူ့ဖို့လည်း လိုချင် လိုမှာပါ၊ ဟော လာပြီဗျို့၊ ထိုင်သာ နေဗျာ၊ ထိုင်ပြီး ကျုပ် တို့ အခြေအနေကို လေ့လာ ကြည့်စမ်းပါဦး'

လှေကား တစ်လျှောက် ဖြည်းညင်းစွာ တက် လာ သည့် ခြေသံသည် အခန်းဝသို့ ရောက်သည့်အခါတွင် ရပ်သွား၏။ ထို့နောက် ကျယ်လောင်၍ ပိုင်စိုး ပိုင်နင်း ရှိသည့် ခေါက်သံ ပေါ်လာလေ၏။

'ဝင်ခဲ့ပါ'


mgyoe.com

mgyoe.com SAMPLE BOOK

ရှားလော့ဟုမ်းက ပြောလိုက်၏။

ကိုယ်လုံးကိုယ်ပေါက် ကောင်းကောင်း၊ ရင်အုပ် ကျယ်ကျယ်နှင့် အရပ် ခြောက်ပေခွဲထက် မလျော့သည့် လူကြီး တစ်ယောက် ဝင်လာလေ၏။ ထိုလူ ဝတ်ထားသည့် အဝတ်အစားများမှာ ကောင်းပေ့ ညွန့်ပေ့ ဆိုသည့် အဖိုးတန်တွေချည်း ဖြစ်လျက် ကျွန်ုပ်တို့ အင်္ဂလိပ် မျက်စိဖြင့် ကြည့်ရလျှင် တောဆန်လွန်းနေသည်ဟုပင် ဆိုနိုင်ပေ၏။ သူ့ ကုတ်အင်္ကျီ လက်မောင်းဖျားနှင့် ရင်စေ့တွင် အက်စထရာခန် သားမွေး ထူထူကြီးများကို ကွပ်ထားပြီး ပခုံးပေါ်တွင် တင်လာသည့် ဝတ်ရုံ အင်္ကျီရှည်ကြီးတွင်လည်း နီရဲနေသည့် အဖိုးတန် ပိုးများဖြင့် ကင်းခြေ လိုက်ထားလျက် လည်စည်းတွင် နီရဲနေသည့် ပတ္တမြားကြီး တစ်လုံး စီထားသော ရွှေရင်ထိုး တစ်ချောင်း ထိုးထား၏။ ခြေသလုံး ရောက်အောင် ရှည်သည့် ဖိနပ်ရှည်ကြီး၏ အဖျားတွင် အညိုရောင် သားမွေးများ ကွပ်ထားလိုက်သေး၏။ သူ့ ကိုယ်လုံးကိုယ်ထည်နှင့် အဝတ်အစားများကို ကြည့်လိုက်ရုံမျှဖြင့် ရိုင်းပျသလောက် စည်းစိမ် ဥစ္စာ ပေါများသည့် လူ တစ် ယောက် အသွင်ကို ဆောင်လျက် ရှိ၏။



မျက်နှာ အထက်ပိုင်းကို
မျက်နှာဖုံး အနက်ဖြင့် စည်းထားသော
လူတစ်ယောက် ဝင်လာ၏။

ထိုလူသည် လက် ထဲ တွင် အပြား ကြီးကြီး ဦးထုပ် တစ်လုံးကို ကိုင်ထားပြီး မျက်နှာ အထက်ပိုင်းကို မျက်နှာဖုံး အနက်ဖြင့် စည်းထားလေ၏။ လက်တစ်ဖက်မှာ မျက်နှာဖုံးကို ကိုင်ထားဆဲ ဖြစ်သောကြောင့် အခန်းတွင်းသို့ မဝင်မီကလေးတွင် မျက်နှာဖုံးကို တပ်လာခဲ့ခြင်း ဖြစ်သည်ဟု ယူနိုင်ပေ၏။ မျက်နှာ အောက်ပိုင်းမှာ မျက်နှာဖုံး လပ်လျက် ရှိသဖြင့် ထူ၍ တွဲကျလျက် ရှိသော နှုတ်ခမ်း၊ ရှည်လျား သေးသွယ်သော



mgyoe.com

mgyoe.com SAMPLE BOOK
မေးတို့ကို မြင်ရ၏။ တစ်ပိုင်း တစ်စ ပေါ်လျက် ရှိသော အင်္ဂါရုပ်ကို ကြည့်ခြင်းဖြင့် ထိုလူမှာ စိတ်ဓာတ် ကြံ့ခိုင်သူ တစ်ယောက် ဖြစ်ပြီး လုပ်မိလျှင် ပြတ်ပြတ်သားသားနှင့် တစ်ဖွတ်ထိုး လုပ်မည့်ဟန် ပေါ်လျက် ရှိပေ၏။

'ကျုပ် ပေးလိုက်တဲ့ စာကို ရပြီးပြီ ထင်တယ်ဗျ၊ ကျုပ် လာတွေ့မယ်ဆိုတာကို စာထဲမှာ ရေးလိုက်တယ်'

ထိုလူက ဂျာမန်သံ ဝဲဝဲ၊ အသံ ညြသြဖြင့် ပြောလိုက်၏။ ထို့နောက် ကျွန်ုပ်တို့ နှစ်ယောက်ကို အကဲခတ်သည့် ဟန်ဖြင့် ကြည့်နေလေ၏။

'ထိုင်ပါ၊ ဟောဒါက ကျွန်တော့် မိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက် ဒေါက်တာ ဝပ်ဆင်ပါ၊ ကျွန်တော့် အမှု တော်တော် များများမှာ ကူညီခဲ့ဖူးပါတယ်၊ ကျွန်တော် ဘယ်လိုများ ခေါ်ရမလဲ ခင်ဗျာ'

'အမတ်ကြီး ဗွန်ကရန်းလို့ပဲ ခေါ်ပါ၊ ကျုပ်က ဘိုဟီးမီးယန်း မှူးမတ်တစ်ဦးပါ၊ ဟောဒီက ခင်ဗျား မိတ်ဆွေကြီးဟာ စိတ်ချရတဲ့ ဂုဏ်သရေရှိ လူကြီး လူကောင်း တစ်ယောက်လို့ ထင်ပါတယ်၊ ဒီတော့ ကျုပ်ရဲ့ အရေးကြီးတဲ့ ကိစ္စကို သူ့ ရှေ့မှာ ပြောနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ အကယ်၍ ဒီလိုမှ မဟုတ်ခဲ့ရင်တော့ ဒီကိစ္စကို နှစ်ယောက်တည်း ပြောချင်တယ်'

ကျွန်ုပ်သည် ပြန်ရန် ထလိုက်၏။ သို့ရာတွင် ရှားလော့ဟုမ်းက ကျွန်ုပ်လက်ကို ဆွဲပြီး ကုလားထိုင်တွင် ပြန်အထိုင်ခိုင်းလေ၏။

'ရပါတယ်၊ ကျွန်တော်တို့ နှစ်ယောက်က အတူတူပါပဲ၊ ကျွန်တော့်ကို စိတ်ချ ယုံကြည်စွာ ပြောနိုင်သလို သူ့ ရှေ့မှာလည်း ပြောနိုင်ပါတယ်'

မှူးမတ်ကြီးသည် သူ၏ ကျယ်ပြန့်သည့် ပခုံးကြီးကို လှုပ် လိုက် ပြီးနောက်

'ကောင်းပြီလေ၊ ပြောတာပေါ့၊ ဒါပေမဲ့ ဒီကိစ္စကို နောင် နှစ်နှစ်လောက်အထိ လုံးဝ လျှို့ဝှက်ထားဖို့တော့ လိုလိမ့်မယ်ဗျ၊ နှစ်နှစ် ကျော်သွားရင်တော့ သိပ်အရေး မကြီးတော့ပါဘူး၊ ခုလောလောဆယ်မှာတော့ တော်တော်လေးကို အရေးကြီးတယ်ဗျ၊ ကြီးသမှ ဒီကိစ္စကြောင့် ဥရောပရဲ့ သမိုင်း တစ်ခုလုံးတောင် တစ်မျိုးတစ်မည် ပြောင်းသွားနိုင်တယ်'

'ကတိ ပေးပါတယ်'

'ကျွန်တော်လည်း ကတိ ပေးပါတယ်'

ထူးဆန်းသည့် ထိုဧည့်သည်က ဆက်လက်၍

'မျက်နှာဖုံး တပ်လာတာကိုတော့ ခွင့်လွှတ်ပါ၊ ကျုပ်ကို စေလွှတ်လိုက်


mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ တော်ဖျားက သူ့ ကိုယ်စားလှယ်ကိုတောင် မသိစေချင်လို့ ဒီလို မျက်နှာဖုံး တပ်လာရတာပါ၊ ပြီးတော့ ကျုပ် ခုတွင်က ပြောလိုက်တဲ့ ဘွဲ့ကလည်း ကျုပ်ရဲ့ ကိုယ်ပိုင် ဘွဲ့မည်ရည် မဟုတ်ပါဘူး'

'ဟုတ်ကဲ့၊ သတိထားမိပါတယ်'

ရှားလော့ဟုမ်းက အရေးမကြီးဟန်ဖြင့် ပြော၏။

'အခြေအနေက တော်တော်လေး သိမ်မွေ့လို့ လိုအပ်တဲ့ ကြိုတင် ကာကွယ်မှု မှန်သမျှကို လုပ်လာရတာပါ၊ ဒီလို မလုပ်လို့ သတင်း ပေါက်ကြား သွားရင်လည်း ဂုဏ်သရေကို ထိခိုက်စရာတွေ ပေါ်ပေါက်လာပြီး ဥရောပ နိုင်ငံတစ်ခုမှာ အုပ်စိုးနေတဲ့ ဘုရင့် ဆွေတော် မျိုးတော် တစ်စုကို ထိခိုက်သွားနိုင်ပါတယ်၊ ရှင်းရှင်း ပြောရရင်တော့ ဒီကိစ္စဟာ ဘိုဟီးမီးယား ပြည်မှာ နန်းစဉ်နန်းဆက် အုပ်စိုးခဲ့တဲ့ အွန်စတိန်း မင်းဆက်နှင့် ပတ်သက်နေတယ်ဗျာ'

'ဟုတ်ကဲ့၊ ဒါကိုလည်း ကျွန်တော် သတိပြုမိပါတယ်'

ရှားလော့ဟုမ်းသည် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ရင်း မျက်လုံးများကို မှိတ်ထားလိုက်လေ၏။

ဧည့်သည် လူကြီးသည် ပျင်းရိပျင်းတွဲ ဟန်ဖြင့် ထိုင်နေသည့် ရှားလော့ဟုမ်းကို တစ်ချက်မျှ တအံ့တသြ ကြည့်လိုက်၏။ ကြည့်ရင်းလည်း မိမိ တွေ့နေရသည့် ပုဂ္ဂိုလ်သည် တိကျပြတ်သားစွာ စဉ်းစားတတ်သူ ဥရောပတွင် အ တော် ဆုံးသော စုံထောက်ကြီး တစ်ယောက် ဖြစ် သည် ဟု စိတ်ချ ယုံကြည်သွားဟန် ရှိပေ၏။ ရှားလော့ဟုမ်းသည် မျက်လုံးများကို ဖွင့်ကြည့် လိုက် ၍ ကြီးမားတုတ် ခိုင် သည့် သူ့ အမူသည်ကို စိတ် မရှည်နိုင်သည့် ပမာ ကြည့်လျက် ရှိလေသည်။



*သူ့ မျက်နှာတွင် ဖုံးထားသည့် မျက်နှာဖုံးကို ခွာ၍ ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီး ...*


mgyoe.com

mgyoe.com
SAMPLE BOOK

'တော်ဖျားက ကျွန်တော့်ကို အမှု အကြောင်း အစုံအလင် မိန့်တော် မူမယ် ဆိုရင် ကျွန်တော် သည့်ထက် ပိုပြီး အကြံဉာဏ် ပေးနိုင်လိမ့်မယ် ထင်ပါတယ်'

ထိုသူသည် ကုလားထိုင်မှ ဖြုန်းခနဲ ထရပ်လိုက်ကာ အလွန် စိတ် လှုပ်ရှားဟန်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိလေ၏။ ထို့နောက် စိတ်ပျက်လက်ပျက်ဖြင့် သူ့ မျက်နှာတွင် ဖုံးထားသည့် မျက်နှာဖုံးကို ခွာ၍ ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီး

'ဟုတ်တယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ ကျုပ်ဟာ ဘိုဟီးမီးယားပြည် ဘုရင်ပဲ၊ ခုမှတော့ ဖုံးကွယ်နေစရာလည်း မလိုတော့ပါဘူး'

'ဟုတ်ပါတယ်၊ ဖုံးကွယ်စရာ မလိုတော့ဘူး ထင်ပါတယ်၊ တော်ဖျားဖွင့်မပြောခင်ကတည်းက ကျွန်တော်ဟာ ကာဆယ် ဖောစတိန်း နယ်စားကြီး၊ ဘိုဟီးမီးယားပြည် ဘုရင် ဝီလဟမ် ဂေါ့စရိုက် ဆစ်ဂျစ်စမွန်း ဗွန် အော့စတိန်းနှင့် စကား ပြောနေခြင်း ဖြစ်တယ် ဆိုတာ ကျွန်တော် သိပြီးသားပါ'

ကျွန်ုပ်တို့၏ ဧည့်သည်ကြီးသည် ကုလားထိုင်တွင် ပြန်ထိုင်ကာ ကျယ်ပြန့်သည့် နဖူးကို လက်ဖြင့် တစ်ချက် သပ်လိုက်ရင်း

'ဒီလို ကိစ္စမျိုးမှာ ဘယ်တော့မှ ကျုပ်ကိုယ်တိုင် ဆောင်ရွက်လေ့ မရှိဘူး ဆိုတာ သဘောပေါက်ပြီးသား ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ ဒါပေမဲ့ ခု ကိစ္စက တော်တော်ကလေး အရေး ကြီးလေတော့ ကျုပ်ရဲ့ ကိုယ်စားလှယ်ကို တောင် စိတ်မချလို့ ကျုပ်ကိုယ်တိုင် လာခဲ့တာပဲဗျ၊ ခင်ဗျားနှင့် တွေ့ရအောင်လို့ ပရတ်က နေပြီး ရုပ်ဖျက်လာခဲ့တာ'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ'

ရှားလော့ဟုမ်းက မျက်လုံးများကို နောက်တစ်ကြိမ် မှိတ်ထားလိုက်ပြန်သည်။

'အဖြစ်အပျက်ကို အတိုချုပ် ပြောရရင်တော့ ဒီလိုဗျ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကျုပ် ဝါဆောမြို့ကို ခပ်ကြာကြာကလေး သွားလည်ရင်း နာမည်ကျော် အဆိုတော် အိုင်ရင်း အက်ဒလားနှင့် အသိ ဖြစ်ခဲ့ကြတယ်၊ သူ့ နာမည်ကိုတော့ ခင်ဗျားတို့ ကြားဖူးကြလိမ့်မယ် ထင်ပါရဲ'

'ဒေါက်တာ ဝပ်ဆင်ရေ၊ ကျုပ် အညွှန်း ကတ်ပြားထဲမှာ သူ့ကို ရှာကြည့်ပေးပါဗျာ' ဟု ရှားလော့ဟုမ်းက မျက်လုံးများကို မှိတ်ထားရာမှ ပြောလေ၏။



mgyoe.com

mgyoe.com
SAMPLE BOOK

ရှားလော့ဟုမ်းသည် လူများ၊ အရာဝတ္ထုများနှင့် ပတ် သက် သည့် အကြောင်းများအား ကတ်ပြားဖြင့် ရေးမှတ်သည့် စနစ်ကို ကျင့်သုံးခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာခဲ့လှပြီ ဖြစ်လေရာ မိမိ ချက်ချင်း သိလိုသော လူတစ်ယောက် သို့မဟုတ် အရာဝတ္ထု တစ်ခု အကြောင်းကို ရှာဖွေရန် မခက်ခဲလှချေ။ ကျွန်ုပ်သည် အိုင်ရင်း အက်ဒလား ဆိုသူ အမျိုးသမီး အကြောင်းကို ဟီဘရူး လူမျိုး ဥပဒေ ပညာရှင် တစ်ယောက်၏ အမည်နှင့် ပင်လယ် ရေနက်ပိုင်းရှိ ငါးများ အကြောင်းကို ရေးခဲ့သည့် စစ်ဗိုလ်ကြီး တစ်ယောက်၏ အမည် အကြားတွင် သွားတွေ့ရ၏။

'မှန်း၊ ကျုပ်ကို ပြစမ်းပါဦး၊ အင်း ၁၈၅၈ ခုနှစ် နယူးဂျာဆီနယ် မွေး၊ ဟုတ်ပြီ၊ အဆိုတော်၊ ဟုတ်ပြီ၊ ကိုယ်ဟန်ပြမယ်၊ ဟုတ်ပြီ၊ ဝါဆော အင်ပီး ရီးယယ် တော်ဝင် ဇာတ်ရုံ မင်းသမီးကြီး၊ ဟုတ်ပြီ၊ အလို ဇာတ်မင်းသမီးကနေ အနား ယူသွားပြီ ဆိုပါကလား၊ ယခု လန်ဒန်တွင် နေသည်တဲ့၊ ဟုတ်ပြီ၊ ကျွန်တော် နားလည်သလောက် ပြောရရင် တော်ဖျားဟာ ဒီသူငယ်မနှင့် ငြိစွန်းကြတယ်၊ သူ့ဆီကို ချစ်ကြောင်း ကြိုက်ကြောင်း စာတွေ ရေးဖူးတယ်၊ ခု ဒီစာတွေကို ပြန်လိုချင်တယ် ဆိုပါတော့'

'ဟုတ်တယ်၊ အဲဒီ ကိစ္စပဲ၊ နေပါဦး၊ ခင်ဗျား ဘယ်လို'

'တိတ်တဆိတ် လက်ထပ်တာ ရှိခဲ့သလား'

'မရှိပါဘူး'

'တရားဝင် စာရွက်စာတမ်းတို့၊ လက်ထပ် စာချုပ်တို့ မရှိဘူးနော်'

'မရှိပါဘူး'

'ဒီလိုဆိုရင် ဘာလို့ ဒီလောက် စိုးရိမ်ရသလဲ ဆိုတာ ကျွန်တော် နားမလည်နိုင်ဘူး ခင်ဗျ၊ ဒီသူငယ်မက တော်ဖျားကို ခြိမ်းခြောက် ငွေတောင်းချင်လို့ သို့မဟုတ် အခြား ရည်ရွယ်ချက် တစ်ခုခု ရှိလို့ ဒီစာတွေကို ထုတ်ပြတယ် ဆိုရင် တော်ဖျားရဲ့ စာတွေ ဟုတ်မှန်ပါတယ် ဆိုတာ သူ ဘာ အထောက်အထား နှင့် ပြမှာလဲ'

'လက်ရေး ရှိတယ်'

'အတု ရေးမယ် ခင်ဗျာ'

'ကျုပ် ကိုယ်ပိုင် သုံးတဲ့ စာရေးစက္ကူ ရှိတယ်'

'ခိုးသွားရင်ကော'

'ကျုပ် ကိုယ်ပိုင် သုံးတဲ့ တံဆိပ်တုံး ရှိတယ်'


mgyoe.com

mgyoe.com SAMPLE BOOK

'ဒါလည်း အတူ လုပ်လို့ ဖြစ်တာပဲ'

'ကျုပ် ဓာတ်ပုံလည်း ရှိတယ်ဗျ'

'တစ်နေ့ရာကနေ ဝယ်ယူမှာပေါ့'

'ဓာတ်ပုံထဲမှာ ကျုပ်တို့ နှစ်ယောက် တွဲရိုက်ထားတယ်ဗျ'

'အား၊ အဲဒါကတော့ တော်တော်လေး ဆိုးတယ် ခင်ဗျ၊ တော်ဖျားက တယ် အတင့်ရဲတာကိုး'

'ဟုတ်တယ်ဗျာ၊ ကျုပ်က ရူးမူးမိပေသကိုး'

'ကိုယ့်ဘက်က တော်တော်ကလေး ကျွံနေတယ်'

'အဲဒီတုန်းက ကျုပ်က အိမ်ရှေ့ ဥပရာဇာ ဆိုတော့ ခပ်ငယ်ငယ်ပဲ ရှိသေးတယ်လေ၊ ခုတော့ အသက် သုံးဆယ် ပြည့်ပါပြီ'

'ဒီဓာတ်ပုံကို ပြန်ရအောင် လုပ်မှ ဖြစ်မှာပေါ့'

'ကျုပ်တို့ ကြိုးစားခဲ့ပြီးပြီဗျ၊ မရဘူး'

'သူ့ တောင်းသလောက် ပေးပြီး ဝယ်ယူရမှာပေါ့'

'သူက မရောင်းဘူးဗျ'

'ဒါဖြင့် ခိုးယူမယ်'

'ငါးကြိမ် တိတိ ကြိုးစားပြီးပြီဗျ၊ ကျုပ် ထောက်ပံ့ထားတဲ့ လူတွေက သူ့ အိမ်ထဲကို နှစ်ခါတိတိ မွှေနှောက် ရှာပြီးပြီ၊ နောက်တစ်ခါကတော့ သူ ခရီးသွားတုန်း သူ့ သေတ္တာတွေကို လုပြီးပြီ၊ နောက်နှစ်ခါက လမ်းကနေပြီး လုပြီးပြီ၊ အချည်းနှီးပဲ'

'ဓာတ်ပုံကို မတွေ့ရဘူး ဆိုပါတော့'

'တူတာတောင် မတွေ့ဘူး'

ရှားလော့ဟုမ်းက ရယ်လိုက်လျက်

'ပြဿနာက သိပ် အရေး မကြီးလှပါဘူး'

'ဒါပေမဲ့ ကျုပ် အဖို့တော့ အရေး ကြီးတယ်ဗျ' ဟု ဘုရင်က အော်လိုက်၏။

'ဘာ အရေးကြီးလို့လဲ တော်ဖျား၊ ဒီဓာတ်ပုံနှင့် သူ ဘာလုပ်မှာလဲ'

'ကျုပ်ကို နှောင့်ယှက်မှာပေါ့'

'ဘယ်လိုများ နှောင့်ယှက်မှာလဲ'

'ကျုပ် လက်ထပ်တော့မယ်ဗျ'

'ဟုတ်ကဲ့၊ ကျွန်တော် ကြားပါတယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'ကိုတိလ်ဒီ လော့သမင် ဗွန် ဆာမင်နင်ဂျင်နှင့်ဗျ၊ စကင်ဒီနေးဗီးယား ပြည် ဘုရင်ရဲ့ ဒုတိယ သမီးတော်နှင့် သူ့ ဆွေတော် မျိုးတော်တွေက ဘယ် လောက် အယူသီးပြီး ဘယ်လောက် စည်းကမ်းကြီးသလဲ ဆိုတာ ခင်ဗျားလည်း ကြားဖူးမှာပေါ့၊ သမီးတော် ကိုယ်တိုင်ကလည်း တော်တော် သိမ်မွေ့ပြီး ဣန္ဒြေ ကြီးတဲ့ မိန်းကလေးဗျ၊ ကျုပ် အကျင့်စာရိတ္တနှင့် ပတ်သက်လို့ နည်းနည်းလေး သံသယကလေး ဝင်လိုက်ရင် လက်ဆက်ဖို့ ကိစ္စကြီး တစ်ခုလုံး ပျက်ပြားသွား နိုင်တယ်'

'ဒီတော့ အိုင်ရင်း အက်ဒလားက ဘာလုပ်မှာတဲ့လဲ'

'ဒီဓာတ်ပုံကို ကျုပ်နှင့် လက်ဆက်မယ့် မင်းသမီးဆီ ပို့မယ်လို့ ကျုပ်ကို ခြိမ်းခြောက်နေတယ်၊ ဒီမိန်းမက တကယ် လုပ်မှာ၊ ကျုပ် ကောင်းကောင်း သိ တယ်၊ စိတ်ဓာတ်ကလည်း သိပ်မာတဲ့ မိန်းမ၊ အလှဆုံး မိန်းမရဲ့ မျက်နှာမျိုး ရှိပြီး အပြတ်သားဆုံး ယောကျ်ားရဲ့ နှလုံးသားမျိုး ရှိတဲ့ မိန်းမဗျ၊ တခြား မိန်းမ တစ်ယောက်ကို လက်ထပ်မယ် ဆိုရင် ပြဿနာက ဒီလောက် ကြီးမှာ မဟုတ် ဘူးဗျာ၊ ခုတော့'

'ဒါဖြင့် ဒီသူငယ်မက ဓာတ်ပုံကို မပို့ရသေးတာ သေချာရဲ့လား'

'သေချာပါတယ်'

'ဘာဖြစ်လို့လဲဗျ'

'ကျုပ်တို့ ကြောင်းလမ်း မင်္ဂလာကို တရားဝင် ကြေညာတဲ့ နေ့မှာ ဒီ ဓာတ်ပုံကို ပို့မယ်လို့ ကျုပ်ကို ပြောတယ်၊ နောက် တနင်္လာနေ့ ဆိုရင် ကြေညာ တော့မှာ'

ရှားလော့ဟုမ်းက သမ်းဝေလိုက်ရင်း

'နောက် သုံးရက်တောင် လိုပါသေးတယ်လေ၊ တော်သေးတာပေါ့၊ ခု လောလောဆယ်မှာတော့ အရေးကြီးတဲ့ ကိစ္စကလေး တစ်ခု နှစ်ခု လုပ်ချိန် ရပါ သေးတယ်၊ ခု တော်ဖျား လန်ဒန်မှာပဲ ရှိနေဦးမှာပေါ့'

'ရှိမှာပေါ့၊ ကျုပ်ကို တွေ့ချင်ရင် လန်ဒန် ဟိုတယ်မှာ ရှိတယ်၊ အမတ် ကြီး ဗွန်ကရန်း နာမည်နှင့် တည်းနေတယ်'

'ကျွန်တော်တို့ ဘယ် အခြေအနေ ရောက်နေပြီ ဆိုတာ အဲဒီမှာ ကျွန်တော် စာ ရေးထားခဲ့မယ်လေ'

'ဟုတ်ပါပြီ၊ ကျွန်တော်တော့ စိုးရိမ်လှပြီဗျာ'

'ဒါနှင့် အခကြေးငွေ ကိစ္စကကော'

mgyoe.com

mgyoe.com SAMPLE BOOK

'ချက်လက်မှတ် အလွတ်ပေါ်မှာ ကျုပ် လက်မှတ် ထိုးပေးခဲ့မယ်ဗျာ'

'တကယ်လား တော်ဖျား'

'ဒီဓာတ်ပုံကိုသာ ရမယ် ဆိုရင် ကျုပ် တိုင်းပြည်ထဲက နယ် တစ်နယ်ကို ပေး ဆိုရင်လည်း ပေးမယ်ဗျာ'

'ခု လောလောဆယ် ကုန်ကျစရိတ်တွေ အတွက်ကော'

ဘိုဟီးမီးယား ဘုရင်သည် ဝတ်ရုံ အင်္ကျီရှည်ကြီးထဲမှ တောင်ဆိတ် ရေအနုစားဖြင့် လုပ်ထားသည့် သားရေအိတ်ကြီး တစ်လုံးကို စားပွဲပေါ်သို့ တင်လိုက်လေ၏။

'ရော့၊ ဟောဒီထဲမှာ ပေါင် ရွှေဒင်္ဂါးပြား သုံးရာနှင့် ပေါင် ငွေစက္ကူ ခုနစ်ရာ ရှိတယ်ဗျ'

ရှားလော့ဟုမ်းသည် သူ့ မှတ်စု စာအုပ်ပေါ်တွင် ရရှိကြောင်း လက်မှတ်ကို ရေးထိုးလိုက်ပြီးနောက် သူ့ကို ပြန်ပေးလိုက်၏။

'သူငယ်မရဲ့ လိပ်စာက'

'ဘရီယိုနီ စံအိမ်၊ ဆာပင်တိုင် ရိပ်သာလမ်း၊ စိန့်ဂျွန်း ဝုဒ် ရပ်ကွက်'

ရှားလော့ဟုမ်းက ရေးမှတ်ထားလိုက်ပြီးနောက်

'တစ်ခုလောက် မေးပါရစေဦး ခင်ဗျာ၊ ဓာတ်ပုံက ကက်ဘိနက် ဆိုက်ပေါ့'

'ဟုတ်ပါတယ်'

'ကဲ၊ မင်္ဂလာညပါ တော်ဖျား၊ မကြာခင်မှာ သတင်းကောင်း ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ဂွတ်နိုက် ဝပ်ဆင်'

ဘိုဟီးမီးယား ဘုရင်၏ ရထားလုံးကြီး အခန်းရှေ့မှ ထွက်သွားသည့်အခါတွင် ရှားလော့ဟုမ်းက 'မနက်ဖြန် ညနေ သုံးနာရီလောက် အားရင် လျှောက်လာခဲ့ပါလားဗျ၊ ဒီကိစ္စကလေးကို ခင်ဗျားနှင့် ဆွေးနွေးရတာပေါ့' ဟု ပြောလေ၏။

နောက်တစ်နေ့ ညနေ သုံးနာရီ တိတိ ဘေကာလမ်းသို့ ကျွန်ုပ် ရောက်သွားသည့်အခါတွင် ရှားလော့ဟုမ်းမှာ ပြန်မရောက်လာသေးချေ။ မနက် ရှစ်နာရီလောက်ကတည်းက နေအိမ်မှ ထွက်သွားကြောင်းဖြင့် အောက်ထပ်တွင် နေသည့် အိမ်ရှင်အဘွားကြီးက ပြောပြ၏။ သို့ရာတွင် သူ မည်မျှ ကြာသည် ဖြစ်စေ ထိုင်စောင့်

mgyoe.com

mgyoe.com SAMPLE BOOK

တော့မည်ဟု စိတ်ကူးကာ မီးဖိုဘေးတွင် ထိုင်နေလေ၏။ ဤအမှုမှာ ကျွန်ုပ် မှတ်တမ်းတင်ခဲ့သည့် အမှု နှစ်ခုကဲ့သို့ ကြောက်ခမန်းလိလိ သွေးထွက်သံယို ကိစ္စများ မပါသော်လည်း ကျွန်ုပ်မှာ များစွာ စိတ်ဝင်စားလျက် ရှိလေပြီ။ ထိုအမှု၏ သဘာဝနှင့် အမှုသည်၏ အဆင့်အတန်းကြောင့် ယခု အမှုမှာ တစ်မျိုးတစ်ဖုံ ထူးဆန်းလျက် ရှိလေ၏။ ထိုမျှမက အခြေအနေ တစ်ရပ်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်တတ်ခြင်း၊ တိကျ ပြတ်သားသော စဉ်းစားဉာဏ် ရှိခြင်းတို့ဖြင့် ရှားလော့ဟုမ်း အလုပ် လုပ်ပုံ၊ အရှုပ်ထွေးဆုံးသော ရာဇဝတ်မှုများ၌ပင်လျှင် လျင်မြန် သိမ်မွေ့စွာ ဖြေရှင်းတတ်ပုံတို့ကြောင့် ကျွန်ုပ်မှာ များစွာ စိတ်ဝင်စားလျက် ရှိလေ၏။ ကျွန်ုပ်မှာ သူ့အောင်မြင်မှုများကို မကြာခဏ တွေ့လည်း တွေ့ဖူးပြီး ဖြစ်ရကား ရှားလော့ဟုမ်း စုံစမ်း ထောက်လှမ်း၍ မရသော အမှု ဟူသည် လောက၌ မရှိဟု တထစ်ချ စွဲမှတ်လျက် ရှိပေ၏။



အရက် မူးလာဟန် ရှိသော ရထားသမား တစ်ယောက် အခန်းထဲသို့ ဝင်လာလေ၏။

ညနေ လေးနာရီ ထိုးခါနီးတွင် အခန်း တံခါး ပွင့်လာကာ ညစ်ပတ်သည့် အဝတ်အစားတို့ကို မသပ်မရပ် ဝတ်လျက် မျက်နှာ အစ်အစ်၊ နှုတ်ခမ်းမွေး ကျင်စွယ်နှင့် အရက် မူးလာဟန် ရှိသော ရထားသမား တစ်ယောက် အခန်းထဲသို့ ဝင်လာလေ၏။ ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ အံ့ဩလောက်အောင် ရုပ်ပြောင်းရုပ်လွဲ ကောင်းပုံကို မကြာခဏ မြင်ခဲ့ဖူးပြီး ဖြစ်သည့်တိုင် ယခု တစ်ကြိမ်တွင်မူ ရုတ်တရက် မမှတ်မိနိုင်ဘဲ သေချာအောင် သုံးကြိမ်မျှ ပြန်ကြည့်လိုက်ရသေး၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို ခေါင်းညိတ် နှုတ်ဆက်ကာ အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီး ငါးမိနစ် အကြာတွင် သူ့ ယခင် ပုံသဏ္ဌာန် အတိုင်း တွီဒ် သက္ကလတ်ဝတ်စုံဖြင့် ပြန်ထွက်လာသည်ကို တွေ့ရ

mgyoe.com

mgyoe.com SAMPLE BOOK
လေ၏။ ရှားလော့ဟုမ်းသည် လက်နှစ်ဖက်ကို အိတ်ထဲသို့ နှိုက်ထားရင်း ခြေထောက်များကို မီးကင်လျက် ရှိရာမှ မိနစ် အတန်ကြာသည့် တိုင်အောင် ဟက်ဟက်ပက်ပက် ရယ်မောလျက် ရှိလေ၏။

'တကယ်ပဲဗျာ' ဟု ပြောပြီး ဆက် မပြောနိုင်တော့ဘဲ တဟားဟား ရယ်မောလျက် ရှိရာက နောက်ဆုံးတွင် မတတ်နိုင်တော့ဘဲ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချကာ ပက်လက် လှန်နေလိုက်သည့် အခါတွင်မှ အရယ်ရပ်၍ သွားလေ၏။

'ဘယ်လို ဖြစ်လို့လဲဗျ'

'တော်တော့်ကို ရယ်စရာ ကောင်းတယ်ဗျ၊ မနက် တစ်မနက်လုံး ဘယ်လို အချိန် ကုန်ခဲ့ရပြီး ဘာတွေ လုပ်ခဲ့ရတယ် ထင်သလဲ'

'မသိတော့ကော၊ အိုင်ရင်း အက်ဒလား ဆိုတဲ့ သူငယ်မရဲ့ အမူအကျင့်တွေကို စောင့်ကြည့်ခဲ့ရတာ ဖြစ်မှာပေါ့၊ ဒါမှမဟုတ်လည်း သူ့ အိမ်ကို စောင့်ကြည့်ခဲ့ရတာ နေမှာပေါ့'

'ဟုတ်တယ်ဗျ၊ ဒါပေမဲ့ အဖြစ်က တော်တော့်ကို ဆန်းတယ်ဗျို့၊ ပြောတော့ ပြောရဦးမယ်၊ မနက် ရှစ်နာရီထိုးမှာ အလုပ်လက်မဲ့ ရထားသမား တစ်ယောက်လို ရုပ်ဖျက်ပြီး အိမ်က ထွက်သွားတယ်ဗျ၊ ရထားသမား ဆိုတဲ့ လူတွေဟာ သူတို့ အချင်းချင်းကျရင် တော်တော်လေး ရိုင်းပင်းတတ်ကြတယ်၊ သူတို့နှင့်သာ တည့်အောင် ပေါင်းလိုက်ရင် သိချင်တာ အကုန် သိရတာပဲ၊ ဒါနှင့် ဘရီယိုနီ စံအိမ်ကို မကြာခင်ပဲ ရှာလို့ တွေ့ရော ဆိုပါတော့၊ အိမ်က နှစ်ထပ်တိုက်ကလေးဗျ၊ ရှေ့မှာ လမ်းနား အရောက် ကပ်ဆောက်ထားပြီး နောက်ဘက်မှာ ပန်းခြံကလေး တစ်ခု ရှိတယ်၊ ညာဘက်မှာ ပရိဘောဂတွေ အပြည့် ချထားတဲ့ ဧည့်ခန်းကြီး တစ်ခု ရှိတယ်၊ ပြတင်းပေါက်ကြီးတွေက အရှည်ကြီးတွေ၊ ကြမ်းပြင်နား အထိ ရောက်တယ်၊ မင်းတုပ်တွေက အင်္ဂလိပ် မင်းတုပ်တွေဗျ၊ အဟန့် ကောင်းပေမဲ့ ဒီမင်းတုပ်မျိုးလောက်တော့ ကလေးလေးတောင် ဖွင့်လို့ ရတယ်၊ ဒီနောက်တော့ သိပ် မထူးခြားလှပါဘူး၊ အဆောင်ကူး စင်္ကြံက ပြတင်းပေါက်ကတော့ ရထားရုံ အမိုးပေါ်ကနေ တက်ရင် ဖြစ်နိုင်တယ် ဆိုတာလောက် သတိ ထားမိခဲ့တယ်၊ ဒါနှင့် ကျုပ် အိမ်ပတ်ပတ်လည်ကို လျှောက်ကြည့်တယ်၊ ဒါပေမဲ့ ထူးထူးခြားခြား စိတ်ဝင်စားစရာရယ်လို့ မတွေ့ရပါဘူး။

'ဒါနှင့် လမ်းမ တစ်လျှောက်ကို လျှောက်ပြီး အကဲခတ် ကြည့်တယ်၊ ကျုပ် ထင်တဲ့ အတိုင်းပဲ သူ့ အိမ်ဥယျာဉ်ရဲ့ တံတိုင်းနားမှာ မြင်းဇောင်း တစ်ခုကို


mgyoe.com

mgyoe.com SAMPLE BOOK

သွားတွေ့တယ်၊ မြင်းဇောင်းက မြင်းသမားတွေက မြင်းကို အမွေး ညှပ်ပေးနေတာ တွေ့လို့ ကူညှပ်ပေးတယ်၊ မြင်းမွေး ညှပ်ခ အဖြစ် နှစ်ပဲနိရယ်၊ အရက်ကလေး တစ်ခွက်ရယ်၊ ဆေး နှစ်ဆုံစာလောက်ရယ် ရခဲ့တယ်ဗျ၊ အိုင်ရင်း အက်ဒလားရဲ့ အတ္ထုပ္ပတ္တိကို သိချင်တော့ တခြား ကျုပ် စိတ်မဝင်စားတဲ့ လူ တစ်ဒါဇင်လောက်ရဲ့ အကြောင်းကို နားထောင်ခဲ့ရသေးတယ်ဗျ'

'အိုင်ရင်း အက်ဒလား အကြောင်းကကော ဘာများ ထူးလို့လဲ'

'မိန်းမက ယောကျ်ား တော်တော်များများကို အရူး လုပ်ခဲ့ဖူးတာပဲဗျ၊ တော်တော်လည်း လှတဲ့ မိန်းမဆိုကိုး၊ ဒါက ဆာပင်တိုင်လမ်းမှာ ရှိတဲ့ မြင်းဇောင်းက မြင်းထိန်းတွေ ယောကျ်ားချင်း ပြောတဲ့ စကားတွေပေါ့ဗျာ၊ နေတာကတော့ အေးအေးဆေးဆေးပါပဲတဲ့၊ ပဒေသာ ကပွဲတွေမှာ သီချင်း ဆိုတယ်၊ နေ့တိုင်း ညနေ ငါးနာရီ ဆိုရင် မြင်းရထား လျှောက်စီးတယ်၊ ခုနစ်နာရီ ဆိုရင် ညစာ စားဖို့ ပြန်လာတယ်၊ ကပွဲတို့ ဘာတို့ မရှိရင် အပြင်ကို ထွက်ခဲသတဲ့၊ သူ့ဆီကို လူတစ်ယောက် အမြဲ လာတတ်တယ်တဲ့၊ သူ့ကိုတော့ တော်တော် ဖွဲ့ဖွဲ့လမ်းလမ်း ဖြစ်ပုံပဲတဲ့၊ လူက အသားညိုညို၊ ခပ်ချောချော၊ ရှိုးကောင်းကောင်း ရယ်တဲ့ဗျ၊ တစ်နေ့ကို တစ်ကြိမ်တော့ အမြဲ လာတတ်သတဲ့၊ တစ်ခါတလေမှာ နှစ်ကြိမ်လောက် လာတတ်သတဲ့၊ အင်နား တင်ပယ်လ်က ဆင်းတဲ့ ဝတ်လုံ၊ နာမည်က ဂေါ်ဖရီ နော်တန်တဲ့၊ ရထားသမားတွေဆီ သွားရင် ဘယ်လောက် သတင်းစုံ ကြားရတယ် ထင်သလဲ၊ ဆာပင်တိုင် မြင်းဇောင်းက ရထားသမားတွေကတော့ သူ့ကို အိမ်လိုက်ပို့ရတာ အကြိမ်ပေါင်း တစ်ဒါဇင်လောက်တောင် ရှိပြီတဲ့၊ သူတို့ဆီက သတင်းတွေကို ရပြီးတဲ့ အခါကျတော့ ဘရီယိုနီ စံအိမ်နားကို နောက်တစ်ပတ် လျှောက်ကြည့်ပြန်တယ်၊ ရှေ့စီမံကိန်းလေး ဘာလေး ချနိုင်အောင် ဆိုပါတော့။

'ဂေါ်ဖရီ နော်တန် ဆိုတဲ့ လူက ဒီကိစ္စမှာ တော်တော် အရေးကြီးတဲ့ လူဗျ၊ လူက ဝတ်လုံ၊ ဝတ်လုံ ဆိုတော့ ဉာဏ်များတာပေါ့ဗျာ၊ သူတို့နှစ်ယောက် ဆက်ဆံရေးက ဘယ်လိုလဲ၊ ဘာဖြစ်လို့ ဒီကို ခဏ ခဏ လာနေရသလဲ၊ အိုင်ရင်း အက်ဒလားဟာ သူ့ အမှုသည်လား၊ ဒါမှမဟုတ် သူ့ အဆက်လား၊ တကယ်လို့ သူ့အမှုသည် ဖြစ်ရင် အိုင်ရင်း အက်ဒလားဟာ ဒီဓာတ်ပုံကို သူ့ဆီမှာ ထားရမယ်၊ တကယ်လို့ သူ့ အဆက် ဖြစ်နေတယ် ဆိုရင်တော့ အပ်မယ် မဟုတ်ပေဘူးဗျ၊ ဒီတော့ ဒါကို အလျင် စဉ်းစားဖို့ လိုတယ်၊ ကျုပ် အနေနှင့် ဘရီယိုနီ စံအိမ်နား တစ်ဝိုက်မှာ ဆက် အလုပ် လုပ်မလား၊ အင်နား တင်ပယ်လ်က ဝတ်



mgyoe.com

mgyoe.com SAMPLE BOOK

လုံတွေကို အကဲ ခတ်ကြည့်ရမလား ဆိုတာ ဒီအချက်ပေါ်မှာ တည်နေတယ်၊ ပြဿနာက တော်တော်လေး သိမ်မွေ့တယ်၊ ထောက်လှမ်းရမယ့် နယ်က ကျယ်လာပြီ၊ အင်း အသေးစိတ်တွေကို ဒီလောက် ပြောနေလို့ ပျင်းများ သွားမလား မသိဘူး၊ ဒါပေမဲ့ ကျုပ် အခက်အခဲကို သိအောင် အခြေအနေကို ရှင်းပြတာပါ'

'ဟုတ်ပါပြီလေ၊ ကျွန်တော် နားလည်ပါတယ်'

'ဒီလို စဉ်းစားနေတုန်း ဘရီယိုနီ စံအိမ်ကို နှစ်ယောက်စီး မြင်းရထားကလေး တစ်စီး ဆိုက်လာပြီး လူတစ်ယောက် ခုန်ဆင်းလာတယ်ဗျ၊ လူကတော့ တော်တော် ချောတဲ့ လူဗျ၊ အသား ညိုညို၊ နှာခေါင်း ကောက်ကောက်၊ နှုတ်ခမ်းမွေးနှင့်၊ ဂေါ်ဖရီ နော်တန် ဆိုတာ သေချာတယ်၊ ကြည့်ရတာကတော့ တော်တော့်ကို အရေး ကြီးလာတဲ့ ပုံပဲ၊ ရထားသမားကို စောင့်ခိုင်းထားပြီး အိမ်စေမိန်းကလေးကလည်း တံခါး ဖွင့်ပေးရော ရေးကြီးသုတ်ပျာနှင့် ဝင်သွားတာပဲ၊ ဒီအိမ်မှာ ဝင်နေ ထွက်နေကျ ပုံပဲဗျ။

'အိမ်ထဲမှာ နာရီဝက်လောက် ကြာလိမ့်မယ် ထင်တယ်၊ ဧည့်ခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း လက်ဟန် ခြေဟန်နှင့် စကား ပြောနေတာကို ပြတင်းပေါက်ကနေ ဒီအတိုင်း မြင်နေရသဗျ၊ အိုင်ရင်း အက်ဒလားကိုတော့ မမြင်ရဘူး၊ ခဏ ကြာလို့ ထွက်လာတဲ့ အခါကျတော့ သူ့ ကြည့်ရတာ အသွားတုန်းကထက်တောင် ပျာယာ ခတ်နေသေးသဗျ၊ ရထားပေါ် ရောက်တော့ အိတ်ထဲက ခါးပိုက်ဆောင် ရွှေနာရီကို ထုတ်ပြီး နာရီကို ကြည့်လိုက်ရင်း ဟေ့ အမြန်ဆုံး မောင်းစမ်းကွာတဲ့၊ ရီဂျင့်လမ်းက ဂရော့စ်နှင့် ဟန်တလေကီ အထည်တိုက်ကို အမြန်မောင်း၊ ပြီးတော့ အက္ကဝဲလမ်းက စိန့်မော်နီကာ ဘုရားရှိခိုးကျောင်းကို သွား၊ မိနစ် နှစ်ဆယ် အတွင်း ရောက်အောင် မောင်း၊ မင်းကို ရွှေဒင်္ဂါး ပြားဝက် ပေးမယ်တဲ့။

'သူ ထွက်သွားတော့ ကျုပ် ချီတုံချတုံ ဖြစ်နေတယ်၊ သူ့နောက်ကိုပဲ လိုက်ရမလားပေါ့၊ ဒီတုန်းမှာ အမိုးဖွင့် လေးဘီး ရထားကလေး တစ်စီး လမ်းထဲကို မောင်းလာတယ်၊ ရထားသမားက အင်္ကျီ ကြယ်သီးတောင် ပြုတ်လို့ဗျ၊ လည်စည်းကလည်း နောက်ကို လွင့်ပြီး ပခုံးပေါ် ရောက်နေတယ်၊ ရထားကြိုးတွေကလည်း တချို့ နေရာတွေမှာ ကွင်းတွေ ပြုတ်လို့၊ ရထား ရပ်လို့ အရှိန်တောင် မသေသေးဘူး၊ အိမ်ထဲက မိန်းမ တစ်ယောက် ကတိုက်ကရိုက် ပြေးထွက်လာပြီး ရထားပေါ် တက်သွားတယ်၊ အဲဒီတုန်းမှာ ဒီမိန်းမကို ရိပ်ခနဲ မြင်လိုက်ရတာ၊ ဒါပေမဲ့ တော်တော် ချောတဲ့ မိန်းမဗျို့၊ ဒီလောက် လှတဲ့ မျက်နှာမျိုး



mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ဆိုရင် တော်တော့် ယောက်ျားဟာ အသက်ကိုတောင် စွန့်လိမ့်မယ် ထင်တယ်။

'ဂျွန်ရေ၊ စိန့်မော်နီကာ ဘုရားရှိခိုးကျောင်းကို မြန်မြန် မောင်းစမ်းတဲ့၊ မိနစ် နှစ်ဆယ် အတွင်း ရောက်ရင် မင်းကို ရွှေဒင်္ဂါး ပြားဝက် ပေးမယ်လို့ ပြော သံ ကြားလိုက်ရတယ်။

'ဒီတစ်ခါတော့ ကျုပ် အခွင့်အရေးကို လက်လွှတ် မခံနိုင်တော့ဘူးဗျို့၊ ရထား နောက်ပဲ ခြေကျင် ပြေးလိုက်ရမလား၊ ရထားနောက်မြီးကို တက်စီးပြီး လိုက်သွားရမလား စဉ်းစားနေတုန်း လမ်းထဲက ရထား တစ်စီး ထွက်လာတာ နှင့် အတော်ပဲ၊ ရထားသမားကို ခေါ်တော့ သိပ် လိုက်ချင်ပုံ မရဘူးဗျ၊ ခပ်အင် အင် လုပ်နေတယ်၊ ဟုတ်မှာပေါ့လေ၊ ကျုပ်ကို ကြည့်ရတာက စုတ်ပြတ်နေတာ ကိုး၊ ဒါနှင့် သူ ဘာမှ မပြောခင် ရထားပေါ် အတင်း ခုန်တက်ပြီး မိနစ် နှစ်ဆယ် အတွင်း စိန့်မော်နီကာ ဘုရားရှိခိုးကျောင်းကို အရောက် မောင်းစမ်းကွာ၊ ရွှေ ဒင်္ဂါး ပြားဝက် ပေးမယ်လို့ ပြောလိုက်တယ်၊ အဲဒီတော့ ဆယ့်နှစ်နာရီ ထိုးဖို့ နှစ်ဆယ့် ငါးမိနစ်ပဲ လိုတော့တယ်ဗျ၊ တစ်ခုခု ထူးခြားတာတော့ သေချာနေပြီ။

'ရထားသမားကလည်း ဒုန်း မောင်းတာပဲဗျို့၊ ကျုပ် အထင်တော့ ဒီ လောက် တစ်ခါမှ မြန်မြန် မစီးဖူးဘူး ထင်တာပဲ၊ ဒါပေမဲ့ ကျုပ်ထက် အလျင် ရောက်နေတဲ့ သူတွေ ရှိနေပြီဗျ၊ ရထားလုံးနှင့် အမိုးပက်လက် ရထားကလေးဟာ ဘုရားရှိခိုး ကျောင်းရှေ့ ရောက်နေကြပြီ၊ မြင်းတွေမှာ အငွေ့တွေ တထောင်း ထောင်း ထလို့၊ ကျုပ်လည်း ပိုက်ဆံ ပေးပြီး ဘုရားရှိခိုးကျောင်းထဲ ခပ်သုတ် သုတ် ဝင်လာခဲ့တယ်၊ အထဲရောက်တော့ ကျုပ် နောက်ယောင်ခံ လိုက်နေတဲ့ သူတို့ နှစ်ယောက်ရယ်၊ သင်္ကန်း ရုံထားတဲ့ ဘုန်းတော်ကြီး တစ်ပါးရယ်၊ ပေါင်း သုံးယောက်ပဲ ရှိတယ်၊ ဘုန်းကြီးက သူတို့ကို ဘာမှန်းမသိဘူး ရှင်းပြနေတယ်၊ ကျုပ် ရောက်သွားတော့ သူတို့ သုံးယောက်က တရားဟော ပလ္လင် ရှေ့မှာ ဖိုခုံ လောက်ဆိုင် ရပ်လို့ဗျ၊ ကျုပ်လည်း ကြုံလို့ ဝင်ပြီး ဘုရား ဝတ်ပြုတဲ့ လူတစ် ယောက် ဟန်နှင့် ဘေး အစွန်ဆုံး ခုံတန်း တစ်ခုမှာ ဝင်ထိုင်နေလိုက်တယ်၊ အံ့သြစရာပဲဗျို့၊ ဂေါ်ဖရီ နော်တန် ဆိုတဲ့ လူဟာ ကျုပ်ဆီကို အတင်း ပြေးလာ ပြီး ကျေးဇူးပါပဲဗျာ၊ လာပါဗျာ၊ ကျွန်တော်တို့ကို တစ်ခု အကူအညီ ပေးစမ်းပါ တဲ့၊ ဘာလဲလို့ ကျုပ်က မေးတော့ ဗျို့လူ မြန်မြန် လာစမ်းဗျာ၊ သုံးမိနစ်တည်းပဲ ကျန်တော့တယ်၊ သုံးမိနစ် ကျော်သွားရင် တရားမဝင်ဘဲ ဖြစ်သွားလိမ့်မယ်တဲ့။

'ဒါနှင့် ကျုပ်လည်း ကန့်လန့် ကန့်လန့်နှင့် ပါသွားတာ ကြည့်လိုက်တော့

mgyoe.com

mgyoe.com SAMPLE BOOK

ပလ္လင်နား ရောက်နေတယ်၊ ပြီးတော့ ကျုပ် နား နားကို ကပ်ပြီး တတွတ်တွတ် ရွတ်နေတာတွေကို လိုက်ဆိုနေမိလျက်သား ဖြစ်နေတယ်၊ ဘာတွေမှန်းတောင် မသိဘူး၊ လက်စသတ်တော့ ကျုပ်က အပျိုကြီး အိုင်ရင်း အက်ဒလားနှင့် လူပျို ကြီး ဂေါ်ဖရီ နော်တန်တို့ရဲ့ လက်ထပ်ပွဲကို ရောက် နေ တာကိုးဗျ၊ ဘယ် အချိန်မှာ လက်ထပ် ပြီးသွားတယ်လို့ တော့ မသိလိုက်ဘူး၊ သတိရ လို့ ကြည့်လိုက်တော့ အမျိုး သမီးနှင့် အမျိုးသားက ကျွန် တော့် ဘေးမှာ ရပ်လို့၊ ဘုန်း ကြီးကလည်း ရှေ့က ရပ်ပြီး ပြုံးပြုံးကြီး ကျုပ်ကို ကြည့်လို့၊ ကျုပ် တစ်သက်မှာ ဒီလောက် အူတိအူကြောင် ဖြစ်တဲ့ အဖြစ် မျိုး ဒီတစ်ခါပဲ တွေ့ဖူးသေး တယ်ဗျ၊ ဒါကြောင့်မို့ ကိုယ့် အဖြစ် ကိုယ် တွေးမိပြီး ဟက် ဟက်ပက်ပက် ရယ်နေတာ ဗျို့၊ ကြည့်ရတာကတော့ သူ တို့ နှစ်ယောက် လက်ထပ် စာ



'ကျုပ် နား နားကို ကပ်ပြီး တတွတ်တွတ် ရွတ်နေတာတွေကို လိုက်ဆိုနေမိလျက်သား ဖြစ်နေတယ်'

ချုပ်မှာ တစ်ခုခု လိုနေပုံ ရပါရဲ့၊ သက်သေ တစ်ယောက်ယောက် မရှိဘဲ လက် ထပ် မပေးနိုင်ဘူးလို့ ဘုန်းကြီးက ငြင်းနေတယ်၊ ဒီတွင် ကျုပ် ရောက်သွားတော့ သတို့သားလည်း လမ်းမ ထွက်ပြီး သက်သေ မရှာရတော့ဘဲ အခန့်သင့် ဖြစ်သွား တာပေါ့ဗျ၊ သတို့သမီးကတော့ ကျုပ်ကို ရွှေဒင်္ဂါး တစ်ပြား ပေးလိုက်တယ်ဗျ၊ အင်း ဒီ အဖြစ်အပျက်ကလေးကို သတိရသောအားဖြင့် ရွှေဒင်္ဂါးပြားကလေးကို တော့ လည်မှာ ဆွဲထားရဦးမယ်'

'ဒီလိုပဲဗျ၊ မထင်တာတွေ တော်တော် ဖြစ်တတ်တယ်၊ ပြီးတော့ကော ဆက်ပါဦး'

ကျွန်ုပ်က ပြောလိုက်၏။



mgyoe.com

mgyoe.com SAMPLE BOOK

'အင်း၊ ကျုပ် အကြံအစည်တွေ ပျက်သွားနိုင်တဲ့ အခြေအနေ ရှိနေတယ်ဗျ၊ ကြည့်ရတာကတော့ သူတို့နှစ်ယောက် နိုင်ငံခြားကို မကြာခင် ထွက်သွားမယ့်ပုံပဲ၊ ဒီလိုဆိုရင် ကျုပ်အနေနှင့် လုပ်စရာ ရှိတာကလေးတွေကို ခပ်မြန်မြန် လုပ်ဖို့လိုလာပြီ၊ ဒါပေမဲ့ ဘုရားရှိခိုးကျောင်း အဝ ရောက်တော့ သူတို့ နှစ်ယောက်လမ်းခွဲသွားကြတယ်ဗျ၊ နော်တန်က ဝတ်လုံတွေရဲ့ ရုံးတွေဘက်ကို ထွက်သွားတယ်၊ အိုင်ရင်း အက်ဒလားက သူ့အိမ်ကို ပြန်သွားတယ်၊ ညနေ ငါးနာရီ ထိုးရင် ပန်းခြံကို လာခဲ့မယ်နော်လို့ အမျိုးသမီးက ပြောသွားသံ ကြားလိုက်ရတယ်၊ ကျန်တာတော့ မကြားလိုက်ရဘူး၊ သူတို့လည်း တစ်ယောက် တစ်လမ်းစီ ခွဲသွားကြရော ကျုပ်လည်း လုပ်စရာ ရှိတာကလေးကို ခပ်သွက်သွက် လုပ်ဖို့ ထွက်လာခဲ့တာပဲ'

'ဘာတွေများလဲ'

'အမဲသား ရေခဲစိမ်နှင့် ဘီယာကလေး တစ်ခွက် ပေးစမ်းပါဦးဗျို့'

ရှားလော့ဟုမ်းက ခေါင်းလောင်းကို နှိပ်လိုက်ပြီး အိမ်ရှင် အဘွားကြီးကို လှမ်း ပြောလိုက်၏။

'အလုပ် များလွန်းလို့ အစားအသောက်တောင် သတိ မရဘူးဗျ၊ ဒီနေ့ညနေ ဆိုရင် ပိုပြီးတောင် အလုပ် များ လိမ့် မယ် ထင်တယ်၊ ဩော် ဒါ့ထက် ဒေါက်တာ ဝပ်ဆင်ရေ၊ စကားမစပ် ခင်ဗျား အကူအညီတော့ လိုလိမ့်မယ်ထင်တယ်ဗျို့'

'အဆင့်သင့်ပါဗျာ၊ ရပါတယ်'

'ဥပဒေကို ချိုးဖောက်ရဲပါ့မလား'

'ရဲပေ့ဗျာ'

'အဖမ်းခံရမယ် ဆိုရင်ကော'

'တရားသဖြင့် ဆိုရင် ခံနိုင်ပါတယ်'

'တရားသဖြင့် ဖြစ်တာကတော့ အတိုင်းထက် အလွန်ပေါ့ဗျာ'

'ဒီလိုဆို စိန်လိုက်ဗျို့၊ ခင်ဗျား ကြိုက်တာ ခိုင်း'

'ကျုပ်က ခင်ဗျားကို အားကိုးပြီး လုပ်ရမှာနော်'

'ဆိုပါဦး၊ ဘာလုပ်ရမှာလဲ'

'ဟုတ်ပြီလေ၊ အဘွားကြီး စားစရာ သောက်စရာ လာချတော့ စားရင်း သောက်ရင်း ပြောကြတာပေါ့၊ ဒီလိုဗျ'

ရှားလော့ဟုမ်းသည် အိမ်ရှင် အဘွားကြီး ချပေးသွားသည့် သာမန်မျှသာ



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သော စားသောက်ဖွယ်တို့ကို အငမ်းမရ စားသောက်ရင်း

'အချိန် သိပ်မရှိဘူးဗျ၊ စားရင်း သောက်ရင်းပဲ ပြောရမှာပဲ၊ ခု ငါးနာရီ ထိုးလုနေပြီ၊ နှစ်နာရီလောက် အတွင်းမှာ ကျုပ်တို့ အလုပ် လုပ်ရမယ့် နေရာကို အရောက် သွားရမှာ၊ အိုင်ရင်း အက်ဒလားက ခုနစ်နာရီ ထိုးရင် ညနေ လေညင်းခံ ထွက်ရာက ပြန်လာတော့မှာ၊ သူနှင့် တွေ့ဖို့ ကျုပ်တို့ ဘရီယိုနီ စံအိမ်ကို ခုနစ်နာရီ အရောက် သွားရမယ်'

'ပြီးတော့ကော'

'ကျန်တာတော့ ကျုပ် တာဝန် ထားပါလေ၊ ကျုပ်ဘာသာ ကျုပ် အကွက် ချပြီးပါပြီ၊ ခင်ဗျားကို ကျုပ် ပြောချင်တာကတော့ တစ်ခုပဲ၊ ဘာကြီးပဲ ဖြစ်ဖြစ် ခင်ဗျားက မဆိုင်တဲ့ လူတစ်ယောက်လို အသာပဲ နေရမယ်၊ ကျုပ် ပြောတာ နားလည်ရဲ့လား'

'ကျုပ်က ကြားနေရမယ်ပေါ့'

'ဘာဆို ဘာမှ ဝင်မပါနှင့်၊ ဟိုရောက်ရင် ရုန်းရင်းဆန်ခတ် ဖြစ်တာကလေးတွေ ဘာလေးတွေ ရှိနိုင်တယ်၊ ဒါပေမဲ့ ခင်ဗျား မပါနှင့်၊ ရန်ပွဲကလေးတွေ ပြီးရင် ကျုပ်လည်း အိမ်ထဲ ရောက်သွားလိမ့်မယ်၊ လေးငါးမိနစ်လောက် ကြာရင် ဧည့်ခန်းက ပြတင်းပေါက်ကြီးတွေ ပွင့်လာလိမ့်မယ်၊ ခင်ဗျားက အဲဒီ ပွင့်လာတဲ့ ပြတင်းပေါက်နားမှာ အပြင်ဘက်က ရပ်နေ'

'ဟုတ်ပြီ'

'အပြင်ကနေပြီး ကျုပ်ကို စောင့်ကြည့်နေ၊ ခင်ဗျား နေရာက ကြည့်ရင် ကျုပ်ကို မြင်ရလိမ့်မယ်'

'ဟုတ်ပြီ'

'ပြီးတော့ ကျုပ်က လက် မြှောက်ပြလိုက်တာနှင့် တစ်ပြိုင်နက် ကျုပ် ပေးထားတဲ့ ပစ္စည်းကို အခန်းထဲကို ပစ်သွင်းလိုက်၊ ပြီးတော့ မီး မီး ဆိုပြီး အော်၊ ကျုပ် ပြောတာ သဘော ပေါက်တယ်နော်'

'ပေါက်ပါတယ်'

ရှားလော့ဟုမ်းက အိတ်ထဲမှ ဆေးပြင်းလိပ် သဏ္ဌာန် ပစ္စည်း တစ်ခုကို ထုတ်ပြလိုက်ပြီး

'သိပ် အန္တရာယ် မရှိပါဘူး၊ ရေပိုက်ပြင်သမားတွေ ဂဟေ ဆော်ရာမှာ သုံးတဲ့ ဂဟေဘူးကလေးပါ၊ အထဲမှာ မီးခိုးတွေ ထည့်ထားတယ်၊ ပြီးတော့ ထိပ် တစ်ဖက် တစ်ချက်မှာ အဖုံးကလေးတွေ တပ်ထားတယ်၊ ဖွင့်လိုက်တာနှင့် သူ့



mgyoe.com

mgyoe.com
SAMPLE BOOK

ဘာသာသူ မီးကူးသွားတယ်၊ ခင်ဗျား လုပ်ဖို့က ဒါပဲ၊ ခင်ဗျားက မီး မီးလို့ အော်တော့ လူတွေ ဝိုင်းလာကြလိမ့်မယ်၊ အဲဒီလို ရုတ်ရုတ်သဲသဲ ဖြစ်နေတုန်းမှာ လမ်းထိပ်ကို ထွက်ပေတော့၊ ဆယ်မိနစ်လောက် ကြာရင် ကျုပ် လာခဲ့မယ်၊ ဟုတ်လား၊ ကျုပ် ပြောတာ ရှင်းတယ်နော်'

'ကျုပ်က ဘာမှ မလုပ်ဘဲ ကြည့်နေရမယ်၊ ပြတင်းပေါက်နားမှာ နေရမယ်၊ ခင်ဗျားကို ကြည့်နေရမယ်၊ ခင်ဗျားက အချက်ပြလိုက်တာနှင့် ဒီပစ္စည်းကို အခန်းထဲ ပစ်သွင်းလိုက်ရမယ်၊ ပြီးတော့ မီး မီးလို့ လှန့်ရမယ်၊ ပြီးတော့ လမ်းထိပ်မှာ စောင့်နေရမယ်'



စိတ် နှလုံးကောင်း ရှိသည့် သင်းအုပ်ဆရာ တစ်ယောက် အသွင်ဖြင့် ထွက်လာလေ၏။

'ဟုတ်တယ်၊ ဒီအတိုင်းပဲ'

'စိတ်ချ'

'နိုပ်ပြီဗျ၊ ကဲ ဒီလိုဆိုရင် ကျုပ်လည်း ကျုပ် ကိစ္စကလေးတွေ ပြင်ဖို့ ဆင်ဖို့ အချိန်ရောက်နေပြီ ထင်တယ်'

ရှားလော့ဟုမ်းသည် အိပ်ခန်းထဲသို့ ဝင်သွား၏။ မိနစ် အနည်းငယ် ကြာသည့် အခါတွင် လေးစား ကြည်ညိုဖွယ် ကောင်း၍ စိတ်နှလုံးကောင်း ရှိသည့် သင်းအုပ်ဆရာ တစ်ယောက် အသွင်ဖြင့် ထွက်လာလေ၏။ ဦးထုပ်အနက်ပြားကြီးကို ဆောင်း၍ ဘောင်းဘီ ပွပွ၊ လည်စည်း အဖြူတို့ကို ဝတ်ဆင်ထားပြီး ချိုသာ နူးညံ့သည့် အပြုံး၊ သနား ကြင်နာတတ်သည့် ဟန် အမူအရာ စသည်တို့ကို ဆောင်လျက် ရှိသဖြင့် ရှားလော့ဟုမ်းမှာ တကယ့် သင်းအုပ် ဆရာကိုက် ပေါက်လျက် ရှိလေရာ ထိုသို့ တူအောင် လုပ်နိုင်မည့် သူမှာ ရှားလော့ဟုမ်းမှ လွဲလျှင် နိုင်ငံကျော် လူရွှင်တော်ကြီး ဂျွန် ဟဲယား တစ်ယောက်သာ ရှိတော့မည်ဟု ထင်ရပါသည်။ ရှားလော့ဟုမ်းသည် အဝတ်အစားကိုသာ ပြောင်းလဲသည် မဟုတ်၊ မျက်နှာထား အမူအရာနှင့် တကွ စိတ်ဓာတ်ပါ သူ

mgyoe.com

mgyoe.com SAMPLE BOOK
ကပြရမည့် အခန်းနှင့် ခွင်ကျအောင် လုံးဝ ပြောင်းလဲသွားသည်လောဟု ထင်ရလောက်၏။

ရှားလော့ဟုမ်း တစ်ယောက် ရာဇဝတ်မှု စုံထောက်ကြီး တစ်ယောက် ဖြစ်လာခြင်းသည် ဇာတ်သဘင် လောကတွင် ထူးချွန်သည့် ဇာတ်ဆောင် တစ်ယောက် ဆုံးရှုံးသွားရုံမျှမက သိပ္ပံပညာနယ်တွင်လည်း ဉာဏ်ကြီးသည့် ပညာရှင် တစ်ဦး ဆုံးရှုံးခြင်း မည်ပေသည်ဟု ကျွန်ုပ် အောက်မေ့မိသေး၏။

ခြောက်နာရီ ထိုးရန် ဆယ့်ငါးမိနစ် အလိုတွင် ကျွန်ုပ်တို့သည် ဘေကာလမ်းမှ ထွက်လာခဲ့ကြလေ၏။ ဆာပင်တိုင် ရိပ်သာလမ်းသို့ ရောက်သောအခါ ခုနစ်နာရီ ထိုးရန် ဆယ်မိနစ် လိုသေး၏။ ကျွန်ုပ်တို့တစ်တွေ ဘရီယိုနီ စံအိမ်ရှေ့တွင် လမ်းသလားနေကြစဉ်တွင် မှောင်ရီ ပျိုးလာသဖြင့် လမ်းမီးများ လင်း၍လာခဲ့လေပြီ။ အိမ် အနေအထားမှာ ရှားလော့ဟုမ်း တိကျစွာ ပြောပြသည်ကို ကျွန်ုပ် မျက်စိထဲတွင် ပုံဖော်ထားသည့် အတိုင်း ဖြစ်လျက် ရှိ၏။ သို့ရာတွင် ထိုရပ်ကွက်မှာ ကျွန်ုပ် မျှော်လင့်ထားသည်ထက် လူသူ အသွားအလာ နည်းသည်ကို တွေ့ရပေ၏။ ထိုနေရာ တစ်ဝိုက်၌ တိတ်ဆိတ်သလောက် တစ်ဖက် လမ်းကြားကလေးထဲတွင်မူ ထူးထူးခြားခြား ဆူညံလျက် ရှိ၏။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ထားကြသူ တစ်သိုက်သည် လမ်းထောင့်တွင် ဆေးလိပ်သောက်ရင်း ဆူညံစွာ စကား ပြောလျက် ရှိကြ၏။ ရှေ့တွင် ဘီးကြီးကို ချထားသည့် ကတ်ကြေးသွေးသမား တစ်ယောက်၊ ကောင်မလေး တစ်ယောက်ကို ရိသဲ့သဲ့ လုပ် နေ ကြ သည့် မြင်းထိန်း နှစ်ယောက်နှင့် သားနားစွာ ဝတ်ဆင်ထားသည့် လူငယ် တစ်သိုက်တို့ကိုလည်း တွေ့ရပေ၏။

အိမ်ရှေ့တွင် လမ်းသလားလျက် ရှိစဉ် ရှားလော့ဟုမ်းက

'ခု သူတို့ နှစ်ယောက် လက်ထပ်လိုက်တော့ ပြဿနာက တော်တော်လေး ရှင်းသွားတယ်ဗျ၊ ဓာတ်ပုံဟာ နှစ်ဖက်စလုံး အတွက် လက်နက် ဖြစ်နေတယ်၊ ဒီဓာတ်ပုံကို ကျုပ်တို့ အမှုသည်က သူနှင့် စေ့စပ်ထားတဲ့ မင်းသမီးမြင်မှာ စိုးသလို အိုင်ရင်း အက်ဒလားကလည်း ဂေါ်ဖရီ နော်တန် မြင်မှာကို စိုးရိမ်ပေလိမ့်မယ်၊ ဒီတော့ ပြဿနာက ဒီဓာတ်ပုံကို ကျုပ်တို့ ဘယ်မှာ ရှာရမလဲ ဆိုတဲ့ ပြဿနာပဲ'

'ဘယ်မှာလို့ ထင်သလဲ'

'အိုင်ရင်း အက်ဒလားဟာ ဒီဓာတ်ပုံကို သွားလေရာမှာ ယူမယ်တော့ မထင်ဘူးဗျ၊ ဓာတ်ပုံက ကက်ဘိနက် ဆိုက်ကြီး (ကက်ဘိနက် ဆိုက် ဆိုတာ


mgyoe.com

mgyoe.com SAMPLE BOOK
အလျား ငါးလက်မခွဲ၊ အနံ လေးလက်မ ရှိတယ်)၊ မိန်းမ ဝတ်စုံထဲမှာ ဒီလောက်ကြီးတဲ့ စာတ်ပုံကြီးကို ထည့်မသွားနိုင်ပေဘူး၊ ပြီးတော့ ကျုပ်တို့ အမှုသည်က ဒီဓာတ်ပုံကို လမ်းမှာ ဆီးလုပြီးပြီ၊ အိမ်ထဲမှာလည်း မွှေနှောက် ရှာပြီးပြီ ဆိုတာ သူ သိပြီးသား၊ နှစ်ကြိမ်တောင် ဝင်ရှာပြီးပြီပဲ၊ ဒါကြောင့် ဒီဓာတ်ပုံကို သူ သွားလေရာမှာ ယူသွားမယ် မဟုတ်ဘူးလို့ ယူဆရတယ်ဗျ'

'ဒါဖြင့် ဘယ်မှာ ရှိမယ် ထင်သလဲ'

'ဘဏ်တိုက်မှာ ဖြစ်ဖြစ် သူ့ ရှေ့နေဆီမှာ ဖြစ်ဖြစ် အပ်ထားနိုင်တယ်၊ ဒီနှစ်နေရာမှာ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ကျုပ်ကတော့ သိပ်တော့ မထင်လှဘူး၊ မိန်းမ ဆိုတာ သဘာဝအားဖြင့် လျှို့ဝှက်တတ်တဲ့ သဘော ရှိလေတော့ တော်တော်တန်တန်ကို သူတို့ဘာသာ လျှို့ဝှက်ထားတတ်တယ်၊ ဒီတော့ သူများဆီမှာ ဘာဖြစ်လို့ အပ်ထားဦးမှာလဲ၊ သူ့ကိုယ်သူပဲ စိတ်ချမှာပေါ့၊ ပြီးတော့ ဒီ ဓာတ်ပုံဟာ လူတစ်ယောက် အပေါ်မှာ ဘယ်လို နိုင်ငံရေး အကျိုး သက်ရောက်မှုတွေ ရှိနိုင်တယ် ဆိုတာလည်း သိပုံ မရဘူးဗျ၊ ဒါတွင် မကဘူး၊ ဒီဓာတ်ပုံကို ရက်များ မကြာမီ အသုံးချတော့မှာဗျ၊ ဒါကြောင့် သူ လွယ်လွယ်ကူကူ ယူလို့ ရတဲ့ နေရာမှာ ရှိရမယ်၊ သူ့အိမ်မှာပဲ ရှိရမှာပဲ'

'ဒါပေမဲ့ အိမ်ကို နှစ်ခါတောင် ရှာပြီးပြီလေ'

'အိုး ဒါကတော့ သူတို့ မရှာတတ်လို့ပါဗျ'

'ခင်ဗျားကကော ဘယ်မှာ ရှာမှာလဲ'

'ကျုပ် မရှာပါဘူး'

'ဘာလုပ်မှာလဲ'

'အိုင်ရင်း အက်ဒလားကို ပြခိုင်းမှာပေါ့'

'သူက ဘယ်ပြပါ့မလဲ၊ ငြင်းမှာပေါ့'

'မငြင်းနိုင်ပါဘူးဗျ၊ အလို ဘီးသံ ကြားတယ်ဗျို့၊ ရထား လာနေပြီ၊ ကျုပ် ပြောထားတဲ့ အတိုင်း တိတိကျကျ လုပ်နော်'

ထိုသို့ ပြောနေစဉ် လမ်းထောင့်မှ ရထား ဘေးမီးရောင်များ ပေါ်ထွက်လာသည်ကို မြင်ရလေ၏။ လှပသည့် အမိုးဖွင့် ရထားကလေးသည် ဘရီယိုနီ စံအိမ် ရှေ့တွင် ရပ်လိုက်၏။ လမ်းထောင့်တွင် ထိုင်နေကြသည့် အစုတ်စုတ်အပြတ်ပြတ် လူအုပ် အနက်မှ တစ်ယောက် ပြေးလာကာ ဘောက်ဆူး ရအောင် ရထား တံခါးကို ဖွင့်ပေးလေ၏။ သို့ရာတွင် နောက်တစ်ယောက်က ပြေးလာပြန်ကာ ထိုလူကို တွန်းဖယ်ပြီး တံခါးကို ဖွင့်ပေးလေ၏။ ထိုသူ နှစ်ယောက်သည်


mgyoe.com

mgyoe.com SAMPLE BOOK

အချင်းများကာ ရန်ဖြစ်ကြ၏။ မြင်းထိန်း နှစ်ယောက်က တစ်ဖက်မှ ဝင်ကူကြသည်တွင် ကတ်ကြေးသွေးသမားကလည်း အခြား တစ်ယောက်ဘက်မှ ဝင်ကူပြန်လေ၏။ သို့ဖြင့် တစ်ယောက်ကို တစ်ယောက် လုံးထွေး သတ်ပုတ်နေကြလေရာ အိုင်ရင်း အက်ဒလားမှာ တုတ်များ၊ လက်သီးများဖြင့် တစ်ယောက်ကို တစ်ယောက် ထိုးနှက် ပုတ်ခတ်နေကြသော လူအုပ် အလယ်တွင် ရောက်နေလေ၏။

ရှားလော့ဟုမ်းသည် အမျိုးသမီးကို အကာအကွယ် ပေးရန် အတွက် လူအုပ်ထဲသို့ အတင်း တိုးဝင်သွားလေ၏။ သို့ရာတွင် အမျိုးသမီး အနီးသို့ ရောက်သည်၌ ရှားလော့ဟုမ်းသည် တစ်ချက်မျှ အော်ကာ မြေကြီးပေါ်သို့ လဲကျသွားလေ၏။ မျက်နှာ တစ်ခုလုံးမှာလည်း သွေးတို့ ခြင်းခြင်း နီရဲလျက်ရှိလေ၏။ ရှားလော့ဟုမ်း လဲကျသွားသည့် အခါတွင် မြင်းထိန်း နှစ်ယောက်သည် ထွက်ပြေးကြပြီး အစုတ်စုတ် အပြတ်ပြတ် ဝတ်ထားသည့် လူများသည်လည်း အခြား တစ်ဖက်သို့ ထွက်ပြေးကြလေ၏။ ထိုအခါတွင် ရန်ပွဲကို ခပ်လှမ်းလှမ်းမှ ကြည့်နေသော သပ်သပ်ရပ်ရပ် ဝတ်ထားသည့် လူတစ်သိုက်သည် အနီးသို့ ရောက်လာကာ အမျိုးသမီးကို ကူညီခြင်း၊ ရှားလော့ဟုမ်းအား ပြုစုခြင်း



ရှားလော့ဟုမ်းသည် တစ်ချက်မျှ အော်ကာ မြေကြီးပေါ်သို့ လဲကျသွားလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

စသည်တို့ကို ပြုလုပ်ပေးကြ၏။ အိုင်ရင်း အက်ဒလားမှာ လှေကားထစ်များပေါ် သို့ ခပ်သုတ်သုတ် တက်သွားပြီး လှေကားထိပ်သို့ ရောက်သည့် အခါတွင် လမ်း တစ်ဖက်သို့ ရပ်ပြီး ကြည့်နေလေ၏။ အခန်းထဲမှ အလင်းရောင် နောက်ခံတွင် သူ၏ ကောက်ကြောင်း သဏ္ဌာန်သည် လှပစွာ ပေါ်လျက် ရှိလေ၏။

'သနားစရာရှင်၊ တော်တော်များ နာသွားသလား မသိဘူး' ဟု မေး၏။

'အသက် မရှိတော့ဘူးဗျ' ဟု တချို့က အော်ကြ၏။

'မသေသေးဘူး၊ မသေသေးဘူး၊ ဆေးရုံကို မြန်မြန် ပို့ရင် ကောင်းမယ်' ဟု တစ်ယောက်က အော်သည်။

'တော်တော် သတ္တိ ကောင်းတဲ့ လူရှင့်၊ သူသာ မကယ်ရင် ကျွန်မရဲ့ ပိုက်ဆံအိတ်ရော နာရီရော ပါသွားမှာ၊ ဒီလူတွေက လူဆိုးတွေရှင့်၊ ကြမ်းက လည်း ကြမ်းပါဘိသနှင့်၊ ခု အသက် ရှူသေးတယ်နော်'

'လမ်းမှာ ဒီအတိုင်းကြီး ပစ်ထားလို့ မဖြစ်ဘူးလေ၊ ကျွန်တော်တို့ အိမ် ထဲကို သယ်ခဲ့ရမလား'

'သယ်ခဲ့ပါရှင်၊ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ တင်ထားပါဦး၊ လာ လာ ဒီဘက်ကို လာ'

ရှားလော့ဟုမ်းအား ဘရိုယိုနီ စံအိမ်ထဲသို့ ဖြည်းညင်းစွာ သယ်သွား ကြပြီးနောက် ဧည့်ခန်းမှ ဆိုဖာ တစ်ခုပေါ်တွင် တင်ထားလိုက်လေ၏။ ပြတင်း ပေါက် အနီးတွင် ရပ်နေသည့် ကျွန်ုပ်သည် ထို အခြင်းအရာများ အားလုံးကို မြင်နေရလေ၏။ ပြတင်းပေါက် ခန်းဆီးများကို ချထားသော်လည်း မီးများ ထွန်းထားသဖြင့် ရှားလော့ဟုမ်းကို ကောင်းစွာ မြင်နေရလေ၏။ ရှားလော့ဟုမ်း သည် အမျိုးသမီးအား တကယ် ကာကွယ်လိုသောစိတ် ပေါ်ပေါက်လာသဖြင့် ဤသို့ ပြုမူလေသလောဟု ကျွန်ုပ် စဉ်းစားမရအောင် ဖြစ်လျက် ရှိပေ၏။

ကျွန်ုပ်တို့ မကောင်း ကြံစည်ရန် ကြိုးစားနေသည့် မိန်းမပျိုမှာ လွန်စွာ ချောမော လှပသည့် မိန်းမပျို တစ်ယောက် ဖြစ်ခြင်းကြောင့်လော၊ သို့တည်း မဟုတ် ရှားလော့ဟုမ်းကို ကြင်နာစွာ ပြုစုနေခြင်းကို တွေ့သည့် အတွက်ကြောင့် လော၊ ဘာကြောင့်မှန်း မသိ၊ ကျွန်ုပ်မှာ လိပ်ပြာ မလုံမလဲ ဖြစ်ကာ အကြီးအကျယ် ရှက်လျက် ရှိလေပြီ။

သို့ရာတွင် ယခုအချိန်၌ ကျွန်ုပ်အား ပေးထားသည့် တာဝန်ကို ကျွန်ုပ် မလုပ်ခဲ့လျှင် ရှားလော့ဟုမ်း အပေါ်တွင် အကြီးဆုံး သစ္စာဖောက်ရာ ရောက်ပေ တော့မည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် အားတင်းကာ ဝတ်ရုံ အင်္ကျီထဲမှ မီးခိုးဘူးကလေးကို ထုတ်လိုက်၏။ ကျွန်ုပ်သည် ထိုမိန်းမပျိုကို ထိခိုက်အောင် လုပ်နေခြင်း မဟုတ်၊ အခြားသူများအား အန္တရာယ် မပြုနိုင်ရန် တားမြစ်နေခြင်း ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းရ၏။

ရှားလော့ဟုမ်းသည် ဆိုဖာပေါ်တွင် ထထိုင် လိုက်ပြီးနောက် အသက်ရှူ၍ မဝသည့်နှယ် ဖြစ်နေသည်။ ဤတွင် အိမ်စေ မိန်းကလေး တစ်ယောက် ပြေးလာကာ ပြတင်းပေါက် ခန်းဆီးကို တင်ပေးလိုက်၏။ ထိုခဏ၌ ရှားလော့ဟုမ်းက လက်တစ်ဖက် မြှောက်ပြသည်ကို မြင်လိုက်သည်နှင့် ကျွန်ုပ်လည်း မီးခိုးဘူးကို အခန်းထဲသို့ ပစ်သွင်းလိုက်ပြီး 'မီးဗျို့ မီး' ဟု အသံကုန် အော်လိုက်သည်။

ကျွန်ုပ်က အော်၍မျှ မဆုံးသေးမီ မြင်းထိန်းများ၊ သပ်သပ်ရပ်ရပ် ဝတ်စားထားသည့် လူရွယ်များ၊ အိမ်စေများ စသည့် စောစောက ဝိုင်းကြည့်နေသည့် လူများသည်လည်း 'မီးဗျို့ မီး' ဟု ဝိုင်းအော်ကြလေ၏။ မီးခိုး လိပ်ကြီးများသည် အခန်းထဲတွင် မည်းမှောင်လျက် ရှိကာ ပြတင်းပေါက်မှ အပြင်သို့ ထွက်လာလေ၏။ အခန်းထဲတွင် လူတွေ ရုတ်ရုတ်သဲသဲ ပြေးလွှားနေသည်ကို မြင်ရပြီးနောက် ခဏ ကြာလျှင် တကယ် မီးလောင်ခြင်း မဟုတ်ဘဲ လှန့်မီး ဖြစ်ကြောင်း ပြောဆို ရှင်းလင်းနေသည့် ရှားလော့ဟုမ်း၏ အသံကို အခန်းဘက်ဆီမှ ကြားရလေ၏။ ကျွန်ုပ်လည်း အော်ဟစ် ပြေးလွှားသည့် လူအုပ်နှင့် အတူ လမ်းထိပ်သို့ ထွက်လာခဲ့ရာ နောက် ဆယ်မိနစ် အကြာ၌ကား မိတ်ဆွေကြီး ရှားလော့ဟုမ်း ရောက်လာသည့် အလျောက် ထိုနေရာ တစ်ဝိုက်မှ ခပ်သုတ်သုတ် ထွက်လာခဲ့ကြလေ၏။

ရှားလော့ဟုမ်းသည် မိနစ် အတန်ကြာမျှ စကား မပြောဘဲ ခပ်သွက်သွက် လျှောက်လျက် ရှိပေ၏။ အဂ္ဂဝဲ လမ်းမကြီးဘက်သို့ ထွက်သည့် တိတ်ဆိတ်သည့် လမ်းတိုကလေး တစ်ခုသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းက

'ဒေါက်တာ လုပ်လိုက်ပုံကလေးကတော့ သပ်ရပ်ပါပေတယ်ဗျာ၊ အပိရိဆုံးပဲ ဆိုပါတော့၊ တော်ပါပေတယ်'

'ဓာတ်ပုံကော ရခဲ့ရဲ့လား'

'နေရာကို သိခဲ့ပြီဗျ'

'ဘယ်လိုလုပ်ပြီး သိသလဲ'

'အိုင်ရင်း အက်ဒလားက ပြလိုက်တာပေါ့ဗျ၊ ကျုပ် မပြောဘူးလား၊ ပြမှာပါလို့'


mgyoe.com

mgyoe.com SAMPLE BOOK

'ကျုပ်တော့ မရှင်းသေးဘူးဗျ'

ရှားလော့ဟုမ်းက ရယ်လိုက်ရင်း

'ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူးဗျ၊ ရိုးရိုးကလေးပါ၊ ခင်ဗျား မြင်တဲ့ အတိုင်းပဲ လမ်းထဲမှာ တွေ့ရသမျှ လူတွေဟာ ကျုပ် လူတွေချည်းပဲဗျ၊ တစ်ညနေ အတွက် ငှားထားတာ'

'အင်း၊ ဒါတော့ ရိပ်မိပါရဲ့'

'ရန်ဖြစ်ကြတဲ့ အခါကျတော့ ကျုပ် လက်ထဲမှာ ဆေးနီရည် ပျစ်ပျစ်တွေ ရှိတယ်လေ၊ လဲကျသွားလို့ မျက်နှာကို လက်ဝါးနှင့် ပွတ်လိုက်တဲ့ အခါကျတော့ သွေးတွေ သံတွေနှင့်လိုလို မကြည့်ရဲစရာ ဖြစ်သွားတာပေါ့ဗျ၊ ဒါကတော့ နည်းဟောင်းကြီးပါ'

'အင်း၊ ဒါကိုလည်း စဉ်းစားမိပါတယ်'

'ကျုပ်ကို အိမ်ထဲ ပွေ့သွားကြတယ်ဗျ၊ အိုင်ရင်း အက်ဒလား အဖို့လည်း ကျုပ်ကို လက်မခံလို့ ဘယ်ဖြစ်တော့မလဲ၊ လက်ခံ ရတော့တာပေါ့၊ ကျုပ် မသင်္ကာဆုံး ဖြစ်တဲ့ သူ့ ဧည့်ခန်းထဲကို ကျုပ် ရောက်သွားတာပေါ့၊ ဒီဓာတ်ပုံဟာ သူ့အိပ်ခန်းနှင့် ဧည့်ခန်း ကြားမှာ ရှိရမယ်လို့ ကျုပ် တွက်ထားတယ်ဗျ၊ သူတို့က ကျုပ်ကို ဆိုဖာပေါ် ချထားတုန်း ကျုပ်က အသက်ရှူလို့ မဝချင်ယောင် ဆောင်တယ်၊ ဒီတော့ သူတို့ ပြတင်းပေါက်ကိုလည်း ဖွင့်ပေးရော ခင်ဗျား အဖို့လည်း အခွင့်ကောင်း ရသွားရော မဟုတ်လား'

'မီး လှန့်တာကကော ဘယ်လို ဆိုင်သလဲ'

'အဲဒါက အရေးကြီးဆုံးပေါ့ဗျ၊ ကိုယ့် အိမ်ကို မီးလောင်ပြီ ထင်ရင် မိန်းမ ဆိုတာ သူ တန်ဖိုး အထားဆုံး ပစ္စည်း ရှိရာကို အလျင် ပြေးတာပဲ၊ ဒီလို ပြေးအောင်လည်း သူ့ ပကတိ စိတ်က နှိုးဆော်လိုက်တယ်လေ၊ ဒီနှိုးဆော်စိတ်ဟာ အလွန် ပြင်းထန်တယ်ဗျ၊ ဒီနှိုးဆော်စိတ်ကြောင့် ကျုပ်မှာ တစ်ကြိမ်မက အကျိုး ထူးခဲ့ဖူးပြီ၊ ဒါလင်တန် အသရေ ဖျက်မှုတုန်းကလည်း ဒီအတိုင်းပဲ၊ အန်းစ်ဝါ့သ် ရဲတိုက် အမှုတုန်းကလည်း ကျုပ်ကို ကျေးဇူးပြုခဲ့ဖူးပြီ၊ မီးလောင်ပြီ ဆိုတာနှင့် ကလေး အမေဟာ သူ့ ကလေးဆီ အလျင် ပြေးတာပဲ၊ ကလေး အမေ မဟုတ်တဲ့ မိန်းမကျတော့လည်း သူ့ အဖိုးတန် လက်ဝတ်လက်စားကို အလျင် သိမ်းတာပဲ။

'ဒီတော့ ကျုပ်တို့ သူငယ်မ အဖို့ ခုလောလောဆယ် သူ့အိမ်မှာ အရေးအကြီးဆုံး အဖိုးတန်ဆုံးဟာ ကျုပ်တို့ လိုက်ရှာနေတဲ့ ဓာတ်ပုံ အပြင် တခြား

mgyoe.com

mgyoe.com SAMPLE BOOK

ဘာမှ မဖြစ်နိုင်ဘူး ဆိုတာ ထင်ရှားနေပြီ၊ အရေးဟဲ့ ဆိုရင် ဓာတ်ပုံ ရှိရာကို ပြေးမှာ သေချာတယ်။

'မီးလှန့်ပုံကလေးကလည်း တော်တော် မှင်သေတယ်ဗျ၊ မီးခိုးတွေ အူထွက်လာပြီး လူတွေ အော်ကြပုံက တော်တော်တန်တန် လူတောင် ချောက်ချားသွားနိုင်တယ်၊ ကျုပ်တို့ တွက်တဲ့ အတိုင်း အိုင်ရင်း အက်ဒလားကလည်း ကွက်တိပဲဗျ၊ ဓာတ်ပုံဟာ ညာဘက် ခေါင်းလောင်းကြိုးရဲ့ အထက် ဆွဲတံခါးကလေးနှင့် ဖုံးထားတဲ့ အံထဲမှာဗျ၊ မီးလို့လည်း ဆိုလိုက်ရော အဲဒီနား သူ ရောက်သွားပြီး ဓာတ်ပုံကို ဆွဲထုတ်လိုက်တယ်ဗျ၊ ကျုပ်တောင် တစ်ပိုင်းတစ်စ မြင်လိုက်ရသေးတယ်၊ ကျုပ်က လှန့်မီးပါလို့ ပြောတော့မှ ထုတ်တော့မယ့်ဆဲဆဲ ဓာတ်ပုံကို အံထဲ ပြန်ထည့်ပြီး မီးခိုးဘူးကလေးကို ကြည့်နေတယ်၊ ပြီးတော့ အခန်းထဲက ပြေးထွက်သွားတာ နောက်ဆုံး မြင်လိုက်ရတာပဲဗျ၊ ကျုပ်လည်း သူတို့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့တာပဲ၊ ဓာတ်ပုံကို တစ်ခါတည်း ယူခဲ့ရမလားလို့ စိတ်ကူးပါသေးရဲ့၊ ဒါပေမဲ့ ရထားသမား ဝင်လာပြီး ကျုပ်ကို အကဲခတ်နေတာနှင့် အချိန် စောင့်တာ အကောင်းဆုံးပဲ ဆိုပြီး ဒီအတိုင်း ပြန်လာခဲ့တာ၊ နည်းနည်းကလေး လောကြီးမိရင် အားလုံး ပျက်ပြားသွားနိုင်တယ်ဗျ'

'ဒါဖြင့်'

'ကျုပ်တို့ ရှာပုံတော် ဖွင့်တဲ့ ကိစ္စကတော့ ပြီးသွားပြီလေ၊ မနက်ဖြန်ကျရင်တော့ တော်ဖျားကို ခေါ်ပြီး သွားရမှာပဲ၊ ခင်ဗျား လိုက်နိုင်မယ် ဆိုရင် ခင်ဗျားလည်း ပါသပေါ့လေ၊ ကျုပ်တို့ ရောက်သွားရင် အိမ်စေက ကျုပ်တို့ကို ဧည့်ခန်းမှာ ထိုင် အစောင့်ခိုင်းမှာပဲ၊ ဒါပေမဲ့ အမျိုးသမီးလည်း ဆင်းလာရော ကျုပ်တို့ကိုရော ဓာတ်ပုံကိုရော တွေ့တော့မှာတော့ မဟုတ်ပါဘူး၊ ဒီဓာတ်ပုံကို သူကိုယ်တိုင် လက်ဆုပ်လက်ကိုင် ရသွားတယ် ဆိုရင် ကျုပ်တို့ တော်ဖျားလည်း ကျေနပ်လောက်ရောပေါ့'

'ဘယ် အချိန်လောက် သွားမလဲ'

'မနက် ရှစ်နာရီဗျ၊ ဒီအချိန်ဆိုရင် အမျိုးသမီး အိပ်ရာက ထမှာ မဟုတ်သေးဘူး၊ ကျုပ်တို့တစ်တွေ လွတ်လွတ်ကင်းကင်း အလုပ် လုပ်နိုင်တာပေါ့၊ ဒါပေမဲ့ မြန်မြန်တော့ လုပ်မှ ဖြစ်မှာ၊ အမျိုးသမီးက အိမ်ထောင်ကျသွားရင် အလေ့အထတွေ အမူအကျင့်တွေ လုံးလုံး ပြောင်းချင် ပြောင်းသွားနိုင်တယ်၊ ကဲ ကျုပ်လည်း တော်ဖျားဆီကို ကြေးနန်း ရိုက်ရဦးမယ်'

ဘေကာလမ်းသို့ ရောက်သည့် အခါတွင် ကျွန်ုပ်တို့သည် အခန်းတံခါး



mgyoe.com

mgyoe.com SAMPLE BOOK




ရှေ့တွင် ရပ်လိုက်ကြ၏။ ရှားလော့ဟုမ်းက အိတ်ထဲမှ သော့ကို စမ်းရှာနေစဉ် အနားမှ ဖြတ်သွားသော လူတစ်ယောက်ထံမှ 'မင်္ဂလာညပါ မစ္စတာ ရှားလော့ဟုမ်း' ဟူသော နှုတ်ဆက် သွားသံကို ကြားလိုက်ရလေ၏။

ထိုအချိန်၌ ပလက်ဖောင်းပေါ်တွင် လမ်းသွား လမ်းလာတို့ ရှုပ်လျက် ရှိ၏။ နှုတ်ဆက်သူမှာ ဝတ်ရုံ အင်္ကျီ ရှည်ကြီးကို ဝတ်ထားကာ ခပ်သုတ်သုတ် လျှောက်သွားသည့် လူငယ် တစ်ဦး ဖြစ်ဟန် ရှိပေ၏။

ရှားလော့ဟုမ်းက မီးရောင်ခပ်မှိန်မှိန် လင်းနေသည့် လမ်းမကို လှမ်းကြည့်ရင်း 'ဒီအသံကို ကျုပ် ကြားဖူးတယ်ဗျ။ ဘယ်သူများ ဖြစ်မယ် မဆိုနိုင်ဘူး' ဟု ပြောလေ၏။

ထိုနေ့ညတွင် ကျွန်ုပ်သည် အိမ်သို့ မပြန်တော့ဘဲ ဘေကာလမ်းတွင် အိပ်လေ၏။ ပေါင်မုန့်၊ ကြက်ဥကြော်နှင့် ကော်ဖီကို စားသောက် နေကြစဉ် ဘိုဟီးမီးယား ဘုရင်လည်း အူယားဖားယားဖြင့် ရောက်လာ၏။

'ရခဲ့ပြီလားဟင်၊ ရခဲ့ပြီလား' ဟု ရှားလော့ဟုမ်း၏ ပခုံး နှစ်ဖက်ကို လှုပ်ယမ်းရင်း စိတ်အားထက်သန်စွာ မေးလျက် ရှိလေ၏။

'ရတော့ မရသေးဘူး ခင်ဗျ'

'မျှော်လင့်ချက်ကော ရှိရဲ့လား'

'ရှိပါတယ်'

'ဒါဖြင့် လာဗျာ သွားကြစို့၊ ကျုပ် မစောင့်နိုင်တော့ဘူး'

'ရထား တစ်စီး ခေါ်ဦးမှ ခင်ဗျ'

'ကျုပ်မှာ မြင်းရထား ပါပါတယ်ဗျာ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဒီလိုဆိုရင်တော့ အခန့်သင့်တာပေါ့'

ကျွန်ုပ်တို့သည် အခန်းမှ ဆင်းလာခဲ့ပြီးနောက် ဘရီယိုနီ စံအိမ်ဘက်သို့ ထွက်လာခဲ့ကြလေ၏။

'အိုင်ရင်း အက်ဒလားဟာ လက်ထပ်လိုက်ပြီ ခင်ဗျ'

'လက်ထပ်လိုက်ပြီ ဟုတ်လား၊ ဘယ်တုန်းကလဲ'

'မနေ့ကတွင်ပဲ'

'နေစမ်းပါဦး၊ ဘယ်သူနှင့်တဲ့လဲ'

'နော်တန် ဆိုတဲ့ အင်္ဂလိပ် ဝတ်လုံ တစ်ယောက်နှင့် ခင်ဗျ'

'အိုင်ရင်းက သူ့ကို ချစ်မှ မချစ်ဘဲပဲဗျ'

'ချစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်'

'အလို၊ ဘာဖြစ်လို့ ဆုတောင်းရတာလဲ'

'ဘာဖြစ်လို့လဲ ဆိုတော့ တော်ဖျားမှာ ရန်တစ်ရန် အေးသွားတဲ့ အတွက် ကြောင့်ပဲ ခင်ဗျ၊ အိုင်ရင်း အက်ဒလားဟာ သူ့ ယောကျ်ားကို ချစ်တယ် ဆိုရင် တော်ဖျားကို ချစ်တော့မှာ မဟုတ်ဘူး၊ တော်ဖျားကို မချစ်တော့ဘူး ဆိုရင် တော်ဖျားရဲ့ စီမံကိန်းကိုလည်း နှောင့်ယှက်မှာ မဟုတ်တော့ဘူး'

'အင်း၊ ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ သူ့ကို ကျုပ် လိုပဲ အထက်တန်းစား ဖြစ်စေချင်တယ်လေ၊ မိဖုရား တစ်ယောက် အနေနှင့် တော်တော် ထူးချွန်မယ့် မိန်းမဗျ'

တော်ဖျားသည် တစ်လမ်းလုံး တိတ်ဆိတ်စွာ လိုက်ပါလာလေရာ ဆာ ပင်တိုင် ရိပ်သာလမ်းသို့ ရောက်မှ စကား ပြောဆိုခြင်း ပြုတော့သည်။

ဘရီယိုနီ စံအိမ် တံခါးများမှာ ပွင့်လျက် ရှိ၏။ အသက် ခပ်ကြီးကြီး မိန်းမ တစ်ယောက်သည် လှေကားထိပ်တွင် ရပ်လျက် ရှိ၏။ မြင်းရထားပေါ်မှ ကျွန်ုပ်တို့ ဆင်းလာသည့် အခါတွင် လှောင်ပြောင်သော မျက်လုံးများဖြင့် ကြည့် လျက် ရှိလေ၏။

'စုံထောက်ကြီး မစ္စတာ ရှားလော့ဟုမ်း ထင်ပါရဲ့ရှင်'

'ဟုတ်ပါတယ်၊ ကျွန်တော် ဟုမ်းပါ'

ကျွန်ုပ်၏ မိတ်ဆွေသည် တအံ့တသြ ဖြစ်လျက် ရှိသော မျက်လုံးများ ဖြင့် ထိုမိန်းမကြီးကို အကဲခတ်လျက် ရှိလေ၏။

'သြော် ဟုတ်လား၊ စုံထောက်ကြီးတို့ လာချင် လာလိမ့်မယ်လို့ ကျွန်မ တို့ သခင်မက မှာခဲ့ပါတယ်၊ သခင်မကတော့ မနက်ကပဲ သူ့ခင်ပွန်းနှင့် အတူ



mgyoe.com

mgyoe.com SAMPLE BOOK

ဥရောပကို ထွက်သွားပါပြီ၊ ချယ်ရင်ကရော့စ် ဘူတာက ညနေ ငါးနာရီ ဆယ့်ငါး မိနစ် ရထားနှင့်ပါ'

'ဘာ၊ အင်္ဂလန်က ထွက်သွားပြီ ဟုတ်စ'

ရှားလော့ဟုမ်းသည် နောက်သို့ အနည်းငယ် ဆုတ်လိုက်၏။ သူ့ မျက်နှာတွင် စိတ်ပျက်ခြင်းနှင့် အံ့ဩခြင်းတို့ အထင်းသား ပေါ်လျက် ရှိလေ၏။

'ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ပါဘူးရှင်'

'ဟင် ဒါဖြင့် စာရွက်စာတမ်းတွေရော၊ အားလုံး ဆုံးကုန်ပြီပေါ့'

ဘိုဟီးမီးယား ဘုရင်က အက်ကွဲလျက် ရှိသော အသံဖြင့် ပြောလေ၏။

'ကြည့်မယ်လေ'

ရှားလော့ဟုမ်းသည် အိမ်စေ မိန်းမကြီးကို တွန်းထိုး ဖယ်ရှားကာ အိမ်ထဲသို့ ပြေးဝင်သွားသည်တွင် ဘုရင်နှင့် ကျွန်ုပ်တို့လည်း နောက်မှ လိုက်ပါလာခဲ့ကြလေ၏။ အိမ်ထဲတွင် စားပွဲ၊ ကုလားထိုင်တို့ ဖရိုဖရဲ ဖြစ်လျက် အံဆွဲများကလည်း ပြန့်ကျဲလျက် ရှိလေ၏။ အိုင်ရင်း အက်ဒလားသည် ဤအိမ်ကြီးမှ ထွက်ခွာ မသွားမီတွင် မွှေနှောက်သွားခဲ့ဟန် တူပေ၏။

ရှားလော့ဟုမ်းသည် ခေါင်းလောင်း ဆွဲသည့် ကြိုးကလေး တန်းလန်းကျနေရာသို့ ပြေးသွားပြီး နံရံတွင် ရှိသည့် တံခါးငယ် တစ်ချပ်ကို ဘေးသို့ တွန်းရွှေ့လိုက်ပြီးနောက် အထဲသို့ နှိုက်နေလေ၏။ အတန်ကြာသည့် အခါတွင် သူ့ လက်ထဲတွင် ဓာတ်ပုံ တစ်ပုံနှင့် စာရွက် တစ်ရွက် ပါလာလေ၏။ ဓာတ်ပုံမှာ ညနေခင်း ဝတ်စုံဖြင့် ရိုက်ထားသည့် အိုင်ရင်း အက်ဒလား၏ ပုံဖြစ်ပြီး စာမှာ 'စုံထောက်ကြီး ရှားလော့ဟုမ်း လာရောက် ယူလျှင် ပေးရန်' ဟု ရေးထားလေ၏။ ရှားလော့ဟုမ်းက စာအိတ်ကို ဖောက် ဖတ်လိုက်သည့် အခါတွင် ကျွန်ုပ်တို့လည်း ပြိုင်တူ ဖတ်လိုက်မိကြသည်။ စာတွင် ယမန်နေ့ ည သန်းခေါင်ယံ နေ့စွဲ တပ်ထားပြီး အောက်ပါ အတိုင်း ရေးထားလေ၏။

မိတ်ဆွေကြီး ရှားလော့ဟုမ်းရှင့်။ မိတ်ဆွေကြီး လုပ်ကိုင်ပုံမှာ များစွာ သေသပ်လှပါသည်။ ကျွန်မပင် ဇဝေဇဝါ ဖြစ်သွားပါသေးသည်။ မီးလန့်ပြီးချိန် အထိ ကျွန်မ အနေနှင့် ဘာကိုမျှ သင်္ကာမကင်း မဖြစ်သေးပါ။ ထိုနောက်တွင်မှ ကျွန်မ ဣန္ဒြေ ပျက်သွားသည်ကို ကိုယ့်ဘာသာ သတိ ထားလိုက်မိပါသည်။ ကျွန်မ အဖို့ စုံထောက်ကြီး၏ အန္တရာယ် ရှိနိုင်ကြောင်း မိတ်ဆွေများက လအနည်းငယ်ခန့် ကတည်းက သတိပေးခဲ့ကြပါသည်။ တော်ဖျားသည် ဤအမှုကို ကိုင်ရန် စုံထောက်

mgyoe.com SAMPLE BOOK

ငှားလျှင် မိတ်ဆွေကြီးကိုသာ ငှားမည် ဖြစ်ကြောင်း ကျွန်မ ကြားပြီး ဖြစ်ပါသည်။ စုံထောက်ကြီး၏ လိပ်စာကိုလည်း တစ်နေရာမှ ကျွန်မ ရရှိပြီး ဖြစ်ပါသည်။

သို့တိုင်အောင် မိတ်ဆွေကြီး သိလိုသော အရာကို ကျွန်မထံမှ ရအောင် စုံစမ်းသွားနိုင်သည်မှာ ချီးကျူးဖွယ် ဖြစ်ပါသည်။ ကျွန်မသည် စုံထောက်ကြီး၏ ရန်ကို သတိထားနေသည့်တိုင် သနား ကြင်နာတတ်ဟန် ရှိသော သင်းအုပ်ဆရာကြီးကို ကျွန်မ မကောင်း မထင်ရက်ပါ။ သို့ရာတွင် မိတ်ဆွေကြီး သိထားသည့် အတိုင်း ကျွန်မသည် ဇာတ်မင်းသမီး အဖြစ် ကြီးပြင်းခဲ့သူ ဖြစ်ပါသည်။ ယောက်ျားများ၏ အဝတ်အစား အဆင်အပြင်သည် ကျွန်မအဖို့ အဆန်း မဟုတ်တော့ပါ။ ကျွန်မ ကိုယ်တိုင် မကြာခဏ ဝတ်ဆင်ခဲ့ဖူးပါသည်။

ကျွန်မ၏ ရထားသမား ဂျွန်ကို မိတ်ဆွေကြီးအား စောင့်ကြည့်ရန် ခိုင်းခဲ့ပြီးနောက် အပေါ်ထပ်သို့ တက်သွားကာ လမ်းလျှောက် ဝတ်စုံဟု ကျွန်မ ခေါ်သော ယောက်ျား အဝတ်အစားတို့ လဲလှယ် ဝတ်ဆင်လျက် ပြန်ဆင်းလာသော အခါတွင် လူကြီးမင်း မရှိတော့ပါ။

သို့ဖြင့် လူကြီးမင်း နောက်သို့ ကျွန်မ နောက်ယောင်ခံ လိုက်လာခဲ့သည်တွင် ကျွန်မသည် နာမည်ကျော် စုံထောက်ကြီး ရှားလော့ဟုမ်း တကယ် အမှန် စိတ်ဝင်စားနေသည့် သတ္တဝါ တစ်ဦး ဖြစ်ကြောင်း သိလာခဲ့ရပါသည်။ ထို့နောက် စုံထောက်ကြီး၏ ဝင်းပေါက် အရောက်တွင် စုံထောက်ကြီးအား ပမာမခန့် နှုတ်ခွန်း ဆက်ခဲ့ပြီးနောက် ကျွန်မ၏ ခင်ပွန်းနှင့် တွေ့ရန် အင်နား တင်ပဲလ်သို့ ထွက်လာခဲ့ပါသည်။

ဤမျှလောက် ကြောက်ဖွယ်ကောင်းသည့် ရန်သူ၏ အလိုက်ကို ခံနေရပြီ ဆိုပါက ဤမှ ထွက်ပြေးခြင်းသည် အကောင်းဆုံးနည်း ဖြစ်သည်ဟု ကျွန်မတို့ နှစ်ယောက်စလုံး စဉ်းစားမိကြပါသည်။ ထို့ကြောင့် မနက်ဖြန် စုံထောက်ကြီး ရောက်လာသည့် အချိန်တွင် ဟာလာဟင်းလင်း ဖြစ်နေသော ကျွန်မတို့ အိမ်ကိုသာ တွေ့ရတော့မည် ဖြစ်ပါသည်။ ဓာတ်ပုံနှင့် ပတ်သက်၍မူ လူကြီးမင်း၏ အမှုသည် အတွက် ဘာမျှ စိုးရိမ် ကြောင့်ကြဖွယ် မရှိတော့ပါ။ သူ့ထက် နှစ်သက်သူ တစ်ဦးကို ကျွန်မ တွေ့ခဲ့ပါပြီ။ ထိုသူကလည်း ကျွန်မကို သူ မြတ်နိုးသည်ထက် ပို၍ မြတ်နိုးပါသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

တော်ဖျားသည် သူ ရက်စက် စိမ်းကားခဲ့ဖူးသော အမျိုးသမီး တစ်ဦး၏ နှောင့်ယှက်မှုကို စိုးရိမ်စရာ မလိုတော့ဘဲ ကြိုက်သည်ကို လွတ်လပ်စွာ လုပ်နိုင်ပါပြီ။ ထိုဓာတ်ပုံကို ကျွန်ုပ်မ သိမ်းဆည်းထားခြင်းမှာ နောင်တွင် သူ နှောင့်ယှက်မည် စိုးသည့် အတွက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့် လက်နက် တစ်ခု အနေဖြင့် သိမ်းထားခြင်း ဖြစ်ပါသည်။ တော်ဖျား လိုချင်မည့် ဓာတ်ပုံ တစ်ပုံကို ကျွန်ုပ်မ ထားခဲ့ပါသည်။

စုံထောက်ကြီး မစ္စတာ ရှားလော့ဟုမ်းအား ချစ်ခင် လေးစားစွာဖြင့်။

အိုင်ရင်း နော်တန် (ခေါ်) အက်ဒလား။

'အာဂ မိန်းမပါပဲဗျာ၊ တကယ်ပါ'

စာကို ဖတ်ရင်း ဘိုဟီးမီးယား ဘုရင်မှာ တဖွဖွ ရွတ်လျက် ရှိလေ၏။

'ဒီမိန်းကလေးဟာ တော်တော် ထက်တဲ့ မိန်းမလို့ အစကတည်းက ခင်ဗျားကို ကျုပ် ပြောခဲ့တယ် မဟုတ်လား၊ မိဖုရားသာ ဖြစ်ရင် တော်တော့်ကို ထက်မယ့် မိန်းမဗျ၊ သူ့ကို မိဖုရား မမြှောက်လိုက်ရတာ သိပ်နာတာပဲ၊ ကျုပ် အဆင့်အတန်းမျိုးကို ရောက်မလာတာကိုတော့ သနားမိပါရဲ့'

'အမျိုးသမီးကို ကျွန်တော် အကဲခတ်လို့ ရသလောက်တော့ တော်ဖျားရဲ့ အဆင့်အတန်းမျိုးနှင့် တခြားစီပဲ ခင်ဗျ၊ တော်ဖျားရဲ့ ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်မပေးနိုင်ခဲ့တဲ့ အတွက်တော့ ကျွန်တော် ဝမ်းနည်းပါတယ် ခင်ဗျာ'

ရှားလော့ဟုမ်းက အေးအေးစက်စက်ဖြင့် ပြော၏။

'အို မအောင်မြင်ဘူးလို့တော့ မဆိုနိုင်ပါဘူးလေ၊ ဒီထက် ဘယ်လို လုပ်ပြီး အောင်မြင်နိုင်ဦးမှာလဲ၊ အိုင်ရင်း အက်ဒလားဟာ သူ့ စကားကို ဘယ်တော့မှ မဖျက်ဘူးဗျ၊ ကျုပ်တို့ ရိုက်ထားတဲ့ ဓာတ်ပုံ အတွက် စိုးရိမ်စရာ မလိုတော့ပါဘူး၊ မီးထဲ ထည့်လိုက်သလို စိတ်ချရပါပြီ'

'ဒီလို ကြားရလို့ ဝမ်းသာပါတယ် ခင်ဗျာ'

'မိတ်ဆွေကြီးရဲ့ ကျေးဇူး ကြီးပါပေတယ်၊ ကဲ ကျုပ် ဘယ်လောက် ချီးမြှင့်ရမလဲ ဆိုတာသာ ပြောပါ၊ ဒီလက်စွပ်ကို'

ဘိုဟီးမီးယား ဘုရင်သည် လက်တွင် စွပ်ထားသည့် မြလက်စွပ်ကြီးကို ချွတ်လိုက်ပြီးနောက် လက်ဝါးပေါ်တွင် တင်ပြလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK


'ဒီ လက် စွပ် ထက် ကျွန်တော် တန်ဖိုး ထားတဲ့ ပစ္စည်း တစ်ခု တော်ဖျားဆီမှာ ရှိပါတယ် ခင်ဗျာ'

'ပြောပါ၊ ဘာလိုချင်သလဲ'

ဘုရင်သည် ရှားလော့ဟုမ်းကို တအံ့တသြ ကြည့်လျက် ရှိ၏။

'ဟောဒီ ဓာတ်ပုံပါ'

'ဗျာ၊ အိုင် ရင်း ရဲ့ ဓာတ်ပုံ၊ ဟုတ်စ၊ ယူပါ ယူပါ၊ ခင်ဗျား လိုချင်ရင် ပေးပါတယ်'



'ဟောဒီ ဓာတ်ပုံပါ'

'ကျေး ဇူး တင် ပါတယ် တော်ဖျား၊ ဒီကိစ္စ အတွက် နောက်ထပ် ဆောင်ရွက်စရာ ဘာမှ မရှိတော့ပါဘူး၊ မင်္ဂလာ နံနက်ခင်းပါလို့ နှုတ်ဆက်လိုက်ပါတယ်'

ရှားလော့ဟုမ်းသည် ဦးညွှတ်၍ ချာခနဲ လှည့်ထွက်လာကာ အခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။ နှုတ်ဆက်ရန် လက် ကမ်းပေးနေသော ဘိုဟီးမီးယား ဘုရင်ကိုပင် သတိ မပြုမိတော့ချေ။ ဤသည်တို့မှာ ဘိုဟီးမီးယား နိုင်ငံကို ထိခိုက်အောင် အသရေဖျက်ရန် ကြံစည်ခဲ့ပုံ၊ ထိုကိစ္စတွင် ရှားလော့ဟုမ်းအား မိန်းမ တစ်ယောက်က အနိုင်ယူသွားပုံတို့ ဖြစ်ပါသည်။ ရှားလော့ဟုမ်းသည် မိန်းမတို့၏ အကင်းပါးပုံကို မကြာခဏ ရယ်စရာ ပြောတတ်သော်လည်း ထို့နောက်တွင်ကား ပြောသံ မကြားရတော့ချေ။ အိုင်ရင်း အက်ဒလား အကြောင်းကိုသော် လည်းကောင်း၊ သူ့ ဓာတ်ပုံ အကြောင်းကိုသော် လည်းကောင်း ပြောသည့် အခါများတွင် ရှားလော့ဟုမ်းသည် မိန်းမ ပီသသော မိန်းမ ဟူသည့် ဂုဏ်ထူးဖြင့်သာ ရည်ညွှန်း ပြောဆိုလေ့ ရှိပေသတည်း။

[မူရင်းဝတ္ထု *A Scandal In Bohemia.* ရှေ့ဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'မဟာရာဇာ တစ်ဦး အမှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဆံပင်နီဂိုဏ်း



လွန်ခဲ့သည့် ဆောင်းဦးပေါက် တစ်နေ့။ ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်းထံသို့ ရောက်သွားသည့် အခါ၌ ရှားလော့ဟုမ်းသည် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ မျက်နှာ အစ်အစ်၊ ဆံပင်တို့ ရဲရဲ နီလျက် ရှိသည့် အသက်ကြီးကြီး လူတစ်ယောက်နှင့် စိတ်ပါလက်ပါ စကား ပြောဆိုလျက် ရှိသည်ကို တွေ့ရလေ၏။

ကျွန်ုပ် ရောက်လာသည့် အတွက် ခွင့်လွှတ်ရန် တောင်းပန်ပြီး ပြန်ထွက်မည် အပြုတွင် ရှားလော့ဟုမ်းက ကျွန်ုပ်ကို ရုတ်တရက် အခန်းထဲသို့ ဆွဲသွင်းလိုက်ပြီးနောက် တံခါးကို ပိတ်လျက် 'ခင်ဗျား ရောက်လာတာ အတော်ပဲ ဝပ်ဆင်' ဟု လှိုက်လှဲစွာ ပြောလေ၏။

'ခင်ဗျားတို့ နှစ်ယောက် အလုပ် ရှိသလားလို့'

'ရှိတယ်ဗျ၊ ရှိတာမှ သိပ်ရှိတယ်'

'ဒီလိုဆို ကျုပ် ဟိုဘက်ခန်းက စောင့်နေမယ်လေ'

'ကိစ္စ မရှိပါဘူး၊ ရပါတယ်၊ မစ္စတာ ဝီလဆင်၊ ဟောဒါက ကျုပ်ရဲ့ နာမည်ကျော် အမှု တော်တော်များများမှာ ကျုပ်ကို ကူညီခဲ့တဲ့ ကျုပ် မိတ်ဆွေပဲဗျ၊ ခင်ဗျား ကိစ္စမှာလည်း ကျုပ်ကို အများကြီး အကူအညီ ပေးနိုင်လိမ့်မယ်လို့ ထင်တယ်'

ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်နှင့် လူကြီးသည် ကုလားထိုင်မှ ဖင်ကြွ၍ ကျွန်ုပ်ကို ဦးညွတ် နှုတ်ဆက်လိုက်ပြီးနောက် မျက်ခုံး အစ်အစ်ကြီး အောက်မှ သေးငယ်သော မျက်လုံးများဖြင့် ကျွန်ုပ်ကို တစ်ချက်မျှ အကဲခတ်



mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်လိုက်လေ၏။ ရှားလော့ဟုမ်းသည် လက်တင် ကုလားထိုင်တွင် နောက်မှီ၍ ထိုင်လိုက်ရင်း စဉ်းစား တွေးတောနေသည့် အခါများတွင် သူ့လုပ်နေကျ အတိုင်း လက်ဖျားထိပ်ကလေးကို တေ့ဆိုင်ထားလျက် ရှိရာမှ

'ထိုင်လေဗျာ၊ ခင်ဗျားလည်း ကျုပ်လိုပဲ နေ့စဉ် တွေ့ရိုးတွေ့စဉ် မဟုတ်တဲ့ ထူးထူးဆန်းဆန်းကလေးတွေကို သဘော ကျတတ်မှန်း သိပါတယ်ဗျ၊ ဒါကြောင့်မို့သာ ခင်ဗျားဟာ ဘာမဟုတ်တဲ့ ကျုပ် စွန့်စားခန်းကလေးတွေကို စာတစ်စောင် ပေတစ်ဖွဲ့ လုပ်ရေးခဲ့တာပေါ့၊ ဒီထက် ပိုပြောရရင် ကျုပ် စွန့်စားခန်းကလေးတွေကို ခင်ဗျားပဲ အရောင် တင်ပေးခဲ့တာပါလေ၊ မဟုတ်ဘူးလား'

'ခင်ဗျား အမှုတွေက တကယ် စိတ်ဝင်စားစရာ ကောင်းလွန်းလို့ ရေးမိတာပါဗျာ'

'ဟိုတစ်နေ့တုန်းက မစ္စ မေရီ ဆူသာလင်းရဲ့ ကိစ္စကို လိုက်ကြတုန်းက ကျုပ် ပြောခဲ့တဲ့ စကားလေးကို မှတ်မိသေးရဲ့လား၊ ထူးဆန်းတဲ့ အကျိုး သက်ရောက်မှုတွေနှင့် ထူးဆန်းတဲ့ အတွေ့အကြုံတွေကို လိုချင်ရင် လူတောသူတောထဲကို သွားရမယ်လို့ ကျုပ် ပြောခဲ့တယ်လေ၊ ဘဝ ဆိုတာ တကယ်တော့ စိတ်ကူးထက် ဆန်းကြယ်ပေတာပဲဗျ'

'အင်း ခင်ဗျား အဆိုကို သိပ်တော့ လက်မခံချင်ဘူးဗျ၊ စဉ်းစားစရာ ကလေးတွေ ကျန်နေတယ်'

'ဒါကတော့ ကိုရင့် သဘောပါဗျာ၊ သို့သော်လည်း ကျုပ် အဆိုကို ခင်ဗျား လက်ခံရမှာပါ၊ လက်မခံလို့ ဖြစ်ကို မဖြစ်ဘူး၊ ခင်ဗျား လက်မခံရင် အချက်အလက်တွေ တစ်ခုပြီး တစ်ခု ဆွဲထုတ်ပြီး ခင်ဗျား ထင်မြင်ချက်တွေ ပြောင်းသွားအောင် လုပ်ရမှာပဲ၊ ဟောဒီ မစ္စတာ ဂျာဘိဇ် ဝီလဆင်က ဒီနေ့ မနက်ပဲ ရောက်လာပြီး ကျုပ် အဆိုကို ထောက်ခံနေပြီဗျ၊ ခု သူ ပြောနေတဲ့ အဖြစ်အပျက်ဟာ ကျုပ် နားထောင်ခဲ့ရသမျှတွေထဲမှာ တော်တော်လေး ထူးခြားတဲ့ အဖြစ်အပျက် ဖြစ်နေဟယ်၊ အထူးခြားဆုံး အဆန်းကြယ်ဆုံး အရာတွေဟာ ရာဇဝတ်မှုကြီးများမှာထက် ရာဇဝတ်မှုငယ်လေးတွေထဲမှာ တွေ့ရတယ် ဆိုတာ ကျုပ် မကြာခဏ ပြောခဲ့ဖူးတယ်၊ တစ်ခါတလေများ ဘယ်လောက် သေးဖွဲ့သလဲ ဆိုရင် ဒီ ရာဇဝတ်မှုဟာ ကျူးလွန်လို့ ဖြစ်မှ ဖြစ်ပါ့မလားလို့ သံသယ ဖြစ်ရသည် အထိ သေးဖွဲ့တယ်။

'ခုကိစ္စကိုပဲ ကြည့်လေ၊ ကျုပ် နားထောင်ခဲ့ရသလောက် ဆိုရင် ရာဇဝတ်မှု ကျူးလွန်နိုင်တဲ့ အလားအလာ ရှိသလား မရှိသလား ဆိုတာ ကျုပ် ကိုယ်တိုင်

mgyoe.com

mgyoe.com SAMPLE BOOK

တောင် ဝေခွဲမရ ဖြစ်နေတယ်၊ ဒါပေမဲ့ ကျုပ် နားထောင်ခဲ့ဖူးသမျှတွေထဲမှာတော့ အထူးဆန်းဆုံးပဲဗျ၊ ကဲ မစ္စတာ ဝီလဆင်ရေ၊ ခင်ဗျား အတွေ့အကြုံကို တစ်ဆိတ် နောက်တစ်ခေါက် ပြန်ပြောဗျာ၊ ကျုပ် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင် နား မထောင်ရသေးဘူး၊ ပြီးတော့ အဖြစ်အပျက်ကလည်း တော်တော် ထူးဆန်းနေ တော့ ကျုပ်ကိုယ်တိုင်လည်း အသေးစိတ်ကလေးတွေကို ခင်ဗျား ကိုယ်တိုင် ပြော တာ နားထောင်ချင်သေးတယ်၊ ယေဘုယျ ပြောရရင်တော့ ကျုပ်ဟာ အရိပ် အမြွက်လောက် ကြားလိုက်ရုံနှင့် တခြား ကျုပ် လိုက်ခဲ့ဖူးတဲ့ အမှုတွေထဲက သင် ခန်းစာတွေကို ယူပြီး ကျုပ်ဘာသာကျုပ် တွေးယူခဲ့တာချည်းပဲဗျ၊ ဒါပေမဲ့ ခုကိစ္စ မှာတော့ အချက်အလက်တွေက တော်တော်လေးကို ထူးခြားနေတယ် ဆိုတာ ဝန်ခံရပေလိမ့်မယ်'

ခပ်ဖိုင့်ဖိုင့် အမှုသည်ကြီးသည် ဂုဏ်ယူသည့် ဟန်ဖြင့် ရင်အုပ်ကြီးကို ကော့လိုက်ပြီးနောက် ညစ်ပတ် တွန့်ကြေနေသည့် သတင်းစာ တစ်စောင်ကို ဂရိတ် ကုတ်အင်္ကျီ အိတ်ထဲမှ ထုတ်ယူလိုက်၏။ သတင်းစာကို ဖြန့်ကာ ခေါင်းငုံ့လျက် ကြော်ငြာ ကော်လံကို လိုက်ဖတ်နေသည့် အခိုက်အတန့်၌ ကျွန်ုပ်သည် ကျွန်ုပ် ၏ မိတ်ဆွေကြီး ရှားလော့ဟုမ်းကို အားကျကာ ထိုလူကို ငုံ့ကြည့်လိုက်ရင်း အဝတ်အစားနှင့် အင်္ဂါရုပ်ကို ကြည့်၍ ကြိုးစား အကဲခတ်လျက် ရှိလေ၏။

သို့တိုင်အောင် ကျွန်ုပ် လေ့လာ၍ ရသလောက် ဆိုလျှင် ထိုလူတွင် ထူးထူးခြားခြား ဟူ၍ မတွေ့လှပါ။ ညှော်သည်သည် သာမန် တွေ့ရိုးတွေ့စဉ် အင်္ဂလိပ် ကုန်သည်များ ထုံးစံ ဝဝဖိုင့်ဖိုင့်၊ ခပ်ကြွားကြွား ခပ်လေးလေးမျှသာ ဖြစ်သည်ကို တွေ့ရလေ၏။ ထိုလူသည် သိုးကျောင်းသားများ ဝတ်လေ့ ရှိသည့် အပြာရောင် ဘောင်းဘီပွပွကြီးကို ဝတ်ထားပြီး အထက်ပိုင်းတွင် တန်ရုံမျှ သန့် ရှင်းသော ဖရော့ကုတ် ခေါ် အင်္ကျီကို ကြယ်သီး မတပ်ဘဲ ဝတ်ထားကာ အောက် တွင် ကြေးဝါ ဆွဲကြိုးကြီး ဆင်ထားသည့် ခါးပြတ် အင်္ကျီ ခပ်နွမ်းနွမ်းကို ဝတ် ထားလေ၏။ ဆွဲကြိုး အဖျားတွင် စတုရန်းပုံ သတ္တုပြား တစ်ခုကို ဆွဲထား၏။ သူ့ အနီးရှိ ကုလားထိုင် တစ်လုံးပေါ်တွင်လည်း အနား ဖွာနေသည့် ဦးထုပ်မြင့် တစ်လုံးနှင့် တွန့်ကြေနေသည့် ကတ္တီပါ ကော်လာတပ် ဂရိတ်ကုတ် တစ်ထည်ကို တင်ထားလေ၏။

မည်မျှပင် အကဲခတ်ကြည့်သည် ဖြစ်စေ ထိုသူတွင် ရဲရဲနီသော ဆံပင် များနှင့် စိတ်ပျက်၍ မကျေမနပ် ဖြစ်နေသော အမူအရာတို့မှ တစ်ပါး ထူးခြား ချက် ဆို၍ ဘာမျှ မတွေ့ရချေ။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်စိ ရှင်သော ရှားလော့ဟုမ်းသည် တစ်ချက်မျှ ကြည့်လိုက်ပြီးနောက် ကျွန်ုပ် အကဲခတ်နေသည်ကို သတိပြုမိရာက ခေါင်းကို ယမ်းရင်း ပြုံးလျက် ရှိလေ၏။

'ခင်ဗျားဟာ တစ်ခါတုန်းက အလုပ်ကြမ်း လုပ်ခဲ့ဖူးတယ်၊ ရှူဆေး ရှူတတ်တယ်၊ ဖရီးမေဆင် ဂိုဏ်းသား တစ်ယောက် ဖြစ်တယ်၊ တရုတ်ပြည်ကို ရောက်ဖူးတယ်၊ မကြာသေးခင်က အထိ စာ တော်တော်များများ ရေးခဲ့တယ် ဆိုတာလောက် အပြင် ဒိပြင်တော့ ကျုပ် ဘာမှ အကဲခတ်လို့ မရဘူးဗျ'

မစ္စတာ ဂျာဘီဇ် ဝီလဆင်သည် သတင်းစာကို လက်ညှိုးဖြင့် ထောက်ပြထားရာမှ ရုတ်တရက် ထလိုက်၏။

သို့ရာတွင် သူ့ မျက်လုံးများမှာ ကျွန်ုပ်၏ မိတ်ဆွေ ရှားလော့ဟုမ်းကို ကြည့်လျက် ရှိ၏။

'ဟောဗျ၊ ဒါတွေ စုံထောက်ကြီး ဘယ့်နှယ်လုပ် သိနေသလဲဟင်၊ ဘယ်လိုလုပ်များ သိသလဲ၊ ဥပမာ ကျွန်တော် အလုပ်ကြမ်း လုပ်တာ ဆိုပါတော့၊ ဟုတ်လိုက်လေဗျာ၊ ကျွန်တော် သင်္ဘောပေါ်မှာ လက်သမား လုပ်ခဲ့ဖူးတယ် ခင်ဗျ'

'ခင်ဗျား လက်တွေက ပြောနေတယ်လေဗျာ၊ ခင်ဗျား ညာလက်က ဘယ်



မစ္စတာ ဂျာဘီဇ် ဝီလဆင်

mgyoe.com

mgyoe.com
SAMPLE BOOK
လက်ထက် တုတ်နေတယ်၊ ညာလက်နှင့် အလုပ် လုပ်ခဲ့တော့ လက်မောင်းကြွက်သားတွေကလည်း ပိုပြီး ကြီးနေတာပေါ့'

'ဟုတ်ပါပြီ၊ ဒါဖြင့် ရှုဆေး ရှူတတ်တာနှင့် ဖရီးမေဆင် ဂိုဏ်းသားဖြစ်တယ် ဆိုတာကကော'

'ကျုပ် ဘယ်လိုလုပ် သိသလဲ ဆိုတာကို ပြောရရင် ခင်ဗျားရဲ့ စဉ်းစားဉာဏ်ကို အထင်သေးရာ စော်ကားရာ ရောက်မှာ စိုးလှသဗျာ၊ ခင်ဗျားတို့ ဂိုဏ်းရဲ့ တင်းကျပ်တဲ့ စည်းကမ်းတွေကိုလည်း စော်ကားရာ ရောက်မှာကို စိုးရိမ်တယ်ဗျ၊ မသိဘဲ ရှိပါ့မလားဗျာ၊ စက်ဝိုင်းခြမ်းနှင့် အိမ်မြှောင်ပုံ ရင်ထိုးကို ရင်ဘတ်မှာ ထိုးထားတဲ့ ဥစ္စာ'

'သြော် ဟုတ်ပေသားပဲ၊ ကျွန်တော် မေ့နေတယ်၊ ဒါဖြင့် စာရေးခဲ့တယ် ဆိုတာကကော'

'ခင်ဗျား ရှပ်အင်္ကျီ လက်ဖျားမှာ ငါးလက်မလောက် အထိ ကြွေတင်ထားသလို ပြောင်ချောနေတယ်ဗျ၊ ပြီးတော့ စားပွဲပေါ်မှာ ထောက်ထားတဲ့ ဘယ်ဘက် တံတောင်ဆစ် နေရာမှာလည်း ပြောင်ချောနေတယ်ဗျ'

'တရုတ်ပြည်ကို ရောက်ဖူးတယ် ဆိုတာကကော'

'ခင်ဗျား ညာဘက် လက်ကောက်ဝတ် အထက်နားမှာ ငါးရုပ်ကလေး ထိုးထားတယ်ဗျ၊ ဒီလို ထိုးကွင်းမျိုးကို တရုတ်ပြည်မှာပဲ ထိုးကြတယ်၊ ထိုးကွင်းရုပ်တွေ အကြောင်းကို ကျုပ် သုတေသန လုပ်ပြီး စာတမ်း တစ်စောင်တောင် ရေးခဲ့ဖူးပြီ၊ ငါးရုပ်ရဲ့ အကြေးခွံကို ထိုးတဲ့ နေရာမှာ ဆေးနီနှင့် ထိုးလေ့ ရှိကြတယ်၊ ပြီးတော့ ခင်ဗျား နာရီကြိုးမှာ ဖောက်ချိတ်ထားတဲ့ တရုတ် ပိုက်ဆံပြားကို မြင်တဲ့ အခါကျတော့ ပြောရတာ သိပ်မခက်တော့ဘူးပေါ့'

မစ္စတာ ဂျာဘီဇ် ဝီလဆင်သည် အားရပါးရ ရယ်လိုက်ရင်း

'လက်စသတ်တော့ ဒီလိုကိုး၊ အစတုန်းကတော့ တော်တော် သိတဲ့ လူပဲ ဆိုပြီး အထင်ကြီးခဲ့တာ၊ ခုတော့လည်း ဘာမှ မဟုတ်ဘူး၊ အလွယ် ကလေးပါလား'

ရှားလော့ဟုမ်းက

'ဗျို့ ဒေါက်တာ၊ တော်ပြီဗျာ၊ တိတ်တိတ်နေ ထောင်တန်၏ ဆိုတဲ့ စကားလို ကိုယ် သိတာ ဆိုရင် ဖွင့်မပြောတော့ဘူး၊ မြှုံနေတော့မယ်၊ ဒီလိုသာ ရှင်းပြနေရင် လူတွေက ကျုပ်ကို အထင်ကြီး နေကြတာကလေးတွေ ပျောက်သွားလိမ့်မယ်၊ ကြော်ငြာကို ရှာလို့ တွေ့ပလား မစ္စတာ ဝီလဆင်'


mgyoe.com

mgyoe.com SAMPLE BOOK

'တွေ့ပြီ ခင်ဗျ ဟောဒီမှာ၊ ပြဿနာကတော့ ဒီကြော်ငြာက စတာပဲ၊ ဖတ်သာ ကြည့်ပေတော့'

ဂျာဘိဇ် ဝီလဆင်က သူ၏ တုတ်တုတ် နီရဲသော လက်ချောင်းဖြင့် ကြော်ငြာကို ထောက်ပြ၏။

ကျွန်ုပ်ကလည်း သူ့ လက်ထဲမှ သတင်းစာကို လှမ်းယူလိုက်ပြီးနောက် ကောက်ဖတ်လိုက်၏။

ဆံပင်နီ ဂိုဏ်းဝင်များသို့ - အမေရိကန် ပြည်ထောင်စု၊ ပင်ဆီဗေးနီးယားနယ် လီဘနွန်မြို့မှ အသင်း တည်ထောင်သူ အီဇီကယ် ဟော့ပ်မင်း၏ သေတမ်းစာ အလိုအရ လစ်လပ်နေသော အသင်းသား တစ်နေရာတွင် အသင်းဝင် အဖြစ် ရွေးချယ်ခံရသူသည် အလုပ် နည်းနည်း လုပ်ရုံမျှဖြင့် တစ်ပတ်လျှင် လေးပေါင် ရရှိမည် ဖြစ်ပါသည်။ ကိုယ် စိတ် ကျန်းမာ သန့်စွမ်း၍ အသက် ၂၁ နှစ်ထက် ကျော်လွန်သော ဆံပင်နီ ရှိသူတိုင်း အသင်းဝင် အဖြစ် လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူများသည် အသင်း တည်ရာ ဖြစ်သော အမှတ် ၇၊ ပုတ်ကုတ်၊ ဖလိလမ်းရှိ မစ္စတာ ဒန်ကန် ရော့စ်ထံတွင် လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ကျွန်ုပ်သည် ထူးခြားသည့် ထိုကြော်ငြာကို နှစ်ခေါက် တိုင်တိုင် ပြန်ဖတ်ပြီးနောက် 'ကြော်ငြာက ဘာ အဓိပ္ပာယ်လဲဗျ' ဟု အော်လိုက်မိသေး၏။

ရှားလော့ဟုမ်းသည် စိတ်ကြည်လင်နေစဉ် သူ လုပ်နေကျ ထုံးစံ အတိုင်း ကိုယ်ကို တသိမ့်သိမ့် လှုပ်ကာ ပါးစပ်ကို မဖွင့်ဘဲနှင့် ကျိတ်ရယ်လျက် ရှိလေ၏။

'နည်းနည်းတော့ ထူးဆန်းတယ် မဟုတ်လားဗျ၊ ကဲ မစ္စတာ ဝီလဆင်၊ ကျန်တာတွေ အသာထားပြီး ခင်ဗျား အကြောင်း၊ ခင်ဗျား အိမ်ထောင် အကြောင်း၊ ဒီကြော်ငြာကြောင့် ခင်ဗျားမှာ ဘယ်လို အကျိုး သက်ရောက်မှုတွေ ရှိခဲ့တယ် ဆိုတဲ့ အကြောင်းတွေကို ပြောပြစမ်းပါဦး၊ ဒေါက်တာရေ၊ သတင်းစာ နာမည်နှင့် နေ့စွဲကို မှတ်ထားလိုက်စမ်းပါဗျာ'

'၁၈၉၀ ခု၊ ဧပြီလ ၂၇ ရက်နေ့ထုတ် မောနင်း ကရော်နီကယ် သတင်းစာ ခင်ဗျ'

'အင်း ဟုတ်ပြီ၊ ကဲ ဆိုစမ်းပါဦး မစ္စတာ ဝီလဆင်'

မစ္စတာ ဝီလဆင်က နဖူးကို သုတ်လိုက်ပြီးနောက်

'ကျွန်တော် စောစောက ပြောခဲ့တဲ့ အတိုင်းပါပဲ စုံထောက်ကြီး၊ ကျွန်



mgyoe.com

mgyoe.com
SAMPLE BOOK



'ကြော်ငြာက ဘာအဓိပ္ပာယ်လဲဗျ'

တော်က မြို့လယ် ကိုးဘတ် ပန်းခြံနားမှာ အပေါင်ဆိုင်ကလေး တစ်ဆိုင် ဖွင့်ထားပါတယ်၊ သိပ် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်လှပါဘူး၊ မကြာသေးခင်က တော့ လုပ်ငန်းကိုင်ငန်းက တော်တော်လေး ကျသွားတယ် ခင်ဗျ၊ စားနိုင်သောက် နိုင်ရုံကလေးပဲ ဆိုပါတော့၊ ဟိုတုန်းကတော့ အပေါင်ဆိုင် စာရေး နှစ်ယောက် တောင် ထားခဲ့ရတာပေါ့လေ၊ ခုတော့ အလုပ်အကိုင် မကောင်းတာနှင့် တစ် ယောက်ပဲ ထားပါတော့တယ်၊ ဒါတောင် အနိုင်နိုင် ထားရတာပါ၊ သူက အပေါင် ဆိုင် လုပ်ငန်းကို သင်တဲ့ အကူ စာရေး အနေနှင့် လုပ်ပါ့မယ်တဲ့၊ လခကိုလည်း တစ်ဝက်နှင့်ပဲ လုပ်ပါ့မယ် ဆိုလို့ ခန့်ထားလိုက်တာပါ'

'အင်း၊ အဲဒီ အနစ်နာခံ လုပ်တဲ့ သူငယ်ကလေး နာမည်က ဘယ်သူတဲ့ လဲ'

'ဗင်းဆင့် စပေါလ်ဒင်းတဲ့၊ သိပ်တော့ မငယ်တော့ပါဘူး၊ သူ့ အသက် ကလည်း နည်းနည်းတော့ ခန့်မှန်းရ ခက်သား ခင်ဗျ၊ အလုပ်အကိုင်ကဖြင့် တော် တော့်ကို တော်ပါပေတယ်၊ ဒီလောက် တော်တဲ့လူ ရဖို့ မလွယ်ပါဘူး၊ ဒီပြင်


mgyoe.com

mgyoe.com SAMPLE BOOK

နေရာမှာသာ သွားလုပ်ရင် ဒီထက် နှစ်ဆလောက်တောင် ရနိုင်တယ် ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော့် ဆိုင်မှာ လုပ်ရတာကို သူကလည်း ကျေကျေနပ်နပ် ဆိုတော့ ကျွန်တော်လည်း ဘာပြောစရာ ရှိသေးသလဲ၊ ဒီအတိုင်းပဲ နေလိုက်တာပေါ့'

'ဟုတ်ရဲ့လားဗျ၊ အလုပ်သမားတိုင်း လခ တိုးတောင်းနေတဲ့ ခေတ်မှာ ခင်ဗျားဆီကို လျှော့ဈေးနှင့် လာလုပ်တယ် ဆိုတော့ ခင်ဗျား အကူ စာရေးဟာ ခင်ဗျား ပြတဲ့ ကြော်ငြာလို နည်းနည်း ဆန်းမနေပေဘူးလား'

'သူ့မှာ ချွတ်ယွင်းချက်လည်း ရှိတန်သလောက်တော့ ရှိတာပေါ့လေ၊ ဒီလူက ဓာတ်ပုံ ရိုက်တာကို တော်တော်လေး ဝါသနာ ပါတယ် ခင်ဗျ၊ စိတ်ကူး ရရင် ကင်မရာလေး တစ်လုံးနှင့် ဓာတ်ပုံ လျှောက်ရိုက်၊ ကျင်းဝပ်တဲ့ ယုန်များလို မြေတိုက်ထဲ ဆင်းပြီး ဓာတ်ပုံ ကူးနေတော့တာပဲ၊ ဒီပြစ်ချက်ကလေးက လွဲရင်တော့ တော်တော် တော်တဲ့ အလုပ်သမား တစ်ယောက်ပါ၊ တခြား အပျော်အပါး ဆိုလို့လည်း မရှိလှပါဘူး'

'ခင်ဗျားဆီမှာ ခုထိ လုပ်တုန်းပေါ့နော်'

'ဟုတ်ပါတယ်၊ ကျွန်တော့်ဆီမှာ သူရယ် အချက် အပြုတ်နှင့် သန့်ရှင်းရေး လုပ်တဲ့ ဆယ့်လေးနှစ်ရွယ် သူငယ်မလေး တစ်ယောက်ရယ်ပဲ ရှိပါတယ်၊ ကျွန်တော်က မုဆိုးဖို ဆိုတော့ သူတို့လည်း ကျွန်တော့် အိမ်မှာပဲ နေကြပါတယ်၊ အေးအေးချမ်းချမ်းပါပဲ၊ အားလုံး အဆင်ပြေပါတယ်။

'ဒီလို အေးအေးချမ်းချမ်း နေကြတုန်း လွန်ခဲ့တဲ့ နှစ်လလောက် အကြာ တစ်ရက်ကျတော့ စပေါလ်ဒင်းဟာ ခုတွင်က ကျွန်တော် ပြတဲ့ သတင်းစာကို ကိုင်ပြီး ဆရာ့လို ဆံပင်နီ မပေါက်တာ ကံဆိုးလိုက်လေ ဆရာရယ်လို့ ကျွန်တော့်ကို ပြောတယ် ခင်ဗျ။

'ဒီတော့ ကျွန်တော်က ဘာဖြစ်လို့လဲ မေးတော့ ဒီမှာလေ၊ ဆံပင်နီဂိုဏ်းမှာ အသင်းသား တစ်နေရာ လစ်လပ်ပြန်ပြီတဲ့၊ ဆံပင်နီ ဂိုဏ်းသား ဖြစ်ရတဲ့ လူများမှာ ပိုက်ဆံ အချောင် ရကြတယ်တဲ့၊ သူတို့မှာ ပိုက်ဆံတွေက ပေါပြီး ဆံပင်နီနီနှင့် လူတွေက ရှားနေတော့ အသင်းလူကြီးတွေ ဘာလုပ်ရမှန်း မသိဘဲ ဖြစ်နေကြတယ်တဲ့၊ ဆံပင်နီသာ ရှိလိုက်ရင် ဘယ်ကလောက် ဟန်ကျလိုက်မလဲ ဆရာရယ်၊ ဇိမ်နှင့် နေနိုင်တာပေါ့လို့ ပြောတယ် ခင်ဗျ။

'ဒီတော့ ကျွန်တော်ကလည်း မင်းဟာ ဘာလဲကွလို့ မေးမိတယ်၊ စုံထောက်ကြီးကို ပြောရဦးမယ်၊ ကျွန်တော် ဆိုတဲ့ ကောင်ကလည်း အိမ်ပြင်ကို ထွက်ခဲသားဗျာ၊ ကျွန်တော်တို့ အပေါင်ဆိုင် လုပ်ငန်း ဆိုတာကလည်း အပြင်

mgyoe.com

mgyoe.com
SAMPLE BOOK

ထွက်ရတဲ့ လုပ်ငန်းမျိုးမှ မဟုတ်ဘဲ၊ ပေါင်ချင်တဲ့ လူက ကိုယ့်ဆီကို လာပေါင်ကြတာ ဆိုတော့ တစ်ခါတလေများ တစ်လ ကြာလို့ အိမ်ပြင်ကို တစ်ခေါက်မရောက်ချင်ဘူး၊ အပြင်ဘက်မှာ ဘာတွေ ဖြစ်ပျက်နေတယ် ဆိုတာလည်း သိတာမဟုတ်ဘူး၊ ဒီတော့ သတင်းထူး သတင်းဆန်းလေး ကြားရင် သိပ် နားထောင်ချင်တာကိုး။

'ဆံပင်နီဂိုဏ်း ဆိုတာ ဆရာ မကြားဖူးဘူးလားတဲ့၊ ကြားဖူးပေါင်ကွာလို့ ပြောတော့ ဒီအသင်းမှာ လစ်လပ်တဲ့ နေရာ ပေါ်တုန်း ဆရာ လျှောက်ဖို့ကောင်းတယ်တဲ့၊ အသင်းဝင်တော့ ဘာများ အကျိုး ခံစားရမှာလဲလို့ ကျွန်တော်က မေးတယ်၊ သိပ်တော့ မများဘူးပေါ့ ဆရာရယ်တဲ့၊ တစ်နှစ်မှာ ပေါင်တစ်ရာ ငါးဆယ် နှစ်ရာလောက်တော့ အေးအေးလေးနှင့် ရမှာပေါ့တဲ့၊ ဟုတ်တိပတ်တိမလုပ်ရဘဲ ဒီလောက် ရတယ် ဆိုရင် နည်းသလားတဲ့၊ ပြီးတော့ ဒိပြင် ကိုယ်လုပ်နေတဲ့ အလုပ်ကိုလည်း ဘာမှ မထိခိုက်ဘူးတဲ့၊ ဆက်လုပ်နေလို့ ရတာပဲတဲ့။

'စုံထောက်ကြီးတို့ပဲ စဉ်းစားကြည့်လေ၊ သူ့ စကား ကြားရတော့ ကျွန်တော်လည်း စိတ်ဝင်စားလာတယ်၊ အဲဒီ တစ်လောက အလုပ်အကိုင်ကလည်း သိပ် မကောင်းလှဘူး မဟုတ်လား၊ တစ်နှစ်ကို ပေါင် နှစ်ရာလောက် နောက်ထပ်ဝင်ငွေ ရှိတယ် ဆိုရင် တော်တော်လေး အသက်ရှူ ချောင်နိုင်တာပေါ့။

'ဒါနှင့် ကျွန်တော်က ဒီလို ဆိုရင်လည်း ငါ့ကို ပြောပြစမ်းကွာလို့ ပြောတယ်၊ သူက သတင်းစာ ကြော်ငြာကို ပြပြီး ဆရာ ဖတ်ကြည့်လေတဲ့၊ ခု ဆံပင်နီဂိုဏ်းမှာ အသင်းသား တစ်နေရာ လစ် လပ် နေတယ်တဲ့၊ လျှောက်ထားနိုင်တဲ့ နေရပ် လိပ်စာလည်း ပါတယ်တဲ့၊ သူ သိသလောက် ပြောရမယ် ဆို ရင် တော့ အဲ ဒီ အသင်းကို အီဇီကယ် ဟော့ပ်မင်း ဆို



'ဆံပင်နီ ဂိုဏ်းမှာ အသင်းသား တစ်နေရာ လစ်လပ်နေတယ်တဲ့'


mgyoe.com

mgyoe.com
SAMPLE BOOK

တဲ့ လူထူး လူဆန်း အမေရိကန် သန်းကြွယ် သူဌေးကြီး တစ်ယောက်က တည်ထောင်ခဲ့တာတဲ့၊ သူကိုယ်တိုင်က ဆံပင် နီတော့ ဆံပင်နီ ရှိတဲ့ လူတွေကို သံယောဇဉ် ကြီးတယ်တဲ့၊ သူ သေတဲ့ အခါကျတော့ သူ့ ပစ္စည်းတွေကို ဘဏ္ဍာထိန်း အဖွဲ့ကို အပ်ပစ်ခဲ့ပြီး ဆံပင် နီနီနှင့် လူတွေကို ထောက်ပံ့ဖို့ မှာခဲ့တယ်တဲ့၊ သူကြားဖူးသလောက် ဆိုရင်တော့ ထောက်ပံ့ကြေး ကောင်းကောင်း ရပြီး မည်မည်ရရ ဘာမှ မလုပ်ရဘူးလို့ စပေါလ်ဒင်းက ပြောပြတယ် ခင်ဗျ။

'ကျွန်တော်က လောကကြီးမှာ ဆံပင်နီ ရှိတဲ့ လူတွေ သန်းချီ ရှိမှာပေါ့ကွာ၊ သွားလျှောက်ရင်လည်း ရချင်မှ ရမှာပါလို့ ပြောတယ်၊ ဆရာ ထင်သလောက်တော့ မများဘူး ဆရာတဲ့၊ ပြီးတော့ သူက အရွယ် ရောက်ပြီးတဲ့ လန်ဒန်သားကိုပဲ ပေးမှာတဲ့၊ ဒီ အမေရိကန် သူဌေးကြီးဟာ သူ ငယ်ငယ်က လန်ဒန်မှာ နေခဲ့ပြီး ဒီကနေ ကြီးပွားသွားတာတဲ့၊ ဒါကြောင့် လန်ဒန်ကို ကျေးဇူးဆပ်တဲ့ အနေနှင့် ဆံပင်နီ ရှိတဲ့ လန်ဒန်သားကိုမှ ထောက်ပံ့မှာတဲ့၊ ပြီးတော့ ဆံပင် နီတယ် ဆိုရာမှာလည်း အနီရောင် နုနု ဒါမှမဟုတ် အနီရောင် ရင့်ရင့် နီတာမျိုး မဖြစ်စေရဘူးတဲ့၊ ဆရာ့ ဆံပင်လို ရဲတွတ်ပြီး တောက်နေတဲ့ ဆံပင်မျိုး ရှိတဲ့ လူကိုမှ ပေးမှာတဲ့၊ ဆရာသာ လျှောက်ရင် သေချာပေါက် ရမှာပဲတဲ့၊ ငွေကလေး မဖြစ်စလောက်နှင့် ဒီက ပင်တိုင် အလုပ်ကို ပစ်ထားရမယ် ဆိုရင်တော့ တစ်မျိုးပေါ့ ဆရာရယ်လို့ သူက ပြောတယ် ခင်ဗျ။

'ဒီတော့ စုံထောက်ကြီးတို့ မြင်တဲ့ အတိုင်း ကျွန်တော့် ဆံပင်ကလည်း နီရဲနေတယ် မဟုတ်လား ခင်ဗျ၊ နီတာမှ ရိုးရိုး နီတာ မဟုတ်ဘူး၊ တောက်ပြီး နီနေတာ၊ ပြိုင်ပြီးများ လျှောက်ရမယ် ဆိုရင် ကျွန်တော် ရမှာ သေချာတယ် ခင်ဗျ၊ စပေါလ်ဒင်းကို ကြည့်ရတာကလည်း ကျွန်တော့်ကို ဒီအခွင့်အရေး လက်လွှတ်စေချင်ပုံ မရဘူး၊ သူ တတ်နိုင်သလောက် ကူညီမယ့် ပုံပဲ၊ ဒါနှင့် ကျွန်တော်လည်း သူ့ကို အပေါင်ဆိုင် အပိတ် ခိုင်းလိုက်ပြီး ကျွန်တော်နှင့် အတူ လိုက်ဖို့ ခေါ်လာခဲ့တယ် ခင်ဗျ၊ အားလပ်ခွင့် ရတော့ သူလည်း သဘောကျတာပေါ့၊ ဒါနှင့် ကျွန်တော်တို့ နှစ်ယောက် ဆိုင်ပိတ်ပြီး သတင်းစာထဲမှာ ပါတဲ့ လိပ်စာအတိုင်း လိုက်သွားကြတယ် ခင်ဗျ။

'လား လား စုံထောက်ကြီးရေ၊ ဟိုရောက်တော့ ကျွန်တော်ဖြင့် ဒီလို ရှုခင်းမျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ အသင်းဝင် လာလျှောက်တဲ့ လူတွေ နည်းတာ မဟုတ်ဘူး၊ ဆံပင်မှာ အနီသွေး ပါတဲ့ လူတွေ လူတွေ လာလိုက်ကြတာ၊ အရပ်လေးမျက်နှာက ဆိုပါတော့၊ အဲဒီ နေ့က ဖလီလမ်း ဆိုတာ တစ် လမ်း လုံး

mgyoe.com

mgyoe.com SAMPLE BOOK
ရဲပတောင်း ခတ်နေတာပဲ၊ ပန်းခြံ ဆိုရင်လည်း လိမ္မော်ခြံကြီး ကျနေတာပဲ၊ ကြော်ငြာလေး တစ်ခုကြောင့် လာလိုက်ကြတဲ့ ဆံပင်နီနီနှင့် လူတွေ၊ ကျွန်တော်တို့ တိုင်းပြည်မှာ ဆံပင်နီနီနှင့် လူတွေ ဘယ်လောက် များတယ် ဆိုတာ ခုမှပဲ သိတော့တယ်၊ အနီရောင်တွေကလည်း အမျိုးစုံ ခင်ဗျ၊ ကောက်ရိုးရောင်၊ လိမ္မော်ရောင်၊ သစ်ကြားသီးရောင်၊ အုတ်နီခဲရောင်၊ အိုင်းရစ် ခွေးနီပုရောင်၊ အသည်းရောင်၊ မြေနီရောင် စုံလို့ပဲ ခင်ဗျ၊ ဒါပေမဲ့ စပေါလ်ဒင်း ပြောသလို ရဲရဲ နီနေတဲ့ အရောင်မျိုးကတော့ သိပ်မတွေ့ရဘူး ခင်ဗျ၊ လူတွေ စောင့်နေကြတာ များလွန်းတော့ ကျွန်တော်လည်း စိတ်ပျက်ပြီး မလျှောက်တော့ဘဲ ပြန်တော့မလို့ ခင်ဗျ၊ ဒါပေမဲ့ စပေါလ်ဒင်းက အတင်း ရှေ့က ဝင်၊ လူတွေကို တွန်းထိုး ဖယ်ရှားပြီး ကျွန်တော့်ကို လူအုပ်ထဲ အတင်း တွန်းပို့ ဆွဲခေါ်သွားလိုက်တာ နောက်ဆုံးတော့ ရုံးခန်းပေါက်ဝကို ရောက်သွားတယ် ခင်ဗျ၊ လှေကားပေါ်မှာလည်း ဝင်ခွင့် ရမလား ဆိုတဲ့ မျှော်လင့်ချက်နှင့် တက်လာနေတဲ့ လူတွေ၊ မရလို့ စိတ်ပျက်ပြီး ပြန်ဆင်းလာကြတဲ့ လူတွေနှင့် အဆင်းရော အတက်ရော ကြိတ်ကြိတ် တိုးနေကြတယ်ဗျ၊ ဒီလိုနှင့် ကျွန်တော်တို့ နှစ်ယောက်လည်း တိုးလာ လိုက်ကြတာ နောက်ဆုံးတော့ ရုံးခန်းထဲကို ရောက်သွားရော ဆိုပါတော့ ခင်ဗျာ'

ဂျာဘီဇ် ဝီလဆင်က ခေတ္တမျှ ရပ်လိုက်ပြီး ရှုဆေးကို ထုတ်၍ ရှုရင်း စဉ်းစားနေစဉ် ရှားလော့ဟုမ်းက


'အင်း၊ ခင်ဗျား အတွေ့အကြုံကတော့ တော်တော့်ကို ဆန်းပေတာပဲဗျို့၊ ဆက်စမ်းပါဦး'

'ရုံးခန်းထဲမှာ သစ်သား ကုလားထိုင် နှစ်လုံးနှင့် စားပွဲရှည်ကြီး တစ်လုံးပဲ ရှိတယ် ခင်ဗျ၊ တခြား ဘာမှ မရှိဘူး၊ စားပွဲမှာ ဆံပင် နီနီနှင့် လူပုပုသေးသေး တစ်ယောက် ထိုင်နေတယ်၊ သူ့ ဆံပင်က ကျွန်တော့် ဆံပင်ထက်တောင် နီသေးတယ် ခင်ဗျ၊ လျှောက်လွှာ တင်တဲ့ လူတစ်ယောက် ရောက်လာရင် ထပြီး မေးခွန်း နည်းနည်းပါးပါး မေးတယ်၊ လျှောက်လွှာရှင်ရဲ့ ဆံပင်ကို ကြည့်တယ်၊ တကတည်းဗျာ၊ စိတ်တိုင်းကျတာကို တွေ့တယ် မထင်ပါဘူး၊ အပြစ် တစ်ခု မဟုတ် တစ်ခုတော့ တွေ့နေတာပဲ၊ နေရာလပ်ပေါ်တိုင်း လျှောက်ရတာ သိပ်တော့ မလွယ်လှဘူးနော်၊ ဒါနှင့် ကျွန်တော့် အလှည့် ရောက်လာရော ဆိုပါတော့၊ လူဖလံကလေးက ကျွန်တော့်ကို တခြား လူတွေထက် ဦးစားပေးတယ် ခင်ဗျ၊ ကျွန်တော်တို့လည်း ရောက်သွားရော လွတ်လွတ်လပ်လပ် စကားပြောချင်လို့ ထင်ပါရဲ့၊ ရုံးခန်း တံခါးကို ပိတ်ပစ်လိုက်တယ် ခင်ဗျ။



mgyoe.com

mgyoe.com
SAMPLE BOOK



'ခဏ ကြာတော့
ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက်တယ်'

'ဟောဒါက မစ္စတာ ဂျာဘိဇ်ဝီလဆင်ပါ၊ အသင်းကို ဝင်ချင်လို့ လာ လျှောက်တာပါလို့ စပေါလ်ဒင်းက ပြောတယ်၊ ဟုတ်ပြီ၊ ကျုပ် လိုချင်တဲ့ အချက်တွေ အားလုံး အပြည့်ပဲ၊ ဒီလို ဆံပင်မျိုးကို တစ်ခါမှ မမြင်ဖူး သေးဘူးဗျ လို့ ပြော ပြီး ခပ် ဝေးဝေး က နေ ကျွန်တော့် ဆံပင်ကို ပတ်ပတ်လည် လှည့် ကြည့်နေလိုက်တာ ဗျာ၊ ကြာတော့ ကျွန် တော်တောင် ခပ်ရှက်ရှက် ဖြစ်လာတယ်၊ ခဏ ကြာ တော့ ကျွန်တော့်ကို လက် ဆွဲ နှုတ်ဆက်တယ်၊ ကျွန် တော့်ကို အသင်းဝင်နှင့် ကိုက်ညီတဲ့ အရည်အချင်းတွေ ရှိလို့ ဝမ်းသာတဲ့ သဘော ပေါ့လေ။

'သိပ် အချိန် ဆွဲမနေတော့ဘူးဗျ၊ ချက်ချင်း လက်ခံရမှာပဲတဲ့၊ ဒါပေမဲ့ လိုလိုမည်မည် အတုလား အစစ်လား သိအောင်တော့ စမ်းသပ်ကြည့်ပါရစေဗျာလို့ ပြောပြီး ကျွန်တော့် ဆံပင်တွေကို ဆုပ်ကိုင် ခြေမွနေလိုက်တာ စုံထောက်ကြီး ရယ်၊ နောက်ဆုံးတော့ ကျွန်တော်လည်း နာလွန်းလို့ အော်ယူရတယ်၊ ဒီတော့မှ လွှတ်လိုက်ပြီး ဟုတ်ပြီဗျ၊ အတု မဟုတ်ဘူး၊ အစစ်ပဲ၊ ခင်ဗျားမှာ မျက်ရည်တွေ တောင် ထွက်နေပြီတဲ့၊ အမှန်ကတော့ ဒီလောက် စမ်းစရာ မလိုပါဘူးဗျာ တဲ့၊ ဒါပေမဲ့ ကျွန်တော်တို့မှာ နှစ်ခါ အလိမ်မိခဲ့ဖူးလို့တဲ့၊ တစ်ယောက်ကတော့ ဆံပင် တုနှင့် လာလိမ်တာတဲ့၊ နောက်တစ်ယောက်ကတော့ ဆေးဆိုးပြီး လာတာတဲ့၊ စိတ်ပျက်စရာတွေ ပြောရရင်တော့ အများကြီးပဲတဲ့။

'ကျွန်တော့်ကို စစ်ဆေးပြီးတော့ လူဖလံလေးဟာ ပြတင်းပေါက်မှာ သွားရပ်ပြီး လစ်လပ်နေတဲ့ ဒီအသင်းသား နေရာမှာ လူရွေးလိုက်ပြီလို့လည်း ပြော

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ရော အောက်လမ်းမပေါ်က စိတ်ပျက်လက်ပျက်နှင့် ဟာ ဆိုတဲ့ အသံကြီး ပေါ်လာတယ် ခင်ဗျ။

'ခဏ ကြာတော့ ဆံပင် နီနီနှင့် လာလျှောက်တဲ့ လူတွေလည်း ကိုယ့် လမ်း ကိုယ် ပြန်သွား ကြတာပေါ့လေ၊ ဆံပင်နီနီနှင့် လူဆိုလို့ ကျွန်တော်ရယ်၊ အသင်းလူကြီးရယ်၊ ဒီ နှစ်ယောက်ပဲ ကျန်ခဲ့တော့တယ် ခင်ဗျ။

'ကျွန်တော်က မစ္စတာ ဒန်ကန် ရော့စ်ပါ၊ ကျွန်တော်လည်း ကျွန်တော် တို့ရဲ့ ကျေးဇူးရှင် သူဌေးကြီး ပေးခဲ့တဲ့ ထောက်ပံ့ကြေး ရတဲ့ လူတစ်ယောက်ပါ၊ ခင်ဗျားက အိမ်ထောင်နှင့်လား၊ သားသမီးများကော ရှိသလားလို့ ကျွန်တော့်ကို မေးတယ်။

'ကျွန်တော်က မရှိဘူးလို့ ပြောတော့ ခင်ဗျာလို့ ပြန် ပြော တယ်၊ သူ့ မျက်နှာက ပျက်သွားပြီး ဒုက္ခပဲဗျို့တဲ့၊ ကြားရတာ စိတ် မကောင်းစရာပဲတဲ့၊ အမှန်ကတော့ ဒီထောက်ပံ့ကြေးဟာ ဆံပင်နီနီနှင့် သားစဉ် မြေးဆက်တွေ ပွါး ပွားအောင် တည်မြဲအောင် ထားခဲ့တဲ့ ထောက်ပံ့ကြေး ရန်ပုံငွေတဲ့၊ ခင်ဗျားက လူပျို ဖြစ်နေတာတော့ ခွကျနေတယ်တဲ့။

'စုံထောက်ကြီးပဲ စဉ်းစားကြည့်လေ၊ သူ့ စကား ကြားလိုက်တော့ ကျွန် တော်လည်း တော်တော်လေး စိတ်ဓာတ် ကျသွားတယ်၊ အသင်းဝင် ဖြစ်တော့မှာ မဟုတ်ဘူး ဆိုတဲ့ သဘောပေါ့၊ ဒါပေမဲ့ သူက ခဏ စဉ်းစားပြီး ကောင်းပြီလေ ဘယ်တတ်နိုင်မလဲတဲ့၊ ကန့်ကွက်ချက်တွေတော့ ပေါ်လာနိုင်တယ်တဲ့၊ ဒါပေမဲ့ ခင်ဗျား ဆံပင်နီပုံမျိုးက တော်တော် ရှားတော့ ကျွန်တော်တို့ဘက်က ပြောအား ရှိပါတယ်တဲ့၊ ဘယ်တော့မှာ အလုပ် ဆင်းနိုင်မလဲတဲ့။

'အလုပ် ဆင်းရမယ် ဆိုရင်တော့ ခပ်ခက်ခက်ပဲ ခင်ဗျ၊ ကျွန်တော့်မှာ လည်း ကိုယ်ပိုင် လုပ်ငန်းကလေး ရှိနေတယ်လို့ ကျွန်တော်က ပြောတယ်။

'ကျွန်တော် ရှိပါတယ် ဆရာ၊ ကျွန်တော် လုပ်ပေးမှာပေါ့လို့ စပေါလ် ဒင်းက ပြောတယ် ခင်ဗျ။

' ''ခင်ဗျားတို့ အလုပ်က ဘယ် အချိန်ကနေ ဘယ် အချိန် အထိ လုပ် ရမှာလဲ''

' ''ဆယ်နာရီက နေပြီး နှစ်နာရီ အထိတွင်ပါ''

'အပေါင်ဆိုင် အလုပ်က ညနေကျမှ ရှိတတ်တာကိုး စုံထောက်ကြီးရ၊ အထူးသဖြင့် စနေနေ့ လခတွေ မထုတ်ခင် ကြာသပတေး သောကြာမှာ လူ အကျ များတတ်တယ်၊ ဒီတော့ နှစ်နာရီလောက် အထိတွင် ဆိုရင် မထောင်းတာလှဘူး၊



mgyoe.com

mgyoe.com
SAMPLE BOOK

အပို ဝင်ငွေလေး ဘာလေး ရတာပေါ့၊ ပြီးတော့ ကျွန်တော့် အကူ စာရေးက လည်း လူရိုး လူကောင်းပါ၊ စိတ်ချရပါတယ်။

"ဒီလိုဆိုရင် ရပါတယ်၊ လခကကော ခင်ဗျာ"

"လခကတော့ တစ်ပတ်ကို လေးပေါင် ခင်ဗျ"

"အဲ အလုပ်ကကော"

"အို အလုပ်ကလည်း ဟုတ်တိပတ်တိ မဟုတ်ပါဘူး၊ သဘော လောက်ပါ"

"သဘောလောက် ဆိုတာ ဘယ်လိုပါလဲ ခင်ဗျာ"

"ဆိုလိုတာက ခင်ဗျားဟာ ရုံးခန်းမှာ ရှိနေရမယ်၊ တစ်ချိန်လုံး ဆို ပါတော့၊ အကယ်၍ အပြင်ကို ထွက်ရင်တော့ ပြုတ်မှာပဲ၊ ထောက်ပံ့ကြေးလည်း ရမှာ မဟုတ်တော့ဘူး ခင်ဗျ၊ သူဌေးကြီးရဲ့ သေတမ်းစာမှာ စည်းကမ်းနှင့် ပတ် သက်လို့ တော်တော်လေး တင်းတင်းကျပ်ကျပ် ထားပစ်ခဲ့တယ်၊ ဒီအချိန် အတွင်း မှာ အပြင် ထွက်တယ် ဆိုရင်တော့ သူ့ စည်းကမ်းနှင့် ညီတော့မှာ မဟုတ်ဘူး"

"ကိစ္စ မရှိဘူးလေ၊ တစ်နေ့မှာ လေးနာရီလောက်ပဲဟာ၊ ကျွန်တော် အပြင်ကို မထွက်ဘဲ လုပ်နိုင်ပါတယ်"

"တစ်ခု သိထားဖို့က အကြောင်းပြချက် ပေးလို့တော့ ရမှာ မဟုတ် ဘူးနော်၊ နေမကောင်းလို့ ကိစ္စ ရှိလို့ ဘာလို့ ဆိုပြီး ထွက်လို့တော့ မဖြစ်ဘူး၊ ထွက်ရင် ခင်ဗျား ထောက်ပံ့ကြေး ဆုံးပြီးသားပဲ"

"အလုပ်ကကော ခင်ဗျာ"

"ဗရိတန်နီကာ စွယ်စုံကျမ်းကို ကူးရမယ်၊ ခု ပထမတွဲကို စက်တင် ပုံနှိပ်နေပြီ၊ မင်တို့ ကလောင်တံတို့ မင်နှိပ်စက္ကူတို့ကိုတော့ ခင်ဗျားက စိုက် ရမယ်၊ ကျွန်တော်တို့က ဟောဒီ စားပွဲနှင့် ကုလားထိုင် ပေးထားမယ်၊ မနက်ဖြန် က စပြီး ဆင်းနိုင်ပါ့မလား"

"ဆင်းနိုင်ပါတယ်"

"ကဲ ဒါဖြင့် သွားနိုင်ပါပြီ၊ ခုလို အရေးကြီးတဲ့ နေရာမှာ ရတဲ့ အတွက် ဝမ်းသာပါတယ်ဗျာ" လို့ ပြောပြီး နှုတ်ဆက်တယ်၊ ကျွန်တော်လည်း ကျွန်တော့် အကူ စာရေး စပေါလ်ဒင်းနှင့် အတူ ပြန်လာခဲ့တယ်၊ စားရကံ ကြုံလို့ မုတ်ဆိတ် ပျားစွဲတာပဲ ဆိုပြီး တော်တော်လေးလည်း ကျေနပ်မိတယ် ခင်ဗျ၊ ဘာ ပြောလို့ ဘာလုပ်ရမှန်းတောင် မသိဘူး။

'ဒါနှင့် ကျွန်တော်လည်း ဒီကိစ္စကို တစ်နေ့လုံး စဉ်းစား နေမိတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK
ညနေကျတော့ နည်းနည်း စိတ်လေးလာတယ်၊ ဒီကိစ္စဟာ တစ်ခုခု မကောင်း ကြံချင်လို့များလား၊ လိမ်လည်မှု တစ်ခုခုနှင့်များ ပတ်သက်နေသလားလို့ ထင့် တင့်တင့် ဖြစ်နေတယ်၊ ဘာ ရယ် လို့ တိတိကျကျ ပြောလို့တော့ မရဘူးပေါ့ ခင်ဗျာ၊ ဒီလို သေတမ်းစာမျိုးကို ဘာ ရည်ရွယ်ချက်နှင့် ရေးထားခဲ့သလဲ၊ စွယ်စုံ ကျမ်းကို ကူးရုံကလေးနှင့် ဘာဖြစ်လို့ ပိုက်ဆံ ဒီလောက် ပေးရသလဲ စသဖြင့် ကျွန်တော် တွေးနေတယ်၊ ကျွန်တော့် အကူ စာရေး စပေါလ်ဒင်းကတော့ စိတ် သက်သာရာ ရအောင် အမျိုးမျိုး ဖြေပြောရှာပါတယ်၊ ဒါပေမဲ့ သူက ဘယ်လိုပဲ စိတ် ရှင်းအောင် ပြောပြော ကျွန်တော်ကတော့ သိပ် ဘဝင်မကျလှဘူး ခင်ဗျ၊ ဘာပဲဖြစ်ဖြစ်လေ လုပ်စမ်းကြည့်ဦးမယ် ဆိုပြီး နောက်တစ်နေ့ မနက်ကျတော့ တစ်ပဲနီတန် မင်အိုး တစ်လုံးရယ်၊ ကလောင်တံ တစ်ချောင်းရယ်၊ ဖူးစကက် စာရွက် ခုနစ်ရွက်ရယ် ဝယ်ပြီး ပုတ်ကုတ်မှာ ရှိတဲ့ အသင်းတိုက်ကို သွားတယ် ခင်ဗျ။

'ဟိုရောက်တော့ မနေ့က ပြောလိုက်တဲ့ အတိုင်း အဆင်သင့်ပဲ ခင်ဗျ၊ ကျွန်တော့် အတွက် စားပွဲ အသင့် ပြင်ထားပြီးပြီ၊ မစ္စတာ ဒန်ကန် ရော့စ်က လည်း ကျွန်တော့် အလုပ်ကို ကြည့်ရအောင် စောင့်နေတယ်၊ သူက စွယ်စုံကျမ်း ထဲမှာ အေက စပြီး အကူးခိုင်းပြီး ခဏ ကြာတော့ ထွက်သွားတယ်၊ ကျွန်တော် အလုပ် လုပ်တာ ဟန်ကျရဲ့လားလို့ မကြာ မကြာလည်း လာကြည့်တယ်၊ နေ့ လယ် နှစ်နာရီလည်း ထိုးရော ကျွန်တော့်ကို နှုတ်ဆက်၊ ကျွန်တော် ကူးပေးတဲ့ စာတွေ တော်တော် များလို့ ကျေးဇူးတင် စကား ပြော၊ အခန်းကို သော့ပိတ်ပြီး ထွက်သွားတာပဲ။

'ဒီလိုနှင့် ကျွန်တော် လုပ်လာတာ စနေနေ့လည်း ရောက်ရော မစ္စတာ ဒန်ကန် ရောက်လာပြီး ကျွန်တော့်ကို ပေါင်ရွှေဒင်္ဂါး လေးပြား ထုတ်ပေးတယ်၊ တစ်ပတ်စာ လစာပေါ့လေ၊ နောက် အပတ်တွေမှာလည်း ဒီအတိုင်းပဲ၊ မနက် ဆယ်နာရီ ထိုးတာနှင့် ရုံးခန်းရောက်၊ စာကူး၊ ညနေ နှစ်နာရီ ထိုးတာနှင့် ပြန်၊ မစ္စတာ ဒန်ကန်ကတော့ ကျွန်တော့် စားပွဲ နားကို မနက် တစ်ခေါက်လောက်ပဲ လာကြည့်တော့တယ်၊ တော်တော်လေး ကြာသွားတဲ့ အခါကျတော့ တစ်ခေါက် မှတောင် ပေါ်မလာတော့ဘူး၊ ဒါပေမဲ့ ကျွန်တော်ကတော့ ဘယ်ထွက်ရဲပါ့မလဲ၊ မတော် သူ ပေါက်လာရင် ဘယ့်နှယ် လုပ်မလဲ၊ ရတာကလည်း မြက်မြက်က လေး ရထားတော့ ဒါလေးကို ဘာမဟုတ်တာကလေးနှင့် အဆုံးရှုံး မခံနိုင်ဘူး ပေါ့ ခင်ဗျာ။


mgyoe.com

mgyoe.com SAMPLE BOOK

'ဒီလိုနှင့် နှစ်လလောက် ကြာသွားရော ဆိုပါတော့၊ ကျွန်တော်လည်း စွယ်စုံကျမ်းကြီးမှာ ပါတဲ့ အေ အက္ခရာ အောက်က အကြောင်းတွေကို တော်တော် ကူးပြီးနေပြီ ခင်ဗျ၊ အက်ဘော့ (သာသနာပိုင်)၊ အာချရီ (လေးမြား အတတ်)၊ အားမား (သံချပ်အင်္ကျီ)၊ အာခီတက်ချား (ဗိသုကာ အတတ်ပညာ)၊ အတ္တိကာ စတဲ့ အကြောင်းတွေကို ကူးပြီးသွားပြီ၊ မကြာခင်မှာ ဘီ အက္ခရာကို ရောက်တော့ မယ်၊ ဖူးစကက် စာရွက်လည်း တော်တော်လေး ကုန်သွားပြီ၊ ကူးပြီးတဲ့ စာရွက် ထပ်တွေတောင် စင် တစ်တန်းမှာ တစ်ဝက် ပြည့်လုနေပြီ၊ အဲဒီတုန်းမှာ ကိစ္စ ပြတ်သွားတော့တာပဲ ခင်ဗျာ'

'ကိစ္စ ပြတ်သွားတယ် ဟုတ်စ'

'ဟုတ်ကဲ့၊ ဖြစ်ပုံက ဒီလိုလေ၊ ဒီနေ့ မနက် ကျွန်တော် ခါတိုင်းလို အသင်းတိုက် ရုံးခန်းကို သွားပါတယ်၊ ထုံးစံအတိုင်း ဆယ်နာရီ လောက်မှာပါပဲ၊ ဒါပေမဲ့ ဟို ရောက်တော့ အသင်းတိုက် တံခါးကြီး ပိတ်လို့ ခင်ဗျ၊ သော့ခလောက်ကြီး တန်း လန်း နှင့်၊ တံခါး အလယ်ကောင်မှာ စက္ကူကတ်ပြား သေးသေးလေး တစ်ခု ချိတ် ထားတယ်၊ ဟောဒီ ကတ်ပြားပဲ၊ စုံ ထောက် ကြီး ကိုယ်တိုင် ဖတ်ကြည့်ပေတော့'



'ဟို ရောက်တော့
အသင်းတိုက် တံခါးကြီး ပိတ်လို့ ခင်ဗျ'

ဂျာဘိဇ် ဝီလဆင်သည် စာရေး စက္ကူ ဆိုက်လောက် ရှိသည့် ကတ်ပြား ဖြူဖြူကလေးကို လှမ်း ပေး လိုက် ၏။ ကတ်ပြား ပေါ် တွင် 'ဆံပင်နီ ဂိုဏ်းကို ဖျက် သိမ်း လိုက် ပြီ ဖြစ်ကြောင်း၊ ၁၈၉၀ ခု အောက်တိုဘာလ ၉ ရက်' ဟု ရေးထားလေ၏။

mgyoe.com SAMPLE BOOK

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် တိုတောင်းလှသော ကြော်ငြာချက်ကလေးကို လည်းကောင်း၊ စိတ်ပျက်လက်ပျက် ဖြစ်နေသည့် မစ္စတာ ဝီလဆင်၏ မျက်နှာကို လည်းကောင်း ကြည့်နေမိကြရာက ငိုအားထက် ရယ်အားသန် ဆိုသကဲ့သို့ မအောင့်နိုင်ကြတော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မောမိကြလေ၏။

မစ္စတာ ဝီလဆင်သည် ကျွန်ုပ်တို့ ရယ်မောနေသည်ကို ကြည့်၍ ရှူးရှူးရှားရှား ဖြစ်လာကာ 'ဒါ ရယ်စရာ မဟုတ်ဘူး ခင်ဗျ၊ ရယ်ရုံသာ ရယ်ပြီး ဘာမှ လုပ်မပေးနိုင်ဘူး ဆိုရင် ကျွန်တော် တခြားကို သွားမယ်' ဟု ဆိုလေ၏။

ရှားလော့ဟုမ်းက သူ့ကို ကုလားထိုင်တွင် ပြန်၍ အထိုင်ခိုင်းကာ

'ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ခင်ဗျား ကိစ္စကို ကျုပ် အလေးအနက်ထားပါတယ်၊ အဖြစ်က နည်းနည်း ဆန်းလို့ပါ၊ ခပ်ရိုးရိုး ပြောရရင်တော့ အဖြစ်က နည်းနည်းလည်း ရယ်စရာ ကောင်းနေတယ်ဗျ၊ ကဲ ဒီကတ်ပြားပေါ်က ကြော်ငြာချက်ကို တွေ့တော့ ခင်ဗျား ဘာလုပ်သလဲ ပြောပြစမ်းပါဦး'

'ကျွန်တော်လည်း တော်တော်ကလေး စိတ်ပျက်သွားတယ်၊ ဘာလုပ်ရမယ်တောင် မသိဘူး၊ ဒါနှင့် အနားက အခန်းတွေကို စုံစမ်းကြည့်တယ်၊ ဒါပေမဲ့ တစ်ယောက်မှ သိပုံ မပေါ်ဘူး ခင်ဗျ၊ နောက်ဆုံးတော့ အပေါ်ထပ်မှာ နေတဲ့ အခန်းရှင် စာရင်းကိုင် စာရေးကြီးဆီကို ကျွန်တော် သွားပြီး စုံစမ်းတယ်၊ ဆံပင်နီဂိုဏ်းဟာ ဘယ်လို ဖြစ်သွားတာလဲလို့ သူ့ကို မေးကြည့်တယ်၊ ဒီနာမည်မျိုးနှင့် အသင်း ရှိတယ် ဆိုတာ သူ တစ်ခါမှ မကြားခဲ့ဖူးဘူးတဲ့၊ ဒါနှင့် မစ္စတာ ဒန်ကန်ရော့စ် ဆိုတာကောလို့ မေးတော့ ဒီနာမည်ကိုလည်း သူ မသိဘူးတဲ့။

'ကဲ ဒီလိုဆိုရင် အခန်း နံပါတ် လေးမှာ နေတဲ့ လူကော ဆိုတော့ ဆံပင်နီနီနှင့် လူလားတဲ့။

' ''ဟုတ်တယ်''

' ''အို သူ့ နာမည်က ဝီလျံ မောရစ်တဲ့၊ သူ့ အခန်း ပြင်နေသေးလို့ မပြီးခင် ကျွန်တော့်ဆီမှာ ခဏ လာပြီး ရုံးခန်း ဖွင့်နေတဲ့ ရှေ့နေ တစ်ယောက်ပါ၊ မနေ့ကတွင် ပြောင်းသွားပြီ ခင်ဗျ''

' ''ဒီလိုဆိုရင် သူ့ ရုံးခန်း အသစ်က ဘယ်မှာလဲ ခင်ဗျာ''

' ''ကျုပ်ကိုတော့ လိပ်စာတော့ ပေးဖူးတာပဲ၊ ဟုတ်ပြီ၊ အမှတ် ၁၇၊ ကင်း အက်ဒွပ် လမ်းက စိန့်ပေါ ဘုရားရှိခိုးကျောင်းကြီးနားမှာ''

'ဒါနှင့် ကျွန်တော်လည်း လိုက်သွားရော ဆိုပါတော့ ခင်ဗျာ၊ ဒါပေမဲ့ ဟိုရောက်တော့ အဲဒီ အခန်းက ဒူးစွပ်တွေ ရောင်းတဲ့ဆိုင် ဖြစ်နေတယ် ခင်ဗျ၊

mgyoe.com

mgyoe.com SAMPLE BOOK

ဒန်ကန် ရော့စ်ကိုရော၊ ဝီလျံ မောရစ် ဆိုတဲ့ နာမည်ကိုရော ဘယ်သူမှ မကြား ဖူးဘူးတဲ့'

'ဒီတော့ ခင်ဗျား ဘာလုပ်သလဲ'

ရှားလော့ဟုမ်းက မေး၏။

'ကိုးဘတ် ပန်းခြံနားမှာ ရှိတဲ့ ကျွန်တော့် အပေါင်ဆိုင်ကို ပြန်လာတယ် ခင်ဗျ၊ ကျွန်တော့် အကူ စာရေးဆီ အကြံဉာဏ် တောင်းကြည့်တယ်၊ ဒါပေမဲ့ သူလည်း ဘာမှ မတတ်နိုင်ပါဘူး၊ အကြောင်းကြားစာတို့ ဘာတို့များ စာတိုက် က လာမလား မသိဘူး စောင့်ကြည့်ပါဦးလို့ ပြောတာက လွဲလို့ သူလည်း ဘာမှ မတတ်နိုင်ဘူး၊ ဒီအတိုင်းတော့ ကျွန်တော် ဘယ် ကျေနပ်နိုင်မလဲ မစ္စတာဟုမ်း၊ ခပ်လွယ်လွယ်နှင့် ငွေရတဲ့ အလုပ် တစ်ခုကို လက်လွှတ် မခံနိုင်ဘူးပေါ့၊ စုံထောက် ကြီးကတော့ အကူအညီ လိုတဲ့သူကို ကောင်းကောင်း ကူညီတတ်တယ် ဆိုလို့ ဒီကို ကျွန်တော် တန်းလာခဲ့တာပဲ'

'ကောင်းပါတယ်၊ ခင်ဗျား အမှုဟာ တော်တော်လေး ထူးဆန်းတဲ့ အမှု ဖြစ်လေတော့ ကျုပ်ကလည်း အကူအညီ ပေးချင်ပါတယ်၊ ခင်ဗျား ပြောပုံကို ထောက်ရင် ဒီအမှုဟာ စောစောက ထင်တာထက် လေးနက်နေပြီဗျ'

'လေးနက်ပါသော်ကော ခင်ဗျာ၊ ကျွန်တော့်မှာ ဆိုရင် တစ်ပတ်ကို လေး ပေါင် နစ်နာနေပြီ'

'ခင်ဗျား တစ်ယောက်တည်း အနေနှင့် ကြည့်မယ် ဆိုရင်တော့ ဒီအသင်း ကြောင့် ကြီးကြီးကျယ်ကျယ် ထိခိုက်တာ မရှိပါဘူး၊ မထိခိုက်တဲ့ အပြင် ခင်ဗျား မှာ ပေါင် သုံးဆယ်လောက် အမြတ် ရလိုက်ပါတယ်၊ ဒါတွင် မကဘူး၊ အေ အက္ခရာ အောက်မှာ ရှိတဲ့ ဘာသာရပ်တွေနှင့် ပတ်သက်လို့ ဗဟုသုတတောင် ရခဲ့သေးတယ်၊ ဒါကြောင့် ခင်ဗျားမှာ ဘာမှ မထိခိုက်ပါဘူး'

'ကျွန်တော်ကတော့ မကျေနပ်ဘူး ခင်ဗျ၊ ဒီဂိုဏ်း အကြောင်းကို သိချင် သေးတယ်၊ ဒီလူတွေဟာ ဘယ်သူတွေလဲ၊ ဘာရည်ရွယ်ချက်နှင့် ကျွန်တော့်ကို အရူး လုပ်သွားတာလဲ ဆိုတာတွေကို သိချင်သေးတယ်၊ တကယ်တော့ သူတို့ ဘက်ကနေ ကြည့်ရင် ပိုက်ဆံ အကုန်ခံပြီး လုပ်ရတာ ခင်ဗျ၊ သုံးဆယ့် နှစ်ပေါင် ကုန်သွားတာ'

'ဒီအချက်တွေကို ရှင်းလင်းနိုင်အောင် ကျုပ်တို့ ကြည့်ဦးမယ်လေ၊ ဒါ ပေမဲ့ မေးခွန်းကလေး တစ်ခု နှစ်ခုလောက်တော့ မေးချင်တယ်ဗျ၊ ဆံပင်နီ ဂိုဏ်း နှင့် ပတ်သက်တဲ့ ကြော်ငြာ ခင်ဗျားကို လာပြတဲ့ ခင်ဗျားရဲ့ အကူ စာရေးဟာ



mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဗျားနှင့် အတူ နေတာ ဘယ်လောက် ကြာပြီလဲ'

'အဲဒီတုန်းက တစ်လလောက် ရှိပြီ ခင်ဗျ'

'သူ ရောက်လာပုံ ပြောပြပါဦး'

'ကျွန်တော်က အကူ စာရေး လိုတယ်လို့ ကြော်ငြာလို့ ရောက်လာတာပါ'

'လျှောက်တဲ့ လူက သူတစ်ယောက်တည်းလား'

'မကဘူး ခင်ဗျ၊ တစ်ဒါဇင်လောက် ရှိတယ်'

'သူ့ကို ဘာကြောင့် ရွေးလိုက်တာလဲ'

'သူက ဖျတ်ဖျတ်လတ်လတ် ရှိပြီး လခလည်း နည်းလို့ ခင်ဗျ'

'တစ်ဝက်ပဲ ပေးရတယ် ဆိုပါတော့'

'ဟုတ်ပါတယ်'

'အဲဒီ ဗင်းဆင့် စပေါလ်ဒင်း ဆိုတဲ့ လူက ဘယ်လို နေသလဲ'

'အရပ် ပြတ်ပြတ်၊ ဂင်တိုတို၊ ဖျတ်ဖျတ်လတ်လတ်ပဲ ခင်ဗျ၊ အသက် သုံးဆယ်ထက်တော့ မလျော့ဘူး၊ ဒါပေမဲ့ မုတ်ဆိတ်မွေးတို့ နှုတ်ခမ်းမွေးတို့ မရှိဘူး ခင်ဗျ'

ရှားလော့ဟုမ်းသည် အနည်းငယ် စိတ်လှုပ်ရှားသွားဟန်ဖြင့် ကုလားထိုင်တွင် မတ်မတ် ပြင်ထိုင်လိုက်လေ၏။

'ဟုတ်ပြီ၊ ကျုပ် ထင်တဲ့ အတိုင်းပဲ၊ သူ့ နားမှာ နားကွင်းပေါက်တွေ မမြင်မိဘူးလား'

'မြင်မိတယ် ခင်ဗျ၊ သူ ငယ်ငယ်တုန်းက ဂျစ်ပစီကြီး တစ်ယောက်က နားဖောက် ပေးသွားတာတဲ့'

ရှားလော့ဟုမ်းသည် ကုလားထိုင်ကို ပြန်မှီ၍ ထိုင်လိုက်ရင်း

'အင်း၊ ခု ဒီလူ ခင်ဗျားနှင့်ပဲ အတူ နေသေးတယ် ဆိုပါတော့'

'ဟုတ်ပါတယ်၊ နေပါတယ်၊ ကျွန်တော် ထွက်လာတော့ ဆိုင်မှာ ကျန်ခဲ့တယ်'

'ခင်ဗျား အပြင်ထွက်တုန်းမှာ သူပဲ ခင်ဗျား အလုပ်ကို လုပ်ပေးတယ် ပေါ့'

'လုပ်ပေးပါတယ် ခင်ဗျာ၊ ပြောစရာ မရှိပါဘူး၊ မနက်ခင်း ဆိုတော့ အလုပ်ကလည်း ပါးပါတယ်'

'ဟုတ်ပြီ မစ္စတာ ဝီလဆင်၊ တစ်ရက် နှစ်ရက်လောက် ဆိုရင် ခင်ဗျား



mgyoe.com

mgyoe.com SAMPLE BOOK

ကိစ္စနှင့် ပတ်သက်လို့ ထင်မြင်ချက် ပေးနိုင်လိမ့်မယ် ထင်ပါတယ်၊ ဒီနေ့ စနေနေ့ ဆိုတော့ တနင်္လာနေ့လောက် ဆိုရင် အဖြေ ပေါ်နိုင်ပါတယ်'

ဧည့်သည် ပြန်သွားသော အခါတွင် ရှားလော့ဟုမ်းက 'ကဲ ဝပ်ဆင်၊ ခင်ဗျား ဘယ်လို ထင်သလဲ' ဟု မေးလေ၏။

'ဘယ်လိုမှ မထင်တတ်အောင်ပဲဗျ၊ တော်တော်တော့ ဆန်းတယ်'

ကျွန်ုပ်က ပွင့်လင်းစွာ ပြောလိုက်၏။

'ဆန်းလွန်းလို့ အတွေးရ ခက်တယ် ဆိုပါတော့၊ အမှန်ကတော့ ဒီလို မဟုတ်ဘူးဗျ၊ ဆန်းလေ တွေးရတာ လွယ်လေပဲ၊ ရိုးရိုးစင်းစင်း အမှုတွေကသာ အတွေးရ ခက်တာ၊ ထူးခြားတဲ့ မျက်နှာကို မှတ်မိလွယ်ပြီး သိပ်မထူးခြားတဲ့ မျက်နှာကို မှတ်ရတာ ခက်သလိုပေါ့ဗျ၊ ဒါ့ပေမဲ့ ဒီကိစ္စကို ခပ်မြန်မြန်ကလေး လုပ်ရလိမ့်မယ် ထင်တယ်'



ရှားလော့ဟုမ်းသည်
ကုလားထိုင်ပေါ်တွင်
ခွေ၍ ထိုင်လိုက်ပြီးနောက် ...

'ဘယ်လို လုပ်မလဲ'

'ဆေးတံ သောက် မယ် လေ ဗျာ၊ ဆေးသုံးဆုံစာလောက် စဉ်းစား ရမယ့် အမှုမျိုးပဲ၊ ကျုပ်ကို မိနစ် ငါး ဆယ် လောက် တော့ စကား မပြောဘဲ နေလိုက်ပေဦးတော့ဗျို့'

ရှားလော့ဟုမ်းသည် သေးကွေးသော ဒူးများကို ကောက်သော နှာခေါင်း ထိလုနီးပါး ကုလားထိုင်ပေါ်တွင် ခွေ၍ ထိုင်လိုက်ပြီးနောက် မျက်လုံးများကို မှိတ်ထားလေ၏။ မည်းနက်သော သူ့ ရွှံ့ဆေးတံသည် ထူးဆန်းသော ငှက်တစ်ကောင်၏ နှုတ်သီးသဖွယ် ထိုးထိုးထောင်ထောင် ဖြစ်လျက် ရှိပေ၏။ ရှားလော့ဟုမ်းမှာ အိပ်ပျော်၍ သွားပြီလောဟု ထင်ရလျက် ကျွန်ုပ် ကိုယ်တိုင်မှာလည်း ငိုက်မျဉ်းလျက် ရှိ၏။

ထိုစဉ် ရှားလော့ဟုမ်းသည်



mgyoe.com

mgyoe.com SAMPLE BOOK

တစ်စုံ တစ်ရာကို ပြတ်သားစွာ ဆုံးဖြတ်လိုက်ပြီးသည့် လူတစ်ယောက်သဖွယ် ကုလားထိုင်မှ ဝုန်းခနဲ ထလိုက်ပြီးနောက် သောက်လက်စ ဆေးတံကို စင်ပေါ်သို့ လှမ်းတင်လိုက်ရင်း

'ဒီနေ့ ညနေ စိန့်ဂျိမ်း ခန်းမမှာ နာမည်ကျော် တယောဆရာ ဆာရာဆာတီ တယော ထိုးပြလိမ့်မယ်ဗျ၊ လူနာတွေကို ထားလို့ ရရင် ခဏလောက် လိုက်ခဲ့ပါလား'

'ဒီနေ့ ကျုပ်မှာ ဘာ အလုပ်မှ မရှိဘူးဗျ၊ ဆေးကုရတာ ပျင်းတောင် ပျင်းလာပြီ'

'ဒီလိုဆို ဦးထုပ် ယူပြီး လိုက်ခဲ့ဗျာ၊ ပထမ မြို့ထဲ သွားမယ်၊ မြို့ထဲ ရောက်တော့ တစ်ခုခု စားကြတာပေါ့၊ ဒီနေ့ ညနေမှာ ဂျာမန် သီချင်းကြီးတွေ တီးပြလိမ့်မယ်ဗျ၊ ကျုပ်အနေနှင့်ကတော့ ပြင်သစ်နှင့် အီတလီ သီချင်းကြီးတွေထက် ဂျာမန် သီချင်းကြီးတွေကို ပိုကြိုက်တယ်၊ ဂျာမန် ဂီတကို နားထောင်ပြီး စဉ်းစားခန်း ထုတ်ရတာ တယ် အရသာ ရှိတာပဲ၊ လာဗျို့'

ကျွန်ုပ်တို့သည် အဲဒါးဂိတ် ရပ်ကွက် အထိ မြေအောက် ရထားကို စီး၍ လာခဲ့ကြပြီးနောက် ထိုမှ ဆင်း၍ အနည်းငယ် လျှောက်သည်နှင့် မနက်က ကျွန်ုပ်တို့ နားထောင်ခဲ့သည့် ကိစ္စ ဖြစ်ပွားရာ ကိုးဘတ် ပန်းခြံ အနီးသို့ ရောက် သွားကြလေ၏။ ထိုနေရာမှာ အနည်းငယ် စုတ်ပြတ် ညစ်ပတ်သည့် ရပ်ကွက် တစ်ခု ဖြစ်၍ ညစ်ပတ် ဟောင်းနွမ်းနေသည့် နှစ်ထပ်တိုက်တန်း လေးတန်းသည် သံဝင်းထရံများ ကာထားသည့် ပန်းခြံ တစ်ခုကို မျက်နှာမူလျက် ရှိလေ၏။ ပန်းခြံထဲ၌ကား ပေါင်းမြက်တို့ ထနေသည့် မြက်ခင်း တစ်ခင်းနှင့် ခြောက်သွေ့နေသည့် ပန်းချုံ အချို့သည် မီးခိုးတို့ ဖုံးအုပ်လျက် ရှိ၍ မိမိတို့နှင့် သဟဇာတ မဖြစ်သည့် ပတ်ဝန်းကျင်ကို အနိုင်နိုင် ခုခံ တွန်းလှန်လျက် ရှိ၏။

ထောင့်တိုက်တန်းမှ အခန်း တစ်ခန်း ရှေ့တွင် ရွှေရောင် ဘောလုံး သုံးလုံးနှင့် အညိုရောင်ပေါ်တွင် ဂျာဘိဇ် ဝီလဆင် ဟူသော အဖြူရောင်နှင့် ရေးထားသည့် ဆိုင်းဘုတ် တစ်ခုသည် ကျွန်ုပ်တို့၏ ဆံပင် နီနီနှင့် အမှုသည် အလုပ်လုပ်သည့် အပေါင်ဆိုင် တည်ရှိရာကို ဖော်ပြလျက် ရှိ၏။ ရှားလော့ဟုမ်းသည် အပေါင်ဆိုင် ရှေ့တွင် နားကို စွင့်၍ ရပ်လိုက်၏။ မှေး၍ ထားသည့် သူ့ မျက်လုံးများသည် ထူးထူးခြားခြား တောက်ပလျက် ရှိပေ၏။

ထို့နောက် လမ်းထိပ်သို့ လျှောက်သွားပြီး တစ်ဖန် တိုက်တန်းများကို ကြည့်ကာ လမ်းထောင့် အပေါင်ဆိုင် ရှိရာသို့ ပြန် လာ လေ ၏။ နောက်ဆုံး



mgyoe.com

mgyoe.com
SAMPLE BOOK




*အပေါင်ဆိုင် တံခါးသည် ချက်ချင်း ပွင့်လာကာ ...*

အပေါင်ဆိုင် ရှေ့တွင် ရပ်လိုက်ပြီး ရှေ့ စကြံကို လက်ကိုင်တုတ်ဖြင့် နှစ်ချက် သုံးချက်မျှ အားရပါးရ ဆောင့်လိုက်ကာ အပေါင်ဆိုင် တံခါးကို ခေါက်လေ၏။ အ ပေါင် ဆိုင် တံခါးသည် ချက်ချင်း ပွင့်လာကာ ပါးနပ်ဟန် ရှိ၍ မုတ်ဆိတ်တို့ကို သန့်ရှင်းစွာ ရိတ်ထားသည့် လူရွယ် တစ်ယောက် ထွက်လာပြီး အထဲသို့ ဝင်ရန် ဖိတ်ခေါ်ခြင်း ပြုလေ၏။

'ကျေးဇူး တင်ပါတယ်၊ ဒီကနေ ကမ်းနားလမ်းကို ဘယ်လိုများ သွားရသလဲ ဆိုတာ မေးချင်လို့ပါ'

'သုံးလမ်းကျရင် ညာဘက် ချိုး၊ ပြီးတော့ ဘယ်ဘက်ချိုး'

အကူစာရေးက ခပ်ပြတ်ပြတ် ပြောကာ ဆိုင်ခန်း တံခါးကို ပြန်ပိတ်သွားလေ၏။

ရှားလော့ဟုမ်းသည် ဆက်လျှောက်လာရင်း

'လူကတော့ တော်တော် ထက်တဲ့ ပုံပဲဗျို့၊ ကျုပ် သိသလောက် ပြောရရင်တော့ ဒီလူဟာ လန်ဒန်မြို့ပေါ်မှာ နံပါတ် လေးလောက် လိုက်တဲ့ လူပဲ၊ သတ္တိ ကောင်းတဲ့ နေရာမှာတော့ နံပါတ် နှစ်လောက် လိုက်လိမ့်မယ် ထင်တယ်၊ သူ့ အကြောင်းကို ကျုပ် အလျင်က ကြားဖူးရုံပဲ ရှိတယ်ဗျ'

'ဟုတ်တာပေါ့၊ မစ္စတာ ဝီလဆင်ရဲ့ အကူ စာရေးဟာ ဆံပင်နီဂိုဏ်းကိစ္စမှာ တော်တော်လေး အရေးကြီးတဲ့ နေရာက ပါပုံကျတယ်၊ လမ်းကို မေးတာ သူ့ကို အကဲခတ်ချင်လို့ တမင် ခေါ်ထုတ်တာ မဟုတ်လား'


mgyoe.com

mgyoe.com SAMPLE BOOK

'သူ့ကို အကဲခတ်ချင်လို့ မဟုတ်ဘူးဗျ'

'ဒါဖြင့် ဘယ်သူ့ကိုလဲ'

'သူ့ ဒူးကို'

'ဘာများ မြင်ခဲ့ရသလဲ'

'ကျုပ် မြင်ချင်တာကို မြင်ခဲ့ရပြီဗျ'

'စကြံကို ခေါက်တာကကော ဘာဖြစ်လို့လဲ'

'အိုင်ဆေး ဝပ်ဆင်၊ ဒီအချိန်ဟာ စူးစမ်း လေ့လာနေတဲ့ အချိန်ဗျ၊ စကား ပြောရမယ့် အချိန် မဟုတ်သေးဘူး၊ ကျုပ်တို့ဟာ ရန်သူ့နယ်မြေထဲကို ရောက်နေတဲ့ သူလျှိုတွေ၊ ကိုးဘတ် ပန်းခြံ အကြောင်း သိခဲ့ရပြီ၊ ပန်းခြံ နောက်က လမ်းကလေးတွေကို အကဲ ခတ်ကြည့်ကြဦးစို့ရဲ'

ကိုးဘတ် ပန်းခြံပျက်ထောင့်မှ ချိုး၍ ကျွန်ုပ်တို့ ဝင်ခဲ့သည့် လမ်းမကြီး အရှေ့ဘက်ရှိ အိမ်များ တစ်ကား၏ ရှေ့နှင့် နောက်ဘက်တို့ ကွာခြားသလို စာစောက လမ်းနှင့် များစွာ ကွာခြားလျက် ရှိပေ၏။ ထိုနေရာမှာ မြို့လယ်ကို ဖြတ်၍ အရှေ့နှင့် အနောက်သို့ သွားလာနေကြသော ယာဉ်ရထားတို့ ဖြတ်သန်းရာ သွေးကြော လမ်းမကြီးများ အနက် တစ်ခု ဖြစ်လေ၏။ ထိုလမ်းမကြီး တစ်လျှောက်တွင် အရောင်းအဝယ် ကိစ္စဖြင့် သွားလာနေသူတို့သည် ကူးလူး သွားလာလျက် ရှိကြ ပြီး စကြံ လမ်းကလေးများမှာလည်း သွားလာနေသူများဖြင့် မည်းသည်းလျက် ရှိလေ၏။ ပျက်စီး ယိုယွင်းလျက် ရှိသော ပန်းခြံ တစ်ဖက်တွင် ဤမျှ ခမ်းနား သည့် ကုန်တိုက်ကြီးများ၊ ဈေးဆိုင်များ ရှိလိမ့်မည်ဟုပင် ထင်စရာ မရှိချေ။

လမ်းထောင့် တစ်ခုသို့ ရောက်လျှင် ရှားလော့ဟုမ်းသည် တိုက်တန်း များကို လှမ်းမျှော်ကြည့်လိုက်ပြီး

'ခဏလေးဗျို့၊ ဒီနားက တိုက်တန်းတွေရဲ့ အနေအထားကလေးကို ကြည့် ချင်လို့၊ လန်ဒန် မြို့ကြီး အကြောင်းကို ထဲထဲဝင်ဝင် သိအောင် လေ့လာတာဟာ ကျုပ် ဝါသနာပဲဗျ၊ ဟောဟိုဟာက ဆေးတံတွေ စီးကရက်တွေ ရောင်းတဲ့ မော် တီမာ ကုန်တိုက်ကြီးဗျ၊ ဟိုဟာက သတင်းစာဆိုင်၊ ဒါက ကိုးဘတ် ပန်းခြံ ရပ် ကွက်က ဆူဘာဘင် ဘဏ်ခွဲ၊ ပြီးတော့ သက်သတ်လွတ် စားတော်ဆက်တဲ့၊ ဟိုဘက်က မက်ဖာလိန်း ရထားတိုက်၊ ဟိုဘက်ကျတော့ တခြား ဒလောက်ကို ရောက်သွားပြီ၊ ကဲ ကျုပ်တို့ အလုပ်ကလေးတော့ ပြီးသွားပြီ ဒေါက်တာရေ၊ ဆင်းဒွစ်ကလေးနှင့် ကော်ဖီကလေး သောက်ပြီးရင် တယော တီးတာ သွားနား ထောင်ကြစို့၊ တေးသံတွေ ချိုချိုလွင်လွင် ငြိမ့်ငြိမ့်အေးအေး သာသာယာယာ ရှိတဲ့

mgyoe.com

mgyoe.com SAMPLE BOOK



*ရှားလော့ဟုမ်းသည်*
*ခုံတန်းတွင် ထိုင်ကာ သူ၏ သေးသွယ်သော*
*လက်ချောင်းများဖြင့် စည်းလိုက်လျက် ရှိ၏။*

ဂီတ နယ်မြေကြီးကို ဆိုပါစို့ဗျာ၊ အဲဒီမှာ ဆံပင်နီနီနှင့် အမှုသည်တွေလည်း တွေ့စရာ အကြောင်း မရှိပါဘူး'

ကျွန်ုပ်၏ မိတ် ဆွေ ရှားလော့ဟုမ်းမှာ သူကိုယ်တိုင် တယောထိုး ကောင်းရုံမျှမက တေးသီချင်း စပ်ရာတွင်လည်း ထူးချွန်သည့် ဂီတသမား တစ်ယောက် ဖြစ်လေ၏။ ထိုတစ်ညနေလုံး ရှားလော့ဟုမ်းသည် စိတ်လက် ကြည်လင် ချမ်းမြေ့စွာဖြင့် ခုံတန်းတွင် ထိုင်ကာ သူ၏ သေးသွယ်သော လက်ချောင်းများဖြင့် စည်း လိုက်လျက် ရှိ၏။ ချိုသာစွာ ပြုံးလျက် ရှိသော သူ့မျက်နှာ၊ မှုန်ငေး ရီဝေလျက် ရှိသော သူ့မျက်လုံး စသည်တို့သည် ရာဇဝတ်ကောင်ကို အနံ့ခံ လိုက်သော ရှားလော့ဟုမ်း၊ ရန်သူနှင့် ယှဉ်ပြိုင်ရာတွင် အသနားအညှာတာ ကင်းမဲ့သော ရှားလော့ဟုမ်း၊ တက္ခနုပ္ပတ္တိ ဉာဏ် ထက်သန်၍ လက်ရဲဇက်ရဲ ရှိသော ရာဇဝတ် စုံထောက်ကြီး ရှားလော့ဟုမ်း၏ မျက်နှာ မျက်လုံး စသည်တို့နှင့် တခြားစီ ဖြစ်လျက် ရှိလေ၏။ အလွန်အမင်း လေးတွဲ့ ထိုင်းမှိုင်းနေရာမှ အလွန်အမင်း ထက်သန် တက်ကြွခြင်းသို့ တစ်မုဟုတ်ချင်း ပြောင်းနိုင်သည့် အရည်အချင်းသည် ရှားလော့ဟုမ်း၏ ထူးခြားသော စရိုက် ဖြစ်လေရာ ပက်လက် ကုလားထိုင်ပေါ်တွင် ရက်ပေါင်းများစွာ စာအုပ်များ၊ သူ့ ပစ္စည်းများနှင့် မိန်းမောနေသည့် အခါများဝွင်လည်း ရှားလော့ဟုမ်းသည် ကြောက်ဖွယ် ကောင်းမြဲ ကောင်းလျက် ရှိခြင်းကို ကျွန်ုပ် သိပြီး ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ မိန်းမောပြီးသည့် နောက်တွင်ကား ရှားလော့ဟုမ်းတွင် ရာဇဝတ်ကောင်ကို အမဲလိုက်သကဲ့သို့ တစ်ဟုန်ထိုး လိုက်လိုစိတ်များ ပေါ်ပေါက်လာခဲ့လေပြီ။ သူ၏ စဉ်းစားဉာဏ် ထက်သန်မှုသည်လည်း အကြားအမြင် ရသည်ဟု ထင်ရလောက်အောင် ကြီးထွားလာခဲ့လေပြီ။ အကြောင်းမသိသူတို့ အဖို့ ရှားလော့ဟုမ်းသည် နတ်မျက်စိ ရထားသလောဟု ထင်ရလောက်သည့် အခါမျိုးများကို ကျွန်ုပ် တွေ့ခဲ့ရဖူးရာ ထိုနေ့ ညနေက စိန့် ဂျိမ်း ခန်းမ ဂီတ ပွဲတွင် သူ့ကို အကဲခတ်ပြီးသည့် အခါ၌ကား အလိုက်ခံရမည့် ရာဇဝတ်ကောင်တွင် ဂြိုဟ်ဆိုး ဝင်လေတော့မည်ဟု ကျွန်ုပ် သိလိုက်လေပြီ။

ခန်းမထဲမှ ပြန်ထွက်လာသည့် အခါတွင် ရှားလော့ဟုမ်းက 'အိမ်ပြန်ချင်ပြီ မှတ်တယ်' ဟု ကျွန်ုပ်ကို မေးလိုက်၏။

'ဟုတ်တယ်၊ ခဏတော့ ပြန်လိုက်ချင်သေးတယ်'

'ကျုပ်ကတော့ ခပ်ကြာကြာကလေး အလုပ် လုပ်စရာ ရှိသေးတယ်၊ ကိုးဘတ် ပန်းခြံ ရပ်ကွက်က ပြဿနာက သိပ်တော့ မသေးလှဘူးဗျို့'

'ဘယ်လို မသေးတာလဲ'

'ရာဇဝတ်မှုကြီး တစ်ခုကို ကြံစည်နေကြတယ်ဗျ၊ တားဖို့ အချိန် မီလိမ့်မယ်လို့တော့ ထင်ပါရဲ့၊ သို့သော် ဒီနေ့က စနေနေ့ ဖြစ်နေတော့ ပြဿနာက နည်းနည်း ပိုကြီးလာတယ်ဗျ၊ ဒီနေ့ ညမှာ ခင်ဗျား အကူအညီကိုလည်း လိုလိမ့်မယ်'

'ဘယ် အချိန်လောက်လဲ'

'ဆယ်နာရီလောက် ဆိုရင် ရပါတယ်'

'ဆယ်နာရီမှာ ဘေကာလမ်းကို ကျွန်တော် လာခဲ့မယ်လေ'

'ကောင်းပြီလေ၊ ဩော် ဒေါက်တာရေ၊ အန္တရာယ် နည်းနည်းပါးပါး ရှိနိုင်တယ်ဗျို့၊ လိုလိုမည်မည် ခင်ဗျား ခြောက်လုံးပြူးကလေးတော့ အိတ်ထဲ ထည့်လာခဲ့'

ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို နှုတ်ဆက် လိုက်ပြီးနောက် လမ်းသွားလမ်းလာ လူအုပ်ထဲတွင် ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်သည် အခြားသူများထက် ပို၍ ထူလှ ထိုင်းလှသူ တစ်ယောက် မဟုတ်ပါ။ သို့ရာတွင် ရှားလော့ဟုမ်းနှင့် ဆက်ဆံရာ၌ကား ကျွန်ုပ် ကိုယ် ကျွန်ုပ် ထုံထိုင်းလှချည့်ဟု အမြဲ အောက်မေ့မိပါသည်။

ကျွန်ုပ်သည် သူ ကြားသမျှကို ကြားခဲ့ပြီး သူ မြင်သမျှကိုလည်း မြင်ခဲ့ပြီး



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပါသည်။ သို့တိုင်အောင် ယခု ကိစ္စ၌ ရှားလော့ဟုမ်းသည် ဖြစ်ပြီးခဲ့သည့်တို့ကိုသာမက ဖြစ်လတ္တံ့သည်ကိုလည်း ရှင်းလင်း ပြတ်သားစွာ မြင်ထားကြောင်းကို-သူ့ စကားများ အရ သိရပြီး ကျွန်ုပ်မှာကား အမယ်ဘုတ်ကဲ့ သူ့ချည်ခင် ဆိုသကဲ့သို့ ဘာမျှ နားမလည်နိုင်အောင် ဖြစ်လျက် ရှိပေ၏။

ကင်ဆီတန် ရပ်ကွက်တွင် ရှိသည့် ကျွန်ုပ် နေထိုင်ရာ အိမ်သို့ ရထား စီးလာရင်း ကျွန်ုပ်သည် စွယ်စုံကျမ်းကို ကူးခဲ့သည့် ဆံပင်နီနီနှင့် လူအကြောင်းကိုလည်းကောင်း၊ ကိုးဘတ် ပန်းခြံသို့ ကျွန်ုပ်တို့ သွားရောက် ကြည့်ရှုကြခြင်းကိုလည်းကောင်း၊ ခွဲခါနီး ပြောလိုက်သည့် သူ့စကားများကို လည်းကောင်း အနုလုံ ပဋိလုံ စဉ်းစားရင်း လိုက်ပါလာခဲ့လေ၏။

ညတွင် ကျွန်ုပ်တို့ သွားရမည့် ကိစ္စသည် မည်သို့သော ကိစ္စမျိုးပေနည်း။ အဘယ့်ကြောင့် လက်နက် ကိုင်ဆောင် လာခဲ့ရမည်နည်း။ မည်သည့် အရပ်သို့ သွား၍ မည်သည့် အလုပ်မျိုးကို လုပ်ရမည်နည်း။ မျက်နှာ ချောကျိုကျိုနှင့် အပေါင်ဆိုင် စာရေးသည် အကြံအစည်ကြီး တစ်ခုကို ကျိတ်ကြံနေသည့် ကြောက်စရာ လူတစ်ယောက် ဖြစ်ကြောင်း ရှားလော့ဟုမ်းထံမှ အရိပ်အမြွက် သိခဲ့ရလေပြီ။ ကျွန်ုပ်သည် အဖြေကို ရှာသော်လည်း စဉ်းစား မရနိုင်အောင် ရှိသဖြင့် ညထိအောင် စောင့်တော့မည်ဟု စိတ်နှလုံးကို တုံးတုံး ချလိုက်မိလေ၏။

ည ကိုးနာရီ ဆယ့်ငါးမိနစ်တွင် ကျွန်ုပ်သည် အိမ်မှ ထွက်လာခဲ့ကာ ပတ်လမ်း၊ ထိုမှ အောက်စဖို့ လမ်းကို ဖြတ်၍ ဘေကာလမ်းသို့ ထွက်ခဲ့လေ၏။ အိမ်ရှေ့တွင် ရထား နှစ်စင်း ရပ်လျက် ရှိပြီး အိမ်ပေါ်သို့ တက်လာသည့် အခါတွင် စကား ပြောဆိုလျက် ရှိသည့် အသံများကို ကြားရလေ၏။ ရှားလော့ဟုမ်း၏ အခန်းသို့ ရောက်သော အခါတွင် ကျွန်ုပ်၏ မိတ်ဆွေကြီးသည် လူနှစ်ယောက်နှင့် စိတ်ထက်သန်စွာ စကား ပြောဆိုလျက် ရှိလေ၏။ တစ်ယောက်မှာ ပုလိပ် အရာရှိ ပီတာ ဂျုန်း ဖြစ်၍ အခြား တစ်ယောက်မှာ ပတ္တူ ဦးထုပ် အပြောင်စားနှင့် ခမ်းနားသည့် ဝတ်ရုံ အင်္ကျီ တစ်ထည်ကို ဝတ် ထား သည့် မျက်နှာ ရှည်ရှည်နှင့် လူတစ်ယောက် ဖြစ်၏။

ရှားလော့ဟုမ်းသည် သူ၏ ကုတ်အင်္ကျီကို ကြယ်သီး တပ်လိုက်ပြီး စင်တွင် ထောင်ထားသည့် ခဲသီးတပ် ဟန်တိန် (တောလိုက် လက်ကိုင်တုတ်) ကို ကောက်ယူလိုက်လျက်

'လူတော့ စုံပြီဗျ၊ ဝပ်ဆင်ရေ၊ ဟောဒီ စကော့တလန်ယာဒ် စုံထောက် အဖွဲ့က ပီတာ ဂျုန်းကိုတော့ ခင်ဗျား သိပြီးသား ထင်တယ်ဗျ၊ မစ္စတာ မယ်ရီ



mgyoe.com

mgyoe.com SAMPLE BOOK

ဝယ်သာနှင့်ပဲ မိတ်ဆက် ပေးရမှာပဲ၊ ဒီည ကျုပ်တို့ စွန့်စားခန်းမှာ သူလည်း ပါလိမ့်မယ်'

'ဒေါက်တာရေ၊ ကျွန်တော်တို့ ဒီတစ်ခါ တွဲရပြန်ပြီဗျ၊ ကျွန်တော်တို့ မိတ်ဆွေကြီးက သားကောင်ကို အနံ့ခံတဲ့ နေရာမှာတော့ နိုးတူးပဲ ခင်ဗျ၊ ဖမ်းတော့သာ ဒီက ကောင်တွေက ဖမ်းရတာ' ဟု ပီတာ ဂျုန်းက သူ့ ထုံးစံအတိုင်း ခပ်ကြွားကြွား ပြောလေ၏။

'အင်း အမဲလိုက်တာတော့ ဟုတ်ပါရဲ့၊ နောက်ကျမှ တောဘဲ တစ်ကောင်လောက်နှင့် အဖျားရှူး ပြန်လာရတာမျိုး မဖြစ်ပါစေနှင့်လို့ ဆုတောင်းရတာပဲ' ဟု မစ္စတာ မယ်ရီဝယ်သာက မျက်နှာ မသာမယာဖြင့် ပြောလေ၏။

'ကျုပ်တို့ စုံထောက်ကြီး ရှားလော့ဟုမ်းကို ယုံကြည်စမ်းပါဗျ၊ စုံထောက်ကြီးရဲ့ စုံထောက် နည်းကလေးတွေကလည်း တယ် မဆိုးလှပါဘူး၊ သဘောတရား များပြီး တစ်မျိုး ဖြစ်နေပေမဲ့ စုံထောက်ဉာဏ်ကလေးတော့ ပါပါတယ်၊ ရှိုလ်တို လူသတ်မှုနှင့် အဂ္ဂရာ စိန်တွေ ပျောက်တုန်းက ဆိုရင် ကျွန်တော်တို့ အစိုးရ စုံထောက်တွေထက်တောင် တစ်ခါ တစ်ခါ မှန်တတ်သေးတယ်'

ပီတာ ဂျုန်းက ခပ်နှိမ်နှိမ်ကလေး ပြောလေ၏။ ဧည့်သည်က သူ့ စကားကို ရိုသေ လေးစားဟန်ဖြင့်

'စုံထောက်မင်း ပြောတယ် ဆိုရင်တော့ ဟုတ်ပေမှာပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော့် အဖို့ကတော့ ဒီနေ့ည ရော်ဘာ ဖဲကလေး ကစားမလို့ ချိန်းထားတာ ဖျက်ပစ်လိုက်ရပြီ၊ စနေနေ့တိုင်း ရော်ဘာဖဲ ကစားလာတာ နှစ်ဆယ့် ခုနစ်နှစ်ရှိပြီ၊ ဒီတစ်ခါပဲ ပျက်ဖူးသေးတယ်'

'ဒီနေ့ညတော့ လောင်းကြေး ကြီးကြီးကလေး ကစားရလိမ့်မယ် ထင်ပါရဲ့ဗျာ၊ ပြီးတော့ ကစားဝိုင်းကလည်း နည်းနည်း ပိုပြီး စိတ်ဝင် ဘားစရာ ကောင်းပါလိမ့်မယ်၊ မစ္စတာ မယ်ရီဝယ်သာ အဖို့ ဆိုရင်တော့ လောင်းကြေးက ပေါင် သုံးသောင်းလောက်တောင် ရှိလိမ့်မယ်ဗျ၊ ဂျုန်း အဖို့ ဆိုရင်လည်း ခင်ဗျား လက်ထိတ် ခတ်ချင်နေတဲ့ လူတစ်ယောက် ရကောင်း ရမှာပါ'

ရှားလော့ဟုမ်းက ပြောလေ၏။

'ဘယ်သူလဲ၊ ဇွန်ကလေးလား၊ လူသတ်သမား ဖောက်ထွင်းဝိဇ္ဇာ အလိမ်ဝိဇ္ဇာ ဇွန်ကလေးကို ပြောတာလား၊ မစ္စတာ မယ်ရီဝယ်သာရေ၊ ဒီကောင်က ခပ်ငယ်ငယ်ပဲ ရှိသေးတယ်ဗျ၊ ဒီကောင်က ဂိုဏ်းခေါင်းဆောင်၊ လန်ဒန်မြို့မှာ ကျွန်တော် လက်ထိတ် အခတ်ချင်ဆုံး ကောင်ဟာ ဒီကောင်ပဲ၊ ဇွန်ကလေး ဆိုတဲ့

mgyoe.com SAMPLE BOOK

ကောင်ဟာ သိပ်ခေတဲ့ကောင် မဟုတ်ဘူးနော်၊ သူ့ အဘိုးက နယ်နယ်ရရ မဟုတ်ဘူးဗျ၊ မင်းမျိုးမင်းနွယ် နယ်စားကြီး တစ်ဦး၊ သူကိုယ်တိုင်ကလည်း အီတန်မှာ ကျောင်းတက်ပြီး အောက်စဖို့ တက္ကသိုလ်ကို ရောက်ဖူးတဲ့ကောင်၊ ဉာဏ်သွားသလို လက်လည်း အင်မတန် ရဲတယ်၊ ဒီကောင့် ခြေရာ လက်ရာ မကြာခဏ တွေ့ဖူးခဲ့ပေမဲ့ ဘယ်မှာ ရှာရမယ်လို့ကို မသိဘဲ ဖြစ်နေကြတယ်၊ လုပ်ပုံကိုလည်း ကြည့်ဦးလေ၊ စကော့တလန်မှာ ကလေး တစ်ယောက်ကို ပုခက်ထဲတွင် လည်ပင်း ညှစ်သတ်ခဲ့ပေမဲ့ ကွန်းဝေါလ်နယ် ရောက်တော့ မိဘမဲ့ ဂေဟာ တစ်ခု ဆောက်ပြီး လှူချင် လှူတဲ့ ကောင်မျိုး၊ ကျွန်တော် ဒီကောင့်ကို လိုက်နေတာ ကြာပြီ၊ တစ်ခါမှ အရိပ်အယောင် မတွေ့ဖူးသေးဘူး'

'ဒီနေ့ညကျရင်တော့ ခင်ဗျားတို့ကို ဒီကောင်နှင့် မိတ်ဆက် ပေးနိုင်လိမ့်မယ် ထင်ပါရဲ့ဗျာ၊ ကျုပ်လည်း ဂွန်ကလေးနှင့် ရှင်းစရာကလေး တစ်ခု နှစ်ခု ရှိနေသေးတယ်၊ ဟုတ်ပါတယ်၊ ခင်ဗျား ပြောသလို ဒီကောင်ဟာ သူတို့ အထဲမှာတော့ ခေါင်းဆောင်ပဲ၊ အလို ဆယ်နာရီတောင် ကျော်သွားပြီဗျို့၊ သွားကြမှပဲ၊ ခင်ဗျားတို့ နှစ်ယောက်က ရှေ့က ရထားနှင့် လိုက်ကြ၊ ကျုပ်နှင့် ဝပ်ဆင်က နောက် ရထားနှင့် လိုက်ခဲ့မယ်'

ရထားပေါ်တွင် ရှားလော့ဟုမ်းသည် များစွာ စကား မပြောလှဘဲ ရထားနောက်မှီကို မှီလိုက်လာရင်း ညနေက ဂီတပွဲတွင် သူ ကြားခဲ့သည့် တေး တစ်ပုဒ်ကို ညည်း၍ လိုက်လာလေ၏။ ကျွန်ုပ်တို့သည် ဓာတ်ငွေ့ မီးတိုင်များ ထွန်းထားသည့် မဆုံးနိုင်သော လမ်းကြောင်းလေးများကို ဖြတ်သန်းလာခဲ့ပြီးနောက် ဖာရင်ဒန် လမ်းမကြီးပေါ်သို့ ရောက်လာခဲ့ကြလေ၏။

'အနားကိုတော့ ရောက်လာပြီဗျ၊ မယ်ရီဝယ်သာ ဆိုတဲ့ လူက ဘဏ်ဒါရိုက်တာ လူကြီး တစ်ယောက်ဗျ၊ ဒီကိစ္စက သူနှင့် တိုက်ရိုက် ပတ်သက်နေတယ်၊ ဂျုန်းကိုလည်း ခေါ်ဖို့ လိုတယ် ထင်လို့ ခေါ်ခဲ့တာ၊ လူကတော့ လူကောင်းပါ၊ နည်းနည်း အကြွားသန်တာကလေး တစ်ခုပါပဲ၊ ဒီလူမှာ ထူးခြားတဲ့ အရည်အချင်းက သတ္တိ ကောင်းတာပဲဗျ၊ ခွေးဘီလူး တစ်ကောင်လို သတ္တိ ကောင်းပြီး မိရင်လည်း ကဏန်းများလို မလွှတ်တော့ဘဲ အတင်း ညှပ်ထားတာပဲ၊ ဟော ရောက်ပြီဗျို့၊ ကျုပ်တို့ကို မျှော်လှရှာမယ်'

ကျွန်ုပ်တို့သည် မနက်က ရောက်ခဲ့သည့် လမ်းမကြီးသို့ ရောက်လာခဲ့ကြလေ၏။ ရထားများကို ပြန်လွှတ်လိုက်ကြပြီးနောက် မစ္စတာ မယ်ရီဝယ်သာ ခေါ်သွားသည့် အတိုင်း ကျဉ်းမြောင်းသော လမ်းကြားကလေး တစ်လျှောက်

mgyoe.com

mgyoe.com SAMPLE BOOK



မစ္စတာ မယ်ရီဝယ်သာသည်
ရပ်၍ မှန်အိမ် တစ်လုံးကို
ထွန်းလိုက်ပြီးနောက် ...

လိုက်လာခဲ့ကြပြီးလျှင် အသင့် ဖွင့်ထားသည့် မလှယ်ပေါက်ကလေး တစ်ပေါက်ထဲသို့ ဝင်လာခဲ့ကြသည်။ ထိုမလှယ်ပေါက်ကလေးမှ နေ၍ စကြံ တစ်ခု အတိုင်း သွားသော် သံတံခါး ဝင်းပေါက်ကြီး တစ်ခုဆီသို့ ရောက်၏။ ထို သံတံခါး ဝင်း ပေါက် ကြီး အတိုင်း ဝင်၍ ကွေ့ကောက်သွားသည့် ကျောက်တုံး လှေကားများ အတိုင်း ဆင်းလာမိသည့် အခါတွင် အလားတူ သံ ဝင်းထရံ တံခါးပေါက်ကြီး တစ်ခုသို့ ရောက် သွား ကြ ပြန်သည်။ ထိုနေရာသို့ ရောက်သည့် အခါတွင် မစ္စတာ မယ်ရီဝယ်သာသည် ရပ်၍ မှန်အိမ် တစ်လုံးကို ထွန်းလိုက်ပြီးနောက် မှောင် မည်း၍ မြေကြီးနံ့ နံစော်လျက် ရှိသည့် လမ်းကြားကလေး တစ်ခု အတိုင်း ခေါ်သွားကာ တတိယ တံခါး တစ်ခုကို ဖွင့်လိုက်ပြန်သည်။ ထိုအခါ၌ကား ကျွန်ုပ်တို့မှာ မြေတိုက်ကြီး တစ်ခုထဲသို့ ရောက်သွားခဲ့ကြလေပြီ။ ထိုမြေတိုက်ထဲ၌ သံသေတ္တာကြီးများ၊ သစ်သားဖြင့် ရိုက်ထားသည့် သေတ္တာကြီးများဖြင့် ပြည့်လျက် ရှိလေ၏။

'အထက်က လာမယ့် ရန်ကိုတော့ သိပ် မစိုးရိမ်ရဘူးဗျ' ဟု ပြောရင်း ရှားလော့ဟုမ်းသည် မီးအိမ်ကို မြှောက်ပြီးနောက် အနီး ပတ်ဝန်းကျင်ကို ကြည့်ရှုနေလေ၏။

'အောက်က လာမှာကိုလည်း မစိုးရိမ်ရပါဘူး'

မစ္စတာ မယ်ရီဝယ်သာက အောက်တွင် ခင်းထားသည့် ကျောက်တုံး



mgyoe.com

mgyoe.com SAMPLE BOOK

များကို လက်တွင် ပါလာသည့် တုတ်ဖြင့် ခေါက်ရင်း ပြော၏။ ထို့နောက် အံ့အားသင့်သွားဟန်ဖြင့်

'အလို အောက်က လိုဏ်သံ ပေါက်နေပါကလားဗျို့၊ ဘယ်လို ဖြစ်တာလဲ'

ရှားလော့ဟုမ်းက ခပ်ထန်ထန်ဖြင့်

'ဗျို့ လူတွေ တိတ်တိတ် နေကြစမ်းဗျာ၊ ခင်ဗျားတို့ လုပ်တာနှင့် ကျုပ်အစီအစဉ်တွေ အားလုံး ပျက်ကုန်လိမ့်မယ်၊ ကဲ ခင်ဗျား ဟောဟို သေတ္တာ တစ်လုံးပေါ်မှာ ထိုင်ပြီး ငြိမ်ငြိမ်ကလေး နေ'

မျက်နှာ မှုန်လျက် ရှိသည့် မစ္စတာ မယ်ရီဝယ်သာသည် ရှက်သွားဟန်ဖြင့် သေတ္တာကြီး တစ်လုံးပေါ်တွင် ခပ်ကုပ်ကုပ် ထိုင်နေလေ၏။ ရှားလော့ဟုမ်းကား ကျောက်တုံး ခင်းထားသည့် ကြမ်းပြင်ပေါ်တွင် ဒူးထောက် ထိုင်လိုက်ပြီး မီးအိမ်နှင့် မှန်ပြောင်းတို့ အကူအညီဖြင့် ကျောက်တုံး ကြားတွင် ရှိသည့် အက်ရာများကို လေ့လာလျက် ရှိပေ၏။ စက္ကန့် အနည်းငယ် ကြာသည့် အခါတွင် ကျေနပ်သွားဟန်ဖြင့် မတ်တတ် ရပ်လိုက်ပြီး မှန်ပြောင်းကို အိတ်ထဲသို့ ပြန်ထည့်လိုက်လေ၏။

'တစ်နာရီလောက်တော့ စောင့်ရ လိမ့်ဦးမယ် ထင်တယ်၊ ကျုပ်တို့ အပေါင်ဆိုင် ပိုင်ရှင် အိပ် မပျော်မချင်း ဒီကောင်တွေ အလုပ် လုပ်ဦးမှာ မဟုတ်ဘူး၊ ဒီလူ အိပ်ပျော်သွားရင်တော့ ခပ်သွက်သွက်ကလေး လုပ်ကြလိမ့်မယ်၊ သူတို့ အဖို့ မြန်မြန် ပြီးလေ ထွက်ပြေးဖို့ အချိန် များများ ရလေ ဆိုတော့ တကယ်သုတ်ရိုက်မှာ အမှန်ပဲ၊ ဒေါက်တာရေ ခင်ဗျား ထင်တဲ့ အတိုင်းပဲဗျ၊ ခု ကျုပ်တို့ ရောက်နေတဲ့ နေရာဟာ လန်ဒန်မြို့က အဓိက ဘဏ်တိုက်ကြီး တစ်တိုက်ရဲ့ ဘဏ်ခွဲက မြေတိုက်ခန်းထဲကို ရောက်နေတာ၊ မစ္စတာ မယ်ရီဝယ်သာက ဘဏ် ဒါရိုက်တာ ဥက္ကဋ္ဌ ဆိုတော့ လန်ဒန်မြို့က လူဆိုးတွေ ဒီမြေတိုက်ကို ဘာ့ကြောင့် စိတ်ဝင်စားနေကြတယ် ဆိုတာ ရှင်းပြလိမ့်မယ်'

'ကျွန်တော်တို့ ဘဏ်က ပြင်သစ် ရွှေတွေကို မျက်စိ ကျနေတာဗျ၊ ဘဏ်ကို ဖောက်မယ်လို့ သတင်းတွေ ရထားတယ်'

'ပြင်သစ် ရွှေတွေ ဟုတ်လား'

'ဟုတ်တယ်၊ မကြာသေးမီတုန်းကပဲ ကျွန်တော်တို့ ဘဏ်ရဲ့ ရွှေ အာမခံတွေကို ခိုင်မာအောင် ဆိုပြီး ပြင်သစ်ပြည် ဘဏ်က နပိုလီယန် ရွှေဒင်္ဂါး သုံးသောင်း ချေးယူခဲ့တယ်၊ ဒီရွှေတွေကို မထုတ်ရသေးဘူး၊ မြေတိုက်ထဲမှာ အထုပ်



mgyoe.com

mgyoe.com SAMPLE BOOK

လိုက် ရှိနေသေးတယ် ဆိုတာ သိနေကြတယ်၊ ခု ကျွန်တော်တို့ ရောက်နေတဲ့ မြေတိုက်ထဲမှာ ဆိုပါတော့၊ ခု ကျွန်တော်တို့ ထိုင်နေတဲ့ သေတ္တာကြီးထဲမှာ ခဲပတ် စက္ကူနှင့် ထုပ်ထားတဲ့ ရွှေဒင်္ဂါး နှစ်ထောင် ရှိတယ်၊ ပြီးတော့ ကျွန်တော်တို့ ဘဏ်တိုက်မှာ ထားတဲ့ ရွှေချောင်းကလည်း ဘဏ်ခွဲတွေထဲမှာတော့ အများဆုံးပဲ၊ ဘဏ် ဒါရိုက်တာ လူကြီးတွေကလည်း ဒါကို စိုးရိမ်မကင်း ဖြစ်နေကြတယ် ခင်ဗျ'

ရှားလော့ဟုမ်းက

'အင်း၊ ဟုတ်တာပေါ့၊ စိုးရိမ်သင့်ပေတာပေါ့၊ ကဲ ကျုပ်တို့ အစီအစဉ် ကလေးတွေ စဖို့ အချိန် တော်ပြီဗျ၊ နောက် တစ်နာရီလောက် ဆိုရင် အကောင် အထည် ပေါ်မယ်လို့ ထင်ရတာပဲ၊ မစ္စတာ မယ်ရီဝယ်သာရေ၊ ခင်ဗျား မှန်အိမ် ကလေးကို ခဏ ဖုံးထားလိုက်ရင် ကောင်းမယ်ဗျာ'

'ဗျာ၊ အမှောင်ကြီးထဲမှာ နေရမှာလား'

'နေရလိမ့်မယ် ထင်တယ်၊ ကျုပ်တို့ လေးယောက် ဆိုတော့ ဖဲအိမ်လည်း ပြည့်တယ်၊ ခင်ဗျားလည်း ချိန်းထားတဲ့ ဝိုင်းကလေး မပျက်ရလေအောင် ဆိုပြီး ဖဲထုပ်ကလေး တစ်ထုပ်တော့ လိုလိုမည်မည် ထည့်ခဲ့သားဗျ၊ ဒါပေမဲ့ ရန်သူက အားလုံး ပြင်ဆင်ပြီး ဖြစ်နေတော့ မီးထွန်းလို့ မဖြစ်တော့ဘူး၊ ဒီတော့ ဖဲဝိုင်းကို အသာ ခေါက်ထားပြီး ကျုပ်တို့ နေရာ ယူဖို့ အချိန် ရောက်ပြီ၊ ဒီကောင်တွေက တော်တော် လက်ရဲ ဇက်ရဲ ရှိတဲ့ ကောင်တွေ၊ ကျုပ်တို့ လက်ဦးမှု ရထားပေမဲ့ သတိ မထားရင် ကျုပ်တို့ ခံသွားရလိမ့်မယ်၊ ကျုပ်က ဟောဒီ သေတ္တာကြီး နောက်မှာ နေမယ်၊ ခင်ဗျားတို့က အဲဒီ သေတ္တာကြီးတွေ နောက်က နေပေတော့၊ အချိန် ရောက်ရင် ကျုပ် ဒီကောင်တွေကို မီးထိုးပြလိုက်မယ်၊ ခုန်သာ အုပ်ပေတော့၊ အိုင်ဆေး ဝပ်ဆင်၊ အရေး အကြောင်း ပေါ်ရင် လက်မနှေးနှင့်နော်၊ ပစ်သာ ထည့်လိုက်'

ကျွန်ုပ်သည် ခြောက်လုံးပြူးကို ကျည် အပြည့် ထိုး လိုက် ပြီး နောက် ကျွန်ုပ် ပုန်းကွယ်နေရာ သေတ္တာကြီးပေါ်တွင် ပြောင်း တင်ထားလိုက်သည်။ ရှားလော့ဟုမ်းက သူ့ မီးအိမ်ကို အကာ တစ်ခုဖြင့် ကာထားလိုက်သည့် အခါတွင် ကျွန်ုပ်တို့ အားလုံးမှာ မှောင်ကြီးမည်းမည်းထဲတွင် ရောက်လျက် ရှိကြလေ၏။ ဤမျှလောက် ကြီးသည့် အမှောင်ထုကို တစ်ခါမျှ မတွေ့ဖူးသေးချေ။ မီးအိမ်မှ သတ္တုပြား မီးစာကို မီးလောင်နေသည့် အနံ့ကြောင့်သာလျှင် ကျွန်ုပ်တို့ အနီးတွင် အလင်းရောင် ရှိပြီး ထိုအလင်းရောင်သည် အချိန်မရွေး လင်းလာနိုင်သည်ဟု စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

တင်းထားရလေ၏။ တစ်စုံတစ်ခု ဖြစ်တော့မည်ဟု မျှော်လင့်ထားသည့် ကျွန်ုပ်အဖို့ကား မြေတိုက်ခန်း၏ အေးစက် စိုစွတ်သော အမှောင်ထုကြီးထဲတွင် ထိတ်လန့် အားငယ်စရာ ကောင်းသည့် အရာကြီး တစ်ခု ပုန်းခိုနေသည်ဟု ထင်မှတ်မိပါသေး၏။

'ဒီကောင်တွေ အဖို့ ဆုတ်စရာ လမ်းတစ်ခုပဲ ရှိတယ်ဗျ၊ ဒီက အခြေအနေ မကောင်းရင် အပေါင်ဆိုင်ထဲကို ပြန်ဝင်ပြီး ကိုးဘတ် ပန်းခြံဘက်ကို ထွက်မှာပဲ၊ ဗျို့ ဂျုန်း၊ ကျုပ် ပြောတဲ့ အတိုင်း အစီအစဉ်တွေ လုပ်ပြီးပြီနော်'

ရှားလော့ဟုမ်းက ပီတာ ဂျုန်းကို မေးလိုက်၏။

'အပေါင်ဆိုင် ရှေ့မှာ ရာဇဝတ်အုပ် နှစ်ယောက်နှင့် စာသင် နှစ်ယောက်ကို ချထားတယ် မစ္စတာ ဟုမ်း'

'အင်း ဒီလိုဆိုရင် အပေါက် အားလုံးကို ပိတ်ထားပြီးပြီဗျ၊ တိတ်တိတ်နေပြီး စောင့်နေဖို့ပဲ ရှိတော့တယ်'

ထိုအချိန်သည် ကြာလွန်းလှချည့်ဟု ကျွန်ုပ် အောက်မေ့မိသေး၏။ နောင်တွင် တိုက်ကြည့်သည့် အခါ၌ ကျွန်ုပ်တို့ စောင့်ရသည့် အချိန်မှာ တစ်နာရီနှင့် ဆယ့်ငါးမိနစ်မျှသာ ကြာသော်လည်း ကျွန်ုပ် အဖို့မူ ညပျောက်၍ မနက်ခင်းရောက်လု နီးပြီလောဟုပင် ထင်ရပေ၏။ ကျွန်ုပ်မှာ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်စွာ ဝပ်နေခဲ့သည့် အလျောက် ကိုယ်လက်တွေ ထုံကျဉ် ကိုက်ခဲစ ပြုလာခဲ့လေပြီ။ သို့ရာတွင် အာရုံကြော ဟူသမျှကို အားစိုက်ထားသည့် အလျောက် ကျွန်ုပ် အဖော်များ၏ ညင်သာသော အသက်ရှူသံများကို ကြားနေရရုံမက ကိုယ်ခန္ဓာ ဖိုင့်ဖိုင့် ရှိသည့် ပီတာ ဂျုန်း၏ ခပ်ပြင်းပြင်း အသက်ရှူသံနှင့် ဘဏ် ဒါရိုက်တာ လူကြီး၏ ခပ်မျှင်းမျှင်း အသက်ရှူသံတို့ကိုပင် ခွဲခြား၍ သိနေလေပြီ။ ကျွန်ုပ်ထိုင်နေရာမှ သေတ္တာကြီးကို ကျော်၍ ကြည့်လိုက်လျှင် ရှေ့ကွက်လပ် ဖြစ်နေသည့် ကျောက်တုံး ကြမ်းခင်းကို လှမ်းမြင်နေရ၏။ ထိုစဉ် ဖြတ်ခနဲ လက်သွားသော အလင်းရောင် တစ်ခုကို ကျွန်ုပ် မြင်လိုက်ရလေ၏။

ပထမသော် ထိုမီးရောင်သည် ကျောက်တုံးပေါ်တွင် မီးပွားကလေး တစ်ခု ကျသည့်နှယ် ပိပ့ိ သေးသေး အစက် အပြောက်ကလေး တစ်ခုမျှသာ ဖြစ်၍ ထိုနောက်တွင်ကား ကြမ်းပြင်ပေါ်တွင် ရှည်လျားသည့် အလင်းရောင်တန်းကလေး တစ်ခု ဖြစ်လာခဲ့လေပြီ။ အတန်ကြာလျှင် အသံ တစ်စုံတစ်ရာ မကြားရဘဲ ကျောက်တုံးသည် ဟသွားကာ ဖြူဖွေး၍ မိန်းမလက်နှင့် တူသည့် လက်တစ်ဖက် ပေါ်လာလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ချောင်းများသည် ကျောက်တုံး အနီးရှိ ကြမ်းပြင်ကို တစ်မိနစ်ခန့်မျှ စမ်းသပ်နေပြီးနောက် ကြမ်းပြင် အောက်သို့ ပြန်၍ ပျောက်သွားလေ၏။ ထိုအခါ ၌ကား ကျောက်တုံးများ ကြားမှ အက်ရာကလေး အတိုင်း ပေါ်နေသည့် မီးရောင် တန်းကလေးမှ အပ အခြား ဘာကိုမျှ မမြင်ရချေ။

သို့ရာတွင် ခဏမျှသာ ကြာ၏။ ဝုန်းခနဲ မြည်သံနှင့် အတူ ကြမ်းခင်း အဖြစ် ခင်းထားသည့် ကျောက်တုံးသည် ကွတက်လာကာ ဘေးသို့ လိမ့်သွား သည်တွင် စတုရန်းပုံကျကျ အပေါက် တစ်ပေါက် ပေါ်လာပြီး အပေါက်ထဲမှ လူငယ်ကလေး တစ်ယောက်၏ မျက်နှာနှင့် တူသည့် မျက်နှာ တစ်ခု ပြူထွက် လာကာ ဘေး ပတ်ဝန်းကျင်ကို ကြည့်လျက် ရှိလေ၏။ ထို့နောက် အပေါက် နှုတ်ခမ်း တစ်ဖက်တစ်ချက်ကို လက်နှစ်ဖက်ဖြင့် အားယူ ထောက်လိုက်ပြီး ပခုံး အထိ၊ ထို့နောက် ခါးအထိ လူတစ်ယောက် သဏ္ဌာန် ပေါ်လာသည်နှင့် မရှေး မနှောင်း ကြမ်းပြင်ပေါ်သို့ ဒူးထောက်လျက်သား တက်လာလေ၏။ ထိုလူသည် ခပ်သေးသေး၊ ခပ်ကျစ်ကျစ်၊ မျက်နှာ ဖျော့ဖျော့၊ ဆံပင် နီနီနှင့် လူ တစ်ယောက် ကို အပေါ်သို့ ဆွဲတင်လျက် ရှိလေ၏။

'အားလုံး ရှင်းတယ်၊ ဆောက်နှင့် ထည့်စရာ အိတ်ကော ပါရဲ့လား' ဟု ခပ်တိုးတိုး ပြော၍မျှ မဆုံးမီ 'ဟော့ အာချီ ဆင်း ဆင်း၊ မြန်မြန် ပြန်ဆင်း' ဟူသော အသံကို ကြားလိုက် ရလေ၏။

ရှားလော့ဟုမ်းသည် အမှောင်ထဲမှ ထွက်လာကာ ထိုလူကို လည်ကုပ်မှ ဖမ်းဆုပ်ထားစဉ် အခြား အဖော် လူဆိုးမှာ ဥမင်ထဲသို့ ပြန်၍ ဆင်းပြေးလေ၏။ ပီတာ ဂျုန်းက လှမ်းဆွဲလိုက်သဖြင့် ထိုလူ၏ အင်္ကျီ ဗြဲခနဲ စုတ်သံကို ကြားလိုက် ရ၏။ မီးရောင်တွင် ခြောက်လုံးပြူး တစ်လက်ကို လက်ခနဲ မြင်လိုက်ရသဖြင့် ရှားလော့ဟုမ်းက ခဲသီးတပ် တုတ်ဖြင့် ထိုလူ၏ လက်ကောက်ဝတ်ကို ရိုက်ချ လိုက်သည်တွင် ခြောက်လုံးပြူးသည် ကျောက်ပြား ခင်းထားသည့် ကြမ်းပြင်ပေါ် သို့ ချွင်ခနဲ မြည်၍ ကျသွားလေ၏။

'ဟော့ ဂျွန်ကလေး၊ ပြေးမယ် စိတ်မကူးနှင့်တော့ကွ၊ အလကားပဲ' ဟု ရှားလော့ဟုမ်းက ချိုသာသည့် အသံဖြင့် ပြော၏။

ဂျွန်ကလေးက ခပ်အေးအေးဖြင့်

'ဩော် ဒီလိုလား၊ လုပ်ကြဦးပေါ့၊ ကျုပ်ကို မိပေမဲ့ ကျုပ်လူကိုတော့ မမိပါဘူး၊ အင်္ကျီ အဖျားကိုပဲ မိလိုက်တာပါ'

'တံခါးပေါက်မှာ ပုလိပ် သုံးယောက် စောင့်နေတယ်ကွ'



mgyoe.com

mgyoe.com
SAMPLE BOOK

'အင်း လုပ်ပုံကလေးကတော့ သပ်ရပ်ပါပေတယ်ဗျာ၊ ဒီတစ်ခါတော့ ခင်ဗျားတို့ကို ချီးကျူးရမှာပေါ့'

'မင်း လုပ်ပုံကလေးကလည်း မဆိုးပါဘူးကွ၊ ဆံ ပင် နီ ဂိုဏ်းထောင်တဲ့ စိတ်ကူး ကလေးက တော်တော် ကောင်းတာပဲ'

'မင့်လူကို မကြာခင် ပြန် တွေ့ ရ မှာ ပါ ကွာ၊ ဒီ ကောင် တော် တော် တော့ အပြေး လျင် သား ပဲ၊ ကဲ လက်ကလေး ကမ်း စမ်း ပါ ဦး၊ လက်ကောက်ကလေး ဝတ် ရ အောင်'

ပီ တာ ဂျုန်း က ပြောလေ၏။

'ဗျို့လူ၊ ခင်ဗျား ကျုပ်ကို မ ထိ နှင့်၊ ကျုပ် မင်းဆွေ မင်းမျိုးက လာတဲ့ လူ၊ ကျုပ်ကို စကား ပြောရင် ဘုရား ထည့်ပြောပါ၊ ကျုပ်တို့ အမျိုးက ဘုရားထူးခံမျိုး'



'ဟော ဝှန်ကလေး၊ ပြေးမယ် စိတ်မကူးနှင့်တော့ကွ၊ အလကားပဲ'

ပီတာ ဂျုန်းက လက်ထိတ်ခတ်လျက် ရှိစဉ် ဝှန်ကလေးက တတွတ်တွတ် ပြောဆိုလျက် ရှိလေ၏။ ပီတာဂျုန်းက သူ့ကို လှောင်ပြောင်သည့် ဟန်ဖြင့် ကြည့်လျက်

'ကောင်းလှပါပြီ ဘုရား၊ အပေါ်ထပ် ကြွတော်မူပါ၊ ကိုယ်တော်ကို အချုပ်ထောင် ပို့ဖို့ ရှေ့မှာ မြင်းရထားက အဆင်သ… စောင့်နေပါပြီ'

'ကောင်းပြီ' ဟု ပြောလျက် ဝှန်ကလေးသ… ချုပ်တို့ သုံးယောက်ကို ဦးညွတ် နှုတ်ဆက်ပြီးနောက် စုံထောက် ပီတာ ဂျုန်း ခေါ်ရာသို့ လိုက်ပါသွားလေ၏။ အောက်ထပ် မြေတိုက်မှ တက်လာကြစဉ် မစ္စတာ မယ်ရီဝယ်သာက

mgyoe.com

mgyoe.com SAMPLE BOOK

'ကျေးဇူးပါပဲ မစ္စတာ ဟုမ်းရယ်၊ ကျွန်တော်တို့ ဘဏ်အနေနှင့် စုံထောက်ကြီးကို ဘယ်လို ကျေးဇူး ဆပ်ရမယ် ဆိုတာတောင် မပြောတတ်တော့ပါဘူး၊ ကျွန်တော် တွေ့ဖူးသလောက်တော့ ခု ဘဏ်တိုက် ဖောက်ဖို့ ကြံတဲ့ ကိစ္စဟာ တော်တော်ကို ရဲတင်းပြီး တော်တော် စိတ်ကူး ကောင်းတဲ့ အကြံပဲ၊ ဒီအမှုမှာ မစ္စတာ ဟုမ်း ထောက်လှမ်းပုံနှင့် ဖမ်းလိုက်ပုံကလည်း တော်တော့်ကို သပ်ရပ်ပါပေတယ်'

ရှားလော့ဟုမ်းက

'ကျုပ်မှာလည်း ဂျွန်ကလေးနှင့် စာရင်း ရှင်းစရာလေး တစ်ခု နှစ်ခု ကျန်နေသေးတယ်ဗျ၊ ဒီကိစ္စမှာ ကျုပ် အိတ်ထဲကလည်း စရိတ်ကလေး ဘာလေး နည်းနည်းပါးပါး စိုက်လိုက်ရသေးတယ်၊ ဒီစရိတ်ကလေးလောက်ကိုတော့ ခင်ဗျားတို့ ဘဏ်က စိုက်ထုတ်ပေးပါလိမ့်မယ် ထင်ပါရဲ့ ဟုတ်စ၊ ဒါပေမဲ့ စိုက်ထုတ် မပေးလည်း ကိစ္စ မရှိပါဘူးလေ၊ ကျုပ်မှာ ထူးထူးခြားခြား အတွေ့အကြုံ တစ်ခု ရလိုက်တာရယ်၊ ဆံပင်နီဂိုဏ်း အကြောင်းနှင့် ပတ်သက်တဲ့ ဗဟုသုတတွေကို ရလိုက်တာရယ်၊ ဒါတွေနှင့် ထေလိုက်ရင် ကျေလောက်ပါပြီ'

နောက်တစ်နေ့ မနက် ဘေကာလမ်းရှိ အခန်းတွင် ဝီစကီနှင့် ဆော်ဒါကို သောက်ရင်း ရှားလော့ဟုမ်းက

'တွေ့တယ် မဟုတ်လား ဝပ်ဆင်၊ ဆံပင်နီဂိုဏ်း ဆိုပြီး ထူးထူးဆန်းဆန်း ကြော်ငြာတာ၊ စွယ်စုံကျမ်းကို အကူးခိုင်းတာတွေရဲ့ ရည်ရွယ်ချက်က ခပ်ထုံထုံ ခပ်အအ အပေါင်ဆိုင် ပိုင်ရှင်ကို နေ့တိုင်း အချိန် ခပ်ကြာကြာကလေး အပြင်ကို ရောက်နေစေချင်လို့ အကွက်ဆင်တာဗျ၊ တော်တော်တော့ ကြံကြံဖန်ဖန် စိတ်ကူးရတဲ့ ကောင်တွေ၊ ဟုတ်တော့လည်း ဟုတ်တာပေါ့လေ၊ ဒီလို ကြံကြံဖန်ဖန်မှ မလုပ်ရင် အပေါင်ဆိုင် ပိုင်ရှင်ကို အပြင် ပထုတ်လို့ ဘယ်ရမလဲ၊ ကြည့်ရတာကတော့ ဂျွန်ကလေး ဆိုတဲ့ ကောင်ဟာ ဆံပင် နီနီနှင့် သူ့ အဖော်ကို ကြည့်ပြီး ဒီစိတ်ကူးကို ရဟန် တူတယ်ဗျ၊ အပေါင်ဆိုင် ပိုင်ရှင်ကို တစ်ပတ်ကို လေးပေါင်လောက် ပေးပြီး မြှူထုတ်တာပဲ၊ ထောင်မြင်တော့ ရာစွန့် ဆိုသလို အများကြီး ရမှာ ဆိုတော့ ဒီလောက် ငွေကလေးက ဘာအရေးလဲဗျ၊ ဆံပင်နီဂိုဏ်း အကြောင်းကို ကြော်ငြာ ထည့်၊ ပြီးတော့ သူတို့ အထဲက ဆံပင် နီနီနှင့် လူကို ရုံးခန်းလေး တစ်ခု အဖွင့်ခိုင်း၊ ကြားတစ်ယောက်က အပေါင်ဆိုင် ပိုင်ရှင်ကို အသင်းဝင် လျှောက်အောင် မြှောက်ပေး၊ ဒီနည်းအားဖြင့် ဒီကောင်တွေဟာ နေ့တိုင်း အချိန် ရအောင် ဖန်တီးထားကြတယ်၊ လခ တစ်ဝက်လောက်နှင့် အပေါင်ဆိုင် အကူ

mgyoe.com

mgyoe.com SAMPLE BOOK

စာရေး လာလုပ်တာကို ကြည့်ရင် ဒီကောင့်မှာ ရည်ရွယ်ချက် တစ်ခု ရှိရမယ် ဆိုတာ ထင်ရှားပါတယ်'

'နေစမ်းပါဦးဗျ၊ ဒါဖြင့် ဒီရည်ရွယ်ချက်ဟာ ဘယ်လို ရည်ရွယ်ချက်လဲ ဆိုတာ ခင်ဗျား ဘယ့်နှယ်လုပ် စဉ်းစားမိသလဲ'

'အပေါင်ဆိုင် ပိုင်ရှင်ရဲ့ အိမ်မှာ မိန်းမသားရယ်လို့သာ ရှိရင် အပေါင်ဆိုင် ပိုင်ရှင်ကို အပြင် ပထုတ်လာတာဟာ မိန်းမနှင့် ပတ်သက်တဲ့ အကြံအစည်ပဲ ဖြစ်မှာပဲဗျ၊ ဒါပေမဲ့ သူ့အိမ်မှာ မိန်းမ မရှိတော့ ဒီကိစ္စမျိုး မဖြစ်နိုင်တော့ဘူး၊ ပြီးတော့ ဒီလူရဲ့ အပေါင်ဆိုင် လုပ်ငန်း ဆိုတာကလည်း သိပ် ကြီးကြီးကျယ်ကျယ် မဟုတ်လှဘူး၊ အပေါင်ဆိုင်ထဲမှာ ပစ္စည်းကြီး များများစားစား မရှိလေတော့ ငွေကုန်ကြေးကျ ခံပြီး ဒီလို အကြံကြီး ကြံစရာ မလိုဘူး၊ ဒါဖြင့်ရင် ဒီကောင်တွေ ကြံစည်နေတာဟာ အပေါင်ဆိုင် အပြင်ဘက်က ဟာကို ကြံစည်နေတာပဲ ဖြစ်ရမယ်၊ ကောင်းပြီ၊ ဒါဖြင့် ဘာဖြစ်နိုင်သလဲ၊ ကျုပ် ခေါင်းထဲကို ပထမ ဝင်လာတာက ဒီကောင်ဟာ ဓာတ်ပုံ ဝါသနာ ပါတယ်၊ ပြီးတော့ ဓာတ်ပုံ ကူးဖို့ မြေတိုက်ထဲ ဆင်း ဆင်းသွားတယ် ဆိုတဲ့ အချက်ပဲ၊ မြေတိုက်နော် ခင်ဗျား သတိထား၊ အဲဒါ ကျုပ် ပထမဆုံး ရလိုက်တဲ့ သဲလွန်စပဲဗျ။

'ဒါနှင့် ကျုပ် အပေါင်ဆိုင် စာရေး အကြောင်း လိုက် စုံစမ်းလိုက်တဲ့ အခါကျတော့ ဒီကောင်ဟာ လန်ဒန် မြို့မှာ ရှိတဲ့ ခေါင်း အအေးဆုံး ဇက်ရဲ လက်ရဲ အရှိဆုံး ရာဇဝတ်ကောင် တစ်ယောက် ဆိုတာ သိလာရတယ်၊ ဒီကောင် မြေတိုက်ထဲမှာ တစ်ခုခု ကြံနေရမယ်၊ တစ်နေ့ကို နာရီပေါင်း များစွာ လုပ်ပြီး လ တော်တော် ကြာကြာ လုပ်ရမယ့် အလုပ်မျိုး ဖြစ်ရမယ်၊ ဒါဖြင့် ဘာဖြစ်နိုင်မလဲ၊ တခြား အဆောက်အအုံ တစ်ခုဆီကို ဥမင် တူးနေတာပဲ ဖြစ်ရမယ်၊ တခြား ဘာမှ မဖြစ်နိုင်ဘူး။

'တစ်မနက်မှာ ကျုပ်တို့ လျှောက်ကြည့်တုန်း အထိ ကျုပ်မှာ ဒီ လောက်ပဲ တွေးလို့ ရသေးတယ်၊ ကျုပ်က စကြံကို တုတ်နှင့် ဆောင့်ကြည့်လို့ ခင်ဗျား တောင် တအံ့တသြ ဖြစ်နေသေးတယ် မဟုတ်လား၊ ဥမင်ဟာ ဆိုင်ရှေ့ကို တူးလာသလား နောက်ဖေးကို တူးလာသလား သိချင်လို့ စမ်းကြည့်တာဗျ၊ ရှေ့ကို တူးလာတာ မဟုတ်ဘူး၊ ပြီးတော့ ကျုပ် အပေါင်ဆိုင် တံခါးကို သွားခေါက်တော့ ကျုပ် ထင်တဲ့ အတိုင်း အပေါင်ဆိုင် စာရေး ထွက်လာတယ်၊ ဒီကောင်နှင့် ကျုပ် သုံး လေးခါလောက် ရင်ဆိုင်ခဲ့ဖူးပေမဲ့ တစ်ယောက် မျက်နှာကို တစ်ယောက် တစ်ခါမှ မကြည့်မိကြသေးဘူးဗျ၊ ကျုပ်ဆိုရင်လည်း သူ့ မျက်နှာကို မကြည့်ဘူး၊

mgyoe.com

mgyoe.com
SAMPLE BOOK

ကျုပ် ကြည့်ချင်တာက သူ့ ဒူးတွေကို ကြည့်ချင်တာ၊ သူ့ ဘောင်းဘီ ဒူးနားမှာ ဘယ်လောက် စုတ်ပြတ် ဟောင်းနွမ်းပြီး ညစ်ပတ်နေတယ် ဆိုတာ ခင်ဗျားလည်း မြင်ခဲ့မိမှာပဲ၊ မြေကြီးထဲမှာ သူ ဘယ်လောက် ကြာကြာ တူးခဲ့ရတယ် ဆိုတာ အဲဒီ ဘောင်းဘီ ဒူးတွေက သက်သေခံနေတယ်ဗျ၊ ဒါနှင့် ကျုပ် လမ်းထောင့်နားကို လျှောက်ကြည့်တဲ့ အခါကျတော့ ဆူဘာဘင် ဘဏ်တိုက်ဟာ ကျုပ်တို့ အမှုသည်ရဲ့ အပေါင်ဆိုင်နှင့် ကျောချင်းကပ် ဖြစ်နေတယ် ဆိုတာ သွားတွေ့ရတယ်၊ ဒီတွင် ကျုပ် သိလိုက်ပြီ၊ ဂီတပဒေသာ ကပွဲက ပြန်လာတဲ့ အခါကျတော့ ကျုပ် စကော့တလန်ယာဒ် စုံထောက် အဖွဲ့ကို သွားတယ်ဗျ၊ ပြီးတော့ ဘဏ်ဒါရိုက်တာ လူကြီးကို သွားတွေ့တယ်၊ ကျန်တာတွေကတော့ ခင်ဗျား မြင်တဲ့ အတိုင်းပါပဲ'

'ဒီနေ့ ညမှာ ဖောက်မယ် ဆိုတာ ခင်ဗျား ဘယ်လို လုပ်ပြီး ပြောနိုင်သလဲ'

'ဆံပင်နီကိုဏ်း အသင်းတိုက်ကို ပိတ်လိုက်တာဟာ ဒီကောင်တွေ အဖို့ ကျုပ်တို့ အမှုသည် ဝီလဆင်ကို ဆိုင်ပြင်ဘက် ပထုတ်ဖို့ မလိုတော့ဘူး ဆိုတဲ့ သဘောပဲဗျ၊ တစ်နည်း ပြောရရင် သူတို့ တူးနေတဲ့ ဥမင်ဟာ တူးလို့ ပြီးသွားပြီ ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒါပေမဲ့ ဒီဥမင်ကို ကြာကြာ ထားလို့ မရဘူး၊ ချက်ချင်း သုံးရလိမ့်မယ်၊ ဥမင်ကို တွေ့သွားမှာ စိုးရိမ်ရတယ်၊ ဒါမှမဟုတ် ဘဏ်မှာ ရှိတဲ့ ရွှေချောင်းတွေ တခြားကို နေရာ ပြောင်းသွားမှာကိုလည်း စိုးရိမ်ရတယ်၊ သူတို့ အလုပ် လုပ်မယ် ဆိုရင် စနေနေ့ဟာ အကောင်းဆုံးပဲ၊ စနေနေ့မှာ အလုပ် ဖြစ်ရင် သူတို့ အဖို့ နောက်နေ့တွေမှာ ရုံးပိတ်ရက်တွေ၊ ဘဏ် ပိတ်ရက်တွေ ဆိုတော့ ဘယ်သူမှ သိဦးမှာ မဟုတ်သေးဘူး၊ သူတို့အဖို့ ရှောင်ချိန် တိမ်းချိန် ရတယ်၊ ဒါကြောင့် ဒီကောင်တွေ ဒီနေ့ည အလုပ် လုပ်ရမယ်လို့ ကျုပ် ပြောတာ'

'အင်း စဉ်းစားပုံကတော့ သပ်ရပ်ပါပေတယ်ဗျာ၊ သံကြိုးကြီးက ကွင်းဆက်က အရှည်ကြီး၊ ဒီသံကြိုးကြီးထဲမှာ ကွင်းဆက်တွေ အားလုံး အပြစ်အနာမရှိ စင်းလုံးချော ညီညွတ်ပါပေတယ်' ဟု ကျွန်ုပ်က ထုတ်ဖော် ချီးမွမ်းခြင်း ပြုသည့် အခါတွင် ရှားလော့ဟုမ်းက သမ်းဝေလိုက်ရင်း

'အင်း ကျုပ်လည်း အပျင်း ပြေတာပေါ့ဗျာ၊ ခုတောင် နည်းနည်း ပျင်းချင်လာပြန်ပြီ၊ ကျုပ် ဘဝ ဇြစ်ရိုးဖြစ်စဉ် ငြီးငွေ့စရာတွေက ရုန်းထွက်နေရင်း အချိန် ကုန်နေရတာပါဗျာ၊ ဒီလို ပြဿနာကလေးတွေ တွေ့တော့ ကျုပ် အဖို့ ဟန်ကျနေတာပေါ့'

mgyoe.com

mgyoe.com SAMPLE BOOK

'အင်း ခင်ဗျားကတော့ လူ့ လောကရဲ့ အကျိုးဆောင်လို့လည်း ဆိုနိုင်ပါရဲ့'

ရှားလော့ဟုမ်းသည် ပခုံးကို တွန့်လိုက်ပြီးနောက်


'တော်စမ်းပါဗျာ၊ ကျုပ်ကတော့ ဖလောဘေးက ဂျော့ ဆင်းဆီ ရေးတဲ့ စာထဲမှာ ပါသလို အလုပ်သည် အဓိက၊ လူသည် သာမည ဆိုတဲ့ စကားကို သဘောကျတယ်ဗျ' ဟု ပြောလေ၏။

[မူရင်းဝတ္ထု *The Red Headed League.* ရှေ့ဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ကာဏာရိဋ္ဌ အသင်း' (မျက်စိ တစ်ဖက်လပ် အသင်း) ဟူသော အမည်ဖြင့် လည်းကောင်း၊ 'ခါးကုန်း အသင်း၌ စုံထောက်ပုံ' ဟူသော အမည်ဖြင့် လည်းကောင်း မြန်မာမှု ပြုပြီး။]


mgyoe.com

mgyoe.com SAMPLE BOOK

# ရှာပုံတော်ကြီး



တစ်နေ့သ၌ ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့သည် ဘေကာလမ်းမှ သူ့ အခန်းရှိ မီးလင်းဖို ဘေးတွင် ထိုင်လျက် ရှိကြစဉ် ရှားလော့ဟုမ်းက

'အိုင်ဆေး ဒေါက်တာ ဝပ်ဆင်ရေ၊ လူ့ ဘဝကြီးမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေဟာ စိတ်ကူးထက် အများကြီး ဆန်းကြယ်တယ်ဗျ၊ စဉ်းစား ကြည့်လေ၊ ခု ကျုပ်တို့ ကြံစည် စဉ်းစားနေကြတာတွေဟာ တကယ် ဖြစ်ပျက်နေတာတွေထက် ဘာများ ပိုပြီး ထူးခြား ဆန်းကြယ်လို့လဲ၊ အကယ်၍သာ ကျုပ်တို့နှစ်ယောက် ပြတင်းပေါက်က လက်ချင်းတွဲ ပျံထွက်သွားပြီး ဟောဒီ လန်ဒန်မြို့ကြီးပေါ် လျှောက်ဝဲ၊ အမိုးတွေကို လှန်ကြည့်လိုက်ရင် ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေ တိုက်ဆိုင်မှုတွေ အကြံအစည်တွေ တစ်ဦးနှင့် တစ်ဦး ဉာဏ်ရည်ပြိုင်ကြတာတွေကို တွေ့ရမှာပဲဗျ၊ ဆွေစဉ်မျိုးဆက် ဒီလိုပဲ ဖြစ်ပျက် လာခဲ့ပြီး နောက်ဆုံးကျတော့လည်း ဘာမှ မဟုတ်ဘဲ သေသွားရတာကို ကြည့်ရင် သံဝေဂရစရာကြီးပဲ၊ ဒီအဖြစ်အပျက်တွေနှင့် နှိုင်းယှဉ် ကြည့် လိုက် တဲ့ အခါကျတော့ စိတ်ကူးနှင့် ရေးထားတဲ့ဟာတွေဟာ အလကားပဲဗျ၊ ရိုးရိုးစင်းစင်းကြီးတွေ ဖြစ်နေပြီး ဘယ်လို အဆုံးသတ်မယ် ဆိုတာ ထင်းထင်းကြီး မြင်နေရတယ်'

ကျွန်ုပ်က

'ကျွန်တော်ကတော့ ခင်ဗျား ပြောတာကို သဘော မတူဘူးဗျ၊ သတင်းစာတွေထဲမှာ ပါလာတဲ့ ရာဇဝတ်မှု သတင်းတွေဟာ အများအားဖြင့် ပြောင်ပြောင်ထင်းထင်း ရိုးရိုးစင်းစင်းကြီးတွေ ဖြစ်နေတယ်၊ တစ်ခါ ပုလိပ်ဘက်က အစီရင်

mgyoe.com

mgyoe.com SAMPLE BOOK
ခံစာတွေ ကြည့်လိုက်တော့လည်း တိကျနိုင်သမျှ အရင်းတိုင်း တိကျအောင် အသေးစိတ် ရေးထားကြတာပဲ၊ ဒါပေမဲ့ ဖတ်ကြည့်လိုက်တဲ့ အခါကျတော့ နည်းနည်းလေးမှ စိတ်ဝင်စားစရာ မကောင်းဘူး၊ အနုပညာလည်း မပါဘူးဗျ'

'တကယ့် အဖြစ်အပျက်တွေကို သဘာဝကျကျ ဖြစ်အောင် ရေးချင်ရင် တွေ့ကရာတွေကို အကုန် လျှောက်ရေးနေလို့တော့ မဖြစ်ဘူးလေဗျာ၊ ဆူရာ ရွေးနုတ် ဆိုသလို လိုတာကို ယူ မလိုတာတွေကို ဖယ်ထုတ်မှ ဖြစ်မှာပေါ့၊ ပုလိပ်ဘက် အစီရင်ခံစာတွေက ဒါမျိုးမှ မဟုတ်ဘဲကိုး၊ အဖြစ်အပျက် အသေးစိတ်ထက် တရားသူကြီးရဲ့ ထင်မြင်ချက် အယူအဆတွေကို လျှောက်ရေးနေတော့ ဘယ်မှာ ဖတ်လို့ ကောင်းပါတော့မလဲ၊ အမှုရဲ့ အနှစ်သာရက တရားသူကြီးရဲ့ ထင်မြင်ချက်တွေထဲမှာ မတည်ဘူးဗျ၊ အဖြစ်အပျက် အသေးစိတ်တွေထဲမှာ တည်တယ်၊ အဲ တကယ့် အဖြစ်အပျက် အမှန်တွေထဲက အသေးစိတ်တွေကိုသာ အားကိုးမယ် ဆိုရင် အဲဒီ အဖြစ်အပျက်တွေလောက် ထူးခြား ဆန်းကြယ်တာ လောကမှာ ဘာမှ မရှိဘူးဗျ'

ကျွန်ုပ်က ပြုံး၍ ခေါင်းကို ယမ်းလိုက်ရင်း

'ဟုတ်ပါပြီလေ၊ ခင်ဗျား တွေးခေါ်ပုံကို ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျားက ပြဿနာ တွေ့တဲ့ လူတိုင်းကို ကူညီ အကြံဉာဏ် ပေးနေတဲ့လူ၊ အကူအညီ ပေးတာမှ ကျုပ်တို့ နိုင်ငံတွင် မကဘူး၊ တိုက်ကြီး သုံးတိုက် အထိ ကျော်ကြားတဲ့လူ၊ ဒီတော့ ခင်ဗျား အနေနှင့် ထူးဆန်းတာတွေ ဆန်းကြယ်တဲ့ အဖြစ်အပျက်တွေကို တွေ့ခဲ့ဖူးပေတာကိုး၊ ဒီတော့ ပြောအား ရှိပေမပေါ့၊ သို့သော်လည်း ဟောဒါလေးနှင့် လက်တွေ့ စမ်းကြည့်ချင်တယ်ဗျ၊ ဒီမှာ'

ကျွန်ုပ်က ကြမ်းပြင်ပေါ်တွင် ချထားသည့် ယနေ့ မနက်ထုတ် သတင်းစာ တစ်စောင်ကို ကောက်ယူလိုက်ပြီး

'ပထမဆုံး တွေ့လိုက်တဲ့ သတင်း ခေါင်းစဉ်ကို ကျွန်တော် ဖတ်ပြမယ်၊ မယားကို ရက်စက်သော လင်တဲ့၊ သတင်းက ကော်လန်ဝက်လောက်ပဲ ရှိမယ်၊ ဒါပေမဲ့ ဒီသတင်းဟာ ကျွန်တော် တွေ့ဖူး ဖတ်ဖူးနေကျ သတင်းမျိုး ဆိုတာ ဖတ်မကြည့်ဘဲနှင့် ကျွန်တော် သိတယ်၊ ယောကျ်ားက မယားငယ် ထားမယ်၊ အရက် မူးမယ်၊ ရန်ဖြစ်မယ်၊ တွန်းလား ထိုးလား လုပ်မယ်၊ ဒဏ်ရာ ရမယ်၊ အစ်မတို့ ညီမတို့ ဒါမှမဟုတ် အိမ်ရှင် အဘွားကြီးတို့က မိန်းမဘက် နေမယ်၊ ဒါတွေပဲ ဖြစ်မှာပါ၊ ခင်ဗျား ပြောတဲ့ အတိုင်း ဆိုရင် ဒါမျိုးတွေဟာ လောကကြီးမှာ တကယ် ဖြစ်နေတဲ့ အဖြစ်အပျက်တွေ မဟုတ်ဘူးလား၊ ဒီလောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကတော့ အညံ့ဆုံး ဆိုတဲ့ စာရေးဆရာတောင် သူ့ထက် သာအောင် ရေးနိုင်တယ် ခင်ဗျ'

ရှားလော့ဟုမ်းက သတင်းစာကို လှမ်းယူလိုက်ပြီး ငုံ့၍ ကြည့်လိုက်ကာ

'အင်း ခင်ဗျား ဥပမာ အရွေး မှားသွားပြီဗျ၊ ခင်ဗျား ပြတဲ့ သတင်းက ဒန်ဒါ လင်မယားရဲ့ လင်မယား ကွာလိုမှု သတင်းဗျ၊ ဒီအမှုမှာ တချို့ အချက် အလက်ကလေးတွေ ကူရှင်းပေးဖို့ ကျုပ်ကိုတောင် လာ ငှား ကြ သေး တယ်၊ ယောကျ်ားက အရက်လည်း မသောက်ဘူး၊ မယားငယ်လည်း မရှိဘူးဗျ၊ ကွာ လိုမှု တောင်းတဲ့ မိန်းမရဲ့ အဆိုက သူ့ ယောကျ်ားဟာ ထမင်း စားပြီးတိုင်း သူ့ သွား အတုတွေ တပ်ထားတဲ့ အံကပ်ကို ချွတ်ပြီး သူ့ကို ပေါက်တတ်ပါတယ်တဲ့၊ ဒါ့ကြောင့် ကွာရှင်းလိုပါတယ် ဆိုပြီး ကွာရှင်းခွင့် တောင်းတယ်၊ ဘယ့်နှယ် ရှိစ ဝပ်ဆင်၊ ဒီလို အဖြစ်အပျက်မျိုးကို ဘယ် စာရေးဆရာများ ရွှေဉာဏ်တော် စူး ရောက်ပြီး ရေးထားတာ ခင်ဗျား တွေ့ဖူးသလဲ၊ ကဲ ဒေါက်တာ၊ ခင်ဗျား ပေးတဲ့ ဥဒါဟရုဏ်မှာပဲ ခင်ဗျားဘာသာ ရှုံးနေပြီ ဆိုတာ ရှူဆေးလေး တစ်တို့လောက် တို့ရင်း ဝန်ခံပေတော့'

ရှားလော့ဟုမ်းသည် ရွှေအိုဖြင့် လုပ်ထား၍ အဖုံးတွင် မဟူရာ မြကျောက် ကြီး တစ်လုံး မြှုပ်ထားသည့် ရွှေရှူဆေးဘူးကို လှမ်းပေးလိုက်လေ၏။ ရိုးရိုး နေ၍ ဖြစ်သလို ဝတ်စားတတ်သည့် ရှားလော့ဟုမ်းနှင့် ခမ်းနားသော ထို ရွှေရှူဆေး ဘူးမှာ လုံးဝ ဟပ်စပ်၍ မရအောင် ဖြစ်လျက် ရှိသဖြင့် ကျွန်ုပ်မှာ ထိုအကြောင်း ကို မမေးဘဲ မနေနိုင်အောင် ရှိလေ၏။

'ဪ ဟုတ်သားပဲ၊ ခင်ဗျားနှင့် ကျုပ် မတွေ့ကြတာ နည်းနည်း ကြာ သွားပြီကိုး၊ မေ့နေတယ်၊ အိုင်ရင်း အက်ဒလား ကိစ္စကို ကျုပ် လိုက် ပေး တဲ့ အတွက် ဘိုဟီးမီးယား ဘုရင်က ပေးလိုက်တဲ့ လက်ဆောင်လေဗျာ'

'နို့ လက်စွပ်ကြီးကကောဗျာ' သူ့ လက်ချောင်းပေါ်တွင် တဝင်းဝင်း တလျှပ်လျှပ် တောက်နေသည့် လက်စွပ်ကြီးကို ကြည့်၍ မေးလိုက်သည်။

'ဟော်လန် ဘုရင့် ဆွေတော် မျိုးတော်တွေက ပေးလိုက်တဲ့ လက်ဆောင် ဗျ၊ သူတို့ ကိစ္စက တော်တော်လေး နူးညံ့ သိမ်မွေ့လေတော့ ဘာ မဟုတ်တဲ့ ကျုပ် အတွေ့အကြုံကလေး တစ်ခု နှစ်ခုကို စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်အောင် မှတ်တမ်း တင်ပေးခဲ့တဲ့ ခင်ဗျားကိုတောင် အသိ မပေးခဲ့ဘူးဗျ'

'ခုကော ဘာပြဿနာတွေများ တိုင်ပင်စရာ ရှိနေသလဲ' ဟု ကျွန်ုပ်က စိတ်အား ထက်သန်စွာ မေးလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

"အင်း ဆယ့်လေးငါးခုလောက်တော့ ရှိတယ်ဗျ၊ စိတ်ဝင်စားစရာ အမှုတော့ မပါပါဘူး၊ ခင်ဗျား သိထားဖို့က ခုကိစ္စတွေဟာ တော်တော်တော့ အရေးကြီးတယ်ဗျ၊ ဒါပေမဲ့ စိတ်ဝင်စားစရာတော့ မကောင်းဘူး၊ တကယ်ကတော့ အရေး မကြီးတဲ့ အဖြစ်အပျက်ကလေးတွေကသာ စိတ်ဝင်စားဖို့ ကောင်းတာ၊ အမှု တစ်ခုဟာ အရေး မကြီးဘူး ဆိုတာနှင့် တစ်ပြိုင်နက် စူးစမ်းစရာတွေ များလာပြီး အကျိုး အကြောင်းကို မြန်မြန်ဆန်ဆန် ခွဲခြမ်း စိတ်ဖြာကြည့်ဖို့ လိုအပ်လာလေပဲဗျ၊ ဒါမျိုးကျမှ စုံစမ်း ထောက်လှမ်းရတာ ပျော်စရာ ကောင်းတာ၊ အမှုကြီးလာလေလေ အမှုသွား အမှုလာက စင်းလာလေလေပဲ၊ ဘာဖြစ်လို့လဲ သိရဲ့လား၊ အမှု ကြီးလာလေလေ အများအားဖြင့် အမှု ကျူးလွန်ခြင်းရဲ့ ရည်ရွယ်ချက်ဟာလည်း ထင်ရှား လာလေလေ ဖြစ်လို့ပဲ၊ ကျုပ် တွေ့ဖူးသလောက် ပြောရရင်တော့ ဒီလို အမှုကြီးတွေထဲမှာ မာဆေးလ် ပုလိပ်က ကျုပ်ကို လွှဲပေးလိုက်တဲ့ ခပ်ဆန်းဆန်း အမှု တစ်ခုက လွဲရင် ကျန် အမှုတွေ အားလုံး စိတ်ဝင်စားစရာ ရယ်လို့ သိပ် မရှိကြဘူး၊ ပြောရင်း ဆိုရင်း စိတ်ဝင်စားစရာ ပြဿနာ တစ်ခုတော့ လာပြီ ထင်တယ်ဗျို့၊ ကျုပ် တွက်တာ မမှားဘူး ဆိုရင်တော့ ကျုပ် အမှုသည် တစ်ယောက်ပဲ ဖြစ်ရမှာပဲ"

ရှားလော့ဟုမ်းသည် ကုလားထိုင်မှ ထကာ ခန်းဆီး ကြားမှ နေ၍ ငြိုးငွေ့ဖွယ် ကောင်းသည့် လမ်းမကို ငုံ့ကြည့်လျက် ရှိလေ၏။ သူ့ပခုံးပေါ်မှ ကျော်ကြည့်လိုက်သည့် အခါတွင် မျက်နှာချင်းဆိုင် လမ်းမ တစ်ဖက်တွင် ခပ်ဖိုင့်ဖိုင့် မိန်းမ တစ်ယောက် ရပ်နေသည်ကို မြင်ရလေ၏။ ထိုမိန်းမသည် လည်ပင်းတွင် သားမွေး လည်ပတ်ကြီး တစ်ထည်ကို ပတ်ထားပြီး ဒီဗွန်ရှိုင်းယား မြို့စားကတော်ကြီး ဆောင်းသကဲ့သို့ အပြား ကြီးကြီး ဦးထုပ် တစ်လုံးကို ဖက်ရှင် ကျကျ ခပ်စောင်းစောင်း ဆောင်းထားလေ၏။ ဦးထုပ်ပေါ်တွင် အနီရောင် ငှက်တောင်ကြီး တစ်ချောင်းကိုလည်း စိုက်ထား၏။

ထိုမိန်းမသည် တစ်ဖက် စကြံတွင် ရပ်လျက် ဦးထုပ် အောက်မှ နေ၍ ကျွန်ုပ်တို့ အခန်း ပြတင်းပေါက်များကို ကြည့်ကာ ချီတုံချတုံ ဖြစ်နေဟန် ရှိလေ၏။ ခြေလှမ်းများကလည်း သွားတုံ ဆုတ်တုံဖြင့် အငြိမ်မနေ ဖြစ်လျက် ရှိပြီး လက်ချောင်းများက သူ၏ လက်စွပ်နှင့် ကြယ်သီးများကို စမ်းသပ် ဆော့ကစားလျက် ရှိလေ၏။

ထို့နောက် ရေကူးသမား တစ်ယောက်သည် ကုန်းပေါ်မှ ရေထဲသို့ ဝုန်းခနဲ ခုန်ချ ကူးလာသကဲ့သို့ ထိုအမျိုးသမီးသည်လည်း လမ်းကို ခပ်သုတ်သုတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြတ်ကူး လာသည်ကို မြင်လိုက်ရပြီး မကြာမီတွင် တံခါးမှ ဒင်ခနဲ မြည်သော စူးရှသည့် ခေါင်းလောင်းသံကို ကြားလိုက်ရလေ၏။

ရှားလော့ဟုမ်းက စီးကရက်တိုကို မီးလင်းဖိုထဲသို့ ပစ်လိုက်ပြီးနောက်

'ဒီ လက္ခဏာချက်မျိုးတွေကို ကျုပ် မြင်ခဲ့ဖူးပြီဗျ၊ လူတစ်ယောက်ဟာ လမ်းမ ပလက်ဖောင်းပေါ်မှာ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီ ဆိုရင် စိတ်ထဲမှာ တစ်ခုခုကို ဒွိဟ ဖြစ်နေလို့ပဲဗျ၊ ခု အမျိုးသမီးဟာ ကျုပ်တို့ အကြံဉာဏ်ကိုလည်း လိုချင်တယ်၊ ဒါပေမဲ့ ပြဿနာက ကျုပ်တို့ကို ဖွင့်ပြောရလောက်အောင်လည်း ခက်ခဲ နက်နဲတဲ့ ပြဿနာ မဟုတ်ဘူး ဖြစ်နေတယ်၊ ဒီမှာတောင် ကျုပ်တို့ ထပ်ပြီး ခွဲလို့ ရသေးတယ်၊ မိန်းမ တစ်ယောက်ဟာ ယောကျ်ား တစ်ယောက်ရဲ့ စော်ကားတာကို ခံခဲ့ရတယ် ဆိုရင် ဒီမိန်းမဟာ ဆုတ်ဆိုင်းဆိုင်း လုပ်မနေဘူး၊ ကျုပ်တို့ အခန်းရှေ့ လျှပ်စစ် ခေါင်းလောင်းကြိုး ပြတ်အောင်ကို အတင်းဆွဲမှာ၊ ခုကိစ္စမှာတော့ အချစ် ကိစ္စပဲ၊ ဒါပေမဲ့ အမျိုးသမီးဟာ စိတ်ဆိုးနေတာ မဟုတ်ဘူးဗျ၊ သူ့ စိတ်ထဲမှာ ဝေခွဲမရတာမျိုး ဖြစ် နေ တာ ရင်လည်း ဖြစ် ရ မယ်၊ ဒါမှ မဟုတ် သောက ရောက်နေတာရင်လည်း ဖြစ်ရ မယ်၊ ထားပါလေ၊ သူ လာနေပါပြီ၊ ကျုပ်တို့ တွေးလုံး ကလေးတွေ မှန် မမှန် ကြည့်ရမှာပေါ့'

ပြော ၍ မှု မဆုံးမီ တံခါး ခေါက်သံ ပေါ်လာ လေ၏။ ခန်း စောင့် သူငယ် ကလေးက မစ္စ ဆူသာလင်း ဆိုသည့် အမျိုးသမီး တစ်ယောက် ရောက်



ရှားလော့ဟုမ်းက
သူ၏ ထူးခြားသော ယဉ်ကျေး ပျူငှာဟန်ဖြင့်
ဆီးကြိုပြီးနောက် ...



mgyoe.com

mgyoe.com SAMPLE BOOK

နေကြောင်း လာရောက် ပြောဆိုချိန်မှာပင် ရေကြောင်းပြ မော်တော်ဘုတ်ကလေး နောက်တွင် စက်ကုန် ဖွင့်လာသည့် ကုန်တင် သင်္ဘောကြီး တစ်စင်း လိုက်လာသည့်နှယ် ထိုမိန်းမသည် သူငယ်ကလေး နောက်မှာ မားမားကြီး ကပ်လျက် ပါလာလေ၏။

ရှားလော့ဟုမ်းက သူ၏ ထူးခြားသော ယဉ်ကျေး ပျူငှာဟန်ဖြင့် ဆီးကြိုပြီးနောက် တံခါးကို ပိတ်လိုက်ကာ ကုလားထိုင်ပေါ်တွင် ထိုင်ရန် ဦးညွတ်ပြလေ၏။

ထို့နောက် သူ့ထုံးစံအတိုင်း အမျိုးသမီးကို တစ်မိနစ်ခန့်မျှ မသိမသာ ကြည့်နေလေ၏။

'မျက်စိ မှုန်လေတော့ ဒီလောက် လက်နှိပ်စက်တွေ ရိုက်နေရတာ နည်းနည်း မပင်ပန်းဘူးလား သူငယ်မ' ဟု မေးလေ၏။

'ဟုတ်ကဲ့၊ အစတုန်းကတော့ နည်းနည်း ပင်ပန်းတာပေါ့ရှင်၊ ဒါပေမဲ့ ခုတော့ မျက်နှာ လွှဲပြီး ရိုက်တတ်နေပါပြီ' ဟု လွတ်ခနဲ ပြောလိုက်ပြီးမှ ရှားလော့ဟုမ်း စကား၏ အဓိပ္ပာယ်ကို နားလည်သွားကာ လန့်သွားသည့် ဟန်ဖြင့် ရှားလော့ဟုမ်းကို ကြည့်နေလေ၏။ သဘောကောင်းဟန် ရှိသည့် သူ့ မျက်နှာ ပြားပြားပေါ်တွင်လည်း အံ့သြသည့် အရိပ်အယောင်များ ပေါ်လာလေ၏။

'မစ္စတာ ဟုမ်းက ကျွန်မ အကြောင်းကို ကြားပြီးလို့ပေါ့နော်၊ အေးလေ၊ မကြားရသေးရင် ဒါတွေကို ဘယ့်နှယ်လုပ် သိနိုင်မှာလဲ'

ရှားလော့ဟုမ်းက ရယ်လိုက်ပြီး

'ဒါက အရေးမကြီးပါဘူးကွယ်၊ ဒါတွေကို သိဖို့က ကျုပ်တို့ အလုပ် မဟုတ်လား၊ ကျုပ်က တခြားလူတွေ သတိ မထားမိတာကို မြင်တတ်အောင် လေ့ကျင့်ထားလို့ နေမှာပေါ့၊ ဒီလိုမှ မသိရင်လည်း မင်းတို့လို အမှုသည်တွေ ကျုပ်ဆီ ဘာကြောင့် လာနေကြတော့မှာလဲ'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ လာတာကတော့ မစ္စတာ ဟုမ်း အကြောင်းကို မစ္စက် အီသာရိတ်ဆီက ကြားရလို့ လာခဲ့တာပါ၊ မစ္စက် အီသာရိတ် ဆိုတာ က သူ့ ယောက်ျား ပျောက်လို့ စုံထောက်ကြီးဆီ လာဖူးပါတယ်၊ စုံထောက်ကြီး ရှာပေးခဲ့ဖူးပါတယ်၊ အဲဒီတုန်းက ပုလိပ်ဘက်ရော အရပ်ကရော သူ့ ယောက်ျား သေပြီလို့ ထင်နေကြပါသေးတယ်၊ ဟုတ်ပါတယ် စုံထောက်ကြီးရယ်၊ ကျွန်မ ကိစ္စကလေးကိုလည်း တစ်ဆိတ်လောက် ဆောင်ရွက် ပေးစေချင်ပါတယ်၊ ကျွန်မ က ကြွယ်ပိုးကြွယ်ဝထဲကတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မမှာ ရှိတာလေးကို



mgyoe.com

mgyoe.com SAMPLE BOOK
ငွေတိုးချေးတဲ့ အတွက် တစ်နှစ်မှာ ပေါင်တစ်ရာလောက် ရပါတယ်၊ ပြီးတော့ လက်နှိပ်စက် ရိုက်လို့ ရတဲ့ ဝင်ငွေလေးလည်း ရှိပါတယ်၊ မစ္စတာ ဟော့စမာ အိန်ဂျယ်ကို ရှာပေးနိုင်ရင် ကျွန်မ ရှိတာလေးတွေ ဉာဏ်ပူဇော်ခ ပေးပါ့မယ်'

'ဘာဖြစ်လို့များ ကျုပ်ဆီကို ဒီလောက် ရေးကြီးသုတ်ပျာ လာပြီး တိုင်ပင် နေရတာလဲကွယ်' ဟု ဆိုကာ ရှားလော့ဟုမ်းသည် လက်ဖျားထိပ်ကလေးများကို တေ့ဆိုင်ထားရင်း မျက်နှာကြက်ကို မော့ကြည့်လျက် ရှိလေ၏။

ထိုအခါ၌ကား မစ္စ ဆူသာလင်း၏ ထူအန်းအန်း မျက်နှာပေါ်တွင် နောက်တစ်ကြိမ် ထိတ်လန့်သည့် အမူအရာ ထပ်မံ၍ ပေါ်လာခဲ့ပြန်လေပြီ။

'ဟုတ်တယ်ရှင့်၊ မစ္စတာ ဝင်ဒီဘင့် အဲ ကျွန်မ အဖေက အေးတိအေးစက် လုပ်နေတာနှင့် စိတ်ဆိုးပြီး အိမ်က ကိုယ့်ဘာသာကိုယ် သွားမယ် ဆိုပြီး ထွက်လာတာ၊ ပုလိပ်ကို သွားတိုင်ပေးပါ ဆိုတော့လည်း မသွားဘူးရှင့်၊ မစ္စတာ ဟုမ်းဆီကို သွားပေးပါ ဆိုတော့လည်း အေးတိအေးစက်နှင့်၊ ဒီလောက် စိုးရိမ်စရာ မရှိပါဘူး၊ အေးအေးသာ နေပါလို့ ပြောပြီး အင်တင်တင် လုပ်နေတာနှင့် ကျွန်မလည်း စိတ်ဆိုးပြီး ထွက်လာတာ၊ အဝတ်အစားတောင် ကောင်းကောင်း မလဲခဲ့ရဘူး၊ မစ္စတာ ဟုမ်းဆီကို တစ်ခါတည်း တောက်လျှောက် ထွက်လာခဲ့တာပဲ'

'မစ္စတာ ဝင်ဒီဘင့်က မင်း အဖေ ဟုတ်စ၊ ပထွေးများ ဖြစ်နေမလား၊ မင်းနှင့် နာမည်ချင်းမှ မတူတာ'

'ဟုတ်ပါတယ်၊ ကျွန်မ ပထွေးပါ၊ ကျွန်မကတော့ အဖေလို့ပဲ ခေါ်ပါတယ်၊ တစ်မျိုးတော့ တစ်မျိုးပေါ့လေ၊ သူက ကျွန်မထက် ငါးနှစ်နှင့် နှစ်လပဲ ကြီးတာ'

'အမေကတော့ ရှိသေးတယ်နော်'

'ဟုတ်ကဲ့ ရှိပါတယ်၊ ကျန်းကျန်းမာမာပါပဲ၊ အဖေ ဆုံးပြီး မကြာခင် နောက်အိမ်ထောင် ထူတဲ့ အခါကျတော့ ကျွန်မကလည်း သိပ်မကျေနပ်ခဲ့ဘူး၊ ပြီးတော့ အသက်ကလည်း အမေ့ထက် ဆယ့်ငါးနှစ်လောက် ငယ်သေးတယ်ရှင့်၊ ကျွန်မ အဖေက တော့တင်ဟမ်ကုတ် လမ်းမှာ ဓာတ်ငွေ့ပိုက် ပြင်ဆိုင် ဖွင့်ထားပါတယ်၊ အဖေ ဆုံးတော့ အလုပ်အကိုင်က တော်တော်လေး ဟန်ကျနေပါတယ်၊ ဒါနှင့် ဒီလုပ်ငန်းကို အမေက အဖေ့ တပည့် ဖြစ်တဲ့ ဖိုမင် မစ္စတာ ဟာဒီနှင့် အတူ ဆက်လုပ်ပါတယ်၊ မစ္စတာ ဝင်ဒီဘင့်နှင့် အိမ်ထောင်ကျတဲ့ အခါကျတော့ သူက ဒီလုပ်ငန်းကို အရောင်း ခိုင်းတာနှင့် ရောင်းပစ်လိုက်ပါတယ်၊ မစ္စတာ

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်ဒီဘင့်က ဝိုင်အရက် ကုန်သည် ဆိုတော့ အမေ့ အပေါ်မှာလည်း နည်းနည်း နိုင်ပါတယ်၊ ဒါနှင့် အဲဒီ လုပ်ငန်းကို ရောင်းလိုက်တော့ နာမည်ရော လုပ်ငန်း ရောပါ ငွေလေး ထောင့်ခုနစ်ရာလောက် ရလိုက်ပါတယ်၊ အဖေသာ ဆက်လုပ် ရရင်တော့ အကျိုးအမြတ် ဒီထက် မကဘူးပေါ့ရှင်'

အရေးမကြီးသည့် အသေးစိတ်များကို ဤမျှ ရှည်လျားစွာ ပြောနေသဖြင့် မိတ်ဆွေကြီး ရှားလော့ဟုမ်း စိတ်တိုနေလိမ့်မည်ဟု ထင်လိုက်မိသေး၏။ သို့ရာ တွင် ရှားလော့ဟုမ်းမှာ ကျွန်ုပ် ထင်သကဲ့သို့ မဟုတ်ဘဲ အလွန် စိတ်ပါဝင်စား စွာဖြင့် နားထောင်လျက် ရှိသည်ကို တွေ့ရလေ၏။

'ဒါဖြင့် မင်း ဝင်ငွေကလေးကကော ဒီအလုပ်ကပဲ ရတာလား'

'အို မဟုတ်ရပါဘူးရှင်၊ အော့က္ကလင်မှာ ရှိတဲ့ ကျွန်မ ဦးလေး နတ်က အမွေ ပေးခဲ့တာပါ၊ နယူးဇီလန် ငွေချေးဒိုင်မှာ အစု ဝင်ထားလို့ တစ်နှစ်ကို လေး ရာနှုန်းခွဲ အတိုး ရပါတယ်၊ ငွေပေါင် နှစ်ထောင့် ငါးရာဖိုး ဝယ်ထားပါတယ်၊ အဲဒီက ရတဲ့ အမြတ်ကလေးနှင့် စားနေတာပါ'

'အင်း မင်း ကြည့်ရတာ တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ ကွယ့်၊ တစ်နှစ်ကို ပေါင်တစ်ရာလောက် အတိုး ရနေတယ် ဆိုတာ နည်းတဲ့ ငွေမှ မဟုတ်ဘဲ၊ ဒီတော့ ခရီးတွေ ဘာတွေ လျှောက်ထွက် တော်တော်လေး သုံးနိုင် ဖြုန်းနိုင်ထဲက နေမှာပေါ့၊ ကျုပ် သိသလောက် ပြောရရင် ခုခေတ် အမျိုးသမီး တစ်ယောက် တစ်နှစ် ပေါင်ခြောက်ဆယ်လောက် ဝင်ငွေ ရှိနေရင် တော်တော် လေးကို ဟန်ကျပန်ကျ နေနိုင်တာကပဲ'

'ကျွန်မ တစ်ယောက်တည်းသာ ဆိုရင် ဒီလောက် နည်းတဲ့ ဝင်ငွေနှင့် တောင် နေနိုင်ပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မက သူတို့နှင့် အတူ နေတော့ ကျွန်မ အတွက် အိမ်မှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူး၊ ဒါ့ကြောင့် ကျွန်မ အမေနှင့် အတူ နေတဲ့ အတောအတွင်းမှာ ဆိုရင် ကျွန်မ ရတဲ့ ဝင်ငွေ အားလုံးကို အိမ်ကို ပဲ အပ်လိုက်တာပဲ၊ ဒါကတော့ ခုလောလောဆယ်ပေါ့လေ၊ ကျွန်မ ရတဲ့ အစု ရှယ်ယာက အမြတ်တွေကို မစ္စတာ ဝင်ဒီဘင့်ပဲ ထုတ်ပြီး အမေ့ကို အပ်ပါ တယ်၊ ကျွန်မကတော့ ကျွန်မ လက်နှိပ်စက် ရိုက်လို့ ရတဲ့ ငွေကလေးနှင့်ပဲ နေပါတယ်၊ စာ တစ်မျက်နှာကို နှစ်ပဲနိ ရပါတယ်၊ တကယ် ရိုက်မယ် ဆိုရင် တစ်နေ့ကို စာမျက်နှာ ဆယ့်ငါး နှစ်ဆယ်လောက်တော့ ရိုက်နိုင်ပါတယ်'

'ဟုတ်ပြီဗျ၊ မင်း ပြောတာတွေ အားလုံး ပြည့်စုံတယ်၊ ဟောဒါက ကျုပ် မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်တဲ့၊ ကျုပ် ရှေ့မှာ လွတ်လွတ်လပ်လပ် ပြောသလို

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ ရှေ့မှာလည်း ပြောနိုင်တယ်၊ ကဲ ဒီတော့ မင်းနှင့် မစ္စတာ ဟော့စမာ အိန်ဂျယ်တို့ အကြောင်းကို ကျုပ်တို့ကို ပြောပြစမ်းပါဦး'

မစ္စ ဆူသာလင်း၏ မျက်နှာပေါ်တွင် ရက်သွေးရောင် ဖြန်းသွားသည်ကို တွေ့လိုက်ရ၏။ မစ္စ ဆူသာလင်းသည် အင်္ကျီ အဖျားကို လက်ဖြင့် ဆုပ်နယ်ရင်း

'ဓာတ်အားပေး ဌာန အလုပ်သမားတွေရဲ့ နှစ်လည် ကပွဲမှာ သူနှင့် ပထမဆုံး စတွေ့တာပါ၊ အဖေ မဆုံးခင်တုန်းကတည်းက အဲဒီ ဌာနက နှစ်လည် ကပွဲတွေ ရှိရင် လက်မှတ်တွေ ဘာတွေ ပို့ပေးတတ်ပါတယ်၊ အဖေ မရှိတဲ့ နောက်ကျတော့လည်း ကျွန်မတို့ကို သတိရပြီး အမေ့ဆီကို လက်မှတ်တွေ ပို့ပေးတတ်ပါတယ်၊ မစ္စတာ ဝင်ဒီဘင့်ကတော့ ကျွန်မတို့ သားအမိကို မသွားစေချင်ပါဘူး၊ ဘယ်ကို သွားတာမှလည်း မကြိုက်ပါဘူး၊ တနင်္ဂနွေနေ့တို့ ဘာတို့ ကျွန်မ ပျော်ပွဲစား လိုက်သွားတယ် ဆိုရင် အိမ်မှာ ရူးရူးရှားရှား ဖြစ်တော့တာပါပဲ၊ ဒီတစ်ခါမှာလည်း ကျွန်မ တစ်ယောက်တည်း ထွက်တာကို မကြိုက်ပါဘူး၊ ကျွန်မကလည်း သွားတာပဲ၊ သူနှင့် ဘာဆိုင်တာ မှတ်လို့၊ မဟုတ်ဘူးလားရှင်၊ အဲဒီ အလုပ်သမားတွေဟာ အပေါင်းအသင်း မလုပ်အပ်ဘူး တဲ့လေ။



'အဲဒီ ညမှာ
သူနှင့် စတွေ့ခဲ့တာပါပဲ'

'ဒါပေမဲ့ရှင်၊ အဖေ့ မိတ်ဆွေတွေ ရှိတဲ့ နေရာကို ဘယ်မသွားဘဲ နေနိုင်ပါ့မလဲ၊ ဒီတော့ သူက ဒီလို ပွဲလမ်းမှာ သွားဖို့ အဝတ်အစား ကောင်းကောင်း မရှိဘာမရှိနှင့် မကောင်းဘူးတဲ့၊ ဘယ့်နှယ် မရှိရမလဲ ရှင်၊ ကျွန်မ ဗီရိုထဲ သိမ်းထားတဲ့ မရန်းရောင် ဝတ်စုံ ဆိုရင် တစ်ခါမှတောင် မဝတ်ရသေးဘူး၊ အသစ်ကြီး ရှိသေးတယ်၊ ဒါနှင့် နောက်ဆုံးတော့ တားလို့ မရပါဘူး၊ သူလည်း အလုပ်ကိစ္စနှင့် ပြင်သစ်ကို ထွက်သွားပါတယ်၊ ကျွန်မရယ်၊ အ မေ ရယ်၊ ကျွန်မတို့

mgyoe.com

mgyoe.com
SAMPLE BOOK
လုပ်ငန်းတူ လုပ်ဖက် ဖြစ်တဲ့ မစ္စတာ ဟာဒီရယ် သုံးယောက်သား ကပွဲကို သွား ကြပါတယ်၊ အဲဒီ ကပွဲမှာ မစ္စတာ ဟော့စမာ အိန်ဂျယ်နှင့် တွေ့ခဲ့တာပါပဲ'

'ဒါဖြင့် မစ္စတာ ဝင်ဒီဘင့် ပြင်သစ်က ပြန်လာတဲ့ အခါကျတော့ မင်း တို့ ကပွဲ သွား-ဘဲ့ အတွက် စိတ်ဆိုးမှာပေါ့ ဟုတ်စ'

'အို ဆိုးတာပေါ့ရှင်၊ ကျွန်မ မှတ်မိသလောက် ဆိုရင် ပခုံးတွန့် မရယ် ချင့် ရယ်ချင် ရယ်ပြီး မိန်းမ တစ်ယောက်ကို စေတနာနှင့် ပြောလည်း အလကား ပဲတဲ့၊ သူ့လမ်း သူသွားတာပဲတဲ့'

'ဟုတ်ပြီ၊ ဒါဖြင့် ဓာတ်အားပေး ဌာန နှစ်လည် ကပွဲကို သွားတဲ့အခါ ကျတော့ မစ္စတာ ဟော့စမာ အိန်ဂျယ် ဆိုတဲ့ လူတစ်ယောက်နှင့် တွေ့တယ် ဆိုပါတော့'

'ဟုတ်ပါတယ်ရှင်၊ အဲဒီ ညမှာ သူနှင့် စတွေ့တာပါပဲ၊ နောက်တစ်နေ့ ကျတော့ ကျွန်မတို့ အိမ်ကို ချောချောမောမော ပြန်ရောက်ရဲ့လား လာမေးပါတယ်၊ ဒီနောက်တော့ ကျွန်မတို့ တွေ့ကြပါတယ်၊ ကျွန်မ ဆိုလိုတာက ဒီလိုပါလေ၊ ကျွန်မ သူနှင့် နှစ်ခါ လမ်းလျှောက် ထွက်ပါတယ်၊ ဒီနောက်တော့ အဖေ ပြန် လာတာနှင့် သူလည်း အိမ်ကို မလာတော့ပါဘူး'

'မလာတော့ဘူး ဟုတ်စ'

'ဟုတ်ပါတယ်၊ အဖေက အိမ်ကို ယောကျ်ားလေးတွေ ဝင်တာ ထွက် တာ သိပ် မကြိုက်ပါဘူး၊ သူကိုယ်တိုင်လည်း ဘယ်ဧည့်သည်ကိုမှ ဖိတ်လေ့ မရှိပါဘူး၊ တတ်နိုင်သမျှ ရှောင်ပါတယ်၊ မိန်းမ တစ်ယောက်ဟာ သူ့ မိသားစု အသိုက်အဝန်းမှာ ပျော်ရွှင်မှုကို ရှာရမယ်တဲ့၊ ဒါပေမဲ့ ကျွန်မ အမြင်မှာတော့ မိန်းကလေးမှာလည်း ကိုယ့် အပေါင်းအသင်းနှင့် ကိုယ်၊ ကိုယ့် အသိုက်အဝန်း နှင့် ကိုယ် ရှိရမယ်လို့ ထင်ပါတယ်၊ ဒီအကြောင်းကို အမေ့ကိုလည်း ပြောပါ တယ်၊ ကျွန်မမှာ အပေါင်းအသင်း အသိုက်အဝန်းရယ်လို့ မရှိသေးပါဘူး'

'နို့ နေပါဦး၊ မင်းမှာ မင့်မိတ်ဆွေ မစ္စတာ ဟော့စမာ အိန်ဂျယ် ရှိတယ် မဟုတ်လား၊ သူကကော မင်းကို တွေ့ဖို့ မကြိုးစားဘူးလား'

'ဟုတ်ကဲ့၊ နောက်တစ်ပတ်လောက် ကြာတော့ အဖေ ပြင်သစ်ကို သွားဖို့ ကိစ္စ ပေါ်လာပြန်ပါတယ်၊ အဖေ ရှိတုန်းတော့ မတွေ့ဘဲ နေကြတာ ကောင်းမယ် ထင်တယ်လို့ ဟော့စမာက ကျွန်မဆီကို စာရေးပါတယ်၊ သူ သွားမှ တွေ့ကြတာ ကောင်းတယ်တဲ့၊ ဒီအတောအတွင်းတော့ ကျွန်မတို့မှာ စာနှင့်ပဲ အဆက်အသွယ် လုပ်နေကြရတာပေါ့လေ၊ သူကလည်း ကျွန်မဆီကို နေ့တိုင်း စာရေးပါတယ်၊


mgyoe.com

mgyoe.com SAMPLE BOOK

အဖေ မသိအောင်လို့ စာတွေကို ကျွန်မ မနက် အစောကြီး စာတိုက်မှာ သွား သိမ်းပါတယ်'

'ဒီအချိန်မှာ မင်းတို့ နှစ်ယောက် ချစ်နေကြပြီ ဆိုပါတော့'

'ဟုတ်ပါတယ်ရှင်၊ ပထမ အကြိမ် လမ်းလျှောက်တုန်းက ကျွန်မကို ချစ်ရေး ဆိုတဲ့ အတွက် ကျွန်မကလည်း လက်ခံလိုက်ပါတယ်၊ ဟော့စမာ အိန်ဂျယ်က လေဒင်ဟော လမ်းက ရုံးတစ်ရုံးမှာ အလုပ် လုပ်ပါတယ်'

'ဘာရုံးလဲ'

'အဲဒါကြောင့် ခက်နေတာပေါ့ရှင်၊ ဘယ်ရုံးမှန်း ကျွန်မ မသိပါဘူး'

'နေတော့ကော'

'အဲဒီ ရုံးခန်းမှာပဲ အိပ်ပါတယ်'

'သူ့ လိပ်စာကို မင်း မသိဘူးလား'

'မသိပါဘူးရှင်၊ လေဒင်ဟောလမ်း ဆိုတာပဲ သိပါတယ်'

'ဒါဖြင့် သူ့ဆီကို စာထည့်တော့ ဘယ်ကို ထည့်မလဲ'

'လေဒင်ဟော စာတိုက်က တစ်ဆင့် ထည့်ပါတယ်၊ စာတိုက်ကို သူ လာပြီး ယူပါတယ်၊ ရုံးကို တိုက်ရိုက် ထည့်ရင် ဒီပြင် စာရေးတွေက နောက်မှာ စိုးလို့တဲ့၊ ဒါဖြင့်ရင် သူ ကျွန်မဆီကို ရေးသလို ကျွန်မလည်း လက်နှိပ်စက်နှင့် ရေးမယ်လို့ ဆိုတော့ သူက လက်မခံပါဘူး၊ ကျွန်မ လက်ရေးနှင့် ရေးတဲ့ စာ ကိုပဲ ဖတ်ချင်တယ်တဲ့၊ လက်နှိပ်စက်နှင့် ရေးတယ် ဆိုလို့ ရှိရင် သူနှင့် ကျွန်မ ကြားမှာ လက်နှိပ်စက်ကြီး ခြားနေသလို ထင်မိတယ်တဲ့၊ သူ ကျွန်မကို ဘယ် လောက် ချစ်သလဲ ဆိုတာ ဒါပဲ ကြည့်ပါတော့ရှင်၊ အသေးအဖွဲ့ ကလေးတွေက စပြီး သူက အင်မတန် ဂရုစိုက်တတ်ပါတယ်'

'ဟုတ်ပေတာပေါ့ဗျာ၊ အသေးအဖွဲ့ကလေးတွေဟာ အလွန် အရေးကြီး တဲ့ အရာတွေ ဖြစ်တယ်လို့ ကျုပ် အမြဲတမ်း ယူဆခဲ့တယ်ဗျ၊ ကဲ ဆိုစမ်းပါဦး၊ မစ္စတာ ဟော့စမာ အိန်ဂျယ်နှင့် ပတ်သက်တဲ့ တခြား အသေးအဖွဲ့ကလေးတွေ ကို မှတ်မိသလောက် ပြောပြစမ်းပါဦး'

'ဟုတ်ကဲ့၊ ဟော့စမာ အိန်ဂျယ်ဟာ အလွန် ရှက်တတ် ပါတယ်ရှင်၊ ကျွန်မနှင့် အတူ လမ်းလျှောက် ထွက်ကြရင်တောင် ညပိုင်းမှ ထွက်တတ်ပါ တယ်၊ နေ့လယ် ဆိုရင် ထွက်လေ့ မရှိပါဘူး၊ နေ့လယ် ဆိုရင် လူမြင်သူမြင် ဖြစ်လွန်းလို့တဲ့၊ ပြီးတော့ အင်မတန် သိမ်မွေ့ပြီး လူတွေထဲကို သိပ် မသွား တတ်ပါဘူး၊ စကား ပြောတာတောင် လေသံကလေးနှင့် ပြောတတ်ပါတယ်၊


mgyoe.com

mgyoe.com SAMPLE BOOK

ငယ်ငယ်တုန်းက လည်ပင်း အကျိတ်ရောင်တဲ့ ရောဂါ ရဖူးလို့တဲ့၊ ဒါ့ကြောင့်မို့ အသံ အက်အက် ဖြစ်နေတာတဲ့၊ စကား ပြောတော့လည်း တစ်လုံးချင်း ဖြည်းဖြည်း ပြောပြီး ခပ်တိုးတိုးပဲ ပြောတတ်ပါတယ်၊ အဝတ်အစား ဆိုရင်လည်း အသန့်အပြန့်မှ ကြိုက်တတ်ပါတယ်၊ ကောင်းကောင်းလည်း ဝတ်တတ်ပါတယ်၊ ကျွန်မလိုပဲ မျက်စိ မှုန်လို့ နေရောင် မစူးအောင် မျက်မှန် အနက် တပ်လေ့ ရှိပါတယ်'

'အင်း မင့်ပထွေး မစ္စတာ ဝင်ဒီဘင့် ပြင်သစ်ပြည် ပြန်သွားတော့ ဘာဖြစ်သေးသလဲ'

'သူ အိမ်ကို ရောက်လာပါတယ်၊ အဖေ ပြန်မလာခင် လက်ထပ်ကြရအောင်လို့ လာပြောပါတယ်၊ သူ့ကို ကြည့်ရတာ တော်တော်ကလေးကို အလေးအနက် ဖြစ်နေပုံ ရပါတယ်၊ ပြီးတော့ ကျွန်မကိုလည်း သူ့ အပေါ်မှာ သစ္စာမပျက်ဖို့ ကျမ်းထုပ်ကို ကိုင်ပြီး ကျမ်းကျိန်ခိုင်းပါတယ်၊ အမေကလည်း သူက တော်တော် ချစ်လွန်းလို့ ကျမ်းကျိန်ခိုင်းတာပဲ ကျိန်လိုက်ပါတဲ့၊ အမေကတော့ အစကတည်းက သူ့ဘက်ကကိုး၊ ကျွန်မထက်တောင် သူ့ အပေါ်မှာ ဂရုစိုက်သေးတယ်၊ ဒါနှင့် ဒီအပတ် အတွင်း လက်ထပ်ဖို့ သူတို့နှစ်ယောက် ပြောဆိုနေသံ ကြားတော့ အဖေ သဘော မတူရင် ဘယ့်နှယ်လဲလို့ ကျွန်မက မေးတယ်၊ ဒီတော့ အဖေ့ အတွက်က ကိစ္စ မရှိပါဘူးတဲ့၊ နောက်မှ ပြောမယ်တဲ့၊ အဆင်ပြေအောင် သူ ကြည့်လုပ်မယ်တဲ့၊ တကယ်ကတော့ မစ္စတာ ဝင်ဒီဘင့်ဟာ ကျွန်မထက် လေးငါးနှစ်ပဲ ကြီးတာကလားရှင်၊ သူ့ကို ခွင့်တောင်းနေဖို့တောင် မလိုပါဘူး၊ ဒါပေမဲ့ ကျွန်မက အဆင် ပြေစေချင်တယ်လေ၊ ကိုယ့် ဝတ္တရား အတိုင်း ပြောရင် ကောင်းမယ် ဆိုပြီး သူတို့ ကုမ္ပဏီခွဲ ရှိတဲ့ ပြင်သစ်ပြည် ဘော်ဒိုးမြို့ကို စာတစ်စောင် ထည့်လိုက်တယ်၊ ဒါပေမဲ့ ကျွန်မတို့ လက်ထပ်တဲ့ မနက်မှာပဲ စာဟာ ကျွန်မဆီ ပြန်ရောက်လာတယ်'

'သူ့ဆီကို မရောက်ဘူးပေါ့'

'ဟုတ်ကဲ့၊ ဒီစာ မရောက်ခင်မှာပဲ သူ အင်္ဂလန်ကို ပြန်လာပါတယ်'


'အင်း ဆိုးသွားတာပေါ့၊ နေစမ်းပါဦး၊ မင်းတို့ လက်ထပ်တာက သောကြာ နေ့နော်၊ ဘုရားရှိခိုးကျောင်းမှာပေါ့'

'ဟုတ်ပါတယ်ရှင်၊ ဒါပေမဲ့ တိတ်တိတ်ဆိတ်ဆိတ်ပါပဲ၊ ကင်းကရော့စ် လမ်းက စိန့်ဖေးဗီးယား ဝတ်ကျောင်းမှာပါ၊ လက်ထပ်ပြီးရင် ပန်ကရာ ဟိုတယ်မှာ မနက်စာ စားဖို့ စီစဉ်ထားပါတယ်၊ ဟော့စမာက ကျွန်မတို့ အိမ်ကို မြင်း


mgyoe.com

mgyoe.com

SAMPLE BOOK



'တံခါးကို ဖွင့်ကြည့်တော့
ရထားထဲမှာ လူတစ်ယောက်မှ မပါလာတော့ဘူးရှင့်'

နှစ်ကောင် ကတဲ့ အမိုး ပက်လက် ရထားကလေးနှင့် ရောက်လာပါတယ်၊ ဒါပေမဲ့ ကျွန်မတို့က သားအမိ နှစ်ယောက် ဆိုတော့ ရထား ပက်လက်ကလေး ပေါ်မှာ ကျွန်မတို့ သားအမိ နှစ်ယောက်ကို တင်ပေးလိုက်ပြီး သူက လမ်းထဲမှာ တွေ့တဲ့ လေးဘီး ရထားလုံး တစ်စင်းနှင့် နောက်က လိုက်လာပါတယ်၊ ပထမ ဘုရားရှိခိုးကျောင်းကို သွားကြပါတယ်၊ ဘုရားရှိခိုးကျောင်းကို ကျွန်မတို့က အလျင် ရောက်ပါတယ်၊ လေးဘီး ရထားလုံး ဆိုက်လာတော့ ကျွန်မတို့ သူ့ကို စောင့်ကြပါတယ်၊ ဒါပေမဲ့ သူ မပေါ်လာတော့ပါဘူးရှင်၊ ရထားသမားက အမိုးပေါ်က ဆင်းပြီး ရထား တံခါးကို ဖွင့်ကြည့်တော့ ရထားထဲမှာ လူတစ်ယောက်မှ မပါလာတော့ဘူးရှင့်၊ ရထားသမားက သူလည်း မသိဘူးတဲ့၊ ရထားပေါ် တက်တာကိုတော့ သူကိုယ်တိုင် မြင်လိုက်ရတယ်တဲ့၊ အဲဒါ လွန်ခဲ့တဲ့ သောကြာ နေ့က ဖြစ်တာပါပဲရှင်၊ ဒီနောက်တော့ သူ့ အကြောင်းကို ကြားလည်း မကြားရ မြင်လည်း မမြင်ရတော့ပါဘူး၊ ကျွန်မတော့ ဘယ်လိုမှကို စဉ်းစား မရနိုင်အောင် ဖြစ်နေတာပဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'မင်းကို တစ်ပတ်ရိုက် လွှတ်လိုက်သလားမှ မသိတာ'

'အို မဖြစ်နိုင်ပါဘူးရှင်၊ သူဟာ ကျွန်မကို အလွန် ချစ်ပါတယ်၊ ကြင်လည်း ကြင်နာပါတယ်၊ အဲဒီနေ့ မနက်ကလည်း နောင်မှာ ဘယ်လိုပဲဖြစ်ဖြစ် သူ့အပေါ် သစ္စာ ရှိဖို့ အကြောင်း တဖွဖွ ပြောနေတာပါပဲ၊ တစ်စုံတစ်ခု ဖြစ်ခဲ့လို့ ကျွန်မတို့ နှစ်ယောက် ကွဲကွာသွားတောင်မှ ကျွန်မဟာ သူ့ အပေါ်မှာ သစ္စာ ပြုခဲ့မိပြီ ဆိုတာ အမြဲ အမှတ်ရနေဖို့၊ သူကလည်း ဒီသစ္စာကို ဘယ်တော့မှ ဖျက်မယ် မဟုတ်တဲ့ အကြောင်း ပြောသွားပါသေးတယ်၊ လက်ထပ်မယ့် မနက်မှာ ဒီစကားတွေ ပြောရတာ နည်းနည်းတော့ ဆန်းတာပေါ့လေ၊ ဒါပေမဲ့ ဒီစကားတွေဟာ ခုတော့ အတိတ် နိမိတ် ကောက်စရာတွေ ဖြစ်လာတော့တာပေါ့ရှင်'

'ဟုတ်တာပေါ့၊ နေစမ်းပါဦး၊ ဒါဖြင့် မင်းက ဘယ်လို ထင်သလဲ၊ အန္တရာယ် တစ်ခုခု ဖြစ်ပြီလို့ ထင်သလား'

'ဟုတ်ပါတယ်ရှင်၊ အန္တရာယ် တစ်ခုခုကို မြင်လို့ သူ ဒီစကားတွေ ပြောတာပဲလို့ ကျွန်မ ထင်ပါတယ်၊ ခုတော့ သူ ပြောတဲ့ အတိုင်း ဖြစ်ပြီ ထင်ပါရဲ့'

'ဘယ်လို အန္တရာယ်မျိုး ဖြစ်နိုင်သလဲလို့ကော မင်း မတွေးမိဘူးလား'

'မစဉ်းစားတတ်ပါဘူးရှင်'

'တစ်ခုလောက်တော့ မေးရဦးမယ်၊ ဒီကိစ္စကို မင်းအမေက ဘယ်လို သဘော ထားသလဲ'

'အမေကတော့ သိပ် စိတ်ဆိုးတာပေါ့၊ ဒီအကြောင်းနှင့် ပတ်သက်လို့ သူ့ကို ဘာမှ မပြောနှင့်တော့တဲ့'

'မင်း အဖေကကော၊ သူ့ကိုကော ဒီအကြောင်း ပြောပြသေးသလား'

'ပြောပြပါတယ်၊ သူကတော့ ကျွန်မ ထင်သလိုပဲ အန္တရာယ် တစ်ခုခု ဖြစ်နိုင်တယ်လို့ ယူဆပါတယ်၊ သူ့ အကြောင်းကို တစ်နေ့တော့ ကြားရမှာပဲတဲ့၊ ပြီးတော့ မိန်းကလေး တစ်ယောက်ကို လက်ထပ်မယ် ဆိုပြီး ဘုရားရှိခိုးကျောင်း အရောက် ခေါ်သွားပြီးမှ ဘာဖြစ်လို့ ရှောင်ထွက် သွားရသလဲတဲ့၊ အကြောင်း ရှိရမယ်တဲ့၊ တကယ်လို့ သူက ကျွန်မ ပိုက်ဆံကို ချေးထားမိရင် ဒါမှမဟုတ်ရင်လည်း ကျွန်မကို ယူပြီး ကျွန်မ ပိုက်ဆံကို ယူချင်တယ် ဆိုရင်တော့ တစ်မျိုးပေါ့လေ၊ ခုတော့ ဟော့စမာဟာ ဒီလိုလည်း မဟုတ်ပါဘူးရှင်၊ ကျွန်မ ပိုက်ဆံနှင့် ပတ်သက်လာရင် တစ်ခွန်းမှ မပြောဖူးဘူး၊ ပြီးတော့ ကျွန်မဆီက ခြူးတစ်ပြားတောင် ယူမသုံးဖူးဘူး၊ ဘာဖြစ်သလဲလို့ တွေးရင်း ကျွန်မတော့ အိပ်လို့လည်း မရ စားလို့လည်း မဝင်တော့ဘူး၊ ကျွန်မကို ကယ်နိုင်ရင် ကယ်ပါဦးရှင်'

mgyoe.com

mgyoe.com SAMPLE BOOK

မေရီ ဆူသာလင်းသည် လက်ပွေ့အိတ်ထဲမှ လက်ကိုင်ပဝါ ခပ်သေးသေး တစ်ထည်ကို ထုတ်ယူလိုက်ပြီးနောက် ရှိုက်ကြီးတငင် ငိုလျက် ရှိလေ၏။

ရှားလော့ဟုမ်းက ထိုင်ရာမှ ထထိုင်လျက်

'ဟုတ်ပြီလေ၊ မင်းအတွက် ကျုပ် စုံစမ်းပေးပါ့မယ်၊ အဖြေတော့ ထွက် လိမ့်မယ် ထင်ပါရဲ့၊ ကဲ ကဲ ဒီကိစ္စကို သိပ်ပြီး စိတ်ထဲမှာ ထားမနေနှင့်၊ ကျုပ် တာဝန်ပဲ ထားလိုက်တော့၊ မစ္စတာ ဟော့စမာ အိန်ဂျယ်ဟာ မင်းဘဝက ပျောက် ကွယ်သွားသလို သူ့ကိုလည်း မင်း မှတ်ဉာဏ်ထဲက ဖျောက်ပစ်လိုက်ပေတော့'

'ဒါဖြင့် သူ့ကို ကျွန်မ နောက်ထပ် မတွေ့ရတော့ဘူးပေါ့နော်'

'တွေ့ရမယ် မထင်တော့ဘူးဗျ'

'ဘုရား ဘုရား ဘယ်လိုများ ဖြစ်လို့လဲရှင်'

'ဒီပြဿနာကို ကျုပ် ရှင်းကြည့်မယ်လေ၊ သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကိုတော့ ကျုပ် သိချင်တယ်၊ မင်းဆီမှာ ရှိတယ် ဆိုရင် သူ့ စာကိုလည်း ကြည့်ချင်တယ်'

'လွန်ခဲ့တဲ့ သောကြာနေ့က ကရော်နီကယ် သတင်းစာထဲမှာ လူပျောက် ကြော်ငြာ ထည့်ခဲ့ပါတယ်ရှင်၊ ဟောဒါက သတင်းစာ ကြော်ငြာ ဖြတ်ပိုင်းပါ၊ ဟောဒါက သူ ရေးထားတဲ့ စာလေး တစ်စောင်ပါ'

'ကျေးဇူးတင်တယ်၊ မင်းလိပ်စာက'

'အမှတ် ၃၁၊ လီယွန်ပလေ့၊ ကင်ဘာဝဲ ရပ်ကွက်ပါရှင်'

'ဟော့စမာ အိန်ဂျယ်ရဲ့ လိပ်စာကတော့ မင်းဆီမှာ ရှိမှာ မဟုတ်ဘူး နော်၊ မင်းအဖေရဲ့ အလုပ်တိုက်ကကော ဘယ်မှာလဲ'

'ဝက်စ်ဟောက်စ် အင် မားဘင့် ဆိုတဲ့ နာမည်ကျော် ဝိုင်အရက် ကုမ္ပဏီ မှာ အရောင်း ကိုယ်စားလှယ် လုပ်ပါတယ်ရှင်၊ သူတို့ ရုံးခန်းက ဖရင်ချာ့လမ်း မှာပါ'

'ကျေးဇူး တင်တယ်၊ မင်း ပြောတာတွေ အားလုံး ရှင်းပါတယ်၊ ကဲ မင်း စာရွက်တွေတော့ ထားပစ်ခဲ့၊ စောစောက ကျုပ် ပေးတဲ့ အကြံကိုတော့ မှတ် ထားနော်၊ ဒီအဖြစ်အပျက်ကို ခေါင်းထဲက လုံးလုံး ဖျောက်ပစ်လိုက်တော့၊ ချိပ် ပိတ်ထားတဲ့ စာအုပ် တစ်အုပ်လိုပဲ သဘော ထားလိုက်တော့'

'မစ္စတာ ဟုမ်း ပေးတဲ့ အကြံဉာဏ်ဟာ သင့်မြတ်ပါတယ်ရှင်၊ ဒါပေမဲ့ မေ့လို့တော့ ရမှာ မဟုတ်ပါဘူး၊ ကျွန်မ သူ့ အပေါ်ကို သစ္စာ မပျက်ပါဘူး၊ သူ ပြန်လာရင် အဆင်သင့်ပါ'

ပုံပန်းကျသော ဦးထုပ်ကို ဆောင်းလျက် အစ်နေသော မျက်နှာ ရှိသည့်

mgyoe.com

mgyoe.com



*မေရီ ဆူသာလင်းသည် သူ့တွင် ပါလာသည့် စာရွက် စာတမ်းများကို စားပွဲပေါ်သို့ တင်လိုက်ပြီး ...*

တိုင် မေရီ ဆူသာလင်း၏ ရိုးသားမှုကြောင့် ကျွန်ုပ်တို့မှာ သူ့အား မလေးစားဘဲ မနေနိုင်အောင် ဖြစ်လျက်ရှိပေ၏။ မေရီ ဆူသာလင်းသည် သူ့တွင် ပါလာသည့် စာရွက် စာတမ်းများကို စားပွဲပေါ်သို့ တင်လိုက်ပြီး အကြောင်း ရှိ၍ ခေါ်လိုက်လျှင် ရောက်လာမည် ဖြစ်ကြောင်း ပြောဆို ထွက်ခွာသွားလေ၏။

ရှားလော့ဟုမ်းသည် ခြေထောက်များကို ဆန့်တန်းလျက် လက် နှစ်ဖက်မှ လက်ချောင်းကလေးများကို တော့ဆိုင်ထားကာ မျက်နှာကြက်ကို မော့ကြည့်ရင်း ထိုင်လျက် ရှိလေ၏။ ထို့နောက် သူ၏ အဖော် ဖြစ်သည့် ဆေးချေး တက်နေသော မြေဆေးတံကို စင်ပေါ်မှ လှမ်းယူလိုက်ပြီးလျှင် မီးညှိပြီးနောက် မီးခိုးတွေ တထောင်းထောင်း ထအောင် ဖွာလျက် ရှိလေ၏။ သူ့ မျက်နှာမှာ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေဟန် ရှိပေ၏။

'တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ သူငယ်မဗျာ၊ ကျုပ်ကတော့ သူ့ပြဿနာထက် သူ့ကို ပိုပြီး စိတ်ဝင်စားတယ်၊ သူ့ ပြဿနာကတော့ အသေးအဖွဲကလေးပါ၊ ကျုပ် အညွှန်းကတ်ပြားတွေကို ပြန်ကြည့်ရင် အလားတူ ကိစ္စမျိုးကို ၁၈၇၇ ခုနှစ်တုန်းက အင်ဒိုဗာမှာ တွေ့ရလိမ့်မယ်၊ မနှစ်က သည်ဟော့ဂ် မြို့မှာလည်း အလားတူ အမှုမျိုး ဖြစ်ခဲ့ဖူးတယ်ဗျ၊ စိတ်ကူးကတော့ စိတ်ကူးဟောင်းကြီးပါ၊ ဒါပေမဲ့ လုပ်နည်း အသစ်ကလေး တစ်ခု နှစ်ခုတော့ သွားတွေ့ရသဗျ၊ အဲ အထူးခြားဆုံးကတော့ အမျိုးသမီးပဲ'

'ကျုပ် မမြင်လိုက်တဲ့ အချက်တွေကို ခင်ဗျား မြင်လိုက်ပုံ ရတယ်ဗျ'



mgyoe.com

mgyoe.com SAMPLE BOOK

'မမြင်တာ မဟုတ်ပေါင်ဗျာ၊ သတိ မပြုလိုက်မိတာပါ၊ ဘယ်နေရာကို အကဲခတ်ရမယ် ဆိုတာ ခင်ဗျား မသိတော့ အရေးကြီးတဲ့ အချက်တွေကို လွတ်သွားတာပေါ့၊ သူ့ အင်္ကျီ လက်ဖျားတွေရယ်၊ လက်သည်းတွေရယ်၊ ပြီးတော့ ဖိနပ်ကြိုးတွေရယ်ကို ခင်ဗျား သတိ မပြုလိုက်မိဘူးဗျ၊ ကဲ ဒီသူငယ်မကို ကြည့်ပြီး ခင်ဗျား ဘယ်လို သဘောရသလဲ၊ ဆိုစမ်း'

'အင်း၊ မြက်ဦးထုပ်က အပြား ကြီးကြီး ကျောက်သင်ပုန်းရောင်ဗျာ၊ အုတ်ခဲရောင် ငှက်တောင်နီနဲ့ တစ်ချောင်း စိုက်ထားတယ်၊ အင်္ကျီက အနက်ရောင်မှာ ပုတီးစေ့ကလေးတွေ စီလို့၊ ပြီးတော့ မဟူရာ ရင်ထိုး တစ်ချောင်း ထိုးထားတယ်၊ အောက်ခံ အင်္ကျီ အရောင်က ကော်ဖီရောင် ရင့်ရင့် ပေါက်နေတဲ့ အညိုရောင်၊ လည်ပင်းနှင့် လက်ဖျားမှာ ခရမ်းရောင် ဇာနားကလေးတွေ ကွပ်ထားတယ်၊ လက်အိတ်က မီးခိုးရောင်၊ ညာဘက် လက်ညှိုးထိပ်မှာ နည်းနည်း ပေါက်နေပြီ၊ အဲ သူ့ ဖိနပ်တွေကိုတော့ သတိ မထားလိုက်မိဘူးဗျ၊ ဘဲဥပုံ ရွှေ နားဆွဲကလေးတွေ ဆွဲထားတယ်၊ ကြည့်ရတာကတော့ ပိုက်ဆံ အသင့်အတင့် ရှိပုံပဲ၊ နည်းနည်း အောက်တန်းကျပြီး သုံးနိုင် ဖြုန်းနိုင်ထဲက ဖြစ်လိမ့်မယ်'

ရှားလော့ဟုမ်းက လက်ခုပ် တီး၍ ရယ်လိုက်ပြီး

'အလို ခင်ဗျားလည်း ဘယ်ဆိုးလို့လဲဗျ၊ မဆိုးတဲ့ အပြင် တော်တော်လေး ကောင်းတယ်လို့တောင် ဆိုနိုင်တယ်၊ အရေးကြီးတဲ့ အချက် တစ်ချက်မှ မပါသည့်တိုင် နည်းကတော့ မှန်ပါတယ်၊ အသွေးအရောင်တွေကိုလည်း မြင်တတ်ပါတယ်၊ ဒါပေမဲ့ ဝပ်ဆင်ရေ၊ ယေဘုယျ မြင်ရတဲ့ အချက်တွေပေါ်မှာ သွားပြီး အားမကိုးလေနှင့်ဗျ၊ အသေးစိတ်တွေကို အထူး သတိပြုရမယ်၊ အမျိုးသမီး တစ်ယောက်ကို တွေ့တယ် ဆိုရင် ကျုပ်ကတော့ သူ့အင်္ကျီ လက်ဖျားကို အလျင် ကြည့်လိုက်တာပဲ၊ ယောကျ်ား ဆိုရင်လည်း သူ့ ဘောင်းဘီ ဒူးကို ကြည့်တာ အကောင်းဆုံးပဲ၊ ခင်ဗျား မြင်တဲ့အတိုင်း ဒီသူငယ်မရဲ့ အင်္ကျီ လက်ဖျားမှာ ဇာနား တပ်ထားတယ်၊ ဇာနား တပ်ထားတော့ ပိုပြီး အကဲခတ်ရတာ လွယ်သွားပေတာပေါ့ဗျာ၊ စားပွဲကို လက်နှင့် ထိမိတဲ့ လက်ကောက်ဝတ် အထက်နားက ဇာနားမှာ ပြောင်ချောနေတယ်ဗျ၊ လက်လှည့် အပ်ချုပ်စက်ကို သုံးရင်လည်း ဒီအနားမှာ ပြောင်ချော နေတတ်တယ်၊ ဒါပေမဲ့ လက်ဝဲဘက် အပြင်ဘက်မှာသာ ဖြစ်လေ့ ရှိတယ်၊ ခုလို ညာဘက်မှာ မဟုတ်ဘူး၊ သူ့ မျက်နှာကို ကြည့်လိုက်တဲ့ အခါကျတော့ နှာခေါင်းမှာ ကြိုးတပ် မျက်မှန် တပ်ရာကို တွေ့ရတယ်၊ ဒါကို ကြည့်ရင် ဒီသူငယ်မဟာ မျက်စိ မှုန်သူ ဖြစ်တယ် ဆိုတာ သိနိုင်တယ်၊ လက်နှိပ်

mgyoe.com

mgyoe.com SAMPLE BOOK

စက် ရိုက်တဲ့ သူငယ်မ တစ်ယောက် ဖြစ်ကြောင်း သိနိုင်တယ်၊ ကျုပ်က ဒါကို ကြည့်ပြီး ပြောလိုက်လို့ သူငယ်မ အံ့အား သင့်သွားပုံ ရတယ်ဗျ'

'ကျုပ်တောင် အံ့အားသင့်သွားတယ်'

'ဒါကတော့ ရှင်းပါတယ်ဗျာ၊ ဒါနှင့် သူ့ အောက်ပိုင်းကို ကြည့်လိုက်တော့ ကျုပ်တောင် တော်တော် အံ့အားသင့်သွားတယ်၊ သူ ဝတ်လာတဲ့ ဖိနပ်ရှည်ကြီးတွေက ဆိုက်တူပေမဲ့ တစ်ဖက်နှင့် တစ်ဖက် မတူဘူးဗျ၊ တစ်ဖက်က ရိုးရိုး ဖိနပ်ရှည်၊ နောက်တစ်ဖက်က ထိပ်မှာ အဖြူရောင် သုတ် ထား တယ်၊ ဖိနပ်မှာ ကြိုးပေါက် ငါးပေါက် ရှိတဲ့ အနက် နှစ်ပေါက်ကိုပဲ ကြိုးတပ်ထားတယ်၊ တစ်ဖက်မှာကျတော့ တစ်ပေါက်စီ ကျော်ပြီး သုံးပေါက်တွင်ပဲ တပ်ထားတယ်၊ ဒီတော့ သပ်သပ်ရပ်ရပ် ဝတ်စားတတ်တဲ့ သူငယ်မလေး တစ်ယောက်၊ စီးလာတော့ ဖိနပ်က တစ်ဖက်စီ၊ ဖိနပ်ကြိုးကိုတောင် အပေါက် စုံအောင် မတပ်နိုင်ခဲ့ဘူး ဆိုရင် ဒီသူငယ်မဟာ အိမ်က ရေးကြီးသုတ်ပျာနှင့် ထွက်လာတာ ဖြစ်ရမယ် ဆိုတာ တွက်လို့ ရပါတယ်'

ကျွန်ုပ်မှာ ခါတိုင်းကဲ့သို့ပင် ရှားလော့ဟုမ်း၏ တွေးခေါ်ပုံကို စိတ်ဝင်စားလျက် ရှိလေပြီ။

'နောက်တော့ကောဗျာ၊ ဘာ ထူးခြားသေးသလဲ'

'တစ်ချက် သွားတွေ့သေးသဗျ၊ သူ့ အိမ်က မထွက်မီမှာ စာတစ်စောင် ရေးခဲ့ရမယ်၊ ကြည့်ရတာကတော့ အပြင်ကို ထွက်မယ်လို့ အဝတ်အစားတွေ ဘာတွေ လဲပြီးခါမှ ရေးခဲ့တဲ့ ပုံပဲ၊ သူ့လက်အိတ်ရဲ့ ညာဘက် လက်ညှိုး နေရာမှာ နည်းနည်း ပေါက်နေတာကို ခင်ဗျား မြင်လိုက်တယ် မဟုတ်လား၊ ဒါပေမဲ့ လက်အိတ်မှာရော လက်ညှိုးမှာရော ခရမ်းရောင် မင်တွေ စွန်းနေတာကိုတော့ ခင်ဗျား သတိ မထားလိုက်မိဘူးဗျ၊ မလာခင်ကလေးတွင်မှာ ကလောင်တံကို မင်အိုးထဲ အတင်း ထိုးထည့်ပြီး ကပျာကယာ ရေးလာပုံပဲ၊ ခုမနက်တွင် ဒီစာကို ရေးခဲ့ပုံရတယ်၊ နို့မဟုတ်ရင် ဒီမင်ဟာ ဒီလောက် အထိ စွန်းနေမှာ မဟုတ်ဘူး၊ ရုတ်တရက် နားထောင်ကြည့်လိုက်ရင်တော့ ရယ်စရာ ကောင်းသလိုလိုပဲဗျ၊ ဒါပေမဲ့ ဒါတွေဟာ အခြေခံကလေးတွေပဲ၊ ကဲ ဒါတွေ အသာထားပြီး အလုပ်ကိစ္စကလေး အကြောင်း ပြောကြဦးစို့၊ လူပျောက် ကြော်ငြာထဲမှာ ပါတဲ့ ဟော့စမာ အိန်ဂျယ်ရဲ့ ပုံပန်း သဏ္ဌာန်ကို ဖတ်ပြစမ်းပါဦးဗျ'

ကျွန်ုပ်က သတင်းစာ ဖြတ်ပိုင်းကလေးကို အလင်းရောင်တွင် ဖြန့်၍ ဖတ်လိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'လူပျောက် ကြော်ငြာ၊ အရပ် ငါးပေ ခုနစ်လက်မ၊ ကိုယ်လုံး ကိုယ်ပေါက် ကောင်းကောင်း၊ အသား ဝါဝါ၊ ဆံပင် အနက်ရောင်၊ အလယ်ကောင်တွင် အနည်းငယ် ခေါင်းပြောင်သည်၊ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးမှာ အနက်ရောင် ဖြစ်၍ အနည်းငယ် ထူသည်၊ အဲလဘတ် ရွှေကြိုး ဆွဲထားပြီး ဇာနားတပ် ကုတ်အင်္ကျီ၊ အနက်ရောင် ကိုယ်ကျပ်အင်္ကျီ၊ ဟဲရစ် တွိ ဘောင်းဘီ မီးခိုးရောင်တို့ကို ဝတ်ဆင်ထားသည်၊ ဖိနပ်ရှည်ကြီးများပေါ်တွင် ဖိနပ်စွပ် တပ်ထားသည်၊ လေဒင်ဟောလမ်းရှိ အလုပ်တိုက် တစ်တိုက်တွင် အလုပ် လုပ်ပြီး ၁၄ ရက်နေ့မနက်က အိမ်မှ ထွက်သွားသည်၊ တွေ့ရှိသူသည် ...'

'အင်း ဒီလောက်ဆိုရင် လုံလောက်ပါပြီလေ၊ စာတွေကတော့ သိပ်ထူးမထင်ပါဘူးဗျာ၊ ဘောလ်ဇက်ရဲ့ ဝတ္ထုတွေကို ဖတ်တယ် ဆိုတာလောက်က လွဲပြီး တခြား ဘာမှ သဲလွန်စ မပါပါဘူး၊ ဒါပေမဲ့ ထူးခြားတာ တစ်ချက်တော့ရှိသဗျ၊ ခင်ဗျားတော့ အံ့သြချင် အံ့သြသွားမှာပဲ'

'စာတွေ အားလုံး လက်နှိပ်စက်နှင့်ပဲ ရိုက်ထားတယ်'

'ဒါတွင် မကဘူးဗျ၊ လက်မှတ်ကိုလည်း လက်နှိပ်စက်နှင့်ပဲ ရိုက်ထားတယ်၊ အောက်နားမှာ ဟော့စမာ အိန်ဂျယ် ဆိုတဲ့ အမည်ကို လက်နှိပ်စက်နှင့်ရိုက်ထားတယ်လေ၊ နေ့စွဲ တပ်ထားပေမဲ့ လေဒင်ဟောလမ်း ဆိုတာက လွဲပြီး လိပ်စာ အတိအကျ ရေးမထားဘူး၊ လက်မှတ် မထိုးတာက တော်တော်လေး ဆန်းတယ်၊ အမှန်ကတော့ အမှုက တော်တော်လေး ရှင်းသွားပါပြီ'

'ဘယ်လို ရှင်းသွားတာလဲဗျ'

'ဒီအမှုမှာ လက်မှတ် ကိစ္စဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာ ခင်ဗျား မစဉ်းစားမိဘူးလား'

'မစဉ်းစားမိသေးဘူး ဆိုပါတော့၊ အရေးကိစ္စ တစ်စုံတစ်ရာ ပေါ်လာရင်သူ့ လက်မှတ် မဟုတ်ပါဘူးလို့ ငြင်းလို့ရအောင် လက်မှတ်ကို လက်နှိပ်စက်နှင့် ရေးထားသလားမှ မသိတာ'

'မဟုတ်ဘူးဗျ၊ ဒါက အရေး မကြီးဘူး၊ ကောင်းပြီလေ၊ ခင်ဗျား ရှင်းသွားအောင် ကျုပ် စာနှစ်စောင် ပို့လိုက်မယ်၊ တစ်စောင်က မြို့ထဲမှာ ရှိတဲ့ ကုမ္ပဏီတစ်ခုကို၊ နောက်တစ်စောင်ကတော့ သူငယ်မရဲ့ ပထွေး မစ္စတာ ဝင်ဒီဘင့်ဆီကို၊ မနက်ဖြန် ညနေ ခြောက်နာရီမှာ ကျုပ်တို့နှင့် လာတွေ့ဖို့ ချိန်းတာ၊ ခု ကျုပ်တို့ လုပ်ရမယ့် အလုပ်က သူငယ်မရဲ့ ဆွေမျိုးနီးစပ် တော်နေကြတဲ့ ယောကျ်ားတွေနှင့် လုပ်ရမှာဗျ၊ ကျုပ်တို့ ပေးလိုက်တဲ့ စာတွေနှင့် ပတ်သက်လို့ အကျိုးအကြောင်း


mgyoe.com